
စိတ်ကူးချိုချိုအနုပညာ

mgyoe.com




# မြန်မာဝတ္ထုတို

## ( ၂၀၁၁ )

စိတ်ကူးချိုချိုစာအုပ်တိုက်မှစီစဉ်သည်။

mgyoe.com

mgyoe.com



၂၀၁၁ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်
မြန်မာမဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဝတ္ထုတိုများမှ
ကောင်းနိုးရာရာ ရွေးချယ်စုစည်းတင်ဆက်မှု
စိတ်ကူးချိုချိုစာအုပ်တိုက်၏ အစီအစဉ်။

kls0037
3500.00 Ks

မြန်မာဝတ္ထုတို (၂၀၁၁)
စိတ်ကူးချိုချိုစာအုပ်တိုက်မှရွေးချယ်စီစဉ်သည်။

mgyoe.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁ ၅၇၅ ၁၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀ ၁၁၅ ၀၂၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| | | |
| မျက်နှာဖုံးပန်းချီ | - | အောင်ကျော် |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုမြင့် |

၈၉၅·၈၃
ကလောင်စုံ
မြန်မာဝတ္ထုတို ၂၀၁၁/ ကလောင်စုံ၊ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၄၃၀ မျက်နှာ၊
၁၂·၅ စင်တီ× ၁၈·၅ စင်တီ
(၁) မြန်မာဝတ္ထုတို ၂၀၁၁

၂၀၁၂ မေလ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၅၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


| | | | | |
|---|---|---|---|---|
| ၁။ | အသံတော့ စမ်းနေပြီ | ကျော်ရင်မြင့် | .... | ၁ |
| ၂။ | ဘုရားလှည့် | ကျူရီ | .... | ၅ |
| ၃။ | ဗူဗူဇီလာ | ညီမင်းညို | .... | ၁၃ |
| ၄။ | ယောင် | ဦးဆွေ(ဒဿနိက) | .... | ၁၆ |
| ၅။ | မနက်ဖြန် | မာန်–တောင်လုံးပြန် | .... | ၂၃ |
| ၆။ | အလှည့် | နေနော် | .... | ၂၈ |
| ၇။ | သူ့အရပ်နဲ့သူ့ဇာတ် | မိမိုး | .... | ၃၅ |
| ၈။ | ဘုံနိဗ္ဗာန် လူကြုံကျန်နိုင်ကောင်းပါရဲ့ | ပန်းရေရျိုး(မိုးကုတ်) | .... | ၄၁ |
| ၉။ | မုသား၏ အလျားနှင့်အနံ | ယဉ်ယဉ်နု(မန္တလေး) | .... | ၄၇ |
| ၁၀။ | ချိုးလက်ဖက်ရည် သရီးကွာတားဘောင်းဘီနဲ့ | နိုင်မြင့် | .... | ၅၂ |
| ၁၁။ | ကျွန်တော့်ရည်မှန်းချက်... တွေးလျက်နဲ့ ပျော်သည်... ပျော်သည် | ငွေကြယ်စင် | .... | ၆၀ |
| ၁၂။ | အရက်ကြိုက်သူများ | ကျော်စွာထက် | .... | ၆၆ |
| ၁၃။ | အခွံကလေးတွေ | မင်းဝေဟင် | .... | ၇၄ |
| ၁၄။ | အဆိပ်တွေနှင့် လူတွေ | လက်ဘာရည်ကျော် | .... | ၈၁ |
| ၁၅။ | နိုး... ပလပ်စတစ်ရောဂါ | တင့်မြင့်ဦး | .... | ၈၇ |
| ၁၆။ | ပုဏ္ဏက | မင်းတင်ထွဏ်း | .... | ၉၃ |
| ၁၇။ | အလယ်ကလူ စကားဝဲ၏ | ခြိမ့်သဲ | .... | ၉၉ |
| ၁၈။ | တအိအိနောက်မှာ | ညီပုလေး | .... | ၁၀၄ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၁၉။ | မှော်ဆန်သောလူ | ဆင်တဲဝ–မြတ်မင်း | .... ၁၀၉ |
| ၂၀။ | အပေါင်ဆိုင် | စိုးအောင်(မန္တလေး) | .... ၁၁၅ |
| ၂၁။ | ကင်မရာမင်း | မေဓွန်အေး | .... ၁၂၁ |
| ၂၂။ | အတူလေးရယ်တဲ့ ယုဉ်ကာပြိုင် ယှဉ်ကာပြိုင် | မင်းယွန်း(ခေတ္တရာ) | .... ၁၂၇ |
| ၂၃။ | အိပ်မက်ဝတ္ထု | လေးကိုတင် | .... ၁၃၃ |
| ၂၄။ | မုသားသက်သေခံခြင်း | အဖြူရောင်(ရွှေ) | .... ၁၃၆ |
| ၂၅။ | စည်း | မောင်နှင်းပန်း | .... ၁၄၄ |
| ၂၆။ | ကောလာဟာလ | ဖူးသစ်မော် | .... ၁၅၂ |
| ၂၇။ | နှင်းရည်ကြဲပက်...မိုးစက် | ညိုနှင်းအိမ် | .... ၁၆၀ |
| ၂၈။ | ဖျော်ဖြေရေးဆည်းဆာ | ကျော်ပြေစိုး | .... ၁၇၀ |
| ၂၉။ | ငါးကျပ်တန် | ဆင်လှ | .... ၁၇၆ |
| ၃၀။ | အရေအ သဝေထိုး ဖရေဖေ | ကိုလှိုင်ကြည်ဝင်း | .... ၁၈၂ |
| ၃၁။ | ဂမ္ဘီရည | မြတ်သင်း | .... ၁၉၃ |
| ၃၂။ | ပျဉ်ဖိုး | ညီငယ်လေး | .... ၂၀၁ |
| ၃၃။ | အောင်မြေနင်းကြသူများ | ရှူးရှူးမွန် | .... ၂၀၇ |
| ၃၄။ | မပြောင်းလဲသေးသော ရင်ထဲကလွင်ပြင် | နောင်ကျော် | .... ၂၁၃ |
| ၃၅။ | ရုပ်သေးပွဲ မသွားချင်ပေါင် | မွန်းရှူး | .... ၂၂၀ |
| ၃၆။ | နံတိုနံညှပ် မမွေးအပ် | မောင်သင်းထုံ(ကျောက်မဲ) | .... ၂၂၅ |
| ၃၇။ | ပရဝိဟာရ | နတ်မှူး | .... ၂၃၀ |
| ၃၈။ | မေမေနှင့် ပြတင်းပေါက်ကလေး | ဆောင်းဝင်းလတ် | .... ၂၃၇ |
| ၃၉။ | ဖူးတံဝင့်လို့ချီ | ရဲသျှမ်း | .... ၂၄၂ |
| ၄၀။ | တန်ဖိုးဖြတ်သီအိုရီ | နီဟိန်းမော် | .... ၂၄၇ |
| ၄၁။ | ငှက်ကလေး | ခင်ဝမ်း | .... ၂၅၂ |
| ၄၂။ | ဂိမ်း (၃) | ရဲသျှမ်း | .... ၂၅၆ |
| ၄၃။ | လိပ်ဖြစ်သွားသော ကြမ်းပိုးတစ်ကောင်အကြောင်း | မနှင်းဖွေး | .... ၂၆၀ |
| ၄၄။ | ဂျွန်အီတန်မသိသေးသော သီဝရီ | မင်းသစ် | .... ၂၇၃ |
| ၄၅။ | လက်ညှိုးကွေးတော့ ခွေးဖြစ်ရော | ပန်းရေဂျိုး(မိုးကုတ်) | .... ၂၇၈ |
| ၄၆။ | အရုပ်ကောင်းလို့ | ယဉ်ယဉ်နု(မန္တလေး) | .... ၂၈၅ |
| ၄၇။ | အနှစ်သာရ | မခင်လေး | .... ၂၉၂ |
| ၄၈။ | အမေ့ပုံပြင် | လရောင်လင်း | .... ၂၉၉ |
| ၄၉။ | အပေါင်ဆုံး | မောင်နှင်းပန်း | .... ၃၀၆ |
| ၅၀။ | အတ္တမြစ်ပျိုကမ်းပါးအို | မင်းဝေဟင် | .... ၃၁၆ |
| ၅၁။ | ဆုရှိ | နတ်မှူး | .... ၃၂၂ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၅၂။ | ပင်လယ်တို့သည် ကွေ့ကောက်စီးဆင်းတတ်၏ မြစ်တို့သည်လည်း လျှို့ဝှက်တတ်၏ | မေဇွန်အေး | .... ၃၃၀ |
| ၅၃။ | ကြက်သားအုပ်မကြီး | ငြိမ်းသက်ဝေ | .... ၃၃၈ |
| ၅၄။ | ခွေး | နတ်မှူး | .... ၃၄၆ |
| ၅၅။ | ပလ္လင်ကိုးရပ် အတုမရှိစံတာမတော့ | သက်ဦးမောင်(ချောက်) | .... ၃၅၂ |
| ၅၆။ | ချည်တိုင် | အေးမင်းစော | .... ၃၅၈ |
| ၅၇။ | ဘဝအိုအေစစ် | ဝါဆိုကိုဦး(တောင်ကြီး) | .... ၃၆၈ |
| ၅၈။ | ထောင်ကျောက် | ဆင်တဲဝ–မြတ်မင်း | .... ၃၇၄ |
| ၅၉။ | ခြုံသံ | မောင်သစ်ဦး(မြစ်ခြေ) | .... ၃၈၃ |
| ၆၀။ | အတ္တတိမ်မည်း ဖြူနိုင်ခဲသည် | ထွန်းတောက်ထွဋ်(သချာ) | .... ၃၈၇ |
| ၆၁။ | တောင်ခိုးတဝေဝေ သင်းလေပြည်ရန့်ခြွေ ဖြေမပြေ့တပြေ | ခင်ပန်နှင်း | .... ၃၉၄ |
| ၆၂။ | ခုံတော်မောင်ဂျိုက်သိုး | ခင်ခင်ထူး | .... ၄၀၁ |
| ၆၃။ | မြမေ | ကိုဦးဆွေ | .... ၄၁၂ |
| ၆၄။ | စာရေးဆရာအိမ် | ခင်မြဇင် | .... ၄၁၇ |
| ၆၅။ | အဖေ့ကို မိုးလိုက်တဲ့ထီးတွေ | ပပသင်းစည်(ဥပဒေ) | .... ၄၂၆ |


❒

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အသံတော့ စမ်းနေပြီ

ကျော်ရင်မြင့်

ကမ္ဘာပျက်ခါနီးမှာ နေဆယ်စင်းထွက်တယ်ဆိုတာ ဆော်ဆော်ပူမှာပဲလို့ ဝင်းဝင်းတောက်နေတဲ့ နေလုံးကြီးကို လက်ဖဝါးနဲ့ကာပြီးကြည့်ရင်း ကိုငွေတိုး တွေးနေတယ်။ ကိုငွေတိုးဝတ်ထားတဲ့ ဖျင်အင်္ကျီကြီးလည်း ချွေးတွေနဲ့ နစ်နေပြီ။ အင်္ကျီကိုချွတ်ပြီးညှစ်ရင် ရေစိမ်ထားသလို ချွေးတွေထွက်လာမှာပဲ။ ကောင်းကင်မှာတော့ တိမ်တစ်စတစ်မျှင်မျှမရှိ။ မီးလုံးကြီးနဲ့တူတဲ့ နေမင်းက ရှိသမျှအပူဓာတ်တွေကို အားရပါးရ လွှတ်ထုတ်ပေးနေတယ်။ နေပူတော့ မိုးတိမ်တွေလည်း အငွေ့ပြန်ပြီး ပျောက်ကုန်ပြီထင်ပါရဲ့။ မိုးတစ်ပေါက်တောင်မှ မရွာတာကြာလှပြီ။ မိုးမရွာတာကြာတော့ ဝါပင်တွေလည်း သံချေးတက်နေပြီ။ 'ဝါပင်တွေက သံချေးတက်၊ အိမ်ကမိန်းမ ဆန်ချေးထွက်'လို့ မြောက်ဘက်အိမ်က ဖိုးတောအပြောင်အပြက်ပြောတဲ့ စကားကို နားထဲမှာ ကြားယောင်လာတယ်။ နေကပူ မိုးကခေါင် မြေကပတ်ကြားအက်တော့ ဝါပင်တွေမှာ သံချေးတက်သလို ညိုမည်း ခြောက်သယောင်းလာတာ။ ကိုငွေတိုးက သူ့ဝါခင်း သူကြည့်ပြီး အားပျက်မိတယ်။ မြေဆီခန်းခန်း ရာသီဆိုးဆိုးမှာ ပွင့်လာတဲ့ ဝါပွင့်တွေကလည်း အားမရစရာ။ ရွာကလူတွေလည်း မိုးရွာအောင်လွှန်ဆွဲလွှန်းလို့ လက်ဖဝါးတွေလည်း အသားမာလိုက်နေပြီ။ မိုးခေါင်ကျော်စွာနတ်လည်း ကိုငွေတိုးတို့ မိုးတောင်းတာများပြီး နားငြီးလို့ ပြေးပြီ ထင်ပါ့။ ကိုငွေတိုးတို့ရွာသားတွေက စကားတော့ ကြွယ်တယ်။ ဟိုတစ်ခါတုန်းက ချည်မျှင်ရှည်ဝါ စိမ်းကိန်းဆိုတာ သူတို့ကြုံဖူးတယ်။ မြို့ကလာတဲ့ တိုက်ပုံအင်္ကျီဝတ်တွေက ချည်မျှင်ရှည်ဝါစိုက်ရင် နေ့ချင်းညချင်း သူဌေးဖြစ်မှာလောက် ဟောကြ၊ ပြောကြတာပေါ့။ ကိုငွေတိုးတို့ကိုလည်း ဘယ်တောင်သူ ဘယ်နှဧကစိုက်ရမယ်လို့ စီမံကိန်းခွဲတမ်းချတာပေါ့။

လည်ပတ်ပါးနပ်တဲ့ ရွာကတောင်သူအချို့ကတော့ စီမံကိန်းခွဲတမ်းချတဲ့ ဝါမျိုးစေ့တွေကို ရေနွေးပူပူစိမ်တယ်။ ဝါစေ့အကောင်းနည်းနည်းရောပြီး စိုက်တယ်။ ဝါစိုက်ကွက်ထဲမှာ ဝါပင်တွေက ပေါက်တဲ့နေရာပေါက်၊ မပေါက်တဲ့နေရာ မပေါက်နဲ့ ကျိုးတိုးကျဲတဲ။ စိုက်ပျိုးရေးတို့၊ မြေစာရင်းတို့ ဌာနပေါင်းစုံက ကွင်းဆင်းလာရင် အကျွေးအမွေးလေးနဲ့ အခင်းထဲခေါ်ပြတယ်။ သမဝါယမဆိုင်က ရွှေဝါဆပ်ပြာချောင်း၊ မွှေးဆပ်ပြာခဲ၊ ဂလူးကို့စ်ထုပ်တွေ ကြက်ကြောက်အိတ်

mgyoe.com

mgyoe.com


ခေါ်တဲ့ သူတို့လက်ဆွဲအိတ်ထဲ ထည့်ပေးလိုက်ရင် သူတို့ကလည်း ဝါစိုက်ကေတွေ အပျက်စာရင်း သွင်းပေးကြတယ်။ ဌာနဆိုင်ရာကလူတွေ ကိုင်လေ့ရှိတဲ့ လက်ဆွဲအိတ်တွေကို ကြက်ကြောက်အိတ်လို့ ရွာမှာ ခေါ်တယ်။ အဲဒီလို အိတ်တွေဆွဲတဲ့ ဧည့်သည်လာရင် ရွာက ကြက်သားဟင်းနဲ့ ထမင်းကျွေးရတယ်။ သူတို့တွေ လာဖန်များတော့ အဲဒီအိတ်မျိုးမြင်ရင် ရွာက ကြက်တွေကြောက်ပြီး ပြေးကုန်တယ်လို့ တောသားတွေက ဟာသလုပ်တာပါ။

ပြောမယ့်သာ ပြောရတာပါ။ သူတို့ခမျာများက တောသူတောင်သားတွေအပေါ် မဆိုးရှာကြပါဘူး။ ဟင်းကောင်းကောင်းနဲ့ ထမင်းကျွေးရရုံ၊ သောက်တတ်စားတတ်သူဆိုရင် တောအရက်လေး၊ ထန်းရည်လေး ဧည့်ခံရရုံ၊ သူတို့အပြန်မှာ သမဆိုင်က ဆပ်ပြာလေး၊ ဆေးဝါးလေးကို အမွန်အမြတ် လက်ဆောင်ပေးရရုံပါ။ သူတို့က လက်ဆောင်လောက်ပဲ ယူကြတာပါ။ လာဘ်ပေးလာဘ်ယူ မဟုတ်ကြဘူး။

ဌာနပေါင်းစုံက ကွင်းဆင်းစစ်ပြီး ချည်မျှင်ရှည်ဝါနဲ့ အဲသည်ရွာက မကိုက်ညီဘူး စာရင်းတင်ပေးလိုက်ရင် အဆင်ပြေတာပဲ။ ဝါအစား အလုပ်ဖြစ်တဲ့ ပဲစင်းငုံတို့ နှမ်းတို့ စိုက်နိုင်တယ်။

အဲဒီရွာတွေတာဝန်ကျတဲ့ စိုက်ဧကက ကိုငွေတိုးတို့လို အူတူတူ အတတတော်သူတွေ ပခုံးပေါ်ကျတော့တာပ။ ကိုငွေတိုးတို့ကတော့ လူရိုးကြီး။ သက်ဆိုင်ရာက ချည်မျှင်ရှည်ဝါ(မွေးရှည်)စိုက်ဆို စိုက်တာပဲ။ နေကြာဆို နေကြာပဲ။ ဘယ်ရွှေ့ဘယ်မျှ စီမံကိန်းချသလောက် တာဝန်ကျေအောင်စိုက်တယ်။ ကိုယ့်သားမယား မစားရရင် နေပါစေ။

အဲ... အူတယ်၊ အတယ်ဆိုပေမယ့် ဟာသတော့ မခေါင်းပါးဘူး။ ဟိုတုန်းက ချည်မျှင်ရှည်ဝါ စီမံကိန်းလုပ်တော့ ရွာမှာ စာပြောင်ပေါ်တယ်။ 'မွေးရှည်လုပ်တော့ ရှေးရွှေပြုတ်တယ်'တဲ့။ မိဘဘိုးဘွားလက်ထက်ကတည်းက စုဆောင်းထားတဲ့ ရှေးရွှေတို ငွေစလေး တွေ မွေးရှည်ဝါက ဝါးသွားတာကို ဟားတာပါ။ ကိုငွေတိုးတို့ မြန်မာတွေက နာတာကို ခံသာအောင် ဟာသနှောတယ်လေ။

တစ်ခါတုန်းကလည်း 'ရေရာသေချာအောင် နေကြာစိုက်ပါ'ဆိုပြီး ဆိုင်းဘုတ်အကြီးကြီးတွေ ရွာအဝင်မှာ ထောင်ရဖူးပါရောလား။ 'ရေရာသေချာအောင် နေကြာစိုက်ပါ'ဆိုတဲ့ စကားနောက်မှာ 'သွားမလုပ်နဲ့ နွားပြုတ်သွားမယ်'လို့ အချို့ကပြောတယ်။ လူရိုးကြီးကိုငွေတိုးခမျာလည်း အိမ်မှာ အနေကြာတဲ့ နွားတစ်ရှဉ်း ရောင်းလိုက်ရတယ်။ အခြားသူတွေ အနေကြာ၊ မကြာမသေချာပေမယ့် ကိုငွေတိုးကတော့ တာဝန်ကျေခဲ့ပါတယ်။

ယခုလည်း ဝါပင်တွေ သံချေးတက်နေပြီ။ သူ့မိန်းမလည်း ဆန်ချေးထွက်ရခါနီးပြီ။ မိုးကတော့ မရွာသေးဘူး။ ထန်းလက်တဲလေးထဲမှာ ကိုငွေတိုးက ဓာတ်ခဲရေဒီယိုလေး ဖွင့်နားထောင်ရင်း မိုးမျှော်နေတယ်။

ကိုငွေတိုးက ရေဒီယိုတော့ တော်တော် ဝါသနာပါတယ်။ သူနဲ့ ထက်ကြပ်မကွာ ရေဒီယိုအမြဲပါတယ်။ ရေဒီယိုထဲက အားကုန်လို့ လဲလိုက်တဲ့ဓာတ်ခဲတွေ အိမ်မှာ ထန်းခေါက်တောင်းနဲ့ တစ်လုံးရှိတယ်။

ကိုငွေတိုး ရေဒီယိုနားထောင်တယ်ဆိုတာ ဘီဘီစီ၊ ဗွီအိုအေ၊ ဒီဗွီဘီ၊ အာရ်အက်ဖ်အေ ပြည်ပအသံလွှင့်ဌာနတွေ မဟုတ်ဘူး။ ကိုငွေတိုးက ရိုးတယ်၊ အတယ် ဆိုပေမယ့် ပြည်ပအသံလွှင့်ဌာနတွေက မုသာဝါဒတွေ ဘာညာဆိုတာလောက်တော့ ကြားဖူးပါတယ်။ ပြီးတော့ အဲဒါတွေ ဘယ်အချိန်လွှင့်လို့ ဘယ်နေရာမှာ ဖမ်းရတယ်ဆိုတာလည်း သူမသိဘူး။ သူအမြဲနားထောင်တာက မြန်မာ့အသံတို့၊ ပိတောက်မြေတို့၊ အက်ဖ်အမ်တို့ပါ။

သီချင်းကြိုက်တဲ့သူတွေက သီချင်းကောင်းရင် ရေဒီယိုဖွင့်ပြီး သတင်းတို့၊ သတင်းစာကောက်နုတ်ချက်တို့ ဘာညာတွေလာရင် ရေဒီယိုကို ချောက်ခနဲ ပြိုင်ဘူခလုတ်ပိတ်တတ်တယ်။ ကိုငွေတိုးက အဲဒီလိုလူစားမဟုတ်ဘူး။ အသံထွက်သလောက် နား

mgyoe.com

mgyoe.com

ထောင်တယ်။

ကိုငွေတိုးတို့ တောင်သူလယ်သမားတွေက မိုးပေါ်ကရေပဲ အားကိုးပြီး စိုက်ပျိုးရတာ။ ဆည်ရေဆိုတာလည်း အားမကိုးလောက်ဘူး။ မိုးရွာမှ ဆည်ထဲရေရှိတာ။ ဒါကြောင့် မိုးကိုတော့ ကိုငွေတိုး သိပ်မျှော်တယ်။ ရေဒီယိုထဲက မိုးလေဝသသတင်းကို အမြဲနားထောင်တယ်။

မျှော်တုန်းမျှော်ဆဲမှာပဲ မိုးလေဝသသတင်းကြေညာတယ်။ မိုးရွာမယ်တဲ့။ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်မှာ မိုးရွာမယ်၊ ရွာရန်ရာနှုန်း ၈၀ တဲ့။ ကိုငွေတိုးတို့ အညာတော့ မပါဘူး။

ကိုငွေတိုး 'တောက်' တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်တယ်။ 'ခွေးမသားတွေ မျက်နှာရှိရာဟင်းဖတ်ပါသကွာ' လို့လည်း တစ်ယောက်တည်းမို့ စကားခပ်ကြမ်းကြမ်း ပါးစပ်ကထွက်သွားတယ်။ သူ့စိတ်ထဲမှာ မိုးကို ခွဲတမ်းချပေးနေတယ်ထင်တာ။ ရန်ကုန်တို့လို မျက်နှာရှိတဲ့နေရာတွေမှာ ရာနှုန်း ၈၀ ခွဲဝေပေးတယ်ထင်တာ။

တကယ့်တကယ်တော့ ကိုငွေတိုးက သူတို့အုတ်ဖိုကန်ရွာမှာ မျက်စိကြီးနားကြီးပါ။ ရေဒီယို အမြဲနားထောင်နေတာဆိုတော့ သူများနဲ့ယှဉ်ရင် ခေါင်းတစ်လုံးမြင့်တယ်လေ။

ရွာမြောက်ပိုင်းက ကိုဝင်းမောင်ရဲ့သမီးလေး စာပေးစာယူနဲ့ ဘွဲ့ရတယ်။ ကလေးမလေးက ဝန်ထမ်းလုပ်ချင်တယ်။ ကိုငွေတိုးရဲ့ တူမတစ်ယောက်က မြို့ကြီးမှာ အရာရောက်နေတယ်။ ဒီတော့ ကိုဝင်းမောင်က ကိုငွေတိုးကိုဆရာတင်ပြီး မြို့ကိုချီတက်ကြတာပေါ့။

တောသားတွေ ရိုးတယ်၊ အတယ်လို့ မြို့ကလူတွေကနှိမ်ပေမယ့် ကိုငွေတိုးတို့က သုံးစားလို့မရလောက်အောင်တော့ မအပါဘူး။ ဂါရဝပြုဖို့ဆိုပြီး ဆီပုံးသယ်လာတယ်။ အပွေးကောင်းကောင်း သနပ်ခါးတုံးကြီးလည်း သုံးတုံးယူလာတယ်။ ဒီလို လေးလေးပင်ပင်တွေသယ်လာတော့ ကိုငွေတိုးရဲ့တူမက အပြစ်တင်တယ်။ ဒီလိုပစ္စည်းတွေယူလာတာ လူမြင်တယ်၊ စာအိတ်တစ်အိတ်ဆို ကိစ္စပြီးပါတယ်လို့ ပြောတယ်။

ဖြစ်ချင်တော့ လုပ်ပေးနိုင်တဲ့သူက ဟိုသွားဒီသွား ခရီးများနေသတဲ့။ စောင့်ရုံပေါ့။ အဲဒါနဲ့ ကိုငွေတိုးတူမရဲ့အသိ ဦးစံထွားအိမ်မှာတည်းရင်း ထိုင်စောင့်နေကြရတယ်။

တစ်ညနေမှာတော့ ကောင်းကင်တစ်ခွင်လုံး ပြိုတော့မှာလို မိုးတွေညို့လာတယ်။ ဦးစံထွားရယ်၊ ကိုဝင်းမောင်ရယ်၊ ကိုငွေတိုးရယ် အိမ်ရှေ့က မြေကွက်လပ်လေးမှာ ခုံတန်းလျားလေးချပြီး လက်ဖက်ရည်ကြမ်းသောက်နေကြတယ်။ ကောင်းကင်ကိုမော့ကြည့်ပြီး ကိုငွေတိုးက မိုးရွာတော့မယ်ထင်တယ်လို့ ပြောတယ်။ ဦးစံထွားက ခဏတော့ စောင့်ကြည့်ပါဦးတဲ့။ အဲဒီအချိန်မှာပဲ အိမ်တံစက်မြိတ်က 'တောက်တဲ့'လို့ အော်သံကြားတယ်။ ကိုငွေတိုးက အသံကြားရာလှမ်းကြည့်ပြီး 'ပုတ်သင်ညိုနဲ့တော့တူတယ်၊ ပုတ်သင်ညိုတော့ မဟုတ်ဘူး'လို့ ပြောလိုက်တယ်။ ဦးစံထွားက 'အဲဒါ တောက်တဲ့လို့ခေါ်တယ်၊ မိုးလေဝသဗေဒင်ဟောတတ်တယ်' ပြောတော့ ကိုငွေတိုး စိတ်ဝင်စားနေပြီ။

'တောက်တဲ့'လို့ အော်လိုက်တော့ ဦးစံထွားက 'မိုးလား' မေးတယ်။ နောက်တစ်ခါ တောက်တဲ့အော်တော့ 'လေလား' မေးတယ်။ တောက်တဲ့အော်လိုက် မိုးလား၊ လေလား မေးလိုက်နဲ့ နောက်ဆုံးတော့ 'လေလား' မှာ အော်သံ ရပ်သွားတယ်။ ဦးစံထွားက 'ဒီနေ့ မိုးမရွာဘူး လေပဲတိုက်မယ်' ဆိုပြီး တောက်တဲ့ဗေဒင်ဟောလိုက်တယ်။ ကိုငွေတိုးစိတ်ထဲကတော့ မိုးတွေဒါလောက်တောင် ညိုမည်းနေတာ မိုးမရွာဘူးဆိုတာ မဖြစ်နိုင်ဘူးလို့ တွေးတယ်။ ဒါပေမဲ့ တကယ်ပဲ မိုးမရွာဘဲလေပဲ နည်းနည်းတိုက်တော့ ကိုငွေတိုး အံ့ဩသွားတယ်။

နောက်နေ့ညနေပိုင်းလည်း ဒီလိုပဲ။ မိုးတွေ

mgyoe.com

mgyoe.com

အုံ့လာပြန်ရော။ လေလည်းတသုန်သုန်တိုက်တယ်။ ဦးစံထွားက မိုးလား၊ လေလား တောက်တဲ့ဖေဒင်မေးပြီး ဒီနေ့မိုးရွာမယ်လို့ တပ်အပ်သေချာပြောချလိုက်တယ်။ အဝတ်တွေလှန်းထားတာ ရုပ်ကြလို့ သူ့သမီးတွေကို ခိုင်းတယ်။ တကယ်ပဲ အဲဒီညနေမှာ မိုးတွေ သဲကြီးမဲကြီးရွာတယ်။

ကိုငွေတိုးကတော့ တောက်တဲ့ဗေဒင်ကို အရမ်းသဘောကျသွားတယ်။ မိုးရွာမှာလား၊ မရွာဘူးလားဆိုတဲ့ကိစ္စဟာ ကိုငွေတိုးတို့လို စိုက်ပျိုးရေးသမားတွေအတွက် အရေးကြီးတယ်။ အဲဒီလိုအကောင်မျိုး တစ်ကောင်လောက်ရှိလို့ကတော့ ရွှေပဲ။ ကိုငွေတိုးက မဝံ့မရဲနဲ့ မိုးလေဝသကောင် သူ့ကိုရောင်းပေးပါ ပြောတယ်။

ဦးစံထွားက ခပ်အင်အင်ရယ်။ သူတို့အိမ်မှာ ဒီတစ်ကောင်ပဲရှိတာ စဉ်းစားပြီးမှပေးမယ်တဲ့။

ကိုငွေတိုးတို့ ပြန်ရမယ့်ရက်ကို ရောက်လာပြီ။ ဦးစံထွားက မိုးလေဝသကောင်ပေါက်ကလေး မျှပေးမယ်တဲ့။ ကိုငွေတိုးတစ်ယောက် ပျော်လွန်းလို့ ထမင်းတောင်မစားနိုင်ဘူး။ တစ်သက်လုံး သူလိုချင်တဲ့ဆန္ဒ ပြည့်ဝတော့မယ်ပေါ့။

ကိစ္စတွေပြီးလို့ ရွာကိုပြန်ကြတော့မယ်ဆိုတော့ ဦးစံထွားက အိမ်မြှောင်တစ်ကောင်ကို ဟောလစ်ပုလင်းခွံထဲထည့်၊ အပိတ်မပိတ်ဘဲ ပုလင်းဝကို ဇာပဝါ ပါးပါးလေးတပ်၊ ရော်ဘာကွင်းနဲ့ စည်းပေးလိုက်တယ်။ ဒါ ဗေဒင်ဆရာပေါက်စလေးပဲ၊ မကြာခင် အရွယ်ရောက်ပြီး တောက်တဲ့အော်လိမ့်မယ်။ ဒီကောင် အရွယ်ရောက်လာအောင် ပိုးကောင်လေးတွေ ဖမ်းကျွေးပါလို့ ဦးစံထွားကမှာပါတယ်။

ကိုငွေတိုး ရွာပြန်ရောက်တော့ သူ့ဗေဒင်ဆရာ ပေါက်စလေးကို အရိပ်တကြည့်ကြည့်နဲ့ပေါ့။ ငရဲမကြောက်၊ ဘာမကြောက် ပိုးကောင်လေးတွေ ဖမ်းကျွေးရတာလည်း မမောနိုင်မပန်းနိုင်။ ရေဒီယို တောင် အရင်လောက် စိတ်ဝင်တစား နားမထောင် နိုင်ဘူး။

အိမ်မြှောင်လေးကတော့ ပိုးကောင်တွေ တစ်ကောင်ပြီးတစ်ကောင် စားနေရပေမယ့် တောက်တဲ့ ဖြစ်မလာသေးဘူး။ လူရိုးကြီး ကိုငွေတိုးကတော့ တစ်နေ့ ဖြစ်လာနိုးနိုးနဲ့ ထိုင်စောင့်ကြည့်နေတာပေါ့။ အိမ်မြှောင်လေးက 'တစ်၊ တစ်၊ တစ်၊ တစ်' နဲ့ အသံပြုတဲ့အခါ ကိုငွေတိုးက 'အသံတော့စမ်းနေပြီဟေ့' လို့ သူ့မိန်းမကို အားရဝမ်းသာပြောပါတယ်။

❐

ကျော်ရင်မြင့်

ရွှေအမြုတေ၊ ၂၀၁၁၊ ဇန်နဝါရီ။

mgyoe.com

mgyoe.com

# ဘုရားလှည့်

## ကျူရီ

မြန်မာသက္ကရာဇ် ၁၃၅၀ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၂ ရက်။

'ဟဲ့ ဘုရားကြီးငုတ်တုတ်'

ဒေါ်မသန်းတစ်ယောက် နံနက်အိပ်ရာနိုး မျက်နှာသစ်ဖို့ အိမ်နောက်ဘက်ရေတိုင်ကီသို့သွားရင်း အိမ်ခေါင်းရင်း ခဝဲချုံအောက်တွင် သီတင်းသုံးနေတော်မူသော တင်ပျဉ်ခွေကျောက်ဆင်းတုကိုယ်တော်ကို တွေ့လိုက်၍ သူမထုံးစံအတိုင်း အာမေဋိတ်အသံ ပြုမိသည်။ ထို့နောက် အိပ်နေသော ယောကျ်ားဖြစ်သူ ဦးဘမောင်ကို လှမ်းနှိုးလိုက်သည်။

'ကိုဘောင်၊ ကိုဘောင် ထစမ်းပါဦး'

'ဘာတုန်းမသန်းရဲ့၊ ညက ဟိုကောင်တွေ သောင်းကျန်းလို့ အိပ်မရလို့ အိပ်နေပါတယ်ဆို'

'လာကြည့်ဦး ဒီမှာလာကြည့်ဦး'

'ဘာ ဘာပျောက်လဲ'

ဦးဘမောင်က အိပ်ရာဘေးက ပုလင်းဖင် အရှုံးပေးရမည့် မျက်မှန်ကို ကပျာကယာစမ်းပြီး တပ်လိုက်သည်။ ထို့နောက် အိမ်နောက်ဘက် ရေတိုင်ကီသို့ ပုဆိုးစွန်တောင်ဆွဲ အပြေးတစ်ပိုင်းဖြင့် ရောက်လာသည်။

'ပျောက်တာမဟုတ်ဘူးတော်ရေ့၊ ရောက်တာ ရောက်တာ'

မသန်းညွှန်ပြရာကို ကြည့်လိုက်တော့ ခဝဲချုံအောက်မှာ ကျောက်ဆင်းတုကိုယ်တော်ကို တွေ့ရသည်။ ပြီးခဲ့တဲ့ညက သူခိုးကြီးညာ၊ ကာလသားခေါင်း လှဆောင်ဦးဆောင်တဲ့ ကာလသားတွေ တစ်မေ့မှ မအိပ်ကြ။ ဟိုအိမ်က ဘူးသီးခိုး၊ ဒီအိမ်က ကြက်ခိုး ချက်ပြုတ်စားကြ။ ဟိုအိမ်ကပစ္စည်း ဒီပို့၊ ဒီအိမ်က ပစ္စည်း ဟိုပို့ လုပ်နေကြတာကလား။ ဒါတွေသိလို့ ဦးဘမောင် ညဦးကတည်းက တစ်မှေးမျှ မမှေးခဲ့ပေ။ ကိုယ့်အိမ်က သူများလို ကြက်တော့မရှိပါဘူး။ ဆိတ်ကလေးသုံးကောင်တော့ရှိတယ်။ တော်ကြာ နောက်တီးနောက်တောက်နဲ့ ဆိတ်ဝှက်ထားပြီး ပြန်ရွေးခိုင်းရင် ဒုက္ခ။ တစ်ညလုံးစောင့်ကြည့်နေတာ သူ့တို့အသံ တိတ်လို့ လင်းအားကြီးရောက်မှ အိပ်ရာထဲဝင်အိပ်လိုက်တာ ခုအိမ်ကို ဘုရားချသွားပြီ။

*ဒါယကာ ဘမောင်နဲ့ ဒါယိကာမကြီး မသန်း ငါဘုရားကြွတော်မူလာတယ်။ ဤအိမ်၌ ခေတ္တ*

mgyoe.com

mgyoe.com

*သီတင်းသုံးတော်မူပြီး အရှေ့ကျောင်းကို ပြန်ကြွတော်မူမည်။ လူများကို အကျွေးအမွေးနှင့်ဧည့်ခံကာ ဆိုင်းနှင့်ဗုံနှင့် ကျောင်းကိုပြန်၍ ပင့်ဆောင်လေ့။*

ပုံ

အရှေ့ကျောင်းဘုရား

ကျောက်ဆင်းတုကိုယ်တော် လက်ထဲရှိ စာခေါက်ကိုဖြန့်၍ လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင်ဖတ်လိုက်သည်။ ထို့နောက် ဒေါ်မသန်းက အိမ်ရှိစားပွဲခုံကို အမြန်ရှင်း၍ စားပွဲခင်းအသစ်ခင်းကာ ဦးဘမောင်ကို ကျောက်ဆင်းတုပင့်ခဲ့ရန် လှမ်းပြောသည်။ ဦးဘမောင်တို့နေသော ရွာကလေးမှာ မင်းဘူးမြို့နှင့် ၇ မိုင်ခန့်ကွာဝေးသော ရေနံလုပ်သားများ စုပေါင်းနေထိုင်သော ရွာလေးဖြစ်သည်။

မူလရှိနေသော ရွာကြီးရွာနားတွင် ရေနံလုပ်သားမိသားစုများ၏ အိမ်များ ဆောက်လုပ်နေထိုင်ရင်း တဖြည်းဖြည်း အိမ်ခြေများလာရာမှ ရွာတစ်ရွာဖြစ်သွားရသည်။ နောက်ပိုင်းတော့ သူတို့နေထိုင်သောရွာကို ရွာနီးချုပ်စပ်မှ အလျှုခံများက ရွာကြီးနား ကပ်နေသောကြောင့် ရွာလေးဟုခေါ်ရင်းမှ ရွာလေးရွာဟု အမည်တွင်သွားခဲ့သည်။ ရွာ၏သက်တမ်းက အလွန်ဆုံးရှိမှ ၁၇ နှစ်၊ ၁၈ နှစ်။ ရွာဦးစေတီနှင့် ဓမ္မာရုံရှိသည်။ ဝတ်အသင်းရှိသည်။ သမဝါယမဆိုင်ရှိသည်။ စာရေးမရှိသည်။ ကာလသားခေါင်းဆောင်ရှိသလို ကာလသမီးခေါင်းဆောင်ရှိသည်။ ဉက္ကဋ္ဌရှိသည်။ စသည်များရှိသော ရွာဖြစ်သည်။ ဦးဘမောင်သည် ယခုနှစ်မှ ရွေးချယ်တင်မြှောက်ထားသော သမဝါယမဆိုင်ဉက္ကဋ္ဌဖြစ်သည်။ လက်ရှိရေနံတွင်းတူးဌာနတွင်လည်း အတော်အတန် အဆင့်ရနေသူဖြစ်သည်။ မျက်စိက အတော်မှုန်နေသောကြောင့် ရေနံတွင်းများတွင် တာဝန်ချမပေးဘဲ ရုံးတွင်ကာဝန်ထမ်းရသူဖြစ်၍ အတော်အတန် အားနေသူလည်းဖြစ်သည်။ ထို့ကြောင့် ရေနံလုပ်သားများ၏ သမဆိုင်တွင် တာဝန်ထမ်းဆောင်ရန် အားလုံးက ရွေးချယ်လိုက်ကြခြင်းပင်။ ဤသည်ကိုပင် နဂိုကတည်းက လေလုံးထွားကျင့်ရှိသော ထိုအချိန်ထိုအခါကပင် မိချောင်းတံဆိပ် စပို့ရှပ်နှင့် ဂျိကျူစပို့ရှပ်နှစ်ထည်ကိုသာ မချွတ်တမ်း ဝတ်ဆင်လေ့ရှိသူ ဦးဘမောင်သည် အိမ်ခြေ တစ်ရာငါးဆယ်သာသာရှိသော ရွာလေးတွင် နေရာတကာ လူစွာလုပ်ချင်နေတော့သည်။ မိန်းမဖြစ်သူ ဒေါ်မသန်းကတော့ ယောကျ်ားလုပ်သမျှ အထင်ကြီးစရာမှတ်သူပင်။ အခုကိစ္စမှာလည်း ကာလသားများက ဤသို့ လေကျယ်လှသော ဦးဘမောင်အိမ်သို့ရွေး၍ ဘုရားချခြင်းဖြစ်သည်။ ဦးဘမောင်တို့လင်မယားနှံ ဤသို့ အလုပ်ရှုပ်နေချိန်တွင် ရွာလယ်ပိုင်း မလုံးတုံးမုန့်ဟင်းခါးဆိုင်တွင်တော့ ကာလသားတစ်သိုက် ညတုန်းက မည်သို့မည်ပုံ ဦးဘမောင်အိမ် ဘုရားချပုံကို ပြန်ပြောင်းဖောက်သည်ချ၍ ဟားတိုက်နေကြသည်။

နံနက်ကိုးနာရီလောက်တွင်တော့ ကာလသားခေါင်းကိုလှဆောင်နှင့်အဖွဲ့ ဦးဘမောင်တို့အိမ်သို့ရောက်လာကြသည်။

'ဉက္ကဋ္ဌကြီး ဉက္ကဋ္ဌကြီး'

'သြော် မင်းတို့လာကြပြီကိုး၊ ငါက မင်းတို့လက်ချက်မှန်း အစကတည်းက သိတယ်။ ငယ်သူတွေပျော်ပါစေဆိုပြီး မသိချင်ယောင် ဆောင်နေလိုက်တာ'

'ဟင် ကိုဘောင် တော်ခုနပြောတော့ တစ်ချက်အိပ်ပျော်သွားလို့ဆို၊ တော်သိတယ်ပေါ့'

ဒေါ်မသန်းက အလိုက်မသိစွာ မေးသည်။ ဦးဘမောင် လေလုံးကိုသိသူ ကိုလှဆောင်က အလိုက်သိစွာဖြင့်–

'ဟုတ်တယ် ဉက္ကဋ္ဌကြီးရေ၊ လူငယ်တွေက ပျော်ချင်ပါးချင်ကြတယ်။ ပြည့်စုံတဲ့အိမ် ဘုရားချမှလည်း ပျော်ရမှာ မဟုတ်ဘူးလား။ ဒါကြောင့် ဉက္ကဋ္ဌကြီးအိမ် ရွေးရတာဗျ'

'သိတယ် သိတယ် လုပ်ပေးရမှာပေါ့'

လှဆောင်မြှောက်ပေးလိုက်သောစကားကို ဦးဘမောင် သဘောအကျကြီး ကျသွားသည်။ ထို့နေ့ညတွင်တော့ ရွာ၏ထုံးစံအတိုင်း ဦးဘမောင်တို့အိမ်

mgyoe.com

o m

တွင် ဘုရားကို ကျောင်းသို့ ပြန်လည်ပင့်ဆောင်ရန် အတွက် အစည်းအဝေးလုပ်ကြသည်။

'ကျုပ်ကတော့ လပိတ်မှ ပြန်ပို့မယ် စိတ်ကူး တယ်'(လကုန်သည်ကို လပိတ်ဟု သုံးနှုန်းသည်)

'ကောင်းပါတယ် ဥက္ကဋ္ဌကြီး၊ ဒါမှလည်း စီစဉ် ချိန်ရတော့ ပိုပြီးစည်ကားတာပေါ့ဗျာ'

'အကျွေးအမွေးနဲ့ ဧည့်ခံတာကတော့ ကျုပ် တို့ ကာလသမီးတွေတာဝန်ထား'

'ဟုတ်တယ်၊ မစည်ကားမှာတော့ မပူနဲ့ဗျို့၊ လော်နဲ့ဘောက်သာပါပစေ၊ ခင်ဝင်းအဖွဲ့က ညဘက် ဧည့်ခံပေးလိမ့်မယ်။ လှည့်မယ့်နေ့ညနေကျ စံထွန်းတို့ အိုးစည်ဝိုင်းနဲ့ ကျောင်းက ဗျာပါဆံ ကမယ်ဗျာ'

'ကျုပ်တို့ ဝတ်အသင်းကလည်း ဝတ်စုံပြည့်နဲ့ အလှည့်နေ့မှာ ရွတ်မယ်လေ'

အားလုံးက တက်ညီလက်ညီရှိကြသည်။ မြို့နှင့်အလှမ်းဝေးသော အလုပ်သမားရွာလေးမှာ ပွဲလမ်းဟူ၍ မရှိသလောက်ရှားသည်။ တစ်နှစ်တစ် ကြိမ်လုပ်သော လုပ်သားကထိန်ကလည်း ရွာနှင့် အလှမ်းဝေးလှသောနေရာတွင် ပွဲကသည်။ ဝတ် ကောင်းစားလှဝတ်ရမည့် လမ်းဆို၍ ရွာထဲမှ တစ် ယောက်ယောက်မင်္ဂလာဆောင်ရှိမှ၊ နွေရာသီ ကျောင်း ပိတ် အလှူရှိမှ လှလှပပ ဝတ်ရသည်။ ပွဲလမ်းက ရှားပါဘိခြင်း။ အဝတ်သစ်လေးများဆို ရေစက်မှာ ရေခပ်ရင်းဝတ်ကြရသည်က များသည်။ ထို့ကြောင့် လည်း အခုလို တန်ဆောင်မုန်းလပြည့် သူခိုးကြီးည ဆိုလျှင် တတ်နိုင်သူအိမ်မှာ ဘုရားချ၍ ဘုရားကို ကျောင်းကိုပြန်ပင့်ဆောင်သည့်ပွဲမျိုးကို ကာလသား များက ဖန်တီးတတ်သည်။ ရွာလေးသူအပျိုချောတွေ လည်း ထိုအချိန်တွင် လူကြီးမိဘများထံမှ တရားဝင် လမ်းသလားခွင့် ရကြလေသည်။ ညဘက်ဘုရားချ သည့် အိမ်တွင်စု၍ ဝတ်ရွတ်ကြသည်။ ပန်း၊ ဆီမီး ကပ်ကြသည်။ အစ်ကိုကာလသားတစ်သိုက်ကလည်း ထိုအိမ်တွင် အသံချဲ့စက်ဖွင့်၊ ဘက်ထရီအိုးလဲ၊ ဘုရား လှည့်ဖို့ကိစ္စစီစဉ် စသည်တို့ကို ဆောင်ရွက်ရင်း လူငယ်သဘာဝ ပိုးပန်းနိုင်သည်။

*

ဦးဘမောင်အိမ် ဘုရားချပြီးနောက်နေ့မှစ၍ တစ်ရွာလုံး သူ့အရွယ်နဲ့သူ အလုပ်ရှုပ်လေတော့ သည်။ မလေးမွန်တို့ဝတ်အသင်းက ညနေဝတ်ရွတ်ရန် ပြင်ဆင်ရသလို ကာလသမီးခေါင်းဆောင် မုန့်ဟင်းခါး ရောင်းသည့် မလုံးတုံးကလည်း သူ့ဆိုင်ကို အပျိုမ တစ်သိုက်ကို ဆင့်ခေါ်၍ ဧည့်ခံကျွေးမွေးရေးတာဝန်များ အတွက် အသီးသီး တာဝန်ခွဲဝေပေးသည်။

မယ်ဒလင်သမား ကိုခင်ဝင်းတစ်ယောက်လည်း သူ့အဖွဲ့နှင့် မည်သည့်သီချင်းဆိုမည့်အကြောင်း တိုင်ပင် ရသလို စံထွန်းတို့တစ်သိုက်က ရွာကြီးဘုန်းကြီး ကျောင်းအောက် သံဃာစင်ပေါ်ရှိ ကိုယ်တစ်ပိုင်းပြတ် စက္ကူမင်းသားရုပ် ဗျာပါဆံ သွားငှားကြသည်။ ဗျာပါဆံ နှစ်ဖက်ချထားပြီး ကတောင်းအင်္ကျီဝတ်ကာ လက် နှစ်ဖက်ကို ထက်အောက်ကွေး၍ ကထားဟန် ထိုစက္ကူ ရုပ်ကြီးကို လွန်ခဲ့သော နှစ်နှစ်လောက်ကတည်းက ရွာကြီးဘုန်းကြီးကျောင်း ကထိန်အတွက် မကွေးမြို့က ဆရာတစ်ယောက် ချိုးပေးထားခဲ့တာဖြစ်သည်။ ဗျာပါဆံအမည်ပေးထားသည့် ထိုအရုပ်ကြီးသည် ရွာကြီးရွာနှင့် အနီးတစ်ဝိုက်ရှိရွာများ၏ အလှူခံ၊ အလှူလှည့်တိုင်း ငှား၍ ကလေ့ရှိသည်။ ကိုယ်တစ်ပိုင်း ပြတ်အရုပ်ဖြစ်သည့်အတွက် လူတစ်ယောက်ကဝင်၍ ခြေထောက်ကိုသာ အမျိုးမျိုး ကကွက်ပြောင်းကာ ကရပြီး အရုပ်ထဲဝင်ရသူ မြင်နိုင်ရန် အရုပ်၏ ဝမ်းဗိုက် နေရာ၌ အပေါက်သေးသေးလေး ဖောက်ထားသည်။ အငှားများသည့် တစ်ရုပ်တည်းသော အရုပ်ဖြစ်သည့် အလျောက် ညစ်ပတ်ပေါက်ပြဲ၍ ပင်နေလေပြီ။ သို့ပင် မယ့် တစ်ရုပ်တည်းသော မင်းသားရုပ်ကို သူများရွာက မဦးခင် ကိုယ်ကဦးအောင် ငှားရသည်။ စံထွန်းတို့ တစ်သိုက် အရုပ်ကြီးသယ်လာပြီဆိုကတည်းက ကလေးတစ်သိုက်က တရုန်းရုန်း နောက်ကပါလာ တော့၏။ ရွာလေးသူတချို့ကလည်း မြို့သွား၍

mgyoe.com

ရွာထဲမှ အပျိုကြီးမနွယ်အေးဆိုင်တွင် သူ့ထက်ငါ ပုံဆန်းထွင်အပ်ကြသည်။ ဦးဘမောင်ဘုရားလှည့် အမီ ရရန်အတွက် မနွယ်အေးတစ်ယောက် မှန်အိမ် ထွန်းပြီး ညဥ့်နက်သည်ထိ စက်သံတရျောင်းရျောင်း ချုပ်ရပေဦးမည်။ ရေစက်တွင် ရေပုံးတန်းစီထားစဉ် ဘယ်သူ ဘာပုံချုပ်မည်စသည်ဖြင့် တွတ်ထိုးနေသော အပျိုမတစ်သိုက်ရှိသလို ဘုရားလှည့်သည့်နေ့တွင် ဘယ်အပျိုကို လူပျိုစကားစမည်ဟု ကြံတင် ကြံစည် နေသော ကာလသားအချို့လည်း ရှိသည်။

ဦးဘမောင်နှင့် ဒေါ်မသန်းတို့တွင် သားသမီး မရှိပေ။ ငွေကြေးလည်း အတော်အတန်ပြည့်စုံသူများ လည်းဖြစ်၊ ထိုအချိန်ကာလက သမဝါယမဥက္ကဋ္ဌဆို သည့် ရာထူးကလည်းရှိနေပြန်၊ နဂိုကမှ လေလုံးက ခပ်ထွားထွား အမြှောက်ကြိုက်သူ ဦးဘမောင်နှင့် ယောကျ်ားလုပ်သမျှ အကောင်းထင်ပြီး ဘာမှဗဟု သုတမရှိတဲ့ ဒေါ်မသန်းတို့ ဘုရားလှည့်အတွက် အစစ အရာရာ ဦးဆောင်အကြံပေးနေသူက ရွာလေးရွာတွင် ရှိသော တစ်ဦးတည်းသော 'ဓာတ်ပုံဆရာ ကိုပါပူး'။ ကိုပါပူးဆိုတဲ့သူကလည်း နေရာတကာ ပါလေရာ။ ရွာလေးသားတွေက သူ့ကိုကွယ်ရာမှာ ပါလေရာဟု အမည်ပေးခံရတဲ့သူ ဖြစ်လေ၏။ ကင်မရာလေးတစ် လုံးနှင့် ဟိုစပ်စပ်ဒီစပ်စပ် လုပ်တတ်သူ ကိုပါပူးမှာ ရွာတွင် မှတ်ပုံတင်လာရိုက်စဉ်က ကိုပါပူးအိမ်မှာပင် သူ့ကင်မရာနဲ့ တစ်ရွာလုံးကို ရိုက်ပေးခဲ့ခြင်းဖြစ်သည်။ ထိုအခါမှစ၍ ကိုပါပူးကို 'ဓာတ်ပုံဆရာ' လို့ တစ်ရွာ လုံးက သတ်မှတ်လိုက်ကြလေ၏။ ထို့နောက်တွင်မူ အိမ်ခြေတစ်ရာ့ငါးဆယ်သာသာ ရွာလေးရှိ ကိုပါပူး အိမ်ရှေ့ဝင်းထရံတွင် 'ပါပူးဓာတ်ပုံတိုက်' ဟု အစိမ်း ခံပေါ် အဖြူစာလုံးကြီးကြီးနှင့် သုံးထပ်သားဆိုင်းဘုတ် ကြီးကို ချိတ်ဆွဲထားလေတော့သည်။ ရွာထဲမှ အများစု ကမူ ဓာတ်ပုံဆိုတာ မှတ်ပုံတင်လုပ်မှ ရိုက်ရတဲ့အမျိုး ဟု မှတ်ထင်ထားသူများပင်။

ဤသို့ဖြင့် ရွာလေးတစ်ရွာလုံး မျှော်လင့်အားခဲ ထားခဲ့သော ဦးဘမောင် ဘုရားလှည့်က တဖြည်းဖြည်း နှင့် နီးလို့ဖြင့်လာပါတော့သည်။

*

'ဟလို ဟလို တက်စတင်း တက်စတင်း ဟလို ဖူးဖူး'

နံနက် ၈ နာရီလောက်တွင် ဦးဘမောင်အိမ် ဘက်မှ ကြားလိုက်ရသော မိုက်စမ်းသံကြောင့် ရေစက် တွင်ရေခပ်နေသော လူငယ်တချို့ ခေါင်းထောင်သွား သည်။ ဘုရားလှည့်မည်က မနက်ဖြန်မှ သို့သော် ဒီနေ့ ကတည်းက အသံချဲ့စက်က ကြိုဖွင့်တော့သည်။ 'အောင်ပါစေ အောင်ပါစေ သပြေနခက်ဝေ'အစချီသည့် ရွှေမန်းတင်မောင်သီချင်းကို ပဏာမအဖြစ် ကြားလိုက် ရသည်။ ထိုနောက်တွင်တော့ လူငယ်ကြိုက် ခေတ်ပေါ် သီချင်းတချို့။ နောက်ဂီတစာဆို မောင်ကြေးမုံ၏ တိတ်ခွေဓာတ်လမ်း၊ ရွာရှိလူကုန် မောင်ကြေးမုံ၏ တိတ်ခွေဓာတ်လမ်းထဲ အာရုံရောက်သွားသည်။ ညနေစောင်းတွင် မလေးမွန် ဦးဆောင်သော ဝတ် အဖွဲ့က ယောဂီဝတ်စုံကိုယ်စီနှင့် ဦးဘမောင်အိမ်သို့ ဝတ်ရွတ်ရန်ချီတက်သွားကြသည်။ ည ၇ နာရီ လောက် အမျှအတန်းဝေပြီးချိန်တွင်တော့ ကိုခင်ဝင်း ၏ မယ်ဒလင်သံကို စကြားလိုက်ရသည်။ တစ်ညလုံး သီချင်းအပုဒ်ပေါင်းများစွာဖြင့် ညှော်ခံဖျော်ဖြေဖို့ အစပျိုးလိုက်ခြင်းပင်။ ညဥ့်နက်ချိန်တွင်တော့ မလုံးတုံး ၏ယောကျ်ား ကိုကြီးထွေဟု တစ်ရွာလုံးက ချစ်စနိုး ခေါ်သော ကိုကြည်ထွေး သီချင်းသံဝယ် တစ်ရွာလုံး နစ်မျောသွားတော့သည်။ ကိုကြည်ထွေးက အဆို ကောင်း။ အတီးမပါဘဲနှင့်ပင် ကောင်းလှနေပြီ။ ခုလို ကျကျနန မယ်ဒလင်နဲ့ တွဲဆိုလိုက်သည့်အခါ တစ်ရွာ လုံး လက်ဖျားခါသွားသည်။ မလုံးတုံးလည်း ယောကျ်ားဖြစ်သူ ကိုကြည်ထွေးအတွက် ဂုဏ်ယူမဆုံး ပေါ့။ ခါတိုင်းအချိန်များမှာတော့ ရွာရှိသည့် ယောကျ်ား သားမှန်သမျှ ကိုကြည်ထွေးကို အိမ်တွဲပို့ပေးသူ မရှိ သလောက်ပင်။ ဒါကြောင့်လည်း ကိုကြည်ထွေးမှ ကိုကြီးထွေလို့ခေါ်ကြတာ။ မလုံးတုံး ဆူဆဲသံကြား

mgyoe.com

လိုက်တာနှင့် အားလုံးသိနေပြီ။ ကိုကြီးထွေတော့ ထွေလာပြန်ပြီဆိုတာကို ကိုကြီးထွေ သီချင်းဆိုနေချိန် မလုံးတုံး မုန့်ဟင်းခါးဆိုင်တွင် လာစားသူများ၏ ကိုကြည်ထွေး သီချင်းဆိုကောင်းကြောင်း ပြောဆိုနေကြသဖြင့် မလုံးတုံး ဂုဏ်ယူမဆုံးတော့။ မလုံးတုံး ထုံးစံအတိုင်း 'အစ်ကိုက တအားဝါသနာပါတာ။ ဟိုတုန်းက သူတို့မြို့မှာဆို သူမပါရင် ပွဲမစည်ဘူး' စသည်တို့ကို ဟုတ်တာရော မဟုတ်တာရော ပြောနေတော့သည်။ ကိုကြီးထွေ၏ သီချင်းသံကတော့ဖြင့် လော်စပီကာနှင့် ဆောင်းဘောက်စ်များမှတစ်ဆင့် တစ်ရွာလုံးကို လွှမ်းခြုံထားလိုက်သည်။

'မြို့ကြီးပြကြီးမနီးတဲ့ တောရပ်ဌာနေ အဲဒီကစ လူဖြစ်ရတဲ့ ကိုယ့်ဘဝအခြေအနေ...'

*

'ဧည့်ခံကျွေးမွေးရေး တာဝန်ယူထားတဲ့ မလုံးတုံးနှင့်အဖွဲ့ခင်ဗျား၊ ဘုရားကြွသည့်အိမ်သို့ နေ့လယ် ဆယ့်နှစ်နာရီမထိုးခင် အရောက်လာခဲ့ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်ခင်ဗျား'

လော်စပီကာမှ ထွက်လာသောအသံကြောင့် မလုံးတုံး မုန့်ဟင်းခါးပြင်နေရာမှ ခေါင်းထောင်သွားသည်။

'ဟဲ့ ဘုရားလှည့်မှာကညနေမှပါ၊ ဘာဖြစ်လို့ ဆယ့်နှစ်နာရီမထိုးခင် ခေါ်ရတာလဲ မသိဘူးတော့'

'လှဆောင် နင်တို့ဥက္ကဋ္ဌလည်း မေးကြည့်ဦး၊ ငါတို့အဖွဲ့တွေ အစောကြီး ဘာလုပ်ဖို့လဲ။ ကောင်မလေးတွေကို ညနေပြောထားတာလေ'

'အေးလေ ဥက္ကဋ္ဌကလည်း အစောကြီးရှိသေးတာကို'

မလုံးတုံးဆိုင်တွင် တစ်ယောက်တစ်ပေါက် ထင်မြင်ချက်ပေးနေစဉ် လော်စပီကာမှ ဦးဘမောင်၏ ထင်ရှားပြတ်သားသော အသံကို ထပ်မံကြားလိုက်ရသည်။

'ရွာလေး ရွာနေ လုပ်သားပြည်သူအပေါင်းတို့ ခင်ဗျား၊ ဟလို ရွာလေး ရွာနေ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား၊ ကျွန်တော်များ ဘုရားလှည့်မည့် အချိန်မှာ နေ့ခင်း နှစ်နာရီဖြစ်ပါတယ်။ အကြောင်းမှာ ကာလန်ဖီလင်ဖြင့် ဓာတ်ပုံရိုက်မည်ဖြစ်ပါသဖြင့် နေရောင်ခြည်ကို ရရှိရန်လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ နေရောင်ခြည်ကို အရယူရန်အတွက် မူလစီစဉ်ထားသည့်အချိန်ထက်စော၍ ဘုရားလှည့်ပါမည်ဆိုသည့် အကြောင်း ကြိုတင်အသိပေး နိုးဆော်အပ်ပါတယ် ခင်ဗျား'

ရွာလေးတစ်ရွာလုံး ဦးဘမောင်၏ ကြေညာသံအဆုံး လူတိုင်းနီးပါး အလုပ်ကိုယ်စီ ရှုပ်သွားတော့သည်။ မလုံးတုံးသည် ကျန်နေသည့် မုန့်ဟင်းခါးကို အမြန်သိမ်းလိုက်သည်။ ကာလသားခေါင်းလှဆောင် တစ်ယောက် ရေချပ်နေရင်းမှ အိမ်သို့ပြန်ပြေးသည်။ ပန်းကန်ဆေးရန်အတွက် ခေါ်ထားသော ခပ်ပေါတောတော မိပု ရေစက်တွင် အဝတ်လျှော်နေသည်ကို မလုံးတုံးက ချက်ချင်းရပ်စေပြီး ဘုရားလှည့်မည့်အိမ်သို့ ချက်ချင်းသွားရန် မကြာမီ သူနှင့် ဧည့်ခံမည့် အဖျိုတစ်သိုက် ရောက်လာမည်ကို သတင်းပို့စေသည်။

ဘုရားလှည့်လိုက်မည့်သူများနှင့် ဘုရားဖူးလာကြမည့်သူများလည်း လုပ်လက်စအလုပ်ကို ရပ်တန်းကရပ်ပြီး ဘုရားချသည့်အိမ်သို့သွားရန် ရေပြေးချိုးသူကချိုး၊ ကလေးများကို အော်ခေါ်သူခေါ် အိုးစည်ဝိုင်းခေါင်းဆောင် စံထွန်းတစ်ယောက်ကမူ ကိုကျောက်ခဲကို အပြေးအလွှား လိုက်ရှာနေသည်။ ကိုကျောက်ခဲဆိုသူက ခပ်ပေါပေါမိပု၏ ယောက်ျားဖြစ်သည်။ သူက ရွာလေးရွာထဲတွင် ရေချပ်ရောင်းသည်။ ကိုမြတ်သာ ပန်းရံမလုပ်တတ်လုပ်တတ်နဲ့ သူ့အိမ်တွင်လုပ်ထားသော အုတ်ကန်တစ်ဖက်စောင်းကို ကိုကျောက်ခဲရေဖြည့်ပေးတော့ ဒီဘက်က ပြည့်ပြီ။ ဟိုဘက်က မပြည့်သေးဘူးဆိုကာ မြင့်သည့်ဘက်မှ ရေဖြည့်ပေးသည့်ကျောက်ခဲ။ ဤသို့သော ကိုကျောက်ခဲကို ခပ်ပေါတောတောမိပုနှင့် အရပ်က စပ်ပေးစားထား

mgyoe.com

သည်။

ကိုကျောက်ခဲနှင့် မိပုတို့ နှစ်ယောက်တွင် မိပုက ဆရာကြီးဖြစ်သည်။ မကြာမီ ကိုကျောက်ခဲကို အသည်းအသန်ရှာနေသော စံထွန်းနှင့်မိပု ဘောလုံးကွင်းအစပ်တွင်တွေ့ရာ–

'ဟဲ့ မိပု နင့်ယောကျ်ား ကျောက်ခဲဘယ်သွားနေလဲ'

'ဆံပင်သွားညှပ်တယ်'

'အရေးထဲမျိုးကွာ ကျောက်ခဲကတော့'

'ကိုစံထွန်းတို့ပဲ သူ့ကို မင်းသားကဲ ခိုင်းမယ်ပြောလို့ ဆံပင်ရှည်နေလို့ သက်သာဆိုင်ကို သွားညှပ်ခိုင်းလိုက်တာ'

'အေး ပြန်လာရင် ငါလာခေါ်နေပြီလို့၊ ဥက္ကဋ္ဌအိမ်အမြန်လာလို့'

ရွာလေးထဲရှိ လူများအားလုံးလိုလို ဘုရားလှည့်အတွက်သာ စိတ်စောလို့နေကြတော့သည်။ စိတ်မစောလည်း ဘယ်ခံနိုင်ပါတော့မည်နည်း။ လော်စပီကာမှ ထပ်တလဲလဲ ဦးဘမောင်ကြေညာသော နေရောင်ခြည်ကို အရယူပြီး ကာလန်ဖီလင်ဖြင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်မည်ဖြစ်ပါသဖြင့် ဆိုတာကြီးက ရှိနေတာကိုး။ ဓာတ်ပုံဆရာကတော့ ရွာလေးရွာ၏ ပင်တိုင်စံ ပါလေရာဟု အများကခေါ်သည့် ပါပူးကလွဲလို့ ဘယ်သူရှိဦးမှာတဲ့တုံး။ အကျွေးအမွေး စတင်ပါပြီဆိုကတည်းက မလုံးတုံးတစ်ယောက်လည်း ထန်းလျက်ရည်အိုးနားက မခွာရတော့ပေ။

သူ့နားမှာတော့ ရွာလေးသူ အပျိုဟိုင်းကြီးမနုဝင်းက ပေါင်မုန့်အလှီးသမား။ အပျိုပေါက်တစ်သိုက်ကတော့ သူတို့ပြင်ပြီးသား မုန့်ပွဲများကို ဧည့်သည်များထံ ချပေးရသည်။ ဘုရားဖူးလာသည့်သူများအားလုံးက ကိုယ့်အိမ်ရှိ ကလေးများကို ခေါ်လာကြတာများသည်။ တချို့ ဘုရားလှည့်လိုက်မည့်အပျိုလေးများကလည်း အလှည့်လိုက်သည့်အခါ ကိုင်ရမည့် အမွေးတိုင်များ၊ ပန်းများနှင့်လာကြသည်။ လာသည့်ဧည့်သည် အားလုံးသည် ဦးဘမောင်၊ ဒေါ်မသန်းတို့အိမ်အောက်တွင် ခင်းထားသည့် ဖျာကြမ်းပေါ်တွင် ထိုင်၍ ကျွေးမွေးဧည့်ခံသော ပေါင်မုန့်ထန်းလျက်ရည်ဆမ်းကို အားပါးတရ စားကြလေသည်။ လိုက်ပွဲသံတည်းနှင့် အားပေးလိုက်ကြသည်မှာ အပျိုတစ်သိုက်ဟပ်ထိုးလဲမတတ် မုန့်ပွဲယူပေးရသည်။ အိမ် နောက်ဘက်ရေတိုင်ကီ၌ ပန်းကန်ဆေးသူ မိပုပင် မနိုင်မနင်း ဖြစ်ကုန်တော့သည်။ လော်စပီကာနှင့် ဆောင်းဘောက်တို့မှလည်း ကာလသားတစ်သိုက်က ဧည့်ခံသူ အပျိုချောတို့အား စောင်းချိတ်ပြီး ဖွင့်ထားသော သီချင်းသံက 'အချစ်ရေ့ နေလို့မှကောင်းရဲ့လား အချစ် သနပ်ခါးလေးလှအောင်လူးပြီးရင် ကိုယ့်အကြောင်းတွေးနေပေါ့ကွယ်' တဲ့။

*

ကိုစံထွန်း အသည်းအသန်ရှာနေသော ကိုကျောက်ခဲရောက်လာပါပြီ။ စတစ်ကော်လံအဖြူတစ်ပတ်ရစ်ကို ရခိုင်ပုဆိုးပန်းရောင်ခပ်ဟောင်းဟောင်းတစ်ထည်နှင့်တွဲဝတ်ထားပြီး အသစ်စက်စက် ဘိုကေညှပ်ထားသည်။

'အောင်မလေးကျောက်ခဲရာ ပြောဆိုသွားရောပေါ့။ ဘုရားလှည့်မယ့်အချိန်က နီးနေပြီ'

'မိပုမပြောဘူးလား၊ သူလွှတ်လို့ ကျုပ်သွားတာ၊ မင်းသားကမယ်ဆိုပြီး ကတုံးဆံပင်ရှည်နဲ့ ကြည့်မကောင်းဘူးဆိုပြီး ဖွတ်သွားညှပ်ခိုင်းနေလို့'

'ဟကောင်ရ မင်းခေါင်းမွေး ဘယ်သူမြင်မှာမို့တုံး၊ ဗျာပါဆံထဲဝင်ရမှာကို'

'ဥက္ကဋ္ဌကြီးက ကာလန်ဖီလင်နဲ့ ဓာတ်ပုံရိုက်ပေးမှာရှိသေးတယ်လေ ဟဲ ဟဲ ဟဲ'

အသားမည်းမည်း နားကားကားရုပ်နှင့် စပ်ဖြဲဖြဲလုပ်နေသော ကျောက်ခဲကို စံထွန်းစိတ်ကုန်စွာနှင့် ကြည့်လိုက်ရင်း...

'ဘယ်မှာလဲ ဖိနပ် ငါမှာတဲ့ ဖိနပ်ကော'

'ကိုလှဆောင် ခြေထောက်က အကြီးကြီးရယ်၊ ကျုပ်နဲ့မတန်ဘူး။ ပြီးတော့ ကျုပ်က အဲဒီလို

mgyoe.com

mgyoe.com

ကင်းဘတ်ကြီး စီးစမရှိတော့ မနေတတ်ဘူးဗျ။ ဒီအတိုင်း ခြေဗလာနဲ့ပဲ ကမယ်ဗျာ'

'ဖြစ်မလား၊ကွ မင်းသားပါဆိုမှ သွားယူချေ၊ ခြေအိတ်နဲ့စီးရမယ်'

ဒိုးဝိုင်းကလည်း အိမ်ရှေ့တွင် လက်စွမ်းပြတီးလို့နေပါပြီ။ ခဏနေတော့ ကိုကျောက်ခဲတစ်ယောက် ရေးကြီးသုတ်ပျာနှင့် လက်ထဲမှာ ကင်းဘတ်ရှူးကိုင်လို့ ပြန်ရောက်လာသည်။ စံထွန်းတို့တစ်သိုက် ဦးဘမောင်အိမ်ဘေး မြေကွက်လပ်တွင် သိုက်ပွသိုက်ပွနှင့် ကိုကျောက်ခဲကို ဇာပါခံ အရုပ်စွပ်ပေးနေကြစဉ် တန်းစီလှည့်လည်ရန် သုံးလမ်းသာရှိသော ရွာလေးရွာနှင့် အနီးအနားရှိ ရွာကြီးရွာထဲသို့ပါ လှည့်ရန် လူငယ်တစ်သိုက်က အကြံပြုနေသည်။ အရှေ့ကျောင်းမှ ဘုန်းကြီးလှည်းယာဉ်ငှားပြီး ပန်းအလှဆင်ကာ ကျောက်ဆင်းတုကိုယ်တော်ကိုတင်၍ ကာလသားတစ်သိုက်က ရှေ့ဆုံးမှတွန်းသည်။ ဒေါ်မသန်း၏ မျက်နှာသနပ်ခါးမှာ ပုတ်နွားချေးကြဲထားသလို လူးထားပြီး ကန်တော့ပွဲရွက်ထားကာ ဘုရားလှည့် နောက်မှာ အဆင်သင့်ဖြစ်နေပေပြီ။

ဦးဘမောင်တစ်ယောက်ကတော့ သူဝတ်နေကျ မိကျောင်းစပို့ရှပ်အပေါ်မှ တိုက်ပုံအင်္ကျီထပ်ဝတ်ထားပြီး ပိုက်ဆံကြဲရန်အတွက် ငွေဖလားကိုပိုက်ထားသည်။ ဘုရားလှည့်လိုက်မည့် မိန်းကလေးတွေကလည်း မိတ်ကပ်ထူထူလိမ်းထားကြကာ ဘယ်အချိန်မှာများ ကာလနံဖီလင်ဆိုတာကြီးနှင့် ရိုက်ပါမည်လဲဟု စိတ်ဝင်စားပြီး ကင်မရာလွယ်ထားတဲ့ ကိုပါပူး၏ လှုပ်ရှားမှုကိုသာ တိတ်တဆိတ် အကဲခတ်နေကြသည်။

'ကျွန်တော်များအားလုံး မျှော်လင့်စောင့်စားနေသော ဘုရားဒါယကာ ဦးဘမောင်၊ ဘုရားဒါယိကာမ ဒေါ်မသန်းတို့အိမ်တော်မင်္ဂလာမှနေ၍ အရှေ့ကျောင်းသို့ ဘုရားပြန်လည်ကြွချီမည်ဖြစ်ပါတယ်ခင်ဗျား'

လော်စပီကာမှ အသံကြောင့် အားလုံးလှုပ်ရှားသွားသည်။ ရှေ့ဆုံး ဘုရားလှည်းပြီးတော့ ဝတ်အဖွဲ့၊ အဲဒီနောက်က ဘုရားဒါယကာက ငွေဖလားထဲမှ အကြွေတချို့နှင့် ပေါက်ပေါက်များရောကာ ကြဲသည်။ ကလေးတစ်သိုက်က ဖုန်အလူးလူးဖြင့် ပိုက်ဆံလုကောက်ကြသည်။ ဒေါ်မသန်းနောက်မှာတော့ ကာလသမီးခေါင်း မလုံးတုံးဦးဆောင်သည့် ရွာလေးသူအပျိုတစ်သိုက်။ ကာလသားများကလည်း စံထွန်း၏ ဝိုင်းနှင့်ရောကာ တစ်ဖွဲ့ကြီးလိုက်ကြသည်။ အများမျှော်လင့်နေသော ဇာပါခံကတော့ ပြန်လည်၍ ထုံးသုတ်ထားသဖြင့် သူ့နေရာနှင့်သူ ကြည့်ပျော်ရှုပျော်ဖြစ်နေ၏။ အောက်ပိုင်းက ကွေးနေအောင် ကကွက်မျိုးစုံဖြင့် တင်ဆက်နေသော ကိုကျောက်ခဲခြေအစုံမှာ ရခိုင်ပုဆိုးပန်းရောင်ခပ်နွမ်းနွမ်းကို ခါးတောင်းကျိုက်ကာ ဘောလုံးကန်သည့်ခြေအိတ်အဟောင်းနှင့် ကင်းဘတ်ရှူးကို တွဲဖက်ဝတ်ထားသည်။ အသားမည်းသော ကျောက်ခဲ၊ ခန္ဓာကိုယ်ကလည်း ခြေသလုံးနှင့်ပေါင်မကွဲပြားနိုင်အောင် ပိန်လှီလှသည့်အတွက် ခြေကို အမျိုးမျိုးကစား၍ ကလိုက်သောအခါ ချောင်နေသော ကင်းဘတ်ရှူး ကျွတ်ထွက်သွားလေသည်။ ဘေးမှ ရပ်ကြည့်နေကြသည့် နှပ်တွဲလောင်း ဖင်ယောင်းလောင်း ကလေးများပင် တသောသော သဘောအကျကြီး ကျသွားရလေသည်။ နေ့ခင်း နေပူပူဖုန်ထူထူမှာ မိတ်ကပ်ထူထူလိမ်းထားသည့် ကောင်မလေးများ ချွေးတွေလိမ့်ထွက်ကုန်ပေပြီ။ ဓာတ်ပုံဆရာ ကိုပါပူးကလည်း နေပူကြီးထဲ အကြာကြီးရပ်ခိုင်းလျက်တော်ရုံနှင့် ချိန်မပြီးတော့။ အရေးထဲ အဝစားခဲ့သော ပေါင်မုန့်ထန်းလျက်ရည်ဆမ်းကြောင့် ရေငတ်ကုန်ကြသည်။ ဖြတ်သွားသည့် အိမ်ရှေ့တိုင်းမှာ ရေတောင်းသောက်ကြရတာအမော။ ဘုရားဒါယကာလည်း တမော့မော့နှင့် ပိုက်ဆံကြဲရင်း လာလိုက်တာ ရွာကြီးရွာထဲရောက်လာပေပြီ။ ရွာကြီးရွာထဲက ထုံးစံအတိုင်း နွားချေးပုံက ဟိုတစ်ပုံ ဒီတစ်ပုံ။ ကိုကျောက်ခဲကလည်း အရုပ်ခေါင်းထဲဝင်ထားတော့ ဘာမှမြင်ရသည်မဟုတ်။ ကြည့်သူစိတ်ဝင်စားဖို့ အများမြင်နေရတဲ့ ခြေထောက်သာ ရှေ့ထိုးတစ်မျိုး နောက်ထိုးတစ်နည်း ခြေစွမ်းပြ

mgyoe.com

mgyoe.com


လာရာက ရွာကြီးရွာအစပ်မှာ နွားချေးပုံပျော့ပျော့ နင်းမိပါလေတော့၏။ ဒေါ်မသန်းတစ်ယောက်လည်း ရွာရိုးကိုးပေါက် ကန်တော့ပွဲရွက်လိုက်လာရတာ သူ့အသက်အရွယ်နဲ့ ကြာလာသည့်အခါ ဘယ်တတ်နိုင်တော့မှာလဲ။ ကလေးတစ်သိုက်ကမူ ပိုက်ဆံကြဲတဲ့ဆီပြေးလိုက်၊ ကိုကျောက်ခဲဝင်ကတဲ့ အရုပ် နောက်ပြေးလိုက်လိုက်နဲ့ လူတန်းရှည်ကြီးက ဖုန်တလုံးလုံးနဲ့ အရှေ့ကျောင်းဝင်းအတွင်းသို့ ရောက်လာကြသည်။

ကျောင်းရောက်တော့ ဆရာတော်ထံ ဘုရားအပ်၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်၊ ငါးပါးသီလခံပြီး လူစုခွဲ၍ ကိုယ့်အိမ်ကိုယ် ပြန်ကြပေပြီ။ ဥက္ကဋ္ဌကြီးဦးဘမောင်နှင့် ဒေါ်မသန်းတို့၏အလှူလည်း အထမြောက်သွားပေပြီ။ ပျော်ပွဲရွှင်ပွဲငတ်နေသည့် တစ်ရွာလုံးလည်း အထူးပင်ကျေနပ်စေသော ပွဲတစ်ခုဖြစ်ခဲ့သည်။ ထိုဘုရားလှည့်ပြီးနောက် မလုံးတုံးမုန့်ဟင်းခါးဆိုင်တွင် အရှေ့ပိုင်းက ဘယ်အပျိုနှင့် မြောက်ပိုင်းက ဘယ်သူ့သားနှင့်တော့ ကြိုက်သွားပြီ အစရှိသည့် ရွာလေးရွာ မလုံးတုံးမီဒီယာမှ ထုတ်ဖော်ကြေညာမှုမျိုးကို တရားဝင်ကြားရမှာဖြစ်သည်။ ဘုရားလှည့်ပွဲပြီးနောက်နေ့မှာပဲ ဖက်ကြီးခိုင်နေတဲ့ ဒေါ်မသန်းနဲ့ အပူရှပ်ပြီး မျက်စိနာနေသည့် ဦးဘမောင်တို့လင်မယားမြို့ဆေးခန်းပြေးရလေသည်။ ဘာပဲဖြစ်ဖြစ် ရွာလေးရွာတစ်ရွာလုံး ရင်ခုန်စွာနဲ့ စောင့်စားနေရသည့်ရက်ကရှိသေးသည်။ ထိုရက်ကတော့ ဦးဘမောင် လော်နှင့်ကြေညာပြီး ကိုပါပူးရိုက်ပေးခဲ့သော ကာလန်ဖီလင်ဓာတ်ပုံရမည့်နေ့ပင် ဖြစ်တော့သည်။

❑

ကျူရီ

ရန်ကုန်သစ်မဂ္ဂဇင်း၊ ၂၀၁၁၊ ဇန်နဝါရီ။

mgyoe.com

mgyoe.com

# ပူပူဇီလာ

## ညီမင်းညို

ရှင့်ကို ကျွန်မ မပြောချင်လို့ ကြည့်နေတာ ကြာပြီ။ ဒါကို ရှင့်ကိုရှင် အဟုတ်မှတ်မနေနဲ့။ ကမ္ဘာ့ဖလားတုန်းကလည်း ကမ္ဘာ့ဖလားမို့။ ခုကမ္ဘာ့ဖလား ပြီးသွားတော့လည်း ပရီးမီးယားလိဂ်နဲ့ လာလီဂါနဲ့ စီးရီးအေနဲ့။ ဘောလုံးပွဲတွေအကြောင်းပြပြီး သောက်လိုက်ရတဲ့ ဘီယာ။ သွားလိုက်ရတဲ့ ဟိုတယ်တွေ။ ညကြီးအချိန်မတော် ဘောလုံးပွဲသက်သက်ကြည့်တာမှ ဟုတ်ရဲ့လား။ ရှင်ကိုယ်တိုင် ကွင်းထဲဆင်းပြီး ဂိုးသွင်းဖို့ကြိုးစားနေလား။ ကိုယ့်ရုပ်လည်းကိုယ် မှန်ထဲ ပြန်ကြည့်ဦး။ နဂိုမလှမပမျက်နှာက ဖောသွပ်နေပြီ။ ပြောလိုက်ရင်လည်း ဆင်ခြေဆင်လက်နဲ့။ ပြန်မပြောနားမထောင် အရွဲ့တိုက်ရတာနဲ့ စိတ်အနှောင့်အယှက်ဖြစ်ရတာနဲ့ ကျွန်မဘက်လည်း နည်းနည်းပြန်ငဲ့ကြည့်ပါဦး။ ကလေးနှစ်ယောက်ကိစ္စကတစ်ဖက်၊ ငွေရေးကြေးရေး လောက်ငအောင် စီမံခန့်ခွဲရတာက တစ်ဖက်နဲ့ လူက ဘတ်လဘိုင်လိုက်နေပြီ။ ရှင့်မှာ ဘာထူးလဲ။ အပြင်မှာ မသောက်ဖြစ်တော့လည်း အိမ်ကပုလင်းဖွင့်တာပဲ။ ရှင့်ကို သံယောဇဉ်ရှိလွန်းလို့ ချစ်လွန်းလို့ ပြောနေတယ် ရှင်ထင်မနေနဲ့။ ကျွန်မသားနှစ်ယောက် စောစောစီးစီး ဖတဆိုးလေးတွေ ဖြစ်ကုန်မှာစိုးလို့။ ရှင်သေသွားလို့ ကျွန်မ မုဆိုးမဖြစ်တာက အရေးမကြီးဘူး။ ကျွန်မသားတွေ အားငယ်စိတ်ဝင်ကုန်ကြမှာပဲစိုးရိမ်တာ။ ရည်းစားဘဝတုန်းကလည်း ရည်းစားဘဝမို့၊ အိမ်ထောင်ကျတော့လည်း အိမ်ထောင်သည်ဘဝမို့ ရှင့်မှာက စိတ်ညစ်လို့သောက်ရတာနဲ့၊ ပျော်လို့သောက်ရတာနဲ့၊ သူငယ်ချင်းတွေ ပြန်ဆုံလို့ သောက်ရတာနဲ့၊ ဧည့်ခံပွဲ လူမှုရေးမို့ သောက်ရတာနဲ့ ရှင်က တစ်ပတ်မှာ ရှစ်ရက် ရာဟုပေါင်းပြီး မူးချင် ရူးချင်နေတဲ့သူ။ ပြောလိုက်ရင်တော့ သားကြီးအတွက် အနာဂတ်ရည်မှန်းချက်က ဘယ်လို၊ သားငယ်အတွက် ပညာရေးအစီအစဉ်က ဘယ်ဝါနဲ့ လူကဖြင့် ခေါင်းတောင်မထောင်နိုင်ဘူး။ ၂ နာရီ ၃ နာရီ မိုးချုပ်သည်ခ့်နက်မှ ပြန်လာ၊ မနက်ကျ လူကမထနိုင်။ မထနိုင်တော့ အိပ်ရာထဲခွေနေ။ ညနေလေး နည်းနည်းဖောင်းတော့ ပြန်ဖြေမှဖြစ်မယ် ဘာမယ်နဲ့ တစ်ခါပြန်သောက်။ ဒါနဲ့ပဲ ရှင် သံသရာလည်နေတာ။ ဒီပုံအတိုင်း ရှင်ကြပ်ကြပ်လုပ်၊ ရှင်အသက်ရှည်စရာ အကြောင်းမရှိဘူး။ အလုပ်မှာရထားတဲ့ ရှင့်နာမည်ကောင်းလေး

mgyoe.com

လည်း ခုဒီအရက်တွေ၊ ဘီယာတွေကြောင့် ကုန်သလောက် ဖြစ်နေပြီ။ ရှင့်သူငယ်ချင်း ကိုထွန်းတစ်ယောက်လည်း ဒီလိုပဲ ညဉ့်နက်သန်းခေါင် သောက်ရင်းစားရင်း နောက်ဆုံးတော့ KTV က ကောင်မလေးနဲ့ မခွဲနိုင် မခွာရက်ဖြစ်ပြီး မနွယ်နဲ့ ကလေး ၃ ယောက်ကို ရက်ရက်စက်စက် ပစ်ထားခဲ့တာလေ။ ဒါတွေ ရှင့်မျက်စိရှေ့တင် ဖြစ်ခဲ့တာမဟုတ်ဘူးလား။ ကိုထွန်းနဲ့ ရှင်နဲ့က ငယ်ပေါင်း ပုလင်းတူဘူးဆို့ သူငယ်ချင်းတွေပဲဟာ။ မိသားစုအပေါ်၊ သားသမီးအပေါ်၊ သစ္စာမရှိတဲ့သူတွေ။ ရှင်ရော ကိုထွန်းလို တစ်ဆိုင်ဆိုင်က တစ်ယောက်ယောက်နဲ့ ငြိနေပြီလား။ ကျွန်မကို မသနားရင်နေပါ။ ရှင့်သားနှစ်ယောက်ရဲ့ မျက်နှာကိုတော့ ရှင်ပြန်ကြည့်ပါ။ ခုအကြီးကောင်ဆို ၄ တန်းရောက်လို့ သိတတ်တဲ့အရွယ်ဖြစ်နေပြီ။ သားကြီးရှေ့ မဟုတ်တာတွေ ရှင်ကြပ်ကြပ်လုပ်။ စီးကရက်ဘူးနဲ့ ကွမ်းထုပ်နဲ့ ဒီကြားထဲ လူကမူးလာလိုက်သေး။ ကလေးတွေရှေ့ ရှင်ဘာဆင်ခြင်မှုရှိသလဲ။ ကွမ်းတဖပ်ဖပ် စီးကရက်မီးတရဲရဲနဲ့ ကလေးတွေကို အတုမြင်အတတ်သင် ရှင်ပဲလုပ်နေ။ ကျွန်မဘက်က မယားဝတ္တရား ဘာတွေများပျက်ကွက်နေလို့လဲ။ တခြားမိန်းမတွေလို နှစ်လုံး၊ သုံးလုံး ကျွန်မ ကစားသလား။ အိမ်ရဲ့စီးပွားရေး ထိခိုက်အောင် ကျွန်မဘာတွေ လုပ်နေလို့လဲ။ မိုးလင်းမိုးချုပ် သားနှစ်ယောက်ကိစ္စနဲ့ ရှင့်ဝေယျာဝစ္စတွေပဲ အဆင်ပြေအောင် ကျွန်မလုပ်ပေးနေတာ။ ခုဆို အငယ်ကောင် ၃ နှစ်သားလေးတောင် ဆေးလိပ်သောက်မယ်၊ ဘီယာသောက်မယ်၊ ပြောတတ်နေပြီ။ အဲဒါ ကလေးတွေရှေ့ ရှင်အနေအထိုင် အပြုအမူ မဆင်ခြင်လို့ ကလေးမျက်လုံးထဲ စွဲနေတာ။ ပြောရင် ပြောတဲ့သူမောတယ်။ ရှင့်ခန္ဓာကိုယ်လည်း ရှင်ပြန်ကြည့်ဦး။ လူက လူနဲ့မတူတော့ဘူး။ ဝက်တစ်ကောင်လို ဝဖီးနေတဲ့ ကိုယ်ခန္ဓာနဲ့။ ပွစိပွယောင်း ဖရိုဖရဲ ဖားပြုတ်တစ်ကောင်ရဲ့ ဖြုတ်ထနေတဲ့မျက်နှာနဲ့။ ရှင်လူရုပ်ပျောက်နေပြီဆိုတာ ရှင်သိရဲ့လား။ အနိုပ်ခန်းမှာ မိုးလင်းရအောင် ရှင်က ကလေကချေလား၊ အိမ်ခြေယာမဲ့ မိသားစုမဲ့နေတဲ့လူလား။ ပြောစမ်းပါ။ ကျွန်မကို ပြောစမ်းပါ။ အိမ်ထောင်ရှိယောကျ်ားတစ်ယောက်က ဇနီးသည် ကွယ်ရာမှာ မိန်းကလေးငယ်လေးတွေနဲ့ တစ်ညလုံး အတူရှိနေပြီး ငါဖောက်ပြန်နေတာ မဟုတ်ဘူးဆိုတဲ့စကား ရှင့်ပါးစပ်ကပြောထွက်ရအောင် ရှင်နဲ့တန်လို့လား။ ကာယကံမြောက် မကျူးလွန်ရသေးဘူးပဲထားဦး။ ဝစီကံ၊ မနောကံတွေလုံရ အောင် ရှင်က အာသဝေါကုန်ခန်းနေတဲ့ သူတော်စင်မို့လို့လား။ ရှင့်သူငယ်ချင်း ကိုထွန်း အဲဒီလမ်းကြောင်းနဲ့ပဲ နောက်ထပ်မယားငယ်ယူသွားတာလေ။ ကျွန်မကို မနွယ်လိုမိန်းမလို့ ရှင်ထင်မနေနဲ့။ မနွယ်လိုတော့ ကျွန်မက သည်းညည်းခံနေမှာမဟုတ်ဘူး။ ကျွန်မတို့ မိသားစုနစ်နာဆုံးရှုံးရသလို ရှင့်ကိုလည်း တန်အောင် ကျွန်မက လူသိရှင်ကြား အရှက်ခွဲပစ်မှာ။ ကျွန်မကို မလုပ်ရဲလောက်ပါဘူးလို့တော့ ရှင်လျှော့တွက်မထားနဲ့။ ရှင့်ဖုန်းထဲမှာ မှတ်ထားတဲ့ ကြယ်စင်တို့၊ ခရေတို့၊ ပွင့်ဖြူတို့၊ မီးလေးတို့နာမည်တွေက ဘာတွေလဲ။ ကျွန်မကို တော်း၊ အေမကြီး၊ အိမ်ထဲက ဘာမှမသိတဲ့ ဟာမကြီးဆိုပြီး ရှင် ထင်တိုင်းကြဲနေတာတွေ ရပ်တန်းကရပ်ပါတော့။ ရှင့်ကိုယ်ရှင် ပြုပြင်သင့်ပြီ။ ရှင့်ကိုယ်ရှင် တည့်မတ်သင့်ပြီ။ လင်မယားစကားများရင် အကြီးကောင်က ရက်တတ်တဲ့အရွယ်မို့ ကျွန်မ ရှင့်ကို မပြောဘဲ ကြည့်နေတာ။ ရှင်က အကန်းတက်လွန်းတယ်။ တစ်ရက်တလေ မသောက်မစားတဲ့ရက်ဆိုရင်လည်း အိမ်အလုပ်ကလေး နည်းနည်းပါးပါး မိန်းမသက်သာအောင် ကူပြီး လုပ်ပေးကိုင်ပေးမယ် စိတ်မကူးဘူး။ ဂျာနယ်တစ်စောင် မျက်နှာအပ်ပြီး တမေ့တမော။ ကော်ဖီ တစ်ခွက်ပြီးတစ်ခွက်သောက်ပြီး ရှင်ဘယ်မှာ ကုလားထိုင်ပေါ်က ဆင်းလို့လဲ။ တစ်အိမ်လုံး ကျွန်မပစ္စည်း ဘာမှရှုပ်မနေဘူး။ ရှင့်စာအုပ်တွေပဲ တစ်အိမ်လုံး ရှုပ်ယှက်ခတ် နေရာယူထားတာ။ စည်းမဲ့ကမ်းမဲ့ ဒီနားတွေ့ ဒီနားထား၊ ဟိုနားတွေ့ ဟိုနားထား။ အိမ်သာထဲအထိ စာအုပ် လိုက်ကောက်နေရမှတော့ ဘာကောင်းဦးမလဲ။ ပြောလိုက်

mgyoe.com

mgyoe.com

ရတဲ့ စာအကြောင်းပေအကြောင်း၊ ဖတ်လိုက်ရတဲ့ စာစောင်တွေ၊ မဂ္ဂဇင်းတွေ၊ သိတာကတခြား လုပ်တာကတခြား။ အသိခေါက်ခက် အဝင်နက်ဆိုတာ ရှင့်လို လူမျိုးကို ပြောတာပဲနေမှာ။ တိုတောင်းလွန်းလှတဲ့ လူ့ဘဝထဲ ရှင်နဲ့ရလို့ ကျွန်မဘဝက ပိုတိုသွားပြီ။ ကျွန်မသေမှ ရှင်နောင်တမရနဲ့၊ မတမ်းတနဲ့။ ကျွန်မလောက် ကောင်းနိုင်တဲ့မိန်းမ ရှင်ရှာကြည့်ဦး။ တကယ်လို့ ကျွန်မသေသွားရင်လည်း ရှင့်ဖုန်းထဲက မီးလေးတို့၊ ပွင့်ဖြူတို့နဲ့ဆက်ပြီး ရှင်က စခန်းသွားမှာမဟုတ်လား။ တွေးလေ တွေးလေ ရှင့်ကိုကျွန်မ အသည်းနာမိလေပဲ။ ရှင်နဲ့ အိမ်ထောင်ကျပြီးကတည်းက ကျွန်မ ရှင့်ကို ဘာစိတ်ဒုက္ခတစ်ခု ပေးခဲ့ဖူးလဲ။ ရှင် ထားရာနေ စေရာသွား၊ ရှင့်စိတ်တိုင်းကျ ကျွန်မနေခဲ့တာပဲမဟုတ်လား။ ရွှေ၊ ငွေ၊ လက်ဝတ်လက်စားမဝတ်ရလို့ ကျွန်မ ရှင့်ကို ဘယ်နှခါ စိတ်ကွက်ခဲ့ဖူးသလဲ။ သားတွေရဲ့ အနာဂတ်အတွက် နည်းနည်းပါးပါး စုဆောင်းရအောင်ပါ ယောကျာ်းရယ်ဆိုတော့ ရွှေလေး နှစ်ကျပ်သားမှ ပြည့်မယ်မကြံသေးဘူး။ ရှင့်အချစ်တော်ကြီး မစ္စတာဖာဂူဆန်နဲ့ မန်ယူကြောင့် တစ်ချီတည်း ကုန်သွားတာပဲ မဟုတ်လား။ ပြောလိုက်ရင် ရှင်က လေကြီးမိုးကြီး။ ကိုယ့်ကိုယ်ကိုယ် လောင်းကစားဘုရင်ကြီးလိုလို၊ အာရုံရနေတဲ့ ဘိုးတော်ကြီးလိုလိုနဲ့ လုပ်လိုက်တော့လည်း တလွဲချည်းပဲ။ ရှိတာလေးနဲ့ ဝအောင်လှအောင် စားလို့ နေလို့ရရဲ့သားနဲ့ ရှင်က ခွေးမြီးကောက် ကျည်တောက်စွပ်၊ တဖောက်ကန်း တဖွတ်ထိုး လုပ်နေတုန်း။ ခုလည်း ကျွန်မ မသိဘူး ရှင်ထင်မနေနဲ့ဦး။ ကမ္ဘာ့ဖလားမှာ ရှင်ဘယ်လောက် ရှုံးခဲ့ဖြုန်းခဲ့တယ်ဆိုတာ ရှင့်တပည့်ကျော် မောင်စိုးကတစ်ဆင့် ကျွန်မ အကုန် စုံစမ်းထားပြီးသား။ အဲဒီအကြွေးတွေကို ရှင် လောလောဆယ် ၅ ကျပ်တိုးနဲ့ လက်သိပ်ထိုး ဖြေရှင်းထားတယ်ဆိုတာကိုပါ သိထားပြီးပြီ။ ရှင်ဟာ မိသားစုကို မချစ်တဲ့သူ၊ အိမ်ထောင်ရေးကို အလေးမထားတဲ့သူ။ သားတွေအပေါ် တာဝန်မကျေတဲ့သူ။ ရှင်တတ်ထားတဲ့ ပညာတွေက အလကားပဲ။ ရှင်ဖတ်ထားတဲ့ စာတွေကလည်း ရှင့်အတွက် အသုံးမဝင်ဘူး။ ရှင်က တစ်ကိုယ်ကောင်းသမားပဲ။ မိသားစုဆိုတာ ကံတူအကျိုးပေးတွေ၊ ဒါကို ရှင်နားလည်ရဲ့လား။ သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်း နားနိုင်သလို အဲဒီ သစ်တစ်ပင်က မကောင်းတဲ့အခါ နားခိုစရာ ပျောက်ရမယ့် ငှက်တစ်သောင်းကိစ္စကို ရှင်တွေးမထားမိဘူး မဟုတ်လား။ ရှင်က ခုတော့ ကိုယ့်မယားကိုယ် နာမည်ပြောင်ပေးပြီး စော်ကားရလောက်တဲ့အထိ ကျွန်မအပေါ် ရှင်စိတ်ကုန်နေသလား။ တစ်ရက်တစ်ရက် အိမ်ထဲက အိမ်ပြင်မထွက်နိုင်ပေမဲ့ ဘယ်ခလုတ်နှိပ်ရင် ဘယ်မီးလင်းတယ်ဆိုတာလောက်တော့ ကျွန်မလည်း နားလည်ပါတယ်။ ရှင့်ရဲ့ နာမည်ပြောင်အတိုင်း ကျွန်မက ကျွန်မသားနှစ်ယောက်ရဲ့ အနာဂတ်နဲ့ရှေ့ရေးအတွက်ဆိုရင် ရင်ကိုခွဲ အသည်းကိုနုတ်ပြီး ကမ္ဘာကြီးတစ်ခုလုံး တုန်ခါမြည်ဟည်းသွားတဲ့အထိ မိခင်မေတ္တာစိတ်ကို ဟစ်ကြွေးသက်သေပြရဲတဲ့ မြန်မာပြည်က သက်ရှိ 'ဗူဗူဇီလာ' လူသားမိန်းမစစ်စစ်တစ်ယောက်ဖြစ်တယ်ဆိုတာကိုသာ ရှင်မြဲမြဲမှတ်ထားလိုက်။ ။

မှတ်ချက်

ဗူဗူဇီလာ=၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များ၌ ပရိသတ်များအသုံးပြုခဲ့သော အသံကျယ်လောင်စွာ မြည်ဟည်းသည့် 'လေမှုတ်ခရာ' တစ်မျိုး။

ညီမင်းညို

ရန်ကုန်သစ်၊ ၂၀၁၁၊ ဇန်နဝါရီ။

mgyoe.com

mgyoe.com

# ယောင်

## ဦးဆွေ (ဒသနိက)

'ဟဲ့ပလုတ်တုတ်၊ နင့်အဖေတစ်ကျိပ်နဲ့ ငါနဲ့ ညား။

ဩော် သံချောင်း၊ ကာလနာ ကိုယ့်ဘာသာ ကိုယ်သောက်တာ အေးအေးဆေးဆေး မသောက်ဘူး။ ငါ့ပဲ လာလာစနေ'

'ဟဲ... ဟဲ အန်တီဝင်းကလည်း ချစ်လို့၊ ပျော်လို့ စတာပါဗျ'

'အန်တီဝင်း ဒါမျိုးကို ငြိမ်ခံမနေနဲ့ ဟောသည် လို၊ ဟောသည်လို ပြန်ရိုက်လိုက်'

အမြည်းပွဲလာချပေးနေတဲ့ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနဲ့ ဥပမိရုပ်ကောင်းကောင်း အမျိုးသမီးကြီးကို အရက်ဝိုင်းက ကောင်လေးတစ် ယောက်က ခါးကိုတို့လိုက်တော့ ယောင်ပြီး ပြောချင် တာပြောနေတာရယ်ကို နောက်ကောင်လေးတစ် ယောက်က ခါးကို ထပ်တို့ပြီး စောစောကစလိုက်တဲ့ ကောင်လေးကို ရိုက်ပြလိုက်တယ်။ အမျိုးသမီးက...

'ရိုက်...ရိုက်...ရိုက်...ရိုက်'

လို့ ပါးစပ်က တတွတ်တွတ်ရွတ်ပြီး ကောင် လေးကျောပြင်ကို လက်ဖဝါးနဲ့ ရိုက်နေလေရဲ့။ ဆိုင်ထဲက လူအားလုံးကတော့ သည်မြင်ကွင်းကို ကြည့်ပြီး တဝါးဝါးတဟားဟားနဲ့ပါ။ အမျိုးသမီးက ဆိုင်ထဲကို မျက်စောင်းလှမ်းထိုးလိုက်တယ်။

'အဲဒါတွေကြောင့် ငါ့မှာ အလုပ်ပျက်နေတာ နော်။ ငါ့ကို မစကြပါနဲ့ဆို။ လူက ကျနေတာဟဲ့'

'အဘွား အဘွား၊ ဟိုဘက်ဝိုင်းက မြင်းခွာ ရွက်သုပ်တစ်ပွဲတဲ့'

'အေး... အေး... သား လာပြီ... လာပြီ' အန်တီဝင်းဆိုတဲ့ အမျိုးသမီးက ထထွက်သွားမလို့ လုပ်တယ်။ ဒါကို စောစောက သံချောင်းဆိုတဲ့ ကောင်လေးကပဲ'

'ဒီလို ထွက်သွားလို့ ဘယ်ရမလဲ၊ အကလေး နဲ့သွားမှပေါ့'

ဆိုပြီး ခါးကိုတို့ပြီး ကတဲ့ဟန်လုပ်ပြလိုက် တယ်။ အန်တီဝင်းကလည်း...

'က... က... က...က'

ဆိုပြီး တကယ့်ကို အကလေးနဲ့ ထွက်သွား တော့တာပဲ။ အားလုံးက တဝါးဝါးပွဲကျနေကြလေရဲ့။

ကိုအေးကိုတို့ ၃ ယောက်စလုံးလည်း ဒီမြင်

mgyoe.com

ကွင်းကိုကြည့်ပြီး သဘောကျနေကြတယ်။ အပြင်မှာ အတော်ကြွေခြေကြီးနဲ့ နေတတ်တဲ့ သူငယ်ချင်း ကိုစိုးနိုင်ကတောင် ပြုံးစစနဲ့။

'ကဲ ဘယ်နှယ့်လဲ'

လို့၊ သည်ဆိုင်လေးကိုခေါ်လာတဲ့ ကိုသန်းတင်က သူတို့နှစ်ယောက်စလုံးကို မေးငေါ့ပြီး မေးလိုက်တယ်။ ကိုအေးကိုက လက်ကျန်လေးကိုမော့လိုက်ကာ ပုစွန်ခြောက်သုပ်တစ်ဇွန်းကို စားလိုက်ပြီး...

'အင်း မဆိုးပါဘူးဗျ။ အမြည်းလေးတွေကလည်း တိုတိုထွာထွာလေးတွေ၊ ဈေးလည်းချိုတယ်။ စားလို့လည်း ကောင်းပါတယ်။ နောက်ပြီး ဟို အန်တီဝင်းကြောင့်လည်း စိတ်လက်အတော်ပေါ့ပါးသွားတယ်ဗျ။ ကျွန်တော်ဖြင့် ဟက်ဟက်ပက်ပက် မရယ်မိတာ၊ အင်း အခုလို မရယ်မိတာ အတော်တောင်ကြာပြီထင်တယ်။ အတော့်ကို ယောင်တတ်တဲ့ အမျိုးသမီးပဲ... နော'

'အေးဗျ... ကျွန်တော်လည်း ခပ်ရှုံ့ရှုံ့နဲ့သာ လိုက်လာရတာ။ သည်လိုဆိုင်မျိုးက ပြဿနာရှိတတ်တယ်လေ။ နောက်ပြီး ဆူဆူညံညံနဲ့။ အခုတော့ ရယ်ရယ်မောမော၊ ပျော်ပျော်ရွှင်ရွှင်နဲ့ စ,နေ၊ နောက်နေကြတာပဲ တွေ့ရတယ်။ မူးပြီး ဆူညံ၊ ရမ်းသံ၊ ဂျီကျသံတွေ မကြားရတော့ သဘောတောင် ခပ်ကျကျဖြစ်လာတယ်'

ကိုစိုးနိုင်က လေအေးလေးနဲ့ ပြန်ပြောလိုက်တယ်။ ကိုသန်းတင်က သူတို့နှစ်ယောက်နား ခေါင်းချင်းနည်းနည်းကပ်လိုက်တယ်။

'အမျိုးသမီးနာမည်က ဒေါ်ခင်ဝင်းတဲ့ဗျ။ ဒီမှာတော့ ကြီးကြီးငယ်ငယ် သူ့ကိုအန်တီဝင်းလို့ပဲ ခေါ်ကြပါတယ်။ အသက်ကတော့ ကျွန်တော်တို့၊ ခင်ဗျားတို့နဲ့ မတိမ်းမယိမ်းပဲရှိမယ်။ သူ့ယောကျ်ားဆုံးသွားတာ ၁၅ နှစ်ကျော်ကျော်လောက်တော့ ရှိမယ်ဗျ။ သည်အရက်ဆိုင်က သူ့တူလေးဆိုင်၊ သူက ဟိုဘက်က စားပွဲတစ်လုံးနဲ့အမြည်းရောင်းတာပေါ့ဗျာ။ နေတာကတော့ ဟိုဘက်ရပ်ကွက်မှာ သူ့သမီးအငယ်နဲ့ နေတယ်။ သမီးအကြီးတစ်ယောက်တော့ ရှိသေးတယ်ဗျ။ သည်မြို့မှာ မနေဘူး။ သမီးအငယ်ယောကျ်ားကလည်း ငပေပါဗျာ။ လက်သမားလေးယောင်ယောင်၊ ပန်းရန်သမားလေးယောင်ယောင်နဲ့ အရက်ပဲ တစ်နေကုန်မူးနေတဲ့ကောင်ပါ။ မွေးထားတဲ့ကလေးတွေက ဖုံစီထားသလိုပဲ။ အခု အန်တီဝင်းနဲ့ပါလာတဲ့ ကောင်လေးကလည်း အဲဒီကောင်သားလေးပဲလေ'

ကိုသန်းတင်က ရှည်ရှည်ဝေးဝေး ရှင်းပြပါတယ်။ ကိုအေးကိုတို့ ဘေးစားပွဲက အဲသည်အချိန်မှာပဲ အမြည်းတစ်ပွဲ ထမှာတယ်။

'အန်တီဝင်းရေ၊ အဘိုးကြီးသုပ်တစ်ပွဲဗျို့'

'ရမယ် သားရေ။ လာမယ်၊ လာမယ်'

'ဘာလဲဗျ အဘိုးကြီးသုပ်ဆိုတာ'

ခရိုင်အဆင့် ဥပဒေအရာရှိလုပ်နေတဲ့ ကိုစိုးနိုင်က ဝင်မေးတယ်။ သူမမေးလည်း ကိုအေးကိုက မေးတော့မလို့ပါပဲ။ ကိုသန်းတင်က ပြုံးလိုက်တယ်။

'လာတော့ကြည့်ပေါ့ဗျာ'

သိပ်မကြာပါဘူး။ အန်တီဝင်းကိုယ်တိုင် လာချတော့မှ၊ ဘာလဲလို့။ လက်ဖက်ကို အစုံသုပ်ထားတာကိုး။ ဒီဝိုင်းကလည်း အန်တီဝင်းနဲ့ရင်းနှီးပြီးသားထင်တယ်။ အမြည်းပွဲချပေးပြီး ပြန်ထွက်မယ်အလုပ်၊ တစ်ယောက်က...

'အန်တီဝင်းရေ၊ ရက်ပ်ကလေးလုပ်စမ်းပါဦး။ ရှီ...ရှီ...အာဟာ...အာဟာ'

ဆိုပြီး ခါးကိုတို့လိုက်တော့ အန်တီဝင်းခမျာ တရှိုရှိုနဲ့ ပါးစပ်ကအော်ပြီး ကလိုက်တာ ကောက်ကွေးနေတာပဲ၊ အတော်လေးကြာမှ...

'မသာကောင်တွေနော်။ ငါ့မှာ အမြည်းတစ်ပွဲရောင်းရတာနဲ့ မကာမိဘူး။ မောကိုနေပြီ'

လို့ပြောပြီး မျက်စောင်းကို ခပ်ဆောင့်ဆောင့်ထိုးလို့ ထွက်သွားတယ်။ ဆယ်ကျော်သက်ကောင်မလေးတွေကသလို ရက်ပ်ကနေတဲ့ အန်တီဝင်းကိုကြည့်ပြီး ကိုအေးကိုနဲ့ကိုစိုးနိုင်တို့နှစ်ယောက်ကတော့ ရယ်လိုက်ကြတာ မျက်ရည်ကိုထွက်လို့။ သောက်ထားတဲ့ဘီအီး

mgyoe.com

နဲ့ ဘီယာအရောကလေး ဘယ်ရောက်သွားမှန်းတောင် မသိတော့ပါဘူး။

*

(၂)

အမှန်တော့ သည်မြို့နဲ့ သည်မြို့ဆိုတာ ရောဝတီမြစ်ကြီးပဲ ခြားတာပါ။ တံတားပဲခြားတယ် ပြောပါတော့။ ဆိုင်ကယ်နဲ့သွား၊ ဘယ်လောက်ကြာ တာမှတ်လို့၊ ဒါပေမဲ့ ကိုယ့်ဌာနဆိုင်ရာ အလုပ်တွေ၊ မိသားစုကိစ္စတွေနဲ့ဆိုတော့ တစ်နှစ်နေလို့ကို တစ်ခေါက်မရောက်ဖြစ်ဘူး။ ရန်ကုန်တို့၊ မန္တလေးတို့ ကမှ တစ်နှစ်ကို နှစ်ခေါက်၊ သုံးခေါက်ရောက်သေး တယ်။

အခုလည်း ငယ်ငယ်က ဒေသကောလိပ် တက်ဖက် သူငယ်ချင်းတစ်ယောက်ရဲ့သမီး မင်္ဂလာ ဆောင်ဖိတ်လို့လာရတာ။ ကိုစိုးနိုင်ကတော့ ကိုအေးကို တို့မြို့နဲ့ မိုင် ၁၀၀ လောက်ဝေးတဲ့ မြို့ကပါ။ ဒါပေမဲ့ သတို့သမီးအဖေရော၊ ကိုသန်းတင်ရောက ကိုအေးကို တို့၊ ကိုစိုးနိုင်တို့နဲ့ ဒေသကောလိပ်တက်ဖက်၊ တစ် ဆောင်တည်း အတူနေလာကြတဲ့သူတွေ။ သူတို့အထဲ မှာ ကိုသန်းတင်ကတော့ ငယ်ငယ်ကတည်းက ဝန်ထမ်းမလုပ်ဘူး။ အခုလည်း အိမ်မှာ စာအုပ်နဲ့ ဗီစီဒီ အငှားဆိုင်လေး ဖွင့်ထားတယ်။ သတို့သမီးအဖေက တော့ အဝေးမြို့ကလာတဲ့ ကိုအေးကိုတို့နှစ်ယောက် အတွက် နေစရာ၊ အိပ်စရာ အိမ်စီစဉ်ပြီးသားပါ။ ဒါပေမဲ့ ငယ်သူငယ်ချင်းတွေ မဆုံဖြစ်ကြတာလည်း ကြာပြီ။ မြို့ခံဖြစ်တဲ့ ကိုသန်းတင်ကလည်း သူ့အိမ်ပဲ လိုက်အိပ်။ သူတို့လည်း လင်ကိုယ်မယားပဲ။ အိမ်က ကျယ်လည်းကျယ်၊ လွတ်လည်း လွတ်လပ်တယ်ဆို လို့ သူတို့နှစ်ယောက် ကိုသန်းတင်အိမ်မှာပဲ စတည်းချ လိုက်ကြတာပါ။

ပြဿနာစတာက ညနေရေမိုးချိုးပြီးတဲ့ အချိန် မှာပဲ။ အရှေ့ဘက်ကမ်း၊ အနောက်ဘက်ကမ်းဆိုတော့ ကိုအေးကိုကလည်း ဆိုင်ကယ်နဲ့လာတာ။ ကိုစိုးနိုင်က အဝေးကဆိုတော့ မပါဘူး။ ရေမိုးချိုး၊ အဝတ်အစား လဲပြီးနေတဲ့ သူတို့နှစ်ယောက်ကို အိမ်ရှင်ဖြစ်တဲ့ ကိုသန်းတင်က မျက်လုံးဝေ့ပြီးကြည့်တယ်။

'ပြော ကိုယ့်လူတို့။ ဘာအစီအစဉ် ဆွဲမလို့ တုံး'

'ဒီလိုပေါ့ဗျာ။ ရောက်တုန်း မြို့ထဲလျှောက် ကြည့်မလားလို့'

ကိုအေးကို လေပျော့လေးနဲ့ ဖြေတယ်။ ကိုသန်းတင်က မျက်ခုံးတစ်ဖက်ကိုပင့်ပြီး ပြုံးလိုက် တယ်။

'လုပ်မနေစမ်းပါနဲ့ဗျာ။ ခင်ဗျားတို့နှစ်ယောက် အချိုးတွေ ကျောင်းတုန်းကတည်းက ကျုပ် သိတယ်။ ဒါ သွားလုပ်မှာမို့လား'

လက်မကိုကော့ပြီး ပါးစပ်ကိုတေ့တဲ့ အမူ အရာလုပ်ပြရင်း ပြန်မေးတယ်။

'ဟုတ်တယ်၊ ကိုသန်းတင်ရ။ ကျွန်တော်က ကိုအေးကို ကို စည်ဘီယာဆိုင်ကောင်းကောင်းလေး လိုက်ပို့ခိုင်းမလားလို့'

'ကျွန်တော်ကတော့ စည်ဘီယာမကြိုက်ဘူး ဗျ။ အလကား ဗိုက်ပြည့်တယ်။ H.C လေး ၃၊ ၄ ပက်လောက် သွားချမလားလို့'

ကိုသန်းတင်က ပြုံးကြည့်တယ်။ ဟုတ်တယ် လေ၊ နှစ်ယောက်စလုံးက အကြိုက်တူကြတာ မဟုတ် ဘူး။ တစ်ယောက်က သောက်ချင်တာ အပျော့၊ စည် ဘီယာ။ နောက်တစ်ယောက်က အပြင်း၊ ဟိုက် ကော်မရှင်နာ ဝီစကီ။

'ဒီလိုလုပ်ဗျာ။ ကျွန်တော်သွားနေကျ ဆိုင် တစ်ဆိုင်ရှိတယ်။ အဲသည်ကို ခင်ဗျားတို့နှစ်ယောက် ကို ခေါ်သွားမယ်'

'ဘာလဲဗျ။ စင်တင်တေးဂီတတွေ၊ ဘာတွေ ရှိတဲ့ဆိုင်လား'

ကိုစိုးနိုင်က ဖြတ်မေးလိုက်တယ်။

'အံမယ် သူက ပန်းကုံးတွေ၊ ဘာတွေ စွပ်ချင် တယ်နဲ့တူတယ်'

mgyoe.com

mgyoe.com


ကိုအေးကိုက ဖြတ်ပြီးရိုလိုက်တယ်။ ကိုသန်းတင်က သူတို့ကို လက်ကာပြပြီး…

'ကျွန်တော် ခေါ်သွားမယ့်ဆိုင်က အရက်တစ်မျိုးပဲရတယ်။ ဒါပေမဲ့ အမြည်းတွေကတော့ တိုတိုထွာထွာလေးတွေ၊ အမျိုးလည်းစုံတယ်။ စားလို့လည်း အရသာရှိတယ်။ ဈေးလည်းမကြီးဘူး။ သေချာတာကတော့ ခင်ဗျားတို့ အဲသည်ဆိုင်ရောက်ရင် စိတ်လက်ပေါ့ပါးပြီး ပျော်သွားမှာ အမှန်ပဲဗျ'

'အရက်က ဘာလဲ။ ဘာအရက်လဲ'

'ဘီအီး'

ကိုစိုးနိုင် မျက်နှာရှုံ့သွားသလို ကိုအေးကိုလည်း မျက်လုံးပြူးသွားတယ်။

'ဘာလဲ ခင်ဗျားတို့က အရာရှိတွေဖြစ်နေကြပြီဆိုပြီး သည်လိုဆိုင်မျိုးကို ထိုင်ဖို့ဝန်လေးနေကြတာလား။ ကျောင်းတုန်းက တစ်ခါတလေ ကျွန်တော်တို့ သွားသွားထိုင်ကြတာတွေ မေ့သွားကြပြီလား'

'အင်း အဲဒီလိုလည်း မဟုတ်ပါဘူးဗျာ။ ဒါပေမဲ့ ဘီအီးဆိုင်ဆိုတော့ အင်း…'

'အေးလေ… ခင်ဗျားကလည်း သည်မြို့မှာ အရက်ဆိုင်တွေ ပေါပါတယ်ဗျာ'

'လိုက်ခဲ့ကြစမ်းပါ။ ဆိုင်လေးက မြစ်ကမ်းနံဘေးမှာဗျ၊ ဆိုင်ထဲကနေ ကြည့်ရင် မြစ်ပြင်တစ်ခုလုံးကို မြင်ရတယ်။ ပြီးတော့ လေလေးကလည်း တဖြူးဖြူးနဲ့ လာပါ။ မအုန်းရေ၊ ငါ အပြင်သွားမလို့ဟေ့'

ပြောပြောဆိုဆိုပဲ ကိုသန်းတင်က အိမ်ပေါ်က ဆင်းတယ်။ ကိုသန်းတင်က ဆိုင်ကယ်တစ်စီး၊ ကိုအေးကိုနဲ့ ကိုစိုးနိုင်က ဆိုင်ကယ်တစ်စီးစီနဲ့ ချိတက်ခဲ့ကြတယ်။ လိုက်သာလိုက်ခဲ့ရတယ်။ နှစ်ယောက်စလုံး မျက်နှာအိုအို၊ စိတ်မသက်မသာနဲ့ပါ။ ကိုစိုးနိုင်က ဆိုင်ထဲမှာ သူ့အမှုသည်တချို့နဲ့ တွေ့မှာစိုးရိမ်နေသလို၊ ကိုအေးကိုကလည်း သည်လိုဆိုင်မျိုးမှာ သူ့တပည့်ကျောင်းဆရာတချို့နဲ့ သွားဆုံမှာကို စိုးတထိတ်ထိတ်နဲ့ပါ။ နောက်ပြီး သည်လိုဆိုင်မျိုးက ပြောရတာမဟုတ်ဘူး။ တော်ကြာရန်ပွဲ၊ သတ်ပွဲပုတ်ပွဲ ထဖြစ်ချင်ဖြစ်တတ်တာမျိုးမို့လား။ အဲသည်လိုနဲ့ သည်ဘီအီးဆိုင်လေးကို သူတို့ရောက်ပြီး အန်တီဝင်းနဲ့တွေ့ခဲ့ကြရတာပါပဲ။

*

(၃)

သည်နေ့ မင်္ဂလာဆောင်အခမ်းအနားပြီးတယ်။ ကိုအေးကိုက တန်းပြန်ချင်ပေမယ့် ကိုစိုးနိုင်ပြန်ရမယ့်ကားက နောက်နေ့မနက်စောစောမှ ထွက်မှာမို့ သူလည်းအဖော်ရအောင်ဆိုပြီး တစ်ညဆက်နေလိုက်တယ်။ သတို့သမီးအဖေက အဲသည်နေ့ညအတွက် သူတာဝန်ယူဧည့်ခံမယ်လို့ စီစဉ်ထားတာတောင် ဧည့်ခံပွဲမှာ မကောင်းတတ်လို့ တစ်ခွက်၊ နှစ်ခွက်လောက်သောက်ပြီး သူတို့သုံးယောက် လစ်ထွက်ခဲ့တယ်။ အန်တီဝင်းဆိုင်ကိုပေါ့။

ကျော်နီလမ်းလျှောက် အနက်ကိုစွန့်ပြီး ဘီအီးသောက်ဖို့ ထွက်လာတဲ့ သူတို့သုံးယောက်အကြောင်းကိုများ သတို့သမီးအဖေသာသိရင်ဆိုတဲ့ အတွေးကိုတွေးပြီး တစ်ယောက်နဲ့တစ်ယောက် မျက်နှာကြည့်ပြီး ပြုံးတုံ့ပြုံးမိကြသေးတယ်။ သူတို့ရောက်တော့ ဆိုင်တောင်သိမ်းခါနီးပြီထင်ပါရဲ့။ စားပွဲ ၃ လုံးလောက်မှာ ထိုင်သောက်နေတဲ့သူတွေလောက်ပဲ ရှိတော့တယ်။ မြေကြီးပေါ်ဖျာချပြီး ထိုင်သောက်နေတဲ့သူတွေ မရှိတော့ဘူး။

'ဦးသန်းတင်တို့ပါလား… ဘာမှာကြမလဲ'

သူတို့ခုံမှာထိုင်လိုက်တာနဲ့ အန်တီဝင်းရောက်လာတယ်။ ကိုသန်းတင်က ဆိုင်ကယ်ခြင်းထဲထည့်ယူလာခဲ့တဲ့ ဘီယာနှစ်လုံးကို စားပွဲပေါ်တင်ပြီ။

'ဘီအီးတစ်လုံးဗျာ။ နောက်ပြီး အမြည်းက ဝက်ခေါင်းသုပ်ရယ်၊ စာကလေးကြော်ရယ်၊ ရှောက်သီးသုပ်ရယ်၊ မြင်းခွာရွက်သုပ်ရယ်…'

'ရမယ် ရမယ် ဟဲ့… မောင်စိုး သည်စားပွဲကို ဘီအီးတစ်လုံးတဲ့ သွားယူပြီးချပေးလိုက်'

mgyoe.com

အန်တီဝင်းက အနားကပါလာတဲ့ သူ့မြေးကို အရက်သွားယူခိုင်းပြီး အိပဲ့အိပဲ့နဲ့ ထွက်သွားတယ်။ ကိုအေးကိုက မင်္ဂလာဆောင်အိမ်ကသောက်လာတဲ့ နှစ်ခွက်အရှိန်ကြောင့်လားတော့ မသိဘူး။ အဲဒီ အန်တီဝင်းနဲ့ မရင်းနှီးလို့၊ ရင်းနှီးရင် ခါးကလေးတစ်ချက်လောက်တို့ပြီး ယောင်ချင်ရာယောင်သွားအောင် စလိုက်ချင်သေးတာ။ ထွက်သွားတဲ့ အန်တီဝင်းကို ကြည့်ပြီး ပြုံးစစလုပ်နေတဲ့ ကိုအေးကိုကို ကိုစိုးနိုင်က တံတောင်နဲ့တွတ်တယ်။

'ဘာလဲ၊ ခင်ဗျား မကြီးမငယ်နဲ့ ခါးတို့ချင်နေတာမို့လား'

လို့ မေးလိုက်တယ်။ သူလည်း စပ်ဖြီးဖြီးနဲ့ပါ။ ဖြစ်နိုင်ရင် သူလည်းတို့ချင်နေပုံပါ။ မကြာပါဘူး။ အမြည်းပွဲ သူတို့စားပွဲကိုချဖို့ လာနေတဲ့ အန်တီဝင်းကို ရှေ့စားပွဲက ကောင်လေးတစ်ယောက်က ခါးသွားတို့လိုက်တယ်။

'ဟဲ့ ဖားပြုတ်ကိုက် နေတိုးနဲ့ ငါနဲ့ကြိုက်'

ဆိုပြီး ယောင်တော့တာပဲ။

'အန်တီဝင်း ယောင်တာကလည်း နာနေပါဦးမယ်'

လို့ ကောင်လေးက ထပ်စနေသေးတယ်။ ထူးတော့ ထူးခြားတယ်။ ယောင်ပြီးတွန့်သွားတာတောင် လက်ထဲက အမြည်းပန်းကန်သုံးချပ်ပေါင်းကိုင်လာတာ တစ်ချပ်မှ အောက်မကျဘူး။ အန်တီဝင်း ပါးစပ်ထဲက ခပ်ကြမ်းကြမ်းတွေ ထွက်သွားတယ်။ အားလုံးကတော့ တဝါးဝါးနဲ့ပါ။ သူတို့နားရောက်တော့...

'အဲသည်လိုပါပဲ ဆရာတို့ရယ်။ ကျွန်မက ယောင်တတ်တော့ သူတို့က အချိန်တိုင်းကို စနေကြတာ။ တစ်ခါတစ်ခါများ အရက်သောက်ချင်လို့ လာတာလား။ ကျွန်မကို စချင်နောက်ချင်လို့ လာတာလား ခွဲမရဘူး။ ဒါပေမဲ့ ကိုယ့်တူ၊ ကိုယ့်သားတွေဆိုတော့ ခွင့်လွှတ်နေရတာပဲ'

'ဟုတ်တာပေါ့၊ ဟုတ်တာပေါ့'

ကိုအေးကိုက နှုတ်ခပ်သွက်သွက်နဲ့ ထောက်ခံတယ်။

'လိုတာပြောပါနော် ဆရာတို့'

ဆိုပြီး အန်တီဝင်း ထွက်သွားတယ်။ သူ့စားပွဲကိုတော့ မဟုတ်ပါဘူး။ တခြားဝိုင်းတစ်ဝိုင်းကိုပါ။ ပြောသံဆိုသံ သဲသဲကွဲကွဲ မကြားရပေမယ့် အန်တီဝင်း အမူအရာနဲ့ တဝါးဝါး၊ တဟားဟားအသံတွေ ကြားရတာနဲ့တင် ယောင်တတ်သူကို စနေကြပြန်ပြီဆိုတာ သိနိုင်ပါတယ်။ အဝေးက အမူအရာကို မြင်ရတာနဲ့ပဲ သူတို့အဖွဲ့ရယ်နေကြရပြန်ပြီလေ။

သူတို့သုံးယောက် သောက်လို့ ပုလင်းတစ်ဝက်မကျမိမှာပဲ ကလေးတစ်ယောက်က ကိုသန်းတင်ကို လာခေါ်တယ်။ သူ့အမျိုးသမီးက ကိစ္စရှိလို့ အမြန်လာပါဆိုပဲ။ ကိုသန်းတင်က သူတို့နှစ်ယောက်ကို တောင်းပန်ပြီး ပြန်သွားတယ်။ ရတယ်လေ။ မနေ့က ရောက်ခဲ့ဖူးလို့ လမ်းသိပြီးသားပဲ။ ဘာမှ အားနာမနေနဲ့။ ကိုယ့်ဘာသာကိုယ်ပဲ ပြန်ခဲ့မယ်လို့ပြောပြီး သူတို့နှစ်ယောက်ပဲ ဆက်ချလိုက်တယ်။

လမိုက်ရက်ဆိုပေမယ့် ကြယ်ရောင်နဲ့ လင်းနေသေးတယ်။ ကြယ်ရောင်အောက်က မြစ်ပြင်ကို ကြည့်၊ မြစ်ကိုဖြတ်တိုက်လာတဲ့ လေအေးကို အားရပါးရရှူပြီး နှစ်ယောက်သား သောက်လိုက်၊ လေပစ်လိုက် လုပ်နေလိုက်ကြတာ ဆိုင်သိမ်းမှပဲ ထဖြစ်ကြတော့တယ်။

ဆိုင်ကယ်ကို ကမ်းပါးပေါ်တွန်းတင်ပြီး အပေါ်ကျမှ စီးကြတယ်။ ဝါး သုံးလေးရိုက်လောက်ပဲ ရှိဦးမယ်။ နောက်ဘီးက ရမ်းတမ်းတမ်းဖြစ်နေတယ်ထင်လို့ ရပ်ပြီးကြည့်လိုက်တော့ နောက်ဘီးက ပြားနေပြီ။

'ဒုက္ခပဲဗျို့၊ အချိန်ကလည်း ၁၀ နာရီကျော်နေပြီ။ သည်အချိန်ဆို ဘီးဖာတဲ့ဆိုင်တွေလည်း ရှိမှာမဟုတ်တော့ဘူး'

ကိုအေးကိုက ညည်းလိုက်တယ်။

'ဘာဖြစ်လဲဗျာ။ တစ်ယောက်တစ်လှည့်တွန်း

mgyoe.com

mgyoe.com

ပြီး ပြန်ကြတာပေါ့။ အတွေ့အကြုံရတာပေါ့'

ကိုစိုးနိုင်က အားပေးစကားပြောပါတယ်။ ဒီလိုနဲ့ပဲ တွန်းလိုက်၊ ပေါက်ကရတွေပြောလိုက်၊ ကျောင်းတုန်းကအကြောင်းတွေလည်းပါရဲ့။ စောစောက အန်တီဝင်းအကြောင်းလည်းပါရဲ့။ တွန်းခါစက တော့ မမောဘူး။ နည်းနည်းကြာတော့ နှစ်ယောက် စလုံး ဟိုက်လာတယ်။ ဒါနဲ့ တံတားတိုလေး တစ်နေရာ ရောက်တော့ ဆိုင်ကယ်ကို ဘေးနားထိုးကပ်ပြီး တံတား အုတ်ခုံတစ်ဖက်တစ်ချက်စီပေါ်မှာ နှစ်ယောက်သား ပက်လက်လှန်ပြီး နားလိုက်ကြရတယ်။ အဲသည် အချိန်လောက်မှာပဲ သူတို့လာတဲ့လမ်းက ဖိနပ်သံ တစ်ဖျပ်ဖျပ်ကြားရတယ်။ လူကလည်း သည်နားက နည်းနည်းပြတ်တော့ ခေါင်းထောင်ကြည့် လိုက်ကြ တယ်။ နီးလာတော့ အမျိုးသမီးတစ်ယောက်နဲ့ ကလေးတစ်ယောက်။ သူတို့ခေါင်းတွေ အုတ်ခုံပေါ် ပြန်ကျသွားတယ်။ အမျိုးသမီးနဲ့ ကလေးလေးက သူတို့နှစ်ယောက်ကို ဖြတ်ကျော်သွားတယ်။ အမျိုး သမီးခေါင်းပေါ်မှာတော့ ဒန်အိုးလို၊ ဇလုံလိုဟာ ရွက် ထားတာတွေ့တယ်။ သူတို့နည်းနည်းလွန်သွားမှ ကိုစိုးနိုင်က တိုးတိုးမေးတယ်။

'ဟေ့လူ၊ ဒါ ဟိုအန်တီဝင်းဆိုတဲ့ အမျိုးသမီး မဟုတ်လားဗျ'

'အင်း ထင်တာပဲ'

'ကဲ ကဲ သိပ်အကြာကြီး နားမနေနဲ့။ ကျုပ်တို့ လည်း သွားရအောင်၊ တော်ကြာ အရှိန်လေးနဲ့ဆိုတော့ အိပ်ပျော်သွားဦးမယ်'

ဆိုင်ကယ်ကို တွန်းပြီး ရှေ့က နှစ်ယောက် နောက် လိုက်ကြတယ်။ မလှမ်းမကမ်းရောက်တဲ့အခါ အမျိုးသမီးနဲ့ ကလေးလေးစကားပြောသံကို ကြား လိုက်ရတယ်။ မှောင်ကလည်း မှောင်ဆိုတော့ သူတို့ ကို ဘယ်သူတွေမှန်းလည်း မသိပုံမရပါဘူး။

'အဘွား အဘွား'

'ဟဲ့ ဘာလဲဟဲ့၊ ခါးကို တတို့တို့နဲ့ ပြောမှာ ပြောသာမဟုတ်ဘူး။ ဒီမှာ အပေါ်ကရွက်ထားရတာ က တစ်ဖက်၊ မှောင်လို့ လမ်းကြည့်ရတာက တစ်မျိုး'

'အဘွားကို ကျွန်တော် ခါးတို့နေတာ လေး ငါးခါရှိပြီ။ အဘွားကလည်း တစ်ခါမှလည်း မယောင် ဘူး'

'ဟဲ့... ယောင်စရာလား၊ ဟဲ့...အကောင်ရဲ့'

'ဟင် အဘွားကလည်း ဆိုင်မှာတုန်းကတော့ တစ်ချိန်လုံး ယောင်နေပြီးတော့...'

အန်တီဝင်းက သူ့ဘေးက လျှောက်လာတဲ့ ကောင်လေးခေါင်းကို ဒေါက်ခနဲ ခေါက်လိုက်တယ်။

'ပင်ပန်းရတဲ့ကြားထဲ၊ ကဲ ဟယ်။ ဆိုင်မှာတော့ ငါ ယောင်နေရတာပေါ့ဟဲ့။ ငါအဲဒီလိုယောင်နေလို့ နင်တို့ထမင်းစားနေရတာဟဲ့။ ယောင်ချင်တိုင်း ယောင် နေတာမဟုတ်ဘူး။ စကားများမနေနဲ့။ ဓာတ်မီးကို လမ်းကြည့်ထိုး'

စကားသံကို နောက်က သဲသဲကွဲကွဲ ကြား လိုက်ရတဲ့ ကိုအေးကိုနဲ့ ကိုစိုးနိုင်တို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကိုယ့်နဖူး ကို ကိုယ်ရိုက်လိုက်ကြတယ်။ မောပြီး ချွေးတွေလည်း ပြန်လာတယ်။ ဆိုင်ကယ်တွန်းရတာချည်းကြောင့် တော့ မဟုတ်ပါဘူး။

*

(၄)

'ဒါ မရိုးသားမှုပဲဗျ။ ကျုပ်တို့ကတော့ တကယ်မှတ်လို့ သဘောတွေကျပြီး ၂ ရက်ဆက်တိုက် တောင် သွားလိုက်သေး။ သက်သက် အရူးလုပ်ခံ လိုက်ရတာဗျ'

ကိုသန်းတင်ရဲ့ ဒေ့ခန်းကို ခေါက်တုံ့ခေါက် ပြန်လျှောက်ရင်း မကျေမချမ်းနဲ့ ပြောနေတဲ့ ကိုစိုးနိုင် ကို ကိုသန်းတင်က ကုလားထိုင်ပေါ်ကနေ၊ ခပ်အေး အေးပဲ ကြည့်နေတယ်။ မျက်နှာနီမြန်းနေအောင် စိတ် တိုနေတဲ့ ကိုအေးကိုကလည်း ကိုသန်းတင်ကို တစ် ချက်ဝင်ပြောတယ်။

'နေပါဦး၊ ခင်ဗျားကမြို့ခံပဲ။ အဲသည်မိန်းမ

mgyoe.com

mgyoe.com

ကြီးအကြောင်း ခင်ဗျားမသိဘူးလား'

ကိုသန်းတင်က ပြုံးလိုက်တယ်။

'မယောင်တတ်ဘဲနဲ့ ယောင်တတ်ချင်ယောင်ဆောင်တဲ့အကြောင်းတော့ ကျွန်တော် မသိဘူးဗျ။ ခင်ဗျားတို့ အခုပြောမှပဲသိတာ။ ဒါပေမဲ့ ကျွန်တော်ကတော့ ပိုပြီးတော့တောင် သဘောကျကျေနပ်သွားသေးတယ်။ စိတ်တိုစိတ်ဆိုးစရာမှ မဟုတ်တာပဲဗျာ'

'ဒါ စိတ်ဆိုးစရာ၊ ဒေါသထွက်စရာပေါ့ဗျ။ သူ ဈေးရောင်းရအောင်လို့ လိမ်တာပဲဥစ္စာ'

နှစ်ယောက်စလုံးက လေသံထန်ထန်နဲ့ ပြန်ပြောလိုက်တယ်။ ကိုသန်းတင်မျက်နှာက ပြုံးနေရာကနေ တဖြည်းဖြည်းတည်သွားတယ်။ ကိုအေးကိုနဲ့ ကိုစိုးနိုင်တို့နှစ်ယောက်စလုံးရဲ့ မျက်နှာတွေကို တစ်လှည့်စီ စိမ်းစိမ်းစူးစူး ကြည့်လိုက်တယ်။ ပြီးတော့မှ...

'ဒီမယ် ကိုယ့်လူတို့၊ သူလုပ်တာ ဘယ်သူ့မှ ဘာမှ ထိခိုက်မသွားပါဘူးဗျာ။ သူ့စားဝတ်နေရေးအတွက် ယောင်တာပဲ။ နောက်ပြီး ကျွန်တော်ထင်တာကတော့ အဲသည်လို ယောင်တဲ့သူတွေ၊ အေးလေ ခင်ဗျားတို့ပြောသလို မယောင်တတ်ဘဲနဲ့ ယောင်တဲ့သူတွေ ဒီလောကမှာ အန်တီဝင်းတစ်ယောက်တည်း မဟုတ်ပါဘူးဗျာ။ သူယောင်တာက သူ့အရက်ဆိုင်လေးထဲတင်မှာပါဗျ။ တချို့ဆို...'

ကိုသန်းတင်က သူ့စကားကိုဖြတ်ပြီး သူတို့နှစ်ယောက်စလုံးရဲ့ မျက်နှာတွေကိုကြည့်ပြီး မျက်လုံးချင်းဆိုင်ဖို့ ကြိုးစားလိုက်တယ်။ ကိုအေးကိုနဲ့ ကိုစိုးနိုင် ဘယ်သူကစပြီး ခေါင်းအရင်ငုံ့မိသလဲ မသိပါဘူး။ ညဦးနက်ပြီဖြစ်လို့ အသံတွေအားလုံး တိတ်ဆိတ်လို့၊ တစ်ချက်တစ်ချက်ပေါ်လာတဲ့ ပုရစ်အော်သံလေးတွေက လွှဲရင်ပေါ့လေ။

❒

ဦးဆွေ (ဒဿနိက)

ရွှေအမြုတေ၊ ၂၀၁၁၊ ဇန်နဝါရီ။

mgyoe.com

mgyoe.com

# မနက်ဖြန်

## မာန်-တောင်လုံးပြန်

ကိုစောသိန်းသည် သူ့မယားမျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ကတ္တီပါဖိနပ်ကို တံခါးဝသို့ ချလိုက်သည်။ 'မနက်ဖြန်ပေးမှာပါကွာနော်' သူ့မယားက မျက်လုံးတစ်ချက်လှန်ကြည့်ပြီး အလုပ်သွားတော့မည့် ကိုစောသိန်းအတွက် ထမင်းချိုင့်ကို ကမ်းပေးလိုက်သည်။ ကိုစောသိန်း ကတိပေးသည်ကို မယုံမရဲ ဖြစ်နေရှာသည်။ နှုတ်ကထုတ်၍ မပြောချေ။

'ရမှာပါကွာ။ မပူပါနဲ့။ မနက်ဖြန် ငါရအောင် ရှာခဲ့မယ်'

'အိမ်စာချုပ်က'

သူ့မယားက စကားမဆက်လိုသဖြင့် တံတွေးမျိုချရင်း မျက်နှာလွှဲလိုက်သည်။ အိမ်လခ လစေ့နေပြီ။ အိမ်ရှင်က ပြီးခဲ့သည့် တစ်ပတ်ကျော်ကပင် စာချုပ်အသစ်ထပ်ချုပ်ရန် မေးမြန်းဆွေးနွေးလာခဲ့ပြီ။

'ငါ ရအောင် တောင်းခဲ့မှာပါကွာနော်'

'ဟိုတစ်ခါလို ဖြစ်မှာစိုးလို့ပါ'

ကိုစောသိန်းက စကားမပြန်တော့ဘဲ ကမ်းပေးနေသည့် ထမင်းချိုင့်ကိုဆွဲယူ၍ ထွက်လာခဲ့သည်။ အိမ်လခ နောက်ထပ် ခြောက်လ ထပ်ချုပ်နိုင်ဖို့ ယခုထိ ယတိပြတ် အဖြေမပေးနိုင်သေးပေ။

အလုပ်ရှင်သူဌေးကတော့ လစာအထုတ်များနေသည့်အဖြစ်ကို ဘာမှမပြောချေ။ လစာလွှန်နေသည်က နှစ်လစာပြည့်တော့မည်။ ကိုစောသိန်းအကြောင်းပြချက်မျိုးစုံဖြင့် ကြိုတင်ထုတ်ထားပြီးလေပြီ။ အလုပ်ကပင် ပြန်၍ အကြွေးတင်နေရသည်ကိုး။

မနက်ဖြန်၊ မနက်ဖြန်တွင် အတိုးနှုန်းနှစ်ဆယ်ဖြင့် သူဌေးက အစ်မဖြစ်သူထံ ပြောပေးထားသည်။ ငွေခြောက်သောင်းကို အတိုးငွေ ကြိုတင် နုတ်ယူပြီးလျှင် တစ်သောင်းနှစ်ထောင် လျော့တော့မည်။ ဤသည်မှာ အလွတ်တိုးထုံးစံဟုဆိုသည်ကော။ ငွေခြောက်သောင်းကို တစ်လစာအတိုး ကြိုတင်ဖြတ်ယူထားလေသည်။

ထိုမနက်ဖြန်သည်ပင် သေချာပေါက်ရမည်၊ မရမည် သူဌေးက အာမမခံသေး။ ပြောပေးထားရုံသာဖြစ်သည်။ ကိုစောသိန်း၏ လစာငွေက လေးသောင်းငါးထောင်ရှိသည်။ တနင်္ဂနွေ အချိန်ပိုဆင်းလျှင် နှစ်ထောင်ရမည်။ တစ်ခါတစ်ရံ ညဂျူတီသမားအတွက် အရေးပေါ်ဆင်းပေးလျှင် နှစ်ထောင်ရမည်။

mgyoe.com

ကိုစောသိန်းအတွက် အလုပ်နှင့်လစာသည် ဝဋ်ကြွေးတစ်ခုဆပ်နေရသည်သာ ဖြစ်၏။ လင်နှင့် မယားနှစ်ကိုယ်တည်းဖြစ်သည့်တိုင် အလျဉ်မမီချင်။ မြို့တော်ရန်ကုန်၏ လူနေမှုဘဝတွင် ကိုစောသိန်း အတွက် မနက်ဖြန်သည် စနက်တံဖွင့်ထားသော နောက်ထပ်လက်ပစ်ဗုံးတစ်လုံးကို စနစ်တကျ ပြန်တပ်ဆင်ရသည်နှင့် မခြား။

သို့သော် ထို မနက်ဖြန်သည် မုချမသွေ ရောက်ပေဦးမည်။

မယားအချစ်၏ ပူပင်သောကကို ဖြေရှင်းပေးရမည့် မနက်ဖြန်သည် ကိုစောသိန်းအတွက် ယဇ်ပလ္လင် ဖြစ်နေသည်လား။

*

'မနက်ဖြန် ပြန်လာခဲ့လေ။ အုံနာကို မေးပေးထားမယ်'

ကျော်စိုးသိန်း ခေါင်းညိတ်၍ ထိုင်ခုံမှ ထရန်ပြင်သည်။

'ကျွန်တော်ပြန်ဦးမယ်'

'အေး'

အဒေါ်ကြီးက သူ့ထက်အရင်ထလိုက်သည်။ ကျော်စိုးသိန်းက စားပွဲပေါ်မှ စပယ်ယာလိုင်စင်ကို အိတ်ထဲသို့ ပြန်ထည့်သည်။

သူ့အဖို့ မနက်ဖြန်တွေ များလှပြီ။ ခြောက်တန်းဖြင့် ကျောင်းထွက်ခဲ့သော အညတရဆင်းရဲသား တစ်ဦးအတွက် ရွှေမြို့တော်ရန်ကုန်သည် ဘုံကျွန်ဘဝသာ သူ့ကိုပေးခဲ့၏။

ခွေးလေကြမ်းပိုး၊ ကျောင်းမှမနေချင်တဲ့ကောင်ဟု အဖေက စိတ်တိုတိုဖြင့် ပြောဖူးပါသည်။ လက်ဖက်ရည်ဆိုင်အလုပ်သမား၊ ပွဲဈေးလှည့်၍ ဈေးရောင်းသော အကြော်ဆိုင်များမှာ တစ်လှည့်၊ ကားဝပ်ရှော့မှာ တစ်ဘဝ၊ သူ ကျင်လည်လူလားမြောက်ခဲ့သော ကာလများဖြစ်သည်။ ထိုကားဝပ်ရှော့ကို လာသည့် ဒိုင်နာကားပိုင်ရှင် ဦးတိုးက သူ့ကို ဝပ်ရှော့ဆရာထံမှ တောင်းသည်။ ဦးတိုးက သဃ်န်းကျွန်းဈေးနှင့် သီရိမင်္ဂလာဈေးကို ကုန်စိမ်းဆွဲသည့် အုံနာဖြစ်သည်။ သူကလည်း ထိုအလုပ်ကို သဘောကျခဲ့သည်။

အဖေကတော့ ဘာမှမပြော။ သူ့ကို ပေယျာလကန်ပြုထားပြီး ကျောင်းတက်နေသော သူ့ညီမနှစ်ဦးကို ဂရုစိုက်တော့သည်။ အဖေ့လက်သမားအလုပ်ကို သူက စိတ်မဝင်စားသလို အဖေကလည်း အားမပေးခဲ့။ ကိုယ့်ဘဝကိုယ်ကျောင်း၊ ကိုယ့်လမ်းကိုယ် ရွေးပေတော့တဲ့။

ဈေးကားကို သူသဘောကျသည်။ ကုန်စိမ်းသမများက ကြမ်းပေ့ရမ်းပေ့ နှုတ်သရမ်းပေ့များကခပ်များများပင်။ ပညာတွေမျိုးစုံရသည်။ စကားမျိုးစုံကြားရသည်။ ကုန်စိမ်းသမများသည်ကား ဈေးရောင်းမြတ်တာ နှစ်ကျပ်ခွဲ၊ ရည်းစားထားတာ အမြတ်ပဲဟု ပြောကြသည်။

ကျော်စိုးသိန်းက လူပျိုပေါက်ဖြစ်ခါစ။ ကုန်စိမ်းသမများက ရည်းစားထားသည့်အရွယ်များ မဟုတ်။ လင်နဲ့သားနဲ့ အတွင်းစကားမျိုးစုံပြောကြသည်။ သူ သဘောကျ၍ မဆုံးတော့။

ထိုမှတစ်ဆင့် ၃၈ ဒိုင်နာလိုင်းသို့ သူ ရောက်လာခဲ့သည်။ အသက်လည်း ၁၈နှစ်ပြည့်ပြီမို့ စပယ်ယာလိုင်စင်ကိုင်နိုင်ပြီ။ သို့သော် ထိုလိုင်စင်က လိုင်းကားလိုက်သည်မှစ၍ ချလန်ဖြင့် လဲထားရသည်ချည်းသာ။ ဘယ်တော့မှ လက်ထဲမှာမရှိ။

ယခုတော့ မနက်ဖြန်ကို မျှော်ရတော့မည်။

၃၈ ဒိုင်နာကားများ မြို့ထဲသို့ ဆွဲခွင့်မရှိတော့။ အုံနာကလည်း သူ့ကို အလုပ်မပေးနိုင်တော့ပြီ။ ထိုကာလမှစ၍ စပယ်ယာလိုင်စင်ကို ကိုင်၍ လိုင်းကားကြီးများကိုင်သည့် အုံနာအသီးသီးထံ အလုပ်ရှာရပြီ။ တွေ့သမျှ အုံနာများက မနက်ဖြန်သာ ရက်ချိန်းပေးကြသည်။

ပါးလျသော သူ့ဖိနပ်များ၏ ဦးတည်ရာကား ရွှေပြည်သာမြို့သစ်သို့ ပြန်ရမည့် မီးရထားဘူတာဆီသို့သာ။ ငွေနှစ်ဆယ်တန်တစ်ရွက်တော့ သူ့မှာ ကျန်

mgyoe.com

သေး၏။ ရထားခပေးဖို့ ဖြစ်သည်။

မနက်ဖြန်ဆိုလျှင်တော့။

*

မအေးမိတစ်ယောက် လက်ထဲမှ ဘောက်ချာစာရွက်ကလေးကိုင်ပြီး ခေတ္တတွေဝေနေမိတော့သည်။

ပန်းဆိုးတန်းတစ်ဝိုက်မှ စာအုပ်ဆိုင်များ၊ ဗိုလ်ချုပ်လမ်းပေါ်မှ စာအုပ်ဆိုင်များ၊ ရန်ကင်း၊ ရွှေဘုံသာ၊ လှည်းတန်း၊ မြေနီကုန်းနှင့် မြို့ပြတစ်ခွင်မှ စာအုပ်ဆိုင်များဆီသို့ ခြေတိုအောင်လှည့်ခဲ့သည်။ ၃၁ လမ်းနှင့် ၃၂ လမ်းက အဆိုးဆုံး။

နောက်နေ့မှ ပြန်လာခဲ့ပါ။ မနက်ဖြန်ပြီး မနက်ဖြန်။

စာအုပ်ဖြန့်ချိရသည့်ဘဝကို မအေးမိ စိတ်ပျက်လှပါပြီ။ ရသည့်ကော်မရှင်နှင့် လုပ်ရသည့်အလုပ်က အတော်ပင် အောက်ကျနောက်ကျ နိုင်လွန်းလှသည်။ စာအုပ်ဆိုင်တော်တော်များများ သစ္စာမရှိ။ ကတိမတည်ကြတော့ပြီ။ ကျင့်ဝတ်သိက္ခာ ယိုယွင်းနေကြပြီ။ ဘောက်ချာရှင်းပါဆိုလျှင် အလှူခံကို ဆက်ဆံသလို သွားလိုက်ပါဦးဟု ပြောလွှတ်နေကြပြီ။ ဘာမှတော့ မတတ်နိုင်။ သူတို့ခေတ်တွင် သူတို့စနစ်ဖြင့် ပညာပြနေကြပြီကိုး။

ထုတ်ဝေသူ အန်ကယ်ကြီးထံသို့ပင် ဘောက်ချာများ အားနာနာနှင့် ပြန်ပေးရတော့မည်။ မနက်ဖြန်တွင် တစ်ကျော့ကျော့ရမည်။

စာအုပ်တစ်အုပ်တင်လျှင် အမြတ်ကော်မရှင်အပြည့်ယူသည်။ စာအုပ်ကုန်လျှင် မဆက်သွယ်ချင်။ အင်အားနည်းသော စာပေတိုက်မျိုးဆိုပါက ရောင်းရငွေကို မလိမ့်တစ်ပတ်လုပ်ကြသည်။

ဘောက်ချာရှင်းရမည်ဆိုလျှင် မနက်ဖြန်၊ နောက်တစ်ရက်၊ နောက်တစ်ပတ် စသည်ဖြင့် အားမနာပါးမနာ ပြောလိုက်၏။ နောက်တစ်နေ့တွင် နောက်တစ်ဦးက လက်ခံတွေ့ပြီး နောက်တစ်မျိုးပြောသည်။

သူတို့ပါးစပ်က ပြောထွက်သည်မှာ မခက်။

မအေးမိလို ကော်မရှင်စားဖြန့်ချိရေးသမားအတွက် ငွေတစ်ထောင်ရပါမှ ဟစ်ရာကျန်သည်။ ဆိုင်ရှင်ကပေးသော ငွေအတိုင်း ထုတ်ဝေသူထံ ဘောက်ချာပြ၍ ပြန်အပ်ပါမှ ဆယ်ရာခိုင်နှုန်းရသည်။ ယနေ့ဆိုလျှင် ခြေတိုအောင်လှည့်ခဲ့ပြီးကာမှ ငွေလေးထောင်သာ ရခဲ့သည်။ ကော်မရှင်က လေးရာကျပ်သာ ရမည်မို့ ကားခပင် ရှုံးခဲ့ချေပြီ။ မနက်ဖြန်ဟု ရက်ချိန်းပေးလိုက်သော စာအုပ်ဆိုင်ကအများစု။

မအေးမိတော့ မထင်။ မထင်သော်ငြား ရှန်းမထွက်သာသည့် ဘဝဝမ်းစာအတွက် မနက်ဖြန်ကို တိုက်ပွဲဝင်ရပေဦးမည်။

*

'ဟဲ့ သေနာ။ မနက်ဖြန် ငါ မြို့ထဲထွက်မယ်လို့ ပြောနေတယ်လေ။ နင့်အပေါက်ကို ပိတ်ထားစမ်း'

'ခင်ဗျားကြီး ပြောလိုက်ရင်၊ ဟွန်း'

'ဟဲ့ ခွေးလေကြမ်ဒပိုးကောင်။ မမိုက်ရိုင်းနဲ့နော်'

'မရိုင်းချင်ရင် ထွက်ရှာလေဗျာ။ ကလေးတွေ ဘာစားရမှာလဲ'

'နင်ကတော့ အပင်းဆို့နေတယ်။ ငါ အိုလို့သေတဲ့အထိ ထွက်ရှာရဦးမှာလားဟဲ့၊ အကောင်စုတ်ရဲ့'

မင်္ဂလာနံနက်ခင်းသည်ကား ဘွားမြနှင့် သမက်ဖြစ်သူ ကြွက်ကြီးတို့၏ အိမ်တွင်းတိုက်ပွဲဖြင့် ပျက်စီးခဲ့လေပြီ။ ကြွက်ကြီးခမျာ အော်သာအော်နေသည် လူကအိပ်ရာထဲမှ ထနိုင်သူမဟုတ်။ ယခင်ကတော့ ဆိုက်ကားနင်းပါသည်။ ယာဉ်တိုက်မှုကြောင့် ခြေနှစ်ဖက်စလုံး အကြောသေသွားခဲ့ပြီး ဒုက္ခိတဘဝဖြင့် မယားလုပ်စာ ထိုင်စားခဲ့သည်။ မယားဖြစ်သူ ဆုံးပါးသွားချိန်တွင် ယောက္ခမဖြစ်သူအပေါ် အိမ်တာဝန်တို့ ပုံကျခဲ့လေပြီ။

ဘွားမြသည် အသက် ခုနစ်ဆယ်ကျော်ခဲ့ပြီ။

 mgyoe.com



မြေးနှစ်ယောက်နှင့် သမက်ဒုက္ခိတအတွက် အရပ်တကာ လှည့်၍ အလှူခံနေရသူဖြစ်တော့သည်။

လွန်ခဲ့သော နှစ်ရက်က ဘွားမြ ဖျားခဲ့သည်။ တုတ်တုတ်မျှ မလှုပ်သာအောင် ဖျားခဲ့သည်။ ယနေ့ နာလန်ထစမို့ ရန်ကုန်မြို့ထဲသို့ မချီတက်နိုင်။ အိမ်မှာလည်း ရိက္ခာပြတ်လေပြီ။ မနေ့ညပိုင်းက အဲ့ကြီးရပ်ကွက်၊ မြို့မ(၁) တံတားအနီး၌ စတုဒိသာ ဆန်ပြုတ်ပေးလှူသဖြင့် မပူပင်ခဲ့ရချေ။

ရန်ကုန်ကို သွားနိုင်ပါက ဘွားမြမကြောက်။ ပုဇွန်တောင်ဘူတာအနီးမှ ဘုန်းကြီးကျောင်းနှစ်ကျောင်းတွင် အလှူခံခွင့်ရထားပြီးဖြစ်သည်။ မြို့လယ်ကောင်သို့ ပုံမှန်လည်ပတ်ခွင့်ရပါလျှင် ထိုနေရာများသို့ သွားရန်မလိုပါချေ။

ကုန်သည်လမ်းတွင် ဘွားမြကို အမြဲကြည်ဖြူသည့် စေတနာရှင်သုံးဦးရှိသည်။ တစ်ရာမျိုး၊ နှစ်ရာမျိုး မကြာမကြာ လှူဒါန်းကြသည်။ ရွှေဘုံသာလမ်းက ဆေးဆိုင်တစ်ဆိုင်မှလည်း သုံးလေးရက်တစ်ခါ ငွေငါးရာစွန့်ကြဲမြဲပင်။ ဆူးလေလမ်းမကြီးမှာလည်း သဒ္ဓါရှင် မရှားလှချေ။

မြေးနှစ်ယောက်က ငယ်သေးသည်။ အကြီးမက ခြောက်နှစ်။ အငယ်ကောင်က လေးနှစ်။ သူတို့ဘဝရေးရေးကို ဘွားမြ ကျားကန်နေရပါသည်။ အကြီးမကတော့ တစ်ခါတစ်ရံ ခေါ်သွားခေါ်လာ အားကိုးရနေ၏။ မျက်နှာလေးက အမေတူသမီးမို့ ချစ်စရာ။ ကြက်လျှာစွန်းဒံပေါက်ဆိုင်သို့ လာစားတတ်သည့် လူကြီးတစ်ဦးဆိုလျှင် အကြီးမကိုတွေ့တိုင်း ဒံပေါက်တစ်ပွဲ စွန့်ကြဲသွားတတ်သည်။ ထိုနေ့မျိုးတွင် သမက်ဒုက္ခိတမင်းသားက အားရပါးရ ချီးမွမ်းတတ်ပါသည်။

ဒီနေ့ မနက်တော့ ဘွားမြ နာလန်ထစပြုပြီ။

မနက်ဖြန်ဆိုလျှင် ၂၆ ရက်၊ သောကြာနေ့။ ဖေဖော်ဝါရီလ၏ လကုန်ရက်နီးနေပြီ။ ဝန်ထမ်းများ လစာထုတ်ကြမည်။ ထိုမနက်ဖြန်ကို မျှော်ကိုး၍ မြို့လယ်တစ်ခွင် ပြေပြစ်အောင်လှည့်ဖို့ ဘွားမြအားမွေးနေပါသည်။

မနက်ဖြန် ရွှေနေ့ငွေနေ့ ဖြစ်စေသတည်း။

*

ဒေါက်တာကျော်အောင်က သတင်းစာဖတ်လျက်က ဇနီးဖြစ်သူကို ဝမ်းသာအားရ ပြောပြလိုက်သည်။

'ဒီနှစ်ထဲမှာ ပါတီစုံရွေးကောက်ပွဲကျင်းပဖို့ သေချာပြီကွ။ တိုင်းပြည်တော့ တကယ်ကောင်းပြီဟေ့'

ဇနီးဖြစ်သူက မျက်လုံးတစ်ချက် လှန်ကြည့်သည်။

ထိုအကြည့်ကို ဒေါက်တာကျော်အောင် သိပါသည်။ အသက်ခြောက်ဆယ်ကျော်လာပြီမို့ ငယ်မယား၏ အကြည့်ကို ဘာဆိုလိုချင်မှန်း သိနေခဲ့ပါသည်။ ဘာအကြည့်ကြည့်လာလျှင် ဘာပြောချင်မှန်း သိနေပါသည်။

'ရှုပိုးထိုးပြန်ပြီလား'

ဟော... ဇနီးဖြစ်သူပြောထွက်လာပြီကော။

'ဒီတစ်ခါတော့ ငါလည်း'

ဒေါက်တာကျော်အောင်က စကားမဆက်။ စာအုပ်စင်၌ ချိတ်ဆွဲထားသော ဆိုင်းဘုတ်အဟောင်းလေးကို လှမ်းကြည့်မိသည်။ သူလည်းလေ လောကီသားပေမို့ လူညီလျှင် ဤကို ကျွဲလိုက်ချင်သေးသကိုး။

'လုပ်ကြပါတော်။ တော့်လူတွေနဲ့သာ အဆင်ပြေကြပါစေ'

'ဟာ၊ ဒါတော့ ပါတီထောင်မှာလေကွာ။ ဆွေးနွေးရ၊ ငြင်းခုံရတာတော့ ရှိမှာပေါ့'

'ဟွန်း၊ ရှင်တို့ပြောလိုက်ရင် ဒါပဲ။ ငြင်းရင်းခုံရင်း စကားများကြတာပဲ။ တကတည်းမှပဲ'

ဒေါက်တာကျော်အောင် နှုတ်တုံ့မပြန်ခင် တယ်လီဖုန်းသံ မြည်လာသည်။ နိုင်ငံရေးကို နကန်းတစ်လုံးနားမလည်သော မိန်းမဟု စိတ်ထဲမှတွေးကာ တယ်လီဖုန်းရှိရာ ထသွားလိုက်သည်။

'ပြောပါ။ ကျော်အောင် ပြောနေပါတယ်'

'....'

mgyoe.com

mgyoe.com

တစ်ဖက်က ပြန်ပြောလိုက်သံကြောင့် ဒေါက်တာကျော်အောင် အားရဝမ်းသာ ထအော်သည်။ ဟိုကလည်း ထပ်ပြောသည်။ ဒီဘက်က အော်သည်။ ဝမ်းခေါင်းသံကြီး လိုက်နေသည်။

ဖုန်းပြောနေရင်းမှ မျက်စောင်းခဲနေသည့် ဇနီးသည်ဘက်သို့ လှမ်းကြည့်ရင်း ဒေါက်တာကျော်အောင်က ပါးစပ်လှုပ်ပြသည်။

'ဝင်းမောင်၊ ဝင်းမောင် ပြန်လာမယ်တဲ့။ ပါတီထောင်မှာတဲ့'

ဇနီးဖြစ်သူက ပို၍မျက်စောင်းထိုးလိုက်တော့သည်။ ရှေ့မှ သတင်းစာကို ဆတ်ခနဲကောက်လိုက်သည်။

'အေး... အေး၊ မနက်ဖြန် ငါ လာကြိုမယ်။ ညပိုင်းလား။ အေးပါ၊ ဆက်ဆက်လာမယ်။ စိတ်ချ၊ စိတ်ချ၊ ဟိုကောင်တွေလည်း မင်းကို မျှော်နေတာ၊ အေးပါဟ'

ဒေါက်တာကျော်အောင် အလွန်ရွှင်မြူးနေသည်။ တယ်လီဖုန်းကိုပင် ကလေးငယ်တစ်ဦးလို အသာလေး ရွရွချ၍ ပါးစပ်ကလည်း သီချင်းဟဲနေပြန်သည်။ ပြောချင်ရာလည်း ပြောနေပြန်၏။

'*ဇမ္ဗူတစ်ဝန်းမှာ လှူဒါန်းမယ့်သူတွေ အောင်ပါစေ ဟေ့*။ အင်း၊ ကိုဝင်းမောင် ပြန်လာမယ်တဲ့။ ဒါပေါ့လေ။ ကိုယ့်တိုင်းပြည်လောက် ဘယ်တိုင်းပြည်မှ မကောင်းဘူး။ ပါတီပြန်ထောင်ကြမယ်။ ကဲ... ကိုယ်မပြောဘူးလား။ ဒီနှစ်ဟာ တိုင်းပြည်အတွက် အစစအရာရာ ပြောင်းလဲမယ့်နှစ်ပါလို့။ *မြန်မာနိုင်ငံတော်ဝယ် မင်း၊ သူဌေး၊ ကုန်သည်၊ လယ်ပိုင်ရှင်၊ လယ်သမား၊ ဆင်းရဲသား မကျန်ပေ။ လိုရာဆန္ဒ ပြည့်ဝစေ၊ အောင်ပါစေ ဟေ့။ ကြီးပွားရေးနဲ့ သမီးရည်းစားအရေးနဲ့ တယ့်နှယ်တူနှယ်၊ တယ့်နှယ်တူနှယ်။ ရွှေမန်းကိုအောင်ရဲ့ ပါတီသစ္စာတွေ ပါတီမေတ္တာတွေ ဟေ့ဟေ့*'

ဒေါက်တာကျော်အောင်တစ်ယောက် သိန်းနှစ်ထောင်ကျော် တန်ဖိုးရှိသည့် တိုက်အိမ်ကြီးအတွင်း၌ ဝမ်းသာရွှင်မြူးစွာ သီချင်းတစ်ပုဒ်ကို ဆိုချင်သလို ဆိုနေပါတော့သည်။

ခံ့ညားကြီးမားသည့် တိုက်အိမ်ကြီးအတွင်းမှ သူ့သီချင်းသံသည် ပြင်ပကမ္ဘာသို့ မပျံ့လွင့်နိုင်ပါချေ။

မနက်ဖြန်ဆိုလျှင် သူ့ထက်အဆပေါင်းများစွာ ကြွယ်ဝချမ်းသာသည့် ကိုဝင်းမောင်ဆိုသူ ပြန်လာပေတော့မည်။

သူတို့မနက်ဖြန်သည် တစ်မျိုးသာစွတကား။

❒

မာန်(တောင်လုံးပြန်)

ရွှေအမြုတေ၊ ၂၀၁၁၊ ဇန်နဝါရီ။

mgyoe.com

mgyoe.com

# အလှည့်

နေနော်

'အဲဒီမောင်းခလုတ်ကို ဆွဲညှစ်လိုက်တာနဲ့ မြားတံဟာ လှစ်ခနဲပြေးထွက်ပြီး သားကောင်ရဲ့ ရင်ဝကို စိုက်သွားလိမ့်မယ်။ မြားမှန်ပြီး ငါးစက္ကန့်အတွင်း သားကောင်ဟာ မြေပေါ်ကို တုံးခနဲ လဲသွားလိမ့်မယ်။ ဒါပေမဲ့ ကျုပ်လောင်းရဲတယ်။ မောင်ရင် မလုပ်ရဲဘူး'

နောက်ဘက်က ထွက်ပေါ်လာတဲ့ စကားသံကြောင့် ကျွန်တော်ဟာ တောစပ်က ယုန်တစ်ကောင်ဆီ လှမ်းချိန်ထားတဲ့ ဒူးလေးကို စိတ်ပျက်လက်ပျက်အောက်ပြန်ချလိုက်မိတယ်။ တောထဲဝင်ခါစမှာပဲ ရတ်တရက် မိုက်နာလာလို့ လက်ထဲကဒူးလေး ကျွန်တော့်ပေးပြီး အန္တရယ်ရှင်းဖို့ထွက်သွားတဲ့ မုဆိုး ပြန်ရောက်လာတာပါ။ ကျွန်တော် မုဆိုးဘက်လှည့်ကြည့်လိုက်ရင်း...

'နေပါဦး၊ ခင်ဗျားက ဘာဖြစ်လို့ ဒီလောက် သေချာနေရတာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ မောင်ရင်ဟာ အနုပညာသမားမှန်း ကိုယ်သိနေလို့ပေါ့'

မုဆိုးဟာ သေချာပေါက်လေသံနဲ့ လှမ်းပြောရင်း ကျွန်တော့်လက်ထဲက ဒူးလေးကို ဖျတ်ခနဲ ဆွဲယူလိုက်တယ်။ တကယ်တော့ သူပြောတာလည်း မမှားပါဘူး။ ကျွန်တော်ဟာ ပစ်ခတ်လိုစိတ်ကြောင့် ယုန်ကို လှမ်းချိန်လိုက်တာမဟုတ်ဘဲ ဒူးလေးကို တစ်ခါမှ ကိုင်မကြည့်ဖူးတာကြောင့် သူ့ဆီကယူပြီး ဟိုချိန် ဒီချိန် လှမ်းချိန်လိုက်တာပါ။ စောစောတုန်းက ကျွန်တော် ဒူးလေးနဲ့လှမ်းချိန်တဲ့ ယုန်ကလေးဟာ ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုကြောင့်ထင်ရဲ့၊ လှစ်ခနဲ ပြေးထွက်သွားတယ်။

မုဆိုးဟာ သူ့ဒူးလေးကို ပခုံးပေါ် ပြန်ထမ်းရင်း ကျွန်တော့်ကို လှမ်းပြောတယ်။

'ကဲ... မောင်ရင်၊ ဝါးဖြူတောင်အကြောင်း လေ့လာချင်ရင် ကျုပ်နောက်သာ ခပ်သွက်သွက်လိုက်ခဲ့ပေတော့'

ကျွန်တော်ဟာ ခြေလှမ်းကျဲကြီးတွေနဲ့ ရှေ့က စတင်ထွက်ခွာသွားတဲ့ သူ့နောက်ကို အမြန်ပြေးလိုက်ရတော့တယ်။ ဇာတ်လမ်းကတော့ စကတည်းက ယဉ်သကိုလို့ ဆိုရမှာပါ။ စကားပြောအဆင်မပြေတဲ့ ဒီလူ့နောက်ကို ဘာဖြစ်လို့များ လိုက်လာခဲ့မိပါလိမ့်။ ဖြစ်နိုင်တာကတော့ စာရေးဆရာတစ်ယောက်ရဲ့ ဒေသန္တရ

mgyoe.com

mgyoe.com

ဗဟုသုတရလိုစိတ်က သူ့နောက်လိုက်ဖြစ်အောင် တွန်းပို့လိုက်တာပဲ ဖြစ်မှာပါ။

လွန်ခဲ့တဲ့ နှစ်နာရီလောက်က ကျွန်တော်စီးလာတဲ့ အဝေးပြေးကား ဝါးဖြူတောင်မှာ ခဏနားတုန်း သူနဲ့ကျွန်တော် ထမင်းဆိုင်လေးတစ်ဆိုင်ထဲမှာ စတင်တွေ့ဆုံခဲ့တာပါ။ ကျွန်တော်ဟာ သဘာဝဝန်းကျင် လေ့လာရေးအတွက် ခရီးထွက်လာတဲ့ အနုပညာသမားတစ်ယောက်ဖြစ်ကြောင်း စကားစလိုက်တယ်ဆိုရင်ပဲ (ဆိုင်ထဲဝင်လာကတည်းက ကျွန်တော့်ကို အကဲခတ်နေခဲ့တဲ့)အဲဒီလူဟာ 'ဒီဒေသကို လေ့လာချင်ရင် ဝါးဖြူတောင်ကစပြီး လေ့လာသင့်ကြောင်း' တရားဟောတော့တာပါပဲ။ သူ့အပြောအရ သူဟာ ဝါးဖြူတောင်တစ်ကြောကို ကျွမ်းကျင်သူဖြစ်ပြီး တစ်နေကုန်တော့လည်းမှာမို့ သူနဲ့လိုက်ခဲ့လျှင် ဝါးဖြူတောင်တောနက်ထဲကို လှည့်လည်လေ့လာပြီးသား ဖြစ်လိမ့်မယ်လို့ ဆိုပါတယ်။

'ညအိပ်ဖို့လည်း မပူနဲ့။ ကျုပ်အိမ်မှာ အိပ်လို့ရတယ်။ နောက်နေ့မှ တခြားမြို့တွေဆီ ခရီးဆက်ပေါ့'

ဒီလိုနဲ့ ကျွန်တော်ဟာ ပါလာတဲ့အိတ်တွေကို ထမင်းဆိုင်လေးထဲအပ်ပြီး သူ့နောက်ကို လိုက်ဖို့ ဖြစ်လာတာပါ။ ဒါပေမဲ့ တောနက်နက်ထဲရောက်လာတယ်ဆိုရင်ပဲ သူ့အမူအရာတွေက တစ်မျိုးဖြစ်လာတာမို့ လိုက်လာမိတာ မှားပြီလို့ ကျွန်တော် စတင်တွေးမိလာတယ်။

'ဒါနဲ့ စကားမစပ် မောင်ရင့်အရပ်က ငါးပေရှစ်လက်မလောက် ရှိမယ်ထင်တယ်။ ကျုပ်ခန့်မှန်းတာ နီးစပ်ရဲ့လား'

'အင်း... ခုနစ်လက်မခွဲဆိုပါတော့။ နီးစပ်ပါတယ်'

'ကိုယ်အလေးချိန်ကတော့ ကျုပ်လောက်ပဲ မဟုတ်လား။ ပေါင်တစ်ရာ့သုံးဆယ်သာသာပေါ့'

မဆီမဆိုင် စူးစမ်းမှုတွေကို နားမလည်ပေမယ့် ကျွန်တော် အတိုက်အခံမလုပ်ဘဲ တစ်ရာသုံးဆယ့်ငါးပေါင်ရှိကြောင်း ပြန်ပြောလိုက်တယ်။ သူက ကျွန်တော့်ကိုယ်လုံးကိုယ်ပေါက်ကို အကဲခတ်သလိုလှည့်ကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေတာကြောင့်...

'နေပါဦးဗျ။ အဲဒါတွေ ဘာကြောင့်မေးနေတာလဲ'

'အင်း ... ကျုပ် ပုံပြင်တစ်ပုဒ်ပြောပြမယ်လေ။ အဲဒါဆို မောင်ရင် သဘောပေါက်လာမှာပါ'

ပုံပြင်ဆိုတဲ့စကားကြောင့် ကျွန်တော် ဘာမှဆက်မမေးတော့ဘဲ သူပြောပြမယ့် အကြောင်းအရာကို နားစွင့်လိုက်တယ်။ ကျွန်တော်ဟာ စာရေးဆရာပီပီ ပုံပြင်ဆိုလို့ စိတ်ဝင်စားသွားတာပါ။

သူက လမ်းလျှောက်ရပ်လိုက်ပြီး သစ်ပင်ရိပ်တစ်ခုမှာ ဝင်လိုက်တာမို့ ကျွန်တော်လည်း သူ့ရှေ့မလှမ်းမကမ်း ကျောက်တုံးတစ်ခုပေါ် ဝင်ထိုင်လိုက်တယ်။ မုဆိုးဟာ စီးကရက်ဘူးကို ထုတ်၊ တစ်လိပ်မီးညှိပြီး ကျွန်တော့်ကိုလည်း တစ်လိပ်ကမ်းပေးတယ်။ စီးကရက်ကို အားပါးတရ ဖွာရှိုက်နေတဲ့သူ့ကို အကဲခတ်လိုက်တော့ သူဟာ အရပ်အမောင်း ကိုယ်လုံးကိုယ်ပေါက်သာမကဘဲ မျက်နှာပုံပန်းပါ ကျွန်တော်နဲ့ တော်တော်လေး ဆင်တူနေတာကို သတိထားလိုက်မိတယ်။ ဒါကြောင့်လည်း ကျွန်တော့်ရဲ့ ကိုယ်အလေးချိန်နဲ့ အရပ်အမြင့်ကို သူသိချင်တာ ဖြစ်မယ်လို့ တွေးလိုက်မိတယ်။

'ဒီလိုဗျ။ ကျုပ်ရဲ့ပုံပြင်ကို နားမထောင်ခင် အရင်ဆုံး ကျုပ်အကြောင်းကို ခင်ဗျားသိထားဖို့တော့ လိုလိမ့်မယ်။ ကျုပ်က တောလိုက်ဝါသနာပါပေမယ့် တကယ့်မုဆိုးအစစ်တော့ မဟုတ်ဘူး။ ကျုပ်ရဲ့ တကယ့်အလုပ်က ဒီဝါးဖြူတောင်နားက ကျောက်တူးဖော်ရေးကုမ္ပဏီတစ်ခုရဲ့ မန်နေဂျာပါ'

ဒီတော့မှ ကျွန်တော်ဟာ ခပ်တုံးဘုံးတောသားတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရတာမဟုတ်ဘဲ မြို့သားပညာတတ်တစ်ယောက်နဲ့ တွေ့နေရတာပါလားဆိုတာကို သဘောပေါက်လာတော့တယ်။ သူက ဆေးလိပ်ငွေ့တွေကို ရှိုက်သွင်းရင်း စကားဆက်လာတယ်။

mgyoe.com

mgyoe.com

'အင်း... ကျုပ်ဇာတ်လမ်းကို စိတ်ဝင်စားအောင်စရရင် ကျုပ်ထက် ခုနစ်နှစ်ကျော်ငယ်တဲ့ မိန်းကလေးတစ်ယောက်ကို တမ်းတမ်းစွဲဖြစ်ပြီး လက်ထပ်ယူမိတာက စရလိမ့်မယ်ထင်တယ်။ ကိုယ့်လူလည်း နားလည်မှာပါ။ လူပျိုကြီး၊ အပျိုကြီးတွေ ရည်းစားရပြီဆိုရင် နာလန်ထကလေးတစ်ယောက် အသားဟင်းတောင်းသလို အငမ်းမရဖြစ်တော့တာမဟုတ်လား။ မန္တလေးတက္ကသိုလ်တက်နေတဲ့ မြလေးနွယ်က အစပိုင်းက ကျုပ်ကို သိပ်စိတ်မဝင်စားလှဘူး။ ဒါပေမဲ့ ကျုပ်က သူ့မိဘတွေကို ကပ်ပေါင်းပြီး အတင်းတောင်းခဲ့တာဆိုတော့ တိုတိုပြောရရင် မြလေးနွယ်နဲ့ကျုပ် အကြောင်းပါခဲ့တယ် ဆိုပါတော့လေ'

သူ့အပြောအရ မိန်းကလေးဟာ သူ့ထက်ငယ်တဲ့အပြင် မြို့ကြီးပြကြီးမဟုတ်တဲ့ ဝါးဖြူတောင်လို နေရာမျိုးမှာ ခေါ်ထားရတာမို့ မိန်းကလေးပျော်အောင် အစွမ်းကုန် အလိုလိုက်ခဲ့တယ်လို့ ဆိုတယ်။ အပေါ်စက် အောက်စက်လို ဖိမ်ခံပစ္စည်းတွေအပြင် သူမ မွေးချင်တဲ့ အိမ်မွေးတိရစ္ဆာန်တွေကိုပါ မညည်းမညူ ဝယ်ပေးခဲ့ပေမယ့် သူမဟာ ကျောက်တူးဖော်ရေးစခန်းမှာမပျော်ဘဲ တစ်လတစ်ခါလောက် မိဘတွေရှိရာ မန္တလေးကို သွားချင်ကြောင်း ပူဆာခဲ့ပါသတဲ့။

'ကိုယ်က ချစ်လို့ယူထားတာဆိုတော့လည်း ခွင့်ပြုရတာပေါ့ဗျာ။ ဘယ်တတ်နိုင်ပါ့မလဲ။ ကျုပ်မအားလို့ လိုက်မပို့နိုင်တဲ့အခါ သူတစ်ယောက်တည်း သွားတတ်တယ်။ နောက်တော့ အစဉ်အလာလိုဖြစ်ပြီး ကျုပ်ကိုတောင် မခေါ်တော့ပါဘူး။ ကျုပ်ကလည်း သူ စိတ်ပြေလက်ပျောက် သွားပါစေ၊ စိတ်တိုင်းကျ သုံးပါစေဆိုပြီး ငွေကိုသာ လုံလောက်အောင် ရှာဖွေထည့်ပေးလိုက်တယ်။ သူကလည်း ငွေတွေ ဘယ်က ရသလဲ တစ်ခွန်းမမေးဘဲ စိတ်တိုင်းကျ သုံးတော့တာပဲ ကိုယ့်လူရေ။ ကျုပ်က လခစားဝန်ထမ်းမို့ မချမ်းသာပေမယ့် ကုမ္ပဏီပိုင်ငွေကို လှည့်သုံးလို့ ရနေတာဆိုတော့ ဒီလိုပဲ စာရင်းလိမ်ရတာပေါ့။ တစ်ခေါက်၊ နှစ်ခေါက်ကနေ လေးငါးဆယ်ခေါက်ဖြစ်လာတဲ့အခါ ငွေကွာတာက တော်တော်များလာတယ်။ နောက်ဆုံး ကျုပ်လည်း မတတ်သာတော့ဘဲ မိန်းမကို ဖွင့်ပြောတိုင်ပင်ရတော့တာပဲ။ ဒီတော့မှ ကျုပ်ထက် ခုနစ်နှစ်ကျော်ငယ်တဲ့ မိန်းမဆီက မထင်မှတ်ဘဲ အကြံကောင်းဉာဏ်ကောင်းတွေ ထွက်လာတယ်ဗျာ။ သူက ငွေကွာတဲ့အတူတူ နောက်ထပ်ရသလောက်ထပ်ယူပြီး မန္တလေးမှာ အခန်းတစ်ခန်းဝယ်၊ လုပ်ငန်းတစ်ခုထူထောင်၊ ပြီးတာနဲ့ ကုမ္ပဏီကနေ ခြေရာဖျောက်ထွက်ပြေးဖို့ အကြံပေးတော့တာပဲ'

သူက ပြောလက်စ စကားကိုရပ်၊ ဖင်ကပ်သာသာ စီးကရက်ကို နောက်ဆုံးတစ်ဖွာ ဖွာရှိုက်ပြီး လွှင့်ပစ်လိုက်တယ်။ သူ့ရဲ့ပြောဆိုပုံအရ မိန်းမရဲ့အကြံဉာဏ်ကို လက်ခံတော့မယ်လို့ ယူဆရပါတယ်။ ကျွန်တော်ထင်တဲ့အတိုင်း သူက ဆက်ပြောလာတယ်။ သူ့အပြောအရ သိန်းထောင်ပေါင်းများစွာထဲက ရာဂဏန်းလောက်ထုတ်ယူရတာဟာ သိပ်မခက်ဘူးလို့ ဆိုတယ်။

အခန်းကို မိန်းမနာမည်နဲ့ သူမစိတ်ကြိုက် ဝယ်ယူခိုင်းတဲ့အပြင် ကားတစ်စီးကိုလည်း ဝယ်ယူခဲ့ပါသတဲ့။ ဒါ့အပြင် သူမနာမည်နဲ့ သိန်းငါးဆယ်လောက်ကိုလည်း ဘဏ်ထဲ ထည့်ပေးခဲ့သေးတယ်လို့ ဆိုတယ်။ သူ တိမ်းရှောင်နေတုန်း မိန်းမသုံးစွဲဖို့လို့ ယူဆရပါတယ်။ အခုတော့ သူနဲ့ သူ့ဇနီးဟာ လက်ရှိဘဝကနေ တိမ်းရှောင်ထွက်ပြေးဖို့ အဆင်သင့်ဖြစ်နေပြီလို့ ပြောလာပါတယ်။

'နေပါဦးဗျ။ ခင်ဗျား ခြေရာဖျောက် ထွက်ပြေးတာကို ကုမ္ပဏီက ဒီတိုင်းကြည့်နေမှာလား။ ရဲမတိုင်တော့ဘူးလား။ ခင်ဗျားနောက်ကို မလိုက်ကြတော့ဘူးလား'

ကျွန်တော်မေးလိုက်တော့ သူက မပြုံးချင်ပြုံးချင်ပြုံးရင်း ခေါင်းညိတ်တယ်။

'အင်း... မေးသင့်မေးထိုက်တဲ့ မေးခွန်းပဲ။ ကျုပ်သာ အသက်ရှင်လျက် ထွက်ပြေးနေရင်တော့ ဘယ်လွတ်ပါ့မလဲမောင်ရင်ရယ်။ တစ်ရက်မဟုတ်

mgyoe.com

mgyoe.com

တစ်ရက် အမိခံရမှာပေါ့။ ဒါပေမဲ့ ကျုပ်သေသွားရင်တော့ အမှုပိတ်လိုက်ကြမှာ သေချာပါတယ်။ ကျုပ်မိန်းမကိုလည်း နည်းနည်းပါးပါးမေးစမ်းပြီး ပြန်လွှတ်လိုက်ကြမှာပဲ'

'ဒါဖြင့် ခင်ဗျားက အသေခံလိုက်မယ်ပေါ့ ဟုတ်လား'

ကျွန်တော် တအံ့တသြမေးလိုက်တော့ သူက ခေါင်းကို ခပ်လေးလေး ညိတ်ပြတယ်။

'ခင်မောင်ရင်ဆိုတဲ့ ကျုပ်သေမှ ဒီဇာတ်လမ်းက အေးမှာဆိုတော့ ကျုပ်သေဖို့ ဆုံးဖြတ်လိုက်တယ် မောင်ရင်ရဲ့။ အင်း... အမှန်အတိုင်းဝန်ခံရရင်တော့ ကျုပ်မိန်းမရဲ့ အကြံဉာဏ်တွေပါလေ။ သူသုံးသပ်ပြလို့သာ ကျုပ် ဒီလိုစိတ်ကူးမျိုး စဉ်းစားမိသွားတာပါ'

'ဟော့လူ ခင်ဗျားစိတ်ကော ကောင်းသေးရဲ့လား'

'စိတ်မပူပါနဲ့ကိုယ့်လူရယ်၊ ကျုပ် စိတ်ကောင်းပါတယ်။ စိတ်ကောင်းလို့သာ ခင်မောင်ရင်သေဖို့ဆိုတဲ့ စိတ်ကူးမျိုး တွေးမိလာတာပေါ့ဗျာ။ ဘယ်ပုံဘယ်နည်း သေသင့်သလဲဆိုတာကိုပါ တွေးထားပြီးပြီ။ ကျုပ်သေတဲ့အခါ ကျုပ်အလောင်းက လှိုဏ်တစ်ခုထဲကျနေလိမ့်မယ်။ မျက်နှာကို ဝက်ဝံကုတ်ထားလို့ ရုပ်ကမမှတ်မိနိုင်လောက်အောင် ပျက်စီးနေလိမ့်မယ်။ ဒါပေမဲ့ ကျုပ်အိတ်ထဲက (အိုင်ဒီ)ကတ်နဲ့ ကျုပ်ရဲ့ ဒူးလေးကြောင့် ကျုပ်ပဲဆိုတာ သိကြလိမ့်မယ်။ မိန်းမကလည်း ကျုပ်အစစ်ဖြစ်ကြောင်း ထောက်ခံလိမ့်မယ်။ အဲဒီနောက်တော့ လောကကြီးထဲကနေ ခင်မောင်ရင်ကော သူအလွဲသုံးစားလုပ်ထားတဲ့ကိစ္စပါ ပျောက်ကွယ်သွားလိမ့်မယ်။ ကျုပ်ရဲ့အစီအစဉ်မှာ အရေးအကြီးဆုံးအချက်ကတော့ ကျုပ်နဲ့ ကိုယ်လုံးကိုယ်ပေါက်ကော အရပ်အမြင့်ပါတူတဲ့ အလောင်းတစ်လောင်းရဖို့ပဲ'

'ဗျာ'

ကျွန်တော်ဟာ သူရှင်းပြနေတဲ့ အစီအစဉ်ကို တဖြည်းဖြည်း သဘောပေါက်လာသလို ကျွန်တော် ပါဝင်ပတ်သက်ရမယ့် အနေအထားကိုပါ ခန့်မှန်းမိလာပြီး ဓာချွေးတွေ အလိုလိုပြန်လာတယ်။

သူဟာ ဒါကြောင့် ထမင်းဆိုင်မှာ စတွေ့ကတည်းက ကျွန်တော့်တစ်ကိုယ်လုံးကို အကဲခတ်နေခဲ့တာဖြစ်မှာပဲ။ ကိုယ်အလေးချိန်နဲ့ အရပ်အမြင့်ကို မေးကတည်းက ကျွန်တော် ဘာဖြစ်လို့ မရိပ်မိခဲ့ပါလိမ့်။ သူက မြားဘူးထဲက စတီးရောင်လက်လက်ထနေတဲ့ မြားတစ်စင်းကို ဒူးလေးမှာတပ်ဆင်လိုက်ပြီး ရုတ်တရက် ကျွန်တော့်ကို ထိုးချိန်လာတယ်။

'ကဲ... ကျုပ်ရဲ့ပုံပြင်ကို ခပ်မြန်မြန် အဆုံးသတ်မှပဲ။ ဒီနဲ့ သိပ်မဝေးတဲ့နေရာမှာ လှိုဏ်မြင့်မြင့်တစ်ခုရှိတယ်။ ကျုပ်တို့ အဲဒီကို သွားကြတာပေါ့။ ကလန်ကဆန်တော့ မလုပ်နဲ့ကိုယ့်လူရေ၊ ကျုပ်က တကယ့်မုဆိုးအစစ်မဟုတ်ပေမယ့် လက်က သိပ်မြန်တယ်။ နောက်ပြီး ကျုပ်ဒူးလေးက ပြင်းလွန်းလို့ တော်ရုံတန်ရုံအကွာအဝေးလောက်တော့ ဘယ်သားကောင်မှ ပြေးမလွတ်ဘူး။ လူလို အသားနူးညံ့တဲ့ သတ္တဝါလောက်ကတော့ ထုတ်ချင်းခတ်ပဲ'

ခုတော့ သူဘာဆက်လုပ်မလဲဆိုတာကို မေးစရာမလိုလောက်အောင် ရုပ်လုံးပေါ်လာပါပြီ။ ကျွန်တော်ဟာ ဒူးလေးနဲ့ချိန်ပြီး သူလမ်းညွှန်တဲ့နေရာဆီကို အချိန်ဆွဲလို့ ခပ်ဖြည်းဖြည်း လျှောက်ရင်း ခေါင်းထဲက အချက်အလက်တွေကို တစ်ခုချင်းစီ ကြည့်နေမိတယ်။

'အင်း... ဗိုက်ထဲက ရစ်ပြီးနာလာပြန်ပြီ။ ကဲ... ခပ်သုတ်သုတ်တော့ လျှောက် ကိုယ့်လူရေ'

သူက ကျွန်တော့်နောက်ကျောကို ဒူးလေးနဲ့ လှမ်းထိုးရင်း ပြောလာတယ်။ ကျွန်တော်ဟာ စကားအစပ်ရပြီမို့ ရုတ်တရက် လှမ်းမေးလိုက်တယ်။

'ဒါနဲ့ စကားမစပ်၊ ခင်ဗျား ဗိုက်နာတာ ဘယ်နှစ်ရက်ရှိပြီလဲဗျ'

'ဘာလဲ မောင်ရင်က မသေခင် ကုသိုလ်ရအောင် ကုပေးသွားချင်လို့လား။ အင်း... နှစ်ရက်လောက်ရှိပြီထင်ပါရဲ့။ မှိုဟင်းစားပြီးကတည်းကပဲ ဆိုပါတော့။ မိန်းမက မချက်စဖူး မှိုဟင်းချက်တာနဲ့ ကျုပ်

 mgyoe.com


လည်း အားရပါးရ စားလိုက်မိတယ်လေ'

'အမှန်တော့ မှိုဟင်းကြောင့် မဟုတ်ပါဘူး။ ဒါဟာ မိန်းမအပေါ် ယုံကြည်မှုလွန်တာကြောင့် ဖြစ်ရတာပါ မန်နေဂျာကြီးရဲ့'

'ဘာ... ဘာပြောတယ်၊ မိန်းမကိုယုံလို့ ဟုတ်လား။ ဒါ... ဘာအဓိပ္ပာယ်လဲ'

သူ့လေသံက မာဆတ်ဆတ်ဖြစ်လာလို့ ကျွန်တော် သတိထားကိုင်တွယ်မှဖြစ်လိမ့်မယ်လို့ သဘောပေါက်လာတယ်။ အဲဒီအချိန် လျှိုအစပ်နားရောက်လာတာမို့ ကျွန်တော် ခြေလှမ်းကို ရပ်လိုက်ပြီး သူ့ဘက်ကိုလှည့်ကြည့်လိုက်တယ်။ သူ့မျက်နှာက ကျွန်တော့်ဆီက စကားတစ်စုံတစ်ရာကို မျှော်လင့်နေမှန်း သိသာလှပါတယ်။

'ခင်ဗျား မြတ်လေးနွယ်ကို ဘာဖြစ်လို့ ဒီလောက်ယုံကြည်ရတာလဲ မန်နေဂျာရဲ့။ သူ တစ်လတစ်ခါ မန္တလေးဆင်းတော့ ဘာဖြစ်လို့ ခင်ဗျား လိုက်မသွားတာလဲ'

'မောင်ရင်ပြောပုံက မြလေးနွယ်ကို သိနေသလိုမျိုးပါလား'

သူက တအံ့တသြရေရွတ်လာတာမို့ ကျွန်တော် ပြုံးလိုက်မိတယ်။ ဒါပေမဲ့ သူ့လှုပ်ရှားမှုတွေကိုတော့ ကျွန်တော် တစ်ခုမှ အလစ်မပေးဘဲ စောင့်ကြည့်နေမိတယ်။ အထူးသဖြင့် သူ့ရဲ့ ညာဘက်လက်ညှိုးကိုပါ။ အဲဒီလက်ညှိုးသာ ဖျတ်ခနဲ ကွေးညွတ်သွားလျှင် ကျွန်တော်ရဲ့ အနာဂတ်ဟာ တစ်စစီ ပျက်စီးသွားနိုင်ပါတယ်။ ကျွန်တော်ဟာ စကားလုံးတွေကို အထူးဂရုတစိုက် ရွေးချယ်ပြီး စပြောလိုက်တယ်။

'မြလေးနွယ်မှာ ခင်ဗျားမသိတဲ့ ဇာတ်လမ်းတွေ ရှိခဲ့တယ်ဗျ။ သူ မန်းတက္ကသိုလ်တက်တုန်းက ရည်းစားတစ်ယောက် ရှိခဲ့ဖူးတယ်။ ကောင်လေးက မအောင်မြင်တဲ့ အနုပညာသမားလေးပါ။ သူနဲ့အတူ အိမ်ထောင်တစ်ခုကို မထူထောင်နိုင်မှန်း သေချာသွားတဲ့အခါ မြလေးနွယ်က ခင်ဗျားကို လက်ထပ်ဖို့ လက်ခံခဲ့တာပဲ'

'ဒါ... ဘာဖြစ်လဲ၊ ဖြစ်နိုင်လောက်တဲ့ သဘာဝပဲ။ သူ့မှာ ရည်းစားရှိနိုင်မှန်း ကျုပ်ခန့်မှန်းထားပြီးသားပါ'

သူက ဘာမှမဖြစ်သလိုမျိုး တုံ့ပြန်လာပေမယ့် သူ့မျက်နှာတွေကတော့ ဒေါသကြောင့် နီမြန်းနေမှန်း ကျွန်တော် သတိထားမိလာတယ်။ အခြေအနေက အတိမ်းအစောင်းမခံတာမို့ အထူးသတိထားပြီး ကျွန်တော် ဆက်ပြောလိုက်တယ်။

'ကျောင်းသူဘဝမှာ ရည်းစားထားခဲ့ဖူးတာကို သဘာဝလို့ ဆိုနိုင်ပေမယ့် အိမ်ထောင်သည်ဘဝမှာ ဖောက်ပြန်တာကိုတော့ သဘာဝလို့ သတ်မှတ်လို့ မရတော့ဘူးလေ။ မြလေးနွယ်ဟာ ချစ်သူဟောင်း အနုပညာသမားလေးကို တစ်လတစ်ခါ သွားတွေ့ခဲ့တယ်။ ငွေကြေးတွေ ဖောဖောသီသီ ထောက်ပံ့ပေးခဲ့တယ်။ နောက်ဆုံး ချစ်သူနဲ့အတူနေဖို့ သူ့ချစ်သူကို တိုက်ခန်းတစ်ခန်းနဲ့ ကားတစ်စီးတောင် ဝယ်ယူပေးလာခဲ့တယ်။ ခင်ဗျား မြလေးနွယ်ဝယ်ထားတဲ့အခန်းကို တစ်ခါမှ မရောက်ဖူးဘူး မဟုတ်လား'

'ဘာကွ... ဘာပြောတယ်။ တိုက်ခန်းတစ်ခန်းနဲ့ ကားတစ်စီး ဟုတ်လား'

သူ့လေသံက မိုးခြိမ်းသလို ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာတယ်။

သူဟာ ဒူးလေးကို ဒေါသတကြီး ပင့်မြှောက်လိုက်တာမို့ ကျွန်တော် ကမန်းကတန်း လှမ်းတားလိုက်ရတယ်။

'ဟော့... ဟော့လူ၊ စိတ်ထိန်းပါ။ ခင်မောင်ရင်အဖြစ် သေဆုံးရမယ့်အလောင်းမှာ မြားဒဏ်ရာပါလို့ မဖြစ်ဘူးလေ။ ခင်ဗျားရဲ့ လက်ညှိုးကို ကွေးလိုက်တာနဲ့ ခင်ဗျားအစီအစဉ်တွေအားလုံး ကမောက်ကမဖြစ်ကုန်မှာကို ထည့်တွေးစမ်းပါဗျာ။ မြားဒဏ်ရာ ထုတ်ချင်းခတ်နေတဲ့အလောင်းကို သွေးရိုးသားရိုး သေဆုံးမှုအဖြစ် ဘယ်သူမှ ယုံကြည်မှာမဟုတ်သလို ခင်မောင်ရင့်အလောင်းအဖြစ်လည်း လက်ခံကြမှာ မဟုတ်ဘူး'

ကျွန်တော့်စကားကြောင့် သူငိုင်သွားပြီး ဒူး

mgyoe.com

mgyoe.com

လေးကို အောက်ပြန်နှိမ့်လိုက်တယ်။ ဒါပေမဲ့ လက်တွေက တဆတ်ဆတ်တုန်နေသလို မျက်နှာကလည်း နီမြန်းနေတာမို့ စိတ်ကိုချုပ်တည်းနေရမှန်း သိသာလှပါတယ်။

'ကဲ... ဆက်ပြောပါဦး၊ မောင်ရင့်ဆီက ကျုပ်အားလုံးသိချင်တယ်။ ယီးတီးယားတားတော့မလုပ်နဲ့နော်။ ကျုပ် သည်းခံမှာမဟုတ်ဘူး'

အခြေအနေက တော်သင့်ပြီဖြစ်ပေမယ့် ဒီအချိန်ကျမှ ရပ်လို့မဖြစ်နိုင်တော့တာမို့ ကျွန်တော် ရှေ့ဆက်လိုက်ရတယ်။

'မြလေးနွယ်ရဲ့ ရည်ရွယ်ချက်ကတော့ ခင်ဗျားဆီက ငွေတွေရသလောက်ညှစ်ယူပြီး သူ့ချစ်သူနဲ့ ရှေ့ခရီးဆက်ဖို့ပဲ။ ဒါပေမဲ့ ခင်ဗျားရဲ့ရန်ကိုလည်း ကြောက်ရတာမို့ တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောနဲ့ ခင်ဗျားရဲ့ငွေကြာတဲ့အမှုကိစ္စလည်းပိတ်၊ ခင်ဗျားရန်လည်း ဝေးအောင် ခင်မောင်ရင့်အလောင်းနဲ့ လက်စသိမ်းဖို့ အကြံကို ကြံစည်လာတာပဲ။ ဒါကြောင့် ခင်ဗျားနဲ့ အလုံးတူ၊ အရပ်တူ လူတစ်ယောက်ကိုသတ်ပြီး အလောင်းအစားထိုးဖို့ ခင်ဗျားကို အကြံပေးလာတာပေါ့။ ဒါပေမဲ့ ခင်ဗျားမရိပ်မိတာတစ်ခုက သူ့ချစ်သူကိုလည်း ဝါးဖြူတောင်လာဖို့ ချိန်းဆိုလိုက်ပြီး လျှို့ထဲပစ်ချရမယ့်အလောင်းကို ခင်ဗျားရဲ့ တကယ့်အလောင်းအစစ်ဖြစ်ဖို့ ကြံစည်ထားကြတဲ့ ကိစ္စပဲ'

သူ့မျက်နှာဟာ ဖွေးခနဲဖြစ်သွားပြီး မျက်လုံးတွေက တဖြည်းဖြည်း ပြူးကျယ်လာတယ်။ လက်တစ်ဖက်က ဝမ်းဗိုက်ဆီကို လှမ်းလိုက်တာမို့ ဗိုက်နာလာပြန်ပြီလို့ ယူဆရပါတယ်။

'နေ... နေပါဦး။ အဲဒီလိုဖြစ်အောင် ဘယ်လိုကြံစည်မှာလဲ။ မောင်ရင် လျှောက်ပြောသမျှကို ကျုပ်က ယုံကြည်မယ်ထင်နေသလား'

သူက ဟန်လုပ်မေးလာပေမယ့် သူ့မျက်နှာပေါ်က ထိတ်လန့်တုန်လှုပ်မှုတွေကို ကျွန်တော် အတိုင်းသားတွေ့မြင်နေရတယ်။

'ယုံတာ မယုံတာကတော့ ခင်ဗျားကိစ္စပါ။ သိပ်မကြာခင် သေတော့မယ့်လူတစ်ယောက်ကို အမှန်အတိုင်း ရှင်းပြရမှာက ကျွန်တော့်တာဝန်ပဲ'

'ဘာပြောတယ် ကျုပ်က သေရတော့မှာဟုတ်လား'

ကျွန်တော်က နည်းနည်းညောင်းလာတာမို့ သစ်ငုတ်တစ်ခုပေါ်ဝင်ထိုင်လိုက်ပြီး စီးကရက်တစ်လိပ်မီးညှိလိုက်တယ်။ စောစောတုန်းကတော့ ခုလို အပြုအမူမျိုး လုပ်ရဲဖို့မပြောနဲ့ ။ အသက်တောင် ပြင်းပြင်းမရှူရဲတာအမှန်ပါ။ ဒါပေမဲ့ အခုအချိန်မှာတော့ ဇာတ်လမ်းအရ ကျွန်တော့်ရဲ့ဇာတ်ကောင်ကို ထိန်းချုပ်လာနိုင်ပြီမို့ ဆေးလိပ်ထိုင်သောက်လိုက်တာပါ။ သူက စိတ်မရှည်တော့တဲ့ အမူအရာနဲ့ ကျွန်တော့်ကို လှမ်းမေးတယ်။

'ဟေ့လူ... ကျုပ်မေးနေတာ ဖြေဦးလေ။ ကျုပ်ကို ဘာတွေကြံစည်ထားတာလဲ။ ကျုပ်က ဘာကြောင့် သေရမှာလဲ'

'မှိုဟင်းပေါ့ဗျာ၊ မှိုတောက်တာလို့ထင်ရပေမယ့် တကယ်တော့ အဲဒီဟင်းထဲမှာ ခင်ဗျားကို အဆိပ်ခတ်လိုက်တာပါ။ သစ်စေးတစ်မျိုးကို ချက်ယူတဲ့ ဒေသထွက်အဆိပ်တစ်မျိုးပေါ့။ သူ့ရဲ့ထူးခြားမှုကတော့ မှိုနဲ့ရောချက်လိုက်တာနဲ့ ကြောက်စရာကောင်းတဲ့ အဆိပ်ဖြစ်သွားပြီး အဆိပ်မိတဲ့လူဟာ ဝမ်းလျှောတော့တာပဲ။ ဝမ်းတွေမရပ်မနားသွားပြီဆိုရင်တော့ အာရုံကြောတွေစတင်ပျက်စီးလာပြီဆိုတဲ့ အဓိပ္ပာယ်ပဲ'

သူ့မျက်နှာဟာ ကြောက်စရာကောင်းလောက်အောင် ပျက်ယွင်းသွားပြီး ဗိုက်က ပိုနာလာပုံနဲ့ ခန္ဓာကိုယ်ဟာ ခပ်ကိုင်းကိုင်း ဖြစ်လာတယ်။ ကျွန်တော်ဟာ အချိန်သိပ်ဆွဲလို့ မဖြစ်တော့မှန်း သဘောပေါက်လာတယ်။ ဒါကြောင့် ဝတ္ထုတိုသဘောအရ အကြိုဇာတ်သိမ်းလို့ခေါ်တဲ့(Pre ending)ကို စတင်လိုက်ရတယ်။

'ခင်ဗျားသိသွားသင့်တဲ့ အချက်တစ်ခု ကျန်သေးတယ်ဗျ။ အဲဒါကတော့ သူ့ချစ်သူဟာ ခင်ဗျားနဲ့ ကိုယ်လုံးကိုယ်ပေါက်ချင်း ခပ်ဆင်ဆင်တူတယ် ဆိုတာပဲ။

mgyoe.com

အလုံးတူ အရပ်တူ လူမျိုးဆိုပါတော့'

'ဘာကွ'

သူဟာ ဒေါသကြောင့် ကျွန်တော့်ဆီကို တစ်ဟုန်ထိုး ပြေးလာတယ်။ ဒူးလေးနဲ့ လှမ်းပစ်လို့ ရလျက်နဲ့ မပစ်တာဟာ ကျွန်တော့်ကိုယ်ပေါ်မှာ မြားဒဏ်ရာသင့်သွားမှာစိုးလို့လား၊ ဒါမှမဟုတ် ဒူးလေးကို သတိမရနိုင်လောက်အောင် ဒေါသကြီးသွားလို့လားဆိုတာ သူကိုယ်တိုင်မှသာ ပြောနိုင်မှာပါ။ ကျွန်တော်ဟာ သူ အဲဒီလို တုံ့ပြန်လာလိမ့်မယ်ဆိုတာ ကြိုတွက်ထားတာကြောင့် အချိန်မီရုံကလေး ရှောင်ပေးနိုင်ခဲ့တယ်။ စထိုင်ကတည်းက လျှိုအစပ်နားမှာ တမင်ထိုင်ခဲ့တာကြောင့် ကျွန်တော် ရှောင်ပေးလိုက်တယ်ဆိုရင်ပဲ သူဟာ အရှိန်လွန်ပြီး လျှိုထဲကို ပြုတ်ကျသွားတယ်။ ဒူးလေးဟာ သစ်ငုတ်နဲ့ တိုက်ပြီး ကျကျန်ခဲ့ပေမယ့် လူကတော့ လျှိုစောင်းအတိုင်း တလိမ့်ခေါက်ကွေးကျဆင်းသွားလေရဲ့။

ဒါပေမဲ့ ကံကောင်းထောက်မစွာ ဟိုးအောက်အထိ ပြုတ်ကျမသွားဘဲ သစ်ပင်တစ်ပင်ကို လှမ်းဆွဲလိုက်နိုင်တာကြောင့် အသက်ချမ်းသာရာရသွားတယ်လို့ ဆိုရမှာပါ။ သူဟာ လျှိုစောင်းက တွယ်တက်ဖို့ ကြိုးစားပေမယ့် မအောင်မြင်ပါဘူး။ ကျွန်တော်က သူကျန်ခဲ့တဲ့ ဒူးလေးကို ကောက်ယူလိုက်ပြီး သူ့ကို လှမ်းပြောလိုက်တယ်။

'ဟောဒီ မောင်းခလုတ်ကို ဆွဲညှစ်လိုက်တာနဲ့ မြားတံဟာ လှစ်ခနဲ ပြေးထွက်ပြီး ခင်ဗျားရင်ဝကို စိုက်ဝင်သွားလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော် မလုပ်ပါဘူး။ ခင်ဗျားသာ အင်အားတွေကို ချွေတာပြီး အဲဒီနေရာမှာ ဆယ့်ငါးမိနစ်လောက် တောင့်ခံနိုင်ရင် အသက်ရှင်မှာပါ။ လျှိုစောင်းက သိပ်အမတ်ကြီးမဟုတ်လို့ ခင်ဗျား တမင်လိမ့်မချရင် ဆက်မကျနိုင်တော့ဘူး။ ကျွန်တော် အခုပဲ အကူအညီတွေ သွားခေါ်လိုက်မယ်။ ဟုတ်ပြီလား'

သူက ကျွန်တော့်စကားကို နားမလည်သလိုမျိုး တအံ့တဩ မော့ကြည့်တယ်။

'ဟော့လူ ... မောင်ရင်ရူးနေပြီလား၊ ကျုပ်ကသေတော့မှာဆို...'

ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပြီး ခေါင်းယမ်းပြလိုက်တယ်။

'ခင်ဗျား မသေပါဘူးလေ။ အနည်းဆုံး ဒီနေ့တော့ ခင်ဗျားမသေနိုင်ပါဘူး။ ခင်ဗျား ကိုယ်ထဲမှာလည်း ဘာအဆိပ်မှ မိမနေပါဘူး။ ကဲ... ကျွန်တော် ဆယ့်ငါးမိနစ်အတွင်း ပြန်လာခဲ့မယ်'

တောထဲဝင်စက သစ်ခုတ်သမားတွေ တွေ့ခဲ့တဲ့နေရာဆီ မှန်းပြီး ကျွန်တော် ခပ်သုတ်သုတ်လျှောက်လာခဲ့တယ်။ လျှိုစောင်းက သိပ်ပြီး မမတ်လှတာမို့ သူသာ အသက်ရှင်လိုစိတ်ရှိရင် တစ်နေကုန်တောင် ခံနိုင်မှာသေချာပါတယ်။ တကယ်တော့ ကျွန်တော်ဟာ လျှို့ဝှက်သည်းဖိုဆန်ဆန် အလှည့်အပတ်နဲ့ ဝတ္ထုတွေရေးရတာ ဝါသနာထုံတဲ့ စာရေးဆရာမှန်း မသိခဲ့တာဟာ သူ့အတွက် ကံဆိုးတယ်လို့ ဆိုရမှာပါ။

ကျွန်တော်ဟာ အသေးအဖွဲအချက်အလက်တစ်ခုတလေသိရုံနဲ့ ဇာတ်လမ်းတစ်ပုဒ်ဖြစ်အောင် လက်တန်းဆင်နိုင်သူပါ။ အထူးသဖြင့် ထမင်းဆိုင်လေးထဲမှာ ဝမ်းပိတ်ဆေးနဲ့ ပိုးသတ်ဆေးတွေ သူထုတ်သောက်တာရယ်၊ သူ့မိန်းမဟာ သူ့ကိုလက်ထပ်ဖို့ စိတ်မဝင်စားတဲ့ တက္ကသိုလ်ကျောင်းသူဖြစ်ခဲ့ဖူးတာရယ် စတဲ့အချက်တွေသိရုံနဲ့ ကျွန်တော်ဟာ သူ့စိတ်ကို တုန်လှုပ်သွားစေမယ့် ဇာတ်လမ်းမျိုး စိတ်ကူးယဉ်ပြောပြနိုင်တဲ့ စာရေးဆရာပါလေ။

သူ့ကို တောင်စောင်းက ဆွဲတင်ပြီးမှပဲ ကျွန်တော်ဟာ သူ့မိန်းမနဲ့ တစ်ခါမှ မဆုံဖူးတဲ့အကြောင်း၊ ကုမ္ပဏီပိုင်ငွေတွေ အလွဲသုံးစားလုပ်မိတဲ့ကိစ္စကို တခြားနည်းလမ်းနဲ့ ဖြေရှင်းသင့်တဲ့အကြောင်း ပြောပြနားချရပါဦးမယ်။ ။

❐

နေနော်

မဟေသီ၊ ၂၀၁၁၊ ဖေဖော်ဝါရီလ။

mgyoe.com

mgyoe.com

# သူ့အရပ်နဲ့ သူ့ဇာတ်

မီမိုး

အရီအခန်းထဲကို ဝင်လာချိန် အဘွားညွန့်က ဧည့်ခန်းမှာထိုင်ကာ ငါးဘဲများကို ကျကျနန ကိုင်နေလေသည်။ အဝင်အထွက်တံခါးက စေ့ထားသည်မို့ အသာလေး တွန်းဖွင့်ဝင်လာပြီး အရီသာ ဧည့်ခန်းထဲ ရောက်လာသည်။ အဘွားညွန့်ကတော့ သူ့အိမ်ထဲ ဧည့်သည်တစ်ယောက်ရောက်လာသည်ကို နည်းနည်းမှ အသိအမှတ်မပြုပေ။ အန္တရာယ်များလိုက်သည့်ဖြစ်ခြင်း၊ တကယ်ဆို သက်ကြီးရွယ်အို အဘွားကြီးတစ်ဦးတည်း အိမ်မှာရှိနေချိန် ဒီလို တံခါးစေ့ထားခြင်းဟာ အန္တရာယ်ကို ဖိတ်ခေါ်နေခြင်းပေပေါ့။ တစ်လောကလေးတင် တစ်ရပ်ကွက်ခြားမှာ လူသတ်မှု ဖြစ်သွားခဲ့သေးတာရော၊ အရီတို့ ဒီမှာနေလာသည်မှာ နှစ်လေးဆယ်ရှိပြီ။ လူသတ်မှုဆိုတာ တစ်ခါလေးမှ မကြားဖူးခဲ့။ အခုတော့ ပစ္စည်းလိုချင်လို့ကို မြေးအဘွားနှစ်ယောက်လုံးကို ရက်ရက်စက်စက် သတ်သွားခြင်းတဲ့လေ။ တရားခံကလည်း သိပ်မကြာခင်မှာပဲ မိခဲ့တာပင်။ တရားခံကို သူဘယ်လို အမှုကျူးလွန်ခဲ့သည်ဆိုတာ အမှုဖြစ်သည့်နေရာမှာ ပြန်သရုပ်ပြခိုင်းလေတော့ အရီတို့ရပ်ကွက်က ရပ်ကွက်လုံးကျွတ်နီးပါး သွားကြည့်ခဲ့ကြသေးသည်။ စိတ်ထဲထင်သည်က တရားခံလည်း လုပ်တုန်းကသာ လုပ်ခဲ့တာ ခုချိန်ဆို သွေးပျက်နေလောက်ပြီ ထင်ထားသော်ငြား လားလား မျက်နှာကြောမာမာနှင့် သူ့လုပ်ရပ်သူ နောင်တမရသည့်ပုံ။ အရီကတော့ ကြည့်လိုက်မြင်လိုက်မိတာနှင့်ပင် ကြက်သီးဖြန်းဖြန်းထကာ တစ်ချိုးတည်း ပြန်ပြေးခဲ့သည်မို့ အစအဆုံးပင် မမြင်ခဲ့တော့။ မျက်စိထဲမှာ လည်း ဒီတရားခံရုပ်ကိုသာ ဖျောက်မရ၊ ဖျက်မရ ကြောက်မိနေသည်က နှစ်ရက်သုံးလောက်အထိ။ ကိုယ့်စိတ်ထဲမှာ စားသတိ၊ သွားသတိတွေ ဖြစ်လိုက်တာမှ ကိုယ့်အခန်း အဝင်အထွက်တံခါးကို သေချာ ပိတ်ပြီးသေမယ့်လည်း စိတ်မချနိုင်ဘဲ ထ ထကြည့်ရတာ အကြိမ်ကြိမ်၊ ဆွေမျိုးတွေ တံခါးလာခေါက်တာတောင် ချောင်းကြည့်ပေါက်က မြင်နေလျက်နှင့် ဘယ်သူလဲမေးပြီး ရုပ်နှင့်အသံပါတွဲစစ်လိုက်သေးတာ။ အကြောက်ကြီးမိပုံများပြောပါရဲ့။ ကြောက်တတ်တော့လည်း အန္တရာယ်ကင်းသည်ပေါ့။ အခုတော့ အဘွားညွန့်လုပ်ပုံက ကြောက်ပဲ မကြောက်တတ်တာလား။ ကြောက်ဖို့ပဲ မေ့နေတာလား မသိပါ။ တံခါးကို ဒုတ်ဒုတ်ချဖွင့်ပြီး လူတစ်ယောက်လုံး သူ့

 mgyoe.com



အနားရောက်တာတောင် မသိတာမို့ အေးရောပေါ့။

'အဘွား၊ ငါးဘဲရိုးစူးဦးမယ်။ ကျွန်မ လုပ်ပေးရမလား'

'အမယ်လေး၊ အရီ ညည်းလေးကလည်း အသံမပေးဘာမပေး'

'အဘွားက ဘာလို့တံခါးကြီး ဖွင့်ထားသေးလဲ။ ပိတ်ထားမှပေါ့။ ပေး ကျွန်မဆက်ကိုင်လိုက်မယ်။ အဘွားလက်သွားဆေးလိုက်တော့'

'နေ နေ ပြီးတော့မှာ၊ မောင်ပု စားချင်တယ်ဆိုလို့ လုပ်နေတာလေ'

ဒီ ဦးပုကလည်း တော်တော်ခက်သည်ပဲ။ အသက်ရှစ်ဆယ်ကျော်အမေကို ငါးဘဲစားချင်တယ်များ ပြောရက်ပါ့။ တကယ်ဆို အာသီသရှိတယ်ထားဦး၊ တော်ရာဝယ်စားရင် ဝယ်စား၊ မစားလည်း ကိုယ့်ဘာသာ စိစဉ်သင့်သည်ပေါ့။ သားယောကျ်ားလေးတွေများ အသက်ဘယ်လောက်ကြီးကြီး မိဘအပေါ် သိတတ်တယ်ဆိုတာကို မရှိပေ။ ဒါကြောင့်လည်း အန်တီနှစ်နှင့် ဦးပု မောင်နှမ မတည့်ခြင်းနေမှာ။

'ငါးဘဲအိုးကပ်လေးချက်ပြီး ငါးပိရည်အတို့ အမြုပ်လေးနဲ့ဆို မောင်ပုက ခေါင်းမဖော်တော့ဘူး၊ သိပ်ကြိုက်တာ'

ပြောလည်းပြော လက်ကလည်း ဆိုးဆတ်နှင့် ခေါင်းဖြုတ်လိုက်၊ ချေးထုတ်လိုက်လုပ်နေတာများ အဘွားညွှန့်တို့အသက်နှင့်တောင် မလိုက်ပေ။ ဘယ်သူကများ သူ့ကို အသက်ရှစ်ဆယ်ထင်ပါ့မည်လဲ။ မျက်နှာမှာ အခုအချိန်ထိ ပရိမီနာ ရေးရေးခံတုန်း။ ပွဲလမ်းသဘင်ရှိလျှင် နှုတ်ခမ်းနီပါးပါးဆိုးကာ မဆိုးသယောင် တစ်ရှူးနဲ့ပြန်ဖျက်ပြီး နဂိုနေနှုတ်ခမ်းသားဖြစ်အောင် လုပ်တတ်တုန်း။ အပေါ်အောက် လိုက်ဖက်တာလေးတွေ ဝတ်တတ်လိုက်တာမှ ဘယ်သူ့အကူအညီမှကို မလို။ ပိုက်ဆံလေး လက်ထဲ ပိုပိုလျှံလျှံရှိပြီဆို သူ့သွားတုတွေ ပြန်လုပ်ဖို့၊ အမေရိကန်ဖွိုးရှင်းသွားကာ မျက်မှန်ကိုင်းလဲဖို့၊ လုံးဝမမေ့မလျော့၊ သူ့တစ်ကိုယ်ရေတင့်တယ်ဖို့များ ပြေလည်အောင် သိပ်စိစဉ်တတ်သူဖြစ်လေသည်။ အခုလည်းကြည့်၊ အိမ်မှာနေရင်းတောင် အပေါ်က နံ့သာရောင် အောက်က အညိုပွင့်ပါတိတ်နဲ့ အိမ်နေရင်း လှအောင်ဆင်ထားသေး၏။ အဘွားညွှန့်ကိုကြည့်ကာ အရီ့စိတ်ထဲက ချစ်စနိုးဖြစ်လာသည်မို့ ရုတ်တရက် စလိုက်မိသည်။

'အဘွား၊ အဘွား အဲလို အကုန်လိုက်လုပ်ပေးနေနော်။ ဦးပုကြီး မိန်းမ မယူဘဲ နေလိမ့်မယ်။ နေရာတကာ လိုက်လုပ်မပေးနဲ့လေ'

'ဒီအရွယ်ကြီးမှ ယူမလားအေ။ ပေါက်ကရ'

အဘွားညွှန့်မှ ခပ်ပြုံးပြုံးလေး ပြန်ပြောရင်း မျက်နှာက ရုတ်ခြည်းပျက်သွားကာ အရီ့ကို တစ်စုံတစ်ခုပြောချင်ဟန်ဖြင့် ငေးကြည့်လာသည်။ တွဲကျနေသော အောက်နှုတ်ခမ်းသားများဟာ စကားလုံးတွေ ထွက်အန်ကျလုမတတ် တလှုပ်လှုပ်။ အရီမှာ အဘွားဘာပြောလာမလဲ စောင့်စားနေမိသော်လည်း အဘွားညွှန့်က စကားသံ ထွက်မလာသေးဘဲ ဝန်းကျင်ကို ဝေ့ဝဲကြည့်ပြန်လေ၏။ ပြီး ထိန်းချုပ်လိုက်ဟန်ဖြင့် ဘာ စကားမှ မပြောလာတော့ပြန်။ အရီမနေသာတော့ဘဲ

'အဘွား ဘာပြောချင်လို့လဲ'

အဘွားညွှန့် ခေါင်းထောင်ကြည့်လာကာ မပြောသာပြောသာ ခပ်လေးလေးကြီး ပြောချလာ၏။

'မောင်ပုကို ဟိုကောင် ဖျက်ဆီးနေတာအေ့။ စိတ်ညစ်ပါတယ်'

'ဖျက်ဆီးနေတယ်။ ဟိုကောင်ဆိုတာ ဘယ်သူလဲ အဘွားရဲ့'

'ဘယ်သူရှိမတုံး။ စံအောင်လေ။ စံအောင်ဆိုတဲ့ အကောင်ကို ပြောနေတာပေါ့။ သေချင်ပါတယ်အေ'

အဘွားညွှန့်၏ လေသံမှာ ကြားသာရုံ တိုးတိုးလေးပေမယ့် အရီကတော့ အနီးကပ်ထိုင်နေသည်မို့ သေချာစွာ ကြားလိုက်ရပါသည်။ သို့သော် ကိုယ့်နားကိုယ် မယုံ၍ နားကြားများ မှားလေသလား ဖြစ်မိသွား၏။ စဉ်းစားကြည့်၊ အရီဆိုတာက ဒီအိမ်နဲ့ အမြဲ အဝင်အထွက်ရှိနေသည့်သူ။ ဆွေမျိုးမဟုတ်သော်ငြား

mgyoe.com

mgyoe.com

ဆွေမျိုးအရင်းတွေထက်ပင် ပိုခင်မင်နေခဲ့သူလေ။ မရောက်ဘူးဆို တစ်လကို အနည်းဆုံး သုံးလေးခေါက်လောက်တော့ ရောက်ဖြစ်ခဲ့မြဲချည်းသာ။ အဲတစ်ခုတော့ ရှိသည်။ ပြီးခဲ့သည့်လကတော့ အရီကိုယ်တိုင် ရာသီဥတု အပြောင်းအလဲမှာ ခြေညောင်းလက်သေတွေဖြစ်ကာ အဘွားဆီ မရောက်ဖြစ်ခဲ့။ သို့သော်ငြား အဘွားရဲ့သမီးကြီး အန်တီနှစ်နှင့်တော့ ဖုန်းအဆက်အသွယ် မပြတ်ခဲ့ပါ။ သတင်းဦး သတင်းထူးဆိုလျှင် အရီရသင့်သည်ပေါ့။ အဘွားပြောသော စံအောင်ဆိုတာ အန်တီ့နှုတ်ဖျားက ယောင်လို့မှ မပြောခဲ့ချေ။ တစ်ခုခုတော့ လွဲနေပြီထင်ပါရဲ့။ အရီတို့ နှစ်ဦးနှစ်ဖက်မှာ ခင်လာခဲ့တာ သက်တမ်းက ကြာပြီ။ တကယ်ဆို ဟိုးအရင်ကာလများဆီက အရီတို့၊ အဘွား၊ အန်တီနှစ်၊ ဦးပုတို့ဆိုတာ အခန်းချင်းကပ်နေလာခဲ့ကြတာ။ နောက်တော့ သူတို့မိသားစုတွေမှာ အန်တီနှစ်တို့ကတစ်ဖွဲ့၊ လူပျိုကြီးဦးပုနဲ့ အဘွားက တစ်ဖက် သတ်သတ်စီ အိမ်ခွဲသွားကြပြီး ပြောင်းရွှေ့သွားကြလို့သာ နည်းနည်းဝေးသွားခဲ့ကြတာဖြစ်သည်။ ဘယ်လောက်ဝေးဝေး ဒီရပ်ကွက်ထဲမှာပဲဆိုတော့ အခင်မင်မပျက် အသွားအလာမပျက်ခဲ့ကြ။ အထူးသဖြင့် လူငယ်ဖြစ်တဲ့ အရီကပင် အန်တီတို့ဆီသွားလိုက်၊ အဘွားတို့ဆီ သွားလိုက် လုပ်ဖြစ်မြဲပါ။ ကိုယ့်စိတ်ထဲမလည်း သူတို့ မိသားစုတွေ နှစ်ဖွဲ့ကွဲသွားတာကို လည်စရာအိမ် တိုးတယ်လို့တောင် သတ်မှတ်ဖြစ်သေးရဲ့။ ဒီလိုမျိုး ခင်မင်မှုကြားမှာ မသိဘူးဆိုလိုက်သောကိစ္စ ရှိကိုမရှိခဲ့ဘူး။ ဒီစံအောင်ကိစ္စကျမှ အရီမသိဘူးဖြစ်သွားရသည်ကို စိတ်ထဲ နည်းနည်းတော့နေမထိထိုင်မသာ ဖြစ်သွားသလို ခံစားလိုက်ရသည်။

'အဘွား နေပါဦး၊ အရီ့ကို ပြောစမ်းပါဦး။ စံအောင်ဆိုတာက ဘယ်သူလဲ၊ အရီလည်း မသိရပါလား'

'စံအောင်လေအေ။ အခုအိမ်မှာရှိနေတဲ့ကောင်ပေါ့။ လူမိုက် လူမိုက်'

အဘွားက သိသိသာသာ တိုးချလိုက်တဲ့အသံနဲ့ အခိုင်အမာ ပြောလာပါသည်။ အရီ့မှာ အံ့သြပြီးရင်း အံ့သြရင်း။ အဘွားပြောပုံအရဆိုရင် စံအောင်ဆိုသည့်လူဟာ ယခုတောင်ရှိနေသည့်ပုံမို့ မျက်လုံးကို ကျိုးကန်းတောင်းမှောက် ကြည့်လိုက်မိသည်။ အရီပဲ မျက်စိချော်လေသလား။ မြင်သမျှတော့ သာမန်အရင်မြင်နေကျ အဘွားနှင့် ဦးပု၏ အသုံးအဆောင်များသာ တွေ့နေရသည်ပင်။ အတပ်တော့ မပြောနိုင်ပါ။ အဘွားတို့အခန်းက အိပ်ခန်းနှစ်ခန်းပါအခန်းမို့ ဟိုးအနောက်ခန်းမှာ ဧည့်သည်က ရှိချင်ရှိနေနိုင်သည်ပဲ။ အရီလည်း အဘွားလေသံလိုက်နင်းကာ ခပ်တိုးတိုး ပြန်မေးဖြစ်တော့၏။

'အခု ဧည့်သည်ရှိနေလား'

အဘွားက နှုတ်ခမ်းတစ်ချက်မဲ့ကာ ခေါင်းခါပြပြီး အခန်းထောင့်ကို မေးငေါ့ပြလျက် 'ဟိုမယ်လေ သူ့အိတ်၊ အိတ်ထဲမလည်း အိမ်ကပစ္စည်းတွေ ဘယ်လောက်တိုလျှိုထားလဲမသိဘူး။ သူ့အလစ်မှ စစ်ရဦးမယ်' ဟု ဆိုလာသည်။ အရီပါးစပ်အဟောင်းသားဖြစ်သွားကာ အဘွားပြရာ ကြည့်လိုက်ချိန် တကယ်ပဲ ဖောင်းကားနေသော ကျောပိုးအိတ်တစ်ခုက နံရံမှာ ကပ်လျက်သားလေး။ အရီ့စိုးရိမ်စိတ်များ ငယ်ထိပ်ထိ တက်ဆောင့်လေသည်။ အဘွားညွှန့်တို့အိမ်မှာ ဘာတွေများဖြစ်ကုန်ပြီလဲ။ ဒီအကြောင်းများကို အန်တီနှစ်က ဘာကြောင့်မသိရတာလဲ။ အဘွားကရော ဒီလောက် စိတ်မချရတဲ့သူတစ်ယောက်ကို ဘာကြောင့်များ အိမ်ပေါ်ခေါ်တင်ထားရတာလဲ။ အဘွားညွှန့်ဟာ ဦးပုအပေါ်မှာ ချစ်သော်လည်း သူ့သြဇာကတော့ အခုထိညောင်းတုန်းဆိုတာ အရီတို့သိနေသည့်ဟာ။ ဘာတွေဖြစ်ကုန်လို့ပါလိမ့်။ အရီအတွေးများရှုပ်ထွေးစွာနဲ့ပဲ အဘွားရဲ့ ငါးဘဲကိုင်နေတဲ့လက်ကိုဆွဲရပ်ရင်း အသိချင်ဆုံးမွေးခွန်းကို မေးလိုက်မိတော့သည်။

'အဘွားတို့က အဲ့လောက်စိတ်မချရတဲ့သူကို ဘာလို့ အိမ်ပေါ်ခေါ်တင်ထားရတာလဲ။ အန်တီနှစ်ရော ဒီအကြောင်းသိလား'

mgyoe.com

mgyoe.com

ရှူး'

အရီ့ကို ဖြေအံ့ဆဲ အဘွားမှာ အိမ်ပေါက်ဝမှ အသံတစ်ခုကို အကြားမှာတော့ တိတ်တိတ်နေရန် အသံပေးအမူအရာပြကာ ကိုင်လက်စ ငါးခွက်ကို ကမန်းကတန်း သိမ်းလျက် နောက်ဖေးကို ထွက်သွားလေတော့သည်။ အရီကတော့ အရေးကောင်း ဒိန်းဒေါင်းဖျက်သူကို လှည့်ကြည့်လိုက်ချိန် အိမ်ထဲဝင်လာသူက အပြင်မှ မောကြီးပန်းကြီးဟန်နှင့် ပြန်လာသူ ဦးပု။

'ဟဲ့ ညည်း ဘယ်တုန်းကရောက်၊ ညည်း ခုတစ်လော ပျောက်နေသလားလို့ ငါနဲ့အမေတောင် မနေ့က ပြောဖြစ်သေးတယ်'

'ဟုတ်၊ အရီ ခုတစ်လော ချူချာပူနာဖြစ်နေလို့'

'ဟားဟား ညည်းအရွယ်က ပြောနေတယ်။ ငါတို့၊ အမေတို့ပြောဖို့များ ထားပါဦးဟာ'

ဦးပုက အရီ့စကားကို ရယ်ရယ်မောမော တုံ့ပြန်ကာ ထိုင်ခုံပေါ်ထိုင်ရင်း မျက်နှာပေါ် သီးထနေသော ချွေးများကို ဘယ်ပြန်ညာပြန်သုတ်နေလေ၏။ ဦးပုအသံကို နောက်ဖေးမီးဖိုချောင်မှ ကြားသွားပုံရသော အဘွားညွန့်ကတော့ ကပျာကယာလေးထွက်လာကာ လက်ထဲမှာလည်း မျက်နှာသုတ်ပဝါလေးကိုင်လို့ရယ်။ ပါးစပ်ကလည်း သုတ်လိုက်ဦး၊ သုတ်လိုက်ဦးနှင့် ရင်ခွင်ပိုက်သားလေး ချွေးအအေးပတ်မှာ စိုးရိမ်ကာ ပြောနေသည့်အတိုင်း၊ အရီမှာ ရှစ်ဆယ်ကျော်အမေနှင့် ခြောက်ဆယ်ကျော်သားတို့၏ မေတ္တာတရားကိုကြည့်ကာ မျက်ရည်တောင် လည်ချင်ချင်ရယ်ပါ။ သူများတွေများ ဒီအရွယ်ဒီအသက်ထိ ဂရုစိုက်မည့်အမေရှိတုန်း။ အရီ့မှာတော့ ပြေးကြည့်စရာ အမေမရှိတော့တာ သုံးနှစ်စွန်းခဲ့ပြီ။ အမေရှိတုန်းကဆို အဘွားညွန့်နှင့်အမေက အလွန်ချစ်ခင်ခဲ့သူများ ဖြစ်ကြသည်။ အန်တီညွန့်ရယ်၊ လွင်လွင်ရယ်နှင့် ဆော်ဒါအရင်းကြီးတွေ၊ အဘွားညွန့်က သူ့လိုအလုကြိုက်သော အရီတို့အမေနှင့် ပလဲနံပရှိလှတာ ဆန်းတော့မဆန်းလှပေ။ အဘွားညွန့်က သူ့သားချွေးသုတ်ပြီး ပြန်ပေးသော လက်ကိုင်ပဝါလေးကိုင်ကာ အထဲပြန်ဝင်သွားချိန်မတော့ အရီလည်း အတွေးစဖြတ်ကာ ဦးပုကို သီချင်တာများမေးဖို့ ပါးစပ်အဟမှာတင်...

'ဟော့ကောင် အဆင်သင့်ဖြစ်ပြီလား။ သွားကြမယ်လေကွာ'

'သွားမယ်၊ ငါက အားလုံးရယ်ဒီပဲ။ မင်းစောင့်နေတာ'

'အောင်မာ လခွီး။ ငါကပဲ နောက်ကျတဲ့ အချိုး။ လုပ်လုပ် ဟိုကောင်မတွေ တမျှော်မျှော်လုပ်နေမယ်။ သွားမယ်လာ။ သူတို့က စောင့်နေရရင် အချိုးကမပြေချင်ဘူး'

အရီ့မှာ အာကျယ်ပါကျယ်အသံနှင့် ရောက်ရှိလာသော ချစ်ခင်နှစ်သက်ဖွယ်မရှိသည့် ဦးပုတို့အရွယ်ရှိ ထိုယောကျ်ားကြီးကို မနှစ်မြို့စွာ ကြည့်နေမိတော့သည်။ ဘယ်သူလဲဆိုသောအတွေးနှင့် အကဲခတ်နေဆဲမှာပင် ထိုလူကြီးက အခန်းထောင့်ကို ဆိုးဆတ်ဖြင့်သွားကာ ကျောပိုးအိတ်ကို ယူလျက် လွယ်လိုက်ချိန် အရီ့စိတ်တွေ ထိတ်ခနဲ။ ကြည့်စမ်း။ ဒါ အဘွားပြောသော စံအောင်ဆိုသည့် လူကြီးများလား။ ထိုလူကြီးက ကျောပိုးအိတ်လွယ်ကာ ပေါ့ပါးသွက်လက်စွာ ရှေ့ကထွက်သွားချိန် ဦးပုတစ်ယောက်ကတော့ အရီ့ကိုတောင် နှုတ်မဆက်နိုင်ဘဲ အူယားဖားယား ပါသွားလေတော့သည်။ ကျောပိုးအိတ်ကြီး ပါသွားပြီဆိုသော အသိနှင့်အတူ အရီ့မှာ အဘွားကို အကျိုးအကြောင်းပြောဖို့ ထလိုက်ချိန် အဘွားညွန့်ကလည်း သူ့အလုပ်တွေပြီးသွားပုံနှင့် ဧည့်ခန်းကို ပြန်ထွက်လာလေသည်။ သူ့လက်ကို ငါးညှီနံ့တွေနံမှာစိုး၍ထင့် လက်ကို ပေါင်ဒါလေးတပွတ်ပွတ်လုပ်ကာ ပြန်နမ်းလို့ကြည့်နေသေးသည်။

'အဘွား၊ အဘွားသားတော့ ပါသွားပြီ'

'ဟုတ်လား'

'ကျောပိုးအိတ်လည်း ပါသွားပြီ အဘွားရေ၊ အရီလည်း အဘွားကို အသံပြုဦးမလို့ မမီတော့ဘူး'

mgyoe.com

'သြော် အေးအေး'

'အဘွား ဒီကိစ္စတွေ အန်တီနုစ်သိလား။ တကယ်ဆို အန်တီနုစ် ဖြေရှင်းပေးရမှာ'

'ငါးဘဲကျတော့မယ်။ တစ်ခါတည်းစားသွားပါလား။ မောင်ပုမရှိတော့ တစ်ယောက်တည်း စားရမှာ ပျင်းစရာကြီးဟဲ့။ နေပါဦး ဘယ်နှစ်နာရီလဲ။ ဟော တော့ ဆယ့်တစ်နာရီခွဲနေပြီပဲ။ အဲဒါကြောင့် ဆာတာ တာဖြစ်နေတာ။ သွားပြင်လိုက်ဦးမယ်။ ခဏလေး ခဏ ခဏ'

အဘွားညွန့်က ပြောချင်ရာပြောကာ ထွက်သွားပြန်လေသည်။ လူကြီးကို ဖွတ်အတင်း သွားမေးနေလို့လည်း မတော်ဘူးထင်ပါရဲ့။ စားသောက်ပြီးခါမှ အခြေအနေကြည့်ကာ ထပ်မေးဖို့ စိတ်ထဲပြင်ဆင်ထားမိသည်။ ကိုယ်သိထားတော့ အန်တီနုစ်ကို သူမပြော ကိုယ်ပြောလို့ရသည်ပေါ့။ အရီ့မှာ ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် ဟုတ်နေပြီး အဘွားကို ထမင်းကူပြင်ပေးရန် ထိုင်လိုက်ချိန် 'အမေရေ' ဆိုသော အသံနှင့်အတူ အပေါက်ဝမှာ ရောက်ချလာသူက အန်တီနုစ်။ နတ်သိကြားများ မလိုက်သလား ထင်ရအောင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာသည်မို့ အရီ ဝမ်းသာလိုက်သည်ဖြစ်ခြင်း၊ အန်တီနုစ်ကို အမေရေ ထပ်မအော်ဖြစ်အောင်တားရင်း ထိုင်ခုံ များဆီဆွဲခေါ်ကာ အရီ့မှာ ကိုယ်သိသမျှ၊ အံ့အားသင့်သမျှ အခြေအနေများကို တတွတ်တွတ် တိုင်တန်းနေမိတော့သည်။ အဘွားပါးစပ်က စံအောင်ဆိုသော နာမည်၊ အခန်းထောင့်က ကျောပိုးအိတ်၊ အဘွားရဲ့ စိတ်ညစ်မှု၊ ဦးပုကို လာခေါ်တဲ့သူ စသဖြင့် စသဖြင့် ...။

အန်တီနုစ်ကတော့ အရီပြောသမျှကို တငေးတမော နားထောင်နေလေသည်။ သို့သော် ပြောနေသူ အရီကသာ မျက်နှာမှာ ရသကိုးပါးပေါ်အောင် ဖော်ကျူးဖြစ်နေသော်လည်း အန်တီနုစ်ကတော့ တစ်သမတ်တည်းသော မျက်နှာသေလေးနှင့် နားထောင်နေတာမို့ အရီ့မှာ ပြောနေရင်းက အားမလိုအားမရဖြစ်မိကာ...

'အန်တီနုစ် အရီပြောတာ ကြားရဲ့လား'

'ဟေ အေး။ ကြားပါတယ် အရီရယ်။ အန်တီနုစ်နားထောင်နေတာပဲ။ အန်တီနုစ်လည်း ဒီအကြောင်းတွေသိပါတယ်'

'ဟမ်၊ သိတယ်၊ ဘယ်သူပြောပြတာလဲ'

'အမေလေ'

'ဒါတောင် အန်တီနုစ်က တစ်ခုခု လုပ်မပေးဘူးလား။ စံအောင်ဆိုတဲ့လူက သားအမိနှစ်ယောက်စလုံးကို သတ်သွားမှ ဟုတ်ပေ့ဖြစ်နေမယ်'

'မဟုတ်တာ အရီရယ်'

'အမယ်လေး၊ အန်တီနုစ်က လျှော့တွက်နေတယ်။ ဒီလောက် အမှုအခင်းတွေ ပေါ်နေတဲ့ဟာ၊ ပေါ့လိုက်တာ အန်တီနုစ်ရယ်'

'ဟင်း ဟင်း ဟင်း'

'အန်တီနုစ် ရယ်နေနော်။ စံအောင်ဆိုတဲ့လူကြီးက ကြောက်စရာကြီး။ အရီဖြင့် သူ့ပုံမြင်ရုံနဲ့ လန့်တယ်'

'စံအောင်'

'အင်းလေ။ ခုနလေးတင် ဦးပုနဲ့ ထွက်သွားကြပြီလေ။ အိမ်ကပစ္စည်းတွေလည်း သူ့အိတ်ထဲပါသွားတယ်။ အဘွားပြောတာပဲ'

'ဟောတော့။ အရီ မှားနေပြီ။ အရီမြင်လိုက်တာ ကိုပုနဲ့ အလုပ်အတူတွဲလုပ်တဲ့လူ။ အန်တီနုစ်နဲ့တောင် အောက်မှာ ဆုံလိုက်သေးတယ်။ ရုပ်ကြမ်းပေမဲ့ စိတ်ရင်းကောင်းပါတယ်ဟယ်'

ဒီတစ်ခါတော့ အရီ ပါးစပ်ပိတ်ရသည့် အလှည့်ပဲဖြစ်တော့သည်။ အန်တီနုစ်က အခုတစ်လောမှာ ဖောက်ပြန်လာသည့် အဘွား၏ ကျန်းမာရေး အခြေအနေများကို ပြောပြနေလေသည်။ စားစားသောက်သောက် သွားသွားလာလာ အပိုင်းတွေမှာ ပုံမှန်ရှိပါလျက် အဘွားက သူချစ်သောသား ဦးပုကိုကျ နှစ်ကိုယ်ခွဲ ထင်မြင်နေကြောင်း ဘယ်လိုအစွဲရယ်ကြောင့် စံအောင်ဟု နာမည်ပေးထားမှန်းလည်း မသိကြောင်း၊ ဦးပုနဲ့တည့်လျှင် သူ့သားကို ကိုပုမှန်းသိတတ်ပြီး သူမကြိုက်တာတွေ ဦးပုလုပ်လျှင်တော့ စံအောင်ဟု

mgyon.com

စွပ်စွဲကာ သူခိုး၊ ဓားပြဖြစ်အောင်ထိ ပုဒ်မ တပ်တတ်ကြောင်း၊ အဘွားပါးစပ်ထဲမှာ ဦးပုမှာ ကိုပု ဖြစ်လိုက်၊ စံအောင်ဖြစ်လိုက် နာမ်စားကွဲနေရကြောင်းများ ပြောပြနေသည်။ အရီမှာ အန်တီနှစ်ပြောသမျှ တအံ့တသြ နားထောင်နေရင်း...

'ဖြစ်ရလေ အန်တီနှစ်ရယ်။ နေပါဦး အဘွားက အဲဒီစံအောင်ဆိုတာကြီး ဘာလို့နာမည်တပ်ရတာတုံး'

'အေး၊ အဲဒါကို ငါတို့လည်း အံ့သြတာ အရီရေ။ မှန်းကြည့်တာတော့ သူ့စိတ်ထဲ မုန်းခဲ့တဲ့လူတစ်ယောက်ယောက်နေမှာပေါ့'

'ဘာပဲဖြစ်ဖြစ် အန်တီနှစ်တို့က အဘွားလွဲနေတာကို သေချာရှင်းပြဖို့ ကောင်းတယ်။ အဘွား အဲဒီလို ထင်ယောင်ထင်မှားနဲ့ စိတ်ဒုက္ခရောက်နေတာ သနားပါတယ်။ သူစိတ်ပင်ပန်းနေမှာပေါ့ အန်တီနှစ်ရယ်'

အရီ့စကားအဆုံးမှာတော့ အန်တီနှစ်က ပြုံးပြုံးလေးငေးကြည့်ရင်း...

'ဘာလုပ်မလဲ အရီရယ်၊ သူ့အလွဲလေးနဲ့သူ အသားကျနေပြီးပဲဟာ။ လွဲစရာမရှိရင် အမေပျင်းတောင်နေဦးမှာ' တဲ့လေ။

အရီ ဘာစကားမှ ပြန်မပြောနိုင်အောင် အန်တီနှစ်ရဲ့ ဖိလော်ဆော်ဖီမှာ နစ်မျောသွားတော့သည်။ ထိုအချိန်မှာပင် အဘွားညွန့်က နောက်ဖေးဆောင်က ထွက်လာပြီး...

'ဟဲ့ ဟိုနှစ်ယောက် ဘာတွေ တွတ်ထိုးနေလဲ။ စံအောင်မရှိတုန်း ထမင်း အေးအေးဆေးဆေး စားရအောင် လာကြလေ' တဲ့။

အန်တီနှစ်က 'ဟုတ်ကဲ့အမေ' လို့ အသံပြန်ပြုရင်း အရီ့ကို ဘယ့်နှယ့်ရှိစဆိုတဲ့ပုံနဲ့ လှမ်းကြည့်နေလေရဲ့။ ကဲ ပျင်းမှာစိုးလို့ လွဲနေတာတောင် ပြန်မပြင်တဲ့ ဒီအရပ်မှာ အရီကရော ဝင်ပြင်ပေးလို့ ဖြစ်မတဲ့လား။ လက်ဆေး ထမင်းစားပြီး နေသာသလို နေရုံသာ ရှိတော့သည်ပေါ့။ အဘွားက အသားကျနေပြီလို့ အန်တီနှစ်က ပြောနေတာကိုး။

❐

မိမိုး

ရွှေအမြုတေ၊ ၂၀၁၁၊ ဖေဖော်ဝါရီလ။

mgyoe.com

mgyoe.com

# ဘုံနိဗ္ဗာန် လူကြီးကျွန်နိုင်ကောင်းပါရဲ့

## ပန်းရေဂျိုး (မိုးကုတ်)

'ဒါဖြင့် လှူရမှာလား၊ မလှူရဘူးလား'

'လှူရမှာပါဘုရား'

'ကိုင်း လှူကြ'

ကြည့်ကြည့် လုပ်ပြီ။ ဒေါ်မေအုန်းတို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ အရဏ်တက်ရောင်နီလေးတောင် မသန်းချင်သေးဘူး။ မှောင်နဲ့မည်းကြီးထဲမှာ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ကက်ဆက်ကို ထဖွင့်ပစ်လိုက်တာ။ ထွန်းကားပါပေ့ဆိုတဲ့ ဒီနေ့လို ခေတ်ဆန်းပြားကြီးထဲမှာ တိပ်ခွေနဲ့ဖွင့်ရတဲ့ ကက်ဆက်ဆိုတာမျိုးက ကျဲပါးမှိန်ပျောက်လုဖြစ်နေပေမယ့် ငါ့အဖေရဲ့အမွေလေးမို့အဆိုပြီး ဒေါ်မေအုန်းကတော့ သက္ကာယအစွဲတွေ ကြီးနေတုန်းပါပဲ။ သူဖွင့်ထားတဲ့ တရားခွေကို ကိုယ်တိုင် စိတ်လိုလက်ရ ဒူးလေးတုပ်ပြီး နာနေတယ် များ မှတ်မနေနဲ့ တရားသံကတခြား လက်ကကားရား။

'ကာလနာတွေ နိုးနေတာများ ထကြတာ မဟုတ်ဘူး။ ဟိုသေနာမလေးကရော စောစောထပါ ဆိုတာ အတန်တန်ပြောထားရက်နဲ့ ညဥ့်သန်းခေါင် သန်းလွဲ ခွေတွေထိုင်ကြည့်၊ မနက်ကျ မထနိုင်တော့ဘူး။ အိပ်ရမယ့်အချိန်တွေမှာ ထထိုင်လို့၊ ထရမယ့် အချိန် အိပ်နေတာများ အကောင်းမှတ်နေကြလား ထကြ'

ဒေါ်မေအုန်းက ပါးစပ်သေနတ်ကို ကျည်တောင့်တွေအတွဲလိုက်ဆွဲပြီး ယမ်းခိုးငွေ့ လေမွှန်အောင် ပစ်နေသလောက် သူ့သားသမီးတွေကတော့ မဖြုံရေးချမဖြုံ။ စောင်ခြုံတောင်မလှပ်။

'သတ္တဝါအားလုံး အစာရေစာများ ရှာလို့ဖွေလို့ လွယ်ကူကြပါစေ လာလာ ဒီ ဒီ ဒီ'

လမ်းထိပ်က ခိုတွေကို ဆန်ကွဲလေး တစ်လမြှုတစ်လမျက် ကြဲပက်တာများ တစ်ရပ်ကွက်လုံးလန့်နိုးအောင် အော်ခေါ်နေတော့တာ ပွက်လောညံလို့။ ပဲခြမ်းစေ့တို့၊ ပြောင်းဖူးစေ့တို့ တစ်စလယ်၊ တစ်ခွက်မျိုး နေ့တိုင်းကျွေးနေတဲ့သူတွေတောင် ဘာအသံမှ မကြားရဘူး။ သူ့ကျမှ မဏ္ဍပ်တိုင်ကို တက်ချင်လိုက်ရတာ အာခေါင်ဖျားအထိ။ ညောင်စေ့လောက်နဲ့ ညောင်ပင်ကြီးအကျိုးမျိုးကို မျှော်ကိုးတမ်းတနေတာများ ပီပြင်လွန်းလိုက်တာ။

'အနာမျိုး ကိုးဆယ့်ခြောက်ပါး၊ မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်

mgyoe.com

ငြိမ်းသည်သာဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ... ဟိုအဖေသေတွေ ထကြတော့လို့ ပြောနေတာ မကြားဘူးလား'

အကုသိုလ်စိတ်တွေ အပြည့်အသိပ်နဲ့ အိပ်ရာက နိုးထလာရတဲ့ မနက်ခင်းသစ်တိုင်းဟာ ဘယ်လောက်များ ရိုင်းလိုက်မယ့် အကျည်းတန်ဝန်းကျင်လဲလို့ ပိုင်းမှုံတွေးလို့တောင် မကြည့်ချင်ဘူး။ ဒေါ်မေအုန်းအကြောင်း ခေါင်းထဲမရောက်ချင်ပေမဲ့ နေလို့မှ မရတာ။ နိစ္စဓူဝ မနက်လင်းတိုင်း ကြားနေရတဲ့ ဒီအသံတွေကို ပိုင်းမှုံ နားယဉ်သလောက် ဖြစ်နေပြီ။ အိမ်ချင်းက ကပ်ရက်ဖြစ်နေရတဲ့အထဲ ပိုင်းမှုံတို့အိမ်က ထရံလေးပဲကာနေရတာဆိုတော့ မကြားချင်မှနေရော။

သုံးဆယ့်တစ်ဘုံမှာ လူလာဖြစ်ရတာ တူပေမယ့် လက္ခဏာချင်း ကွဲပြားကုန်တော့ ဟိုဘက်ဘဝက ကံတွေရယ်၊ ဒီဘက်ဘဝက ဉာဏ်ဝီရိယတွေနဲ့ ပေါင်းဆုံပြီး ဒေါ်မေအုန်းတို့အတွက် လောကစံအကောင်းလေးပါးစလုံးက လန်းနိုင်တာပေါ့။ ပိုင်းမှုံကျတော့ အဖေရယ်လို့မှ အားရအောင်ခေါ်မဝသေးခင် လုပ်ငန်းခွင်ထဲမှာ ဖခင်ကြီးက ရုတ်တရက်တိမ်းပါးသွားရတာမို့ မြစ်လယ်မှာ တက်ကျိုးခဲ့ရတယ်လို့ပဲ ဆိုရမှာပေါ့လေ။ ကျန်နေတဲ့ အစ်ကို၊ အစ်မတွေဆိုတာလည်း အိမ်ထောင်တွေ အသီးသီး ခွဲထွက်သွားကြတော့ ဒီအမေအိုနဲ့ ညီမလေးကို လှည့်ကြည့်ဖို့ နေနေသာသာ ခရမ်းချဉ်၊ ကြက်သွန်ကအစ ဒီမှာပဲ လာနှိုက်နေတော့ ခက်လိုက်တာရယ်လို့တောင် ညည်းဟစ်ချင်ပါဘူး။

မကြောက်ပေါင်တော်၊ ပိုင်းမှုံ မိန်းမသားပေမယ့် လောကဓံဆိုတာကြီးကို နည်းနည်းလေးမှ မမှုပါဘူး။ ဒီအမေနဲ့ ဒီသမီးနှစ်ဝမ်းနှစ်ခါးတော့ သမ္မာအာဇီဝနဲ့ ဘာပဲလုပ်ကိုင်စားပါရစေ၊ ရင်ဆိုင်ရဲပါတယ်။ အဲဘုရားမကြိုက်တဲ့ အလုပ်မျိုးတွေနဲ့ ရှာဖွေစားနေရမှ ရှက်ရမှာ။ သူများအိမ်က အဝတ်တွေ အငှားလျှော်ဖွပ်တာ ရှက်စရာလို့ ပိုင်းမှုံတစ်ခါမှ မတွေးမိပါဘူး။ ရပ်ကွက်ထဲက နှစ်အိမ် သုံးအိမ်မှာ အလုပ်ဝင်ပြီးလို့ နှစ်ထောင်၊ သုံးထောင်ရလိုက်တယ်ဆိုရင် ပြီးပြီ။ သားအမိနှစ်ယောက် ဒူးဖုံ့ထောင်ခေါက်ရင်း ဗိုက်ရိုက်စားလို့ရတယ်။ တုံးလုံးစာ၊ မတ်တတ်စာတွေလား၊ သွားစမ်းပါ၊ ပိုင်းမှုံ နားမလည်ပါဘူး။ လတ်တလောနေ့ညတွေမှာ အမေနဲ့ပိုင်းမှုံတို့ အစာအိမ်ဂနာငြိမ်တယ်ဆိုပြီးရော။

*

ဆန်စျေးများကလည်း မှိုင်းဝနေပြီမို့ တွေးသာကြည့်တော့၊ နို့ဆီဘူးရှစ်လုံးမပြည့်ချင်တဲ့ တစ်ပြည်ဝင်စာကို မြန်မာကျပ်ငွေ တစ်ထောင်နဲ့အထက်မှ အကုန်မခံနိုင်ရင် လည်ချောင်းနင်ဖို့သာ ပြင်ထား။ ဈေးသက်သာတယ်လို့များ အကြည်နူးမစောလိုက်လေနဲ့။ ခဲသလဲနိုင်းချင်း၊ စပါးလုံးတင်းကျမ်း၊ အဖျင်းအသိမ်တွေနဲ့ ညားတော့မယ်သာမှတ်။

အဲသလို ဝမ်းတံစ်ထွာဖြည့်စာတွေရဖို့ လပေးနဲ့လည်း အဝတ်မလျှော်ချင်တာ အမှန်ပဲ။ သူ့လခယူထားပြီဆိုတော့ နေပူ၊ မိုးအေးလုပ်ကိုင်ပေးနေရတာ မနိပ်လှဘူး။ လူပါဆို သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်ပေါ့နော်။ မိုးတစိမ့်စိမ့်နဲ့ နေမကောင်း ထိုင်မသာဖြစ်လည်း ကိုယ်မသွားဘူးဆို ဖွတ်ကိုလာခေါ်ကြတော့တာ။ အဝတ်တွေက ပုံနေပြီ။ ဖားဥစွဲကုန်တော့မှာနဲ့၊ ဘာနဲ့ ကိုယ်ချင်းလည်း မစာကြဘူး။ ဒါကြောင့် အမြဲတမ်းလခနဲ့ မလျှော်ချင်တာပေါ့။ ခိုင်းချင်ရင် လျှော်မယ့်နေ့ကျမှ လာခေါ်လိုက်၊ စိတ်ပါရင် ထလုပ်လိုက်မယ် အေးရော။

သူများအိမ်မှာ လိုက်လျှော်တော့ ဆပ်ပြာကုန်လွန်းတယ်တွေလည်း မကြားရတော့ဘူး။ သူတို့ရှေ့မှာ မြှင်နေတာကိုး။ ပိုင်းမှုံတို့က သူများပစ္စည်းကို ဘယ်တုန်းကမှ မတော်လောဘမရှိခဲ့ဘူး။ ဆင်းရဲပါတယ်ဆိုလည်း ပြောင်ပြောင်ပဲ မွဲပြလိုက်ချင်စမ်းတယ်။ ဒီဘဝရဲ့ မပြေလည်တဲ့ ဒုက္ခမျိုးတွေကို သံသရာအထိ သယ်မသွားချင်ပေါင်တော်။ ဒါလောက်တော့ ပိုင်းမှုံ သိတတ်သေးတယ်။ အချို့အိမ်တွေက ဆပ်ပြာသုံးတာကို သံသယမျက်စိတွေနဲ့ကြည့်ပြီးပြောတာ ခံရ

mgyoe.com

mgyoe.com
ခက်လွန်းလို့။

အဲဒီ ဒေါ်မေအုန်းတို့ ပိုဆိုးပေါ့။ ဇလုံဇလား အပြည့်အသိပ်နဲ့ သူ့သားသမီးတွေရဲ့ ဂျင်းန်တွေက များများ။ ဒီကြားထဲ စောပါသေးတယ်အေဆိုပြီး ခြင်ထောင်ကြီးနဲ့ အိပ်ရာခင်းတွေ ဆွဲယူချလာပေးသေးတယ်။ ဒါနဲ့များ ဆပ်ပြာမှုန့်တွေ ကုန်ရကောင်းလားလို့ ငြိုငြင်လာရင် ဝိုင်းမှုံတို့က စိတ်ချဉ်ပေါက်ကရော ပဲ။ ဘယ့်နှယ် အဝတ်လျှော်ခပိုက်ဆံ ပေးရတော့မယ် ဆိုရင်ဖြင့် သော့တွဲကြီး တသသကိုင်ပြီး တွန့်လား၊ တိုလားနဲ့။

'ဝိုင်းမှုံရဲ့ သိလား၊ ဒီဘဝမှာ စင်ကြယ်ထားမှ ဖြစ်မှာအေ့။ ဘာကိုပဲလုပ်လုပ် စေတနာလေးထည့်ပြီး လုပ်ရတယ်။ ဒါမှ တစ်ဘဝချင်း ပါရမီဖြည့်ရင်းနဲ့ နိဗ္ဗာန်ပန်းတိုင် လှမ်းကိုင်နိုင်မှာ'

အမ်မာလေး သူမှ အပြောကောင်းလို့။ ဝိုင်းမှုံ မျက်နှာကို တစ်ဖက်လှည့်ပြီး မဲ့နေဖြစ်တယ်။ ပြော လိုက်ရင် ချောလို့။ လောကမှာ စိတ်ကောင်းထားပါ ဆိုတဲ့စကားဟာ အပြောလွယ်သလောက် ကျင့်ကြံ နိုင်ဖို့ အခက်ဆုံးဆိုတာများ ဝိုင်းမှုံလက်ခံထားတာပဲ ကြာလှပြီ။ အဲသလိုပဲ သူတစ်ပါးကို ဆုံးမဖို့ရာ နှုတ် သွက်သလောက် ကိုယ့်ကိုယ်ကိုယ် ပဲ့ပြင်နိုင်ဖို့ကျတော့ အခဲယဉ်းဆုံး ရင်ဆိုင်ရတာတွေ အသွေးအသားထဲထိ စီးဝင်နေပြီးသား။

ဆောင့်အောင့်တဲ့အတွေးညစ်ပေနဲ့အတူ အဝတ်တွေကို ဒေါ်မေအုန်းရဲ့ လည်ပင်းကြီးအမှတ်နဲ့ အသားကုန်ညှစ်ချပစ်လိုက်တာ၊ ရေတွေကို စက်စက် ကျရော။ ငရဲလား ကြီးပလေ့စေတော့ အရှင်ဘုရားရေ။

*

'အရဟာတာဒိ နဝဂုဏောဟိ အရဟံအစရှိ သော ကိုးပါးသော ဂုဏ်တော်တို့နှင့် သမ္ပန္နာဂတ ပြည့် စုံတော်မူသော'

'ဣမံ ပိဏ္ဍပါတံ ခါဒနီယ ဘောဇနီယံ ဝါ ဤဆွမ်းခဲဖွယ် ဘောဇဉ်ချိုချဉ်အရသာကိုလည်း ကောင်း'

ကိုင်း...ကြားကြားသမျှတို့ရေ 'ဝါကာ ဝါကာ အော့ ဟော' လို့သာ ဝိုင်းဖွဲ့ပြီး ဆိုလိုက်ကြရင် မကောင်း ဘူးလား။ ဒေါ်မေအုန်းတို့များ နှုတ်တိုက်ကျက်ထားတဲ့ ဘုရားစာတွေကို ပါးစပ်က အမြုပ်ထွက်မတတ် တန်း စီပြီးတော့သာ ရွတ်နေတာ။ ဘာအနက်ရှိလို့ ဘယ် အဓိပ္ပာယ်ဆောင်မှန်း သိဟန်မတူပါဘူး။ သူ ဘုရား ကန်တော့နေတဲ့ အချိန်လည်း ကြည့်ဦးလေ၊ ညဦးပိုင်း မြဝတီက ကိုရီးယားကားတောင် လာနေပြီ။ မြတ်စွာ ဘုရားရှင်ကို ဒင်နာကပ်တဲ့ ဗုဒ္ဓဘာသာဝင်ဟာ ဒေါ် မေအုန်းတစ်ဦးတည်းသာ ရှိပါစေတော့လို့ ဆုတောင်း မိပါရဲ့။ ဝိုင်းမှုံတွေးရင်း ပြုံးနေမိတော့တာပါပဲ။ အနားမှာ ငါ်ဗီအတူထိုင်ကြည့်နေတဲ့ ငွေစီက လက် ကုတ်တာကို မသိသလိုဘဲ နေလိုက်ရတယ်။

'ညည်းတို့မို့ ဒါတွေများ တစ်ခွဲတလမ်းလုပ်နေ ကြတာအံ့တယ်။ ကိုယ့်ဆီက မင်းသား၊ မင်းသမီး လည်း ပါတာမဟုတ်ဘဲနဲ့၊ တို့တုန်းကများ မောင် သင်ရဲ့ အတွေ့တို့၊ ဝင်းဦးရဲ့ ဆောင်းအိပ်မက်တို့ ကောင်းလှပေါ့။ ညည်းတို့ ကိုရီးယား ဘယ်လိုမှ လိုက် မမီဘူး'

'အမေ မကြိုက်ရင်လည်း အသာနေလေ။ သူများတွေ ကြည့်နေတဲ့ဟာကို အဲဒီခေတ်တွေနဲ့ ဘယ် တူမှာလဲ'

ဒေါ်မေအုန်း ပူညံတွတ်ထိုးနေတာကို သူ့ သမီးက ပြန်လှည့်ပက်နေတာနဲ့ ကြော်ငြာအသစ်ထဲ က မော်ဒယ်လ်လေး ဘာတွေပြောသွားမှန်းတောင် မသိလိုက်ရတော့ဘူး။

'သူတို့ဆီကဟာတွေ မိန်းမတန်မဲ့ အရှက် လည်း မရှိကြဘူး။ ဘယ့်နှယ်အေ မိန်းကလေးက စလိုက် ပလူးနေရတယ်လို့ တို့ယဉ်ကျေးမှုနဲ့လည်း တခြားစီ'

ဟာ ဟ လို့ပဲ ဝိုင်းမှုံ ရယ်ပစ်လိုက်ချင်တော့ တယ်။ မယားကြီးငတ်တုတ်နဲ့လူကို ကြောင်တောင် နိုက်ပြီး သူများအသိုက်အမြုံ ဖျက်ဆီးလာခဲ့တဲ့သူဟာ ဟောဒီက ဒေါ်မေအုန်းပါပဲလို့ တစ်ရပ်လုံး၊ တစ်မြို့
mgyoe.com

mgyoe.com
လုံး မသိကြတာလည်း မဟုတ်ဘဲနဲ့၊ အခု သူပေါင်းသင်းနေတဲ့ ဦးစိမ်းရှောင်ရဲ့ အရင်မိန်းမကြီးကဆို ဒီစိတ်နဲ့ပဲ ရွာမှာ သေရရှာရော မဟုတ်လား။

လတ်တလော ဘဝပြေလွင်မှာ အကြွားချင်းပြိုင်ပြီး ဝင့်ဝါနိုင်တယ်ဆိုရုံလေးနဲ့ သူတို့ဇာတ်ရုပ်ကြီးကို မေ့ချင်ယောင်ဆောင်နေတာ အံ့လောက်ပါရဲ့။ လူဆိုတာ ကိုယ့်ထမင်း ကိုယ်ရှာစားပြီး ဘယ်သူ့အမုန်းမှ မခံချင်လို့သာ မသိကျိုးကျွန်ပြုနေကြရတာမို့လား။ ကိုယ့်လည်း ထိခိုက်တာမဟုတ်တော့ သူများအရေးကို ကိုယ့်အရေးမလုပ်ချင်တာလည်း ပါတာပေါ့။ အစွန်းအထင်းတွေ ပေကျံနေတဲ့ ကိုယ်ကျင့်မှိုအောက်တွေကို သူတို့စီးနေတဲ့ နောက်ဆုံးပေါ် ကားသစ်ကြီးနဲ့ ဖုံးဟယ်၊ ဖိဟယ်လုပ်နေရတာ လုံခြုံလှပြီနေမှာပ။

ငွေဆိုတာမျိုးက တစ်ဦးတစ်ယောက်တည်းပဲဖြစ်ဖြစ်၊ အသင်းအဖွဲ့အတွက်ဆိုဆို မရှိမဖြစ် လိုအပ်တာတော့မှန်တာပေါ့။ ဒါပေမယ့် လူ့ဘဝမှာ ငွေထက် အရေးကြီးတဲ့အရာတွေ အများကြီးရှိနေသေးတယ်ဆိုတာလောက်တော့ ပိုင်းမှုလို အဇမြခံပညာနည်းခဲ့တဲ့သူတောင်မှ တွေးတတ်သေးတာပဲ။ ဒါကို ဒေါ်မေအုန်းတို့လို ငွေခဲကိုက်ငုံထားသူတွေက သေမယ်မထင်တော့လောက်အောင် ဖြစ်နေရတာဖြင့် အဲဒီငွေပုံကြီးထက်မှာ သေလုမြောပါးဝေဒနာရဲ့ အရသာကို မြည်းစမ်းမကြည့်ရသေးလို့ နေမှာပေါ့လေ။

*

'ဘကြီးစိမ်းကတော့ ကောင်းရှာပါတယ်အေ။ အမျိုးအရင်းဖြစ်နေတဲ့ ကြီးတော်က မစွံတာ။ ငါလည်း ရွာမှာနေရတာနဲ့စာရင် ဒီမှာက တော်ပါသေးတယ်ဆိုပြီး ပေကပ်နေရတာပဲ'

'အေးပေါ့လေ၊ နင်ရောက်လာတာ ငါ့အတွက် အဖော်ရလို့ တော်သေးတာပေါ့'

'ငါလည်း ဘာထူးလဲ။ နင်ရှိနေလို့သာ စကားပြောဖော်ရတာ။ အိမ်က ဘဝင်ရှူးပြီး စခန်းကြီးတဲ့ ညီအစ်မတွေလိုမျိုးဖြင့် ခက်ရချည်ရဲ့'

ဒေါ်မေအုန်းတူမဝမ်းကွဲ ငွေစီက ပိုင်းမှုံနဲ့ ရွယ်တူချင်း၊ ဘဝဆင်တူချင်းဆိုတော့ ရင်းနှီးမိလွယ်ဖြစ်ကြတာ၊ မိတ္တဗလဋ္ဌိကာ မဖတ်ခဲ့ရပါဘူး။ မီးဖိုချောင် ဗာဟီရတွေပြီးရင် ပိုင်းမှုံအဝတ်လျှော်တဲ့အနားလာပြီး စကားခရီးဆန့်လိုက်ကြတာများ လျှာမှောက်လျက်လဲမတတ် တရစပ်နဲ့ မရပ်မနားကြေးပဲ။

ဒေါ်မေအုန်းသားသမီးတွေကတော့ ကျောင်းသွားသူ၊ ကျူရှင်တက်၊ သင်တန်းတက်သူတွေနဲ့ အိမ်ရှင်တွေသာဆိုတယ်၊ ဧည့်သည်လိုပဲ။ အိမ်မှာရှိလည်း ပိုင်းမှုံတို့၊ ငွေစီတို့အပေါ် တူတယ်တန်တယ်မှတ်တာမဟုတ်ပါဘူး။ ခိုင်းစရာရှိမှသာ စကားဟက်ဟက်ထွက်လာတာမျိုးတွေ။ ဦးစိမ်းရှောင်ကတော့ ရပ်ရွာသာရေး၊ နာရေးတွေနဲ့ အိမ်မှာ မြဲတယ်မရှိဘူး။ သူတို့ဆောက်လုပ်လှူထားတဲ့ ဆွမ်းစားကျောင်းဆောင်ကြီးကလည်း ပြီးလုပြီဆိုတော့ ရေစက်ချဖို့ ပြင်ဆင်စီစဉ်နေရတာတွေ လုံးပန်းနေရပြန်ရော။

အိမ်ရှင်မကြီးကိုယ်တိုင်လည်း ဈေးထဲမှာ ဖွင့်ထားတဲ့ သူ့ရွှေဆိုင်ကိုပဲ စိတ်ရောကိုယ်ပါ နေ့ညမပြတ်ရှုမှတ်နေရတာကိုး။ နေ့လယ်နေ့ခင်းတွေဆို အိမ်ကြီးတစ်ဆောင်လုံး ငွေစီတစ်ယောက်တည်းပဲ အမြဲလို ဥစ္စာချောက်ပေးနေရတာနဲ့ အချိန်ကုန်ရော။ အဝတ်လျှော်စရာရှိလို့ ပိုင်းမှုံရောက်လာမှပဲ အပျင်းပြေရတော့တယ်။

'ဘကြီးစိမ်းက ကျောင်းဆောင်ရေစက်ချတဲ့ အလှူပွဲနေ့ကျရင် ငါ့ကို ဝမ်းဆက်တစ်စုံ ချုပ်ပေးမယ်တဲ့ဟဲ့'

'ဟုတ်လား ပွတာပဲ။ ကောင်းကောင်းလေး ဝယ်ခိုင်းဟာ'

'ပိုင်းမှုံ နင်က သူတို့နဲ့ ဆက်ဆံလာတာ ကြာပြီဆိုတော့ သတိထားမိလား။ ဒီမြို့ကလူတွေက ငါ့ကြီးတော်ထက် ဘကြီးစိမ်းကို ပိုရင်းနှီးကြသလိုပဲနော်'

'အေးလေ နင့်ဘကြီးစိမ်းက ဘုရားတည်ကျောင်းဆောက်နဲ့ အပေါင်းအသင်းဆံ့တာကိုး'
mgyoe.com

mgyoe.com

'နိဗ္ဗာန်ရောက်ကြောင်း လုပ်နေတဲ့သူတွေမို့ လားမသိဘူး။ သူတို့ဘဝတွေ အားကျချင်စရာကြီး နော်'

ဝိုင်းမှုံရဲ့ သိုသိပ်လှတဲ့ မဲ့ပြုံးကိုဖြင့် ရိုးနံ့ရှာလေတဲ့ ငွေစီတစ်ယောက် သိမြင်နိုင်လိမ့်မယ် မထင်ပေါင်။ ဖွံ့ဖြိုးစပြုလာတဲ့ ဝမ်းကြာတိုက်ကို ဆင်ဖြူတော်နဲ့ ခြသေ့မင်းတွေ အလုံးအရင်းတပ်ချီပြီး အတင်းချေဖျက်ဖုံးကွယ်လိုက်ရတဲ့ ဖူးငုံရိုင်းလေးတစ်ပွင့်အကြောင်း ခေါင်းထဲက ဖယ်ထုတ်လို့မှ မရသေးဘဲကိုး။ နွားနို့အစစ်ပဲ သောက်ချင်ပြီး နွားချေးကျုံးဖို့သွေးကြောင်တဲ့ ဦးစိမ်းရှောင်ရဲ့ တစ်ခန်းရပ်ဇာတ်မဟာကို ငွေစီသိအောင် အထုပ်ဖြည်မပြဖြစ်လိုက်ပါဘူး။ တစ်ဖက်သားရဲ့ အကြည်ညို တစ်ခြမ်းစောင်းကြီး ပိန်ရှုံ့သွားမှာမျိုး မလိုလားရိုးအမှန်မို့ပါ။ အဲဒီတုန်းက လေးပစ်သူ ဘုရားကျွန်တော်တစ်ယောက် အတော်ကြီးအော်ထွက်သွားတဲ့အသံကို ဝိုင်းမှုံတို့ မကြားဘဲနေပါ့မလား။

ဒေါ်မေအုန်းတို့ နှုတ်လျှာဖျားက တဖွဖွတောင်းဆိုဝတ်တဲ့ သံသရာကင်းလွတ်ရာဆိုတာ အဲဒီပိုက်ဆံတွေနဲ့ တံတားထိုးခင်းပြီး နင်းလျှောက်သွားရင် ရနိုင်ရိုးလားလို့ လက်တို့မေးလိုက်စမ်းချင်တယ်။ ပေါ့ပျက်ပျက် ကိုယ်ကျင့်သိက္ခာ ဖရိုဖရဲကို အနှစ်မဲ့လုပ်ရပ်တွေ အလျှံအမောက်နဲ့ ဆားခတ်ပြီး သောက်နေကြတာများ အံ့လောက်ပါရဲ့။

နိဗ္ဗာန်ဆိုတာ ရချင်တယ်လို့ တမ်းတနေရုံလေးနဲ့ ဥုံဖွဆိုပြီး ရောက်သွားနိုင်တဲ့ နေရာမျိုးဆိုရင်တော့လည်း အကောင်းသားပေါ့။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်တုန်းက ဘုရားကိုယ်တော်မြတ်ကြီးကို ကြည်ညိုလွန်းလို့ တစိမ့်စိမ့်ဖူးမြော်ရင်းနောက်တော်ပါးက တစ်ဖဝါးမခွာ လိုက်ပါနေခဲ့တဲ့ အရှင်ဝက္ကလိရဟန်းတော်ကို ကြည့်ပါလား။ နိဗ္ဗာန်ရှိတယ်ဆိုတာပဲ သိတယ်။ မျက်မှောက်ပြုဖို့ အကျင့်ကို အားထုတ်ရကောင်းမှန်း မသိဘူး။ ဗုဒ္ဓမြတ်စွာက ဟောကြားတဲ့တရားကိုလည်း နလုံးမသွင်းဘူး။ ဒါကြောင့် ဗုဒ္ဓက အဲဒီရဟန်းတော်ကို 'အချည်းနှီးသောယောက်ျား' လို့ မိန့်သွားခဲ့တာတွေ ဝိုင်းမှုံအမေက အများကြီး ပြောဆိုဆုံးမခဲ့ဖူးတာပဲ။ အခု ငွေစီတို့ကျအဲသလို သိချင်မှ သိမှာကိုး။ ထားလိုက်ပါလေ၊ အကြောင်းကြောင့် အကျိုးဖြစ်တာမှန်ရင် ခန္ဓာကိုယ်စီတိုင်းမှာလည်း ကိုယ့်အကြောင်းနဲ့ ကိုယ်ပဲမို့လား။

*

'ဆွမ်းပွဲတွေ ပြင်ထားကြတော့ဟေ့၊ ဆရာတော်တွေ ကြွလာတော့မယ်တဲ့'

ဒေါ်မေအုန်းက လက်ကိုင်ဖုန်းကို ပြန်ပိတ်နေရင်း ပြောလိုက်တဲ့အသံဟာ ဆွေးမြည့်ခြောက်ကပ်ကြီး အက်နေတာကို ဧည့်ပရိသတ်တွေ သတိထားမိကြတာပဲ။ သူမှ မဟုတ်ပါဘူးလေ၊ သူသားသမီးတွေလည်း ဘယ်တစ်ယောက်ရဲ့ မျက်နှာပေါ်မှာမှ မြွေချမ်းလန်းရွှင်တဲ့ သွင်ပြင်ပုံမျိုး တပ်ဆင်မထားနိုင်ကြပါဘူး။ ငွေစီတောင် နှာရည်လေး တရှုံ့ရှုံ့နဲ့ မျက်ရည်တွေ သုတ်ပစ်နေတာပဲ ကြည့်တော့။ ဝိုင်းမှုံကိုယ်တိုင်လည်း ပုထုဇဉ်ပီပီ စိမ့်ဝဲမျက်ရည် ကြွေမိတာပါပဲ။ အနတ္တရဲ့သားကောင်တွေ ဖြေသိမ့်ရာမဲ့လှအောင် ပရိဒေဝမီးတောက်လောင်နေရတာ မင်္ဂလာပါလို့ ဘယ်သူ သတ်မှတ်နိုင်မတဲ့တုံး။

လွန်ခဲ့တဲ့ တစ်ပတ်ကမှ အရေးကြီးလုပ်ငန်းစဉ်တစ်ခုအတွက် ခရီးထွက်ရင်း အသက်မပြင်းနိုင်ခဲ့တဲ့ ဦးစိမ်းရှောင်ရဲ့ သတင်းက နားခံတွင်းပျက်စရာကြီးဖြစ်ခဲ့တာကိုး။ ကိုယ်တိုင်မောင်းလာတဲ့ကားက လမ်းမှားဝင်လာတဲ့ဆိုင်ကယ်ကို တိမ်းရှောင်လိုက်ချိန်မှာ ဝင်တိုက်ပစ်မိတဲ့ သစ်ပင်တောင် ယိုင်နဲ့သွားရတဲ့အထိ ဆိုးရွားပြင်းထန်လွန်းခဲ့ရတဲ့ အနိဋ္ဌာရုံကို ပြန်ရစ်ကြည့်ရက်စရာတောင် မရှိဘူး။ သွေးအလိမ်းလိမ်းခြယ်လူးထားတဲ့ သတင်းဆိုးကြောင့် တယ်လီဖုန်းတစ်ခုလုံးတောင် စွန်းထင်းနာကျင်သွားပလား အောက်မေ့ရတယ်။ ဒေါ်မေအုန်းတို့တစ်မြို့လုံး နာဂစ်ရပ်လုံးကြွမတတ် ဖျပ်ဖျပ်လူးနေရတာတွေဟာ သနံရက

mgyoe.com

လှစ်ဖော်ပြလိုက်တဲ့ အစွယ်တစ်ချောင်းပါလားလို့ လက်ခံထားရုံမှတစ်ပါး ဗိုင်းမှို့ ဘာများတတ်နိုင်ဦး တော့မှာ တဲ့လဲ။

'ဗိုင်းမှို့ရယ်၊ ငါ့ခေါင်းတွေ တအားကြီး အုံခဲ နေလိုက်တာ အန်ချင်သလိုပဲ။ နင်တို့အိမ်ဘက် ခဏ သွားပြီး လှဲနေရအောင်၊ ဒီမှာက လူတွေတရုန်းရုန်းနဲ့'

'သြော် အေး လာလေ သွားမယ်။ နင်လည်း တော်တော်ပင်ပန်းနေပြီ၊ နားလိုက်ဦး'

ရက်လည် သပိတ်သွတ်တဲ့ ဆွမ်းကျွေးပွဲပြီးစ မှာ အိုးခွက်ပန်းကန်တွေ ဆေးကြောသိမ်းဆည်းရင်း နွမ်းလျမောသံနဲ့ ညည်းဟန်ပြုလာတဲ့ ငွေစိုကို ဗိုင်းမှို့ သနားလှပြီ။ ဟုတ်တော့လည်း ဟုတ်တယ်။ ဦးစိမ်း ရှောင်ရဲ့ ပွဲသိမ်းသတင်းဆိုးက နားတွေကို ဝင်တိုးလာ ပြီဆိုကတည်းက ငွေစိတစ်ယောက်ရဲ့ အငြိမ်ရုပ်တွေ တိမ်ငုပ်သွားခဲ့ရတာ သတိထားလိုက်မိသားပဲ။ အမေ့ ဘက်က အဒေါ်နဲ့စပ်မှ ပတ်သက်ရတဲ့ သူစိမ်းဖြစ်ပေ မယ့် တစ်အိမ်တည်းနေ၊ တစ်အိုးတည်းစားခဲ့ရတဲ့ တွယ်တာမျှင်လေးတစ်စလောက်တော့ ကျန်နေကောင်း ဦးမယ်ဆိုတာ ငွေစိအပေါ်မှာ နားလည်နိုင်စွမ်းပါ တယ်။

ဒါပေမယ့် ငွေစိရဲ့ ကြေကွဲသရုပ်မှန်တွေဟာ ကာယကံရှင်တို့ထက်ကို ပိုပြီး အကယ်ဒမီချိန်ရွယ် လွန်းနေသလားလို့ မြင်ပြင်းကတ်အောင် ဖြစ်မိရတာ ကိုတော့ ဗိုင်းမှို့မညာချင်ဘူး။

'တိတ်စမ်းပါ ငွေစိရယ်။ မိန်းမကိုက ငါမပြောလိုက်ချင်ဘူး။ ဒါလောက်အဖြစ်သည်းပြီး တရှုံ့ရှုံ့လုပ်နေရအောင် အဲဒီဘကြီးစိမ်းက နင့်လင် မို့လား'

'ဒီအချိန်ရောက်မှတော့ ဟုတ်တယ်လို့ပဲ ပြောရတော့မှာပေါ့ ဗိုင်းမှို့ရယ်။ အခု ငါ့ဆီမှာ ဘကြီး စိမ်းနဲ့ရတဲ့ ကိုယ်ဝန်က သုံးလကျော်နေပြီ ကောင်မရဲ့'

'အယ်တော် မိုက်ပါပေ့ ငွေစိရယ်'

မျှော်လင့်ထင်မှတ်မထားတာတွေ ရုတ်တရက် ပွက်ထလာလေ့ရှိတဲ့ လောကပဥ္စလက်ရေပြင်ကို မျက် ဝါးထင်ထင် ရင်ဆိုင်လိုက်ရချိန်မတော့ ဗိုင်းမှို့ အံ့သြ ပြနေလို့လည်း ငွေစိဗိုက်က သူ့အလိုလို ပြန်ချပ်သွားမှာ မှ မဟုတ်ဘဲနဲ့။ မနက်ခင်းက ရေစက်ချရင်း အမျှဝေ လိုက်တဲ့ ဒေါ်မေအုန်းရဲ့ အသံကွဲရှကြီးကို ပဲ့တင်ထပ် အောင် ပြန်ကြားနေမိတာကပဲ နားထဲမှာ ခါးသီးလှပြီ။

'နိဗ္ဗာန်ချမ်းသာ ကောင်းမွန်ရာ ဘုံဘဝက သာစုခေါ်ပါတော့ သိမ်ကျောင်းဇရပ်၊ ဘုရားဒကာကြီး ရေ'

တဲ့လား။ သူတော်စင်အပေါင်းတို့ရယ်၊ ဗိုင်းမှို့ အတွေးရှင်းသွားအောင် ကွင်းကွက်ပြက်ထင် သိမြင်မိ လိုက်တဲ့ အလင်းတစ်စကဖြင့် ကိုယ်စောင့်နတ်တွေ အပေါ်မှာ အားနာစရာကောင်းရော့လား မသိတော့ ပါဘူး။

ဒေါ်မေအုန်းတို့ တောင့်တလွန်းတဲ့ မအို၊ မနာ၊ မသေရာ နိဗ္ဗာန်ရွှေပြည်ဆိုတာများ လူကြုံကောင်း ကောင်းနဲ့ လိုက်သွားလို့ ရောက်နိုင်စတမ်းဆိုရင်တော့ ပြောတတ်ဘူးလေ။ ဒီလိုမှမဟုတ်၊ သင်းတို့ ကိုယ်တိုင် ရဲ့ အားထုတ်မှုအလိုအတိုင်းများဖြင့်။

❐

ပန်းရေဂျိုး(မိုးကုတ်)


mgyoe.com

mgyoe.com

# မုသားဇာ၏အလျားနှင့်အနံ

## ယဉ်ယဉ်နု (မန္တလေး)

လမ်းမကြီးပေါ်မှ လှုပ်ရှားသွားလာနေကြသော ကိန်းဂဏန်းမမယ့် လူသားများကြားတွင် တိုးတိုက်ဝင်ရောက်၍ ဦးအောင် စိတ်ခံစားမဲ့ လျှောက်လှမ်းလာသည်။ ဘယ်သွားရမှန်း မသိပေမယ့် ခြေထောက်တွေကပဲ ဒီလမ်းကိုလျှောက်မည်ဟု ဆုံးဖြတ်ခေါ်ဆောင်လာတာလား မဆိုနိုင်။ စခန်းသာလမ်းထဲဝင်ရောက်လာပြီး သူငယ်ချင်းကိုမောင်ကို၏ မောင်ကိုထရေးဒင်းရုံးဖွင့်ထားရာ သုံးထပ်တိုက်ကြီးရှေ့သို့ ဘယ်လိုရောက်မှန်းမသိ ရောက်လာသည်။ ကားတွေရှုပ်နေသဖြင့် လမ်းတစ်ဖက်သို့ မကူးသေးဘဲ သူငယ်ချင်းပိုင် ကုမ္ပဏီတိုက်ကြီးကို လှမ်းကြည့်မိသည်။ ကြီးကျယ်ခမ်းနားလိုက်တဲ့ ကုမ္ပဏီကြီး၊ ဟုတ်ပေတာပေါ့လေ။ မောင်ကိုက ရိုးလည်းရိုးသား၊ ကြိုးလည်း ကြိုးစား၊ လုံ့လဝီရိယနဲ့လည်း ပြည့်စုံသူဖြစ်သည်။ မိတ်ဘိုးဘွား ချမ်းသာမှုကို ယခုကဲ့သို့ ကြီးကျယ်ခမ်းနားသော လုပ်ငန်းတစ်ခုဖြစ်အောင် အားထုတ်နိုင်ခဲ့၍ စီးပွားရေးလောကမှာ နာမည်တစ်လုံး ဟိုးဟိုးကျော်နေခြင်းဖြစ်သည်။ ငယ်စဉ်က စိန်ပေါလ်ကျောင်းမှာ တစ်ခုံတည်း ထိုင်ခဲ့ရသည့် သူငယ်ချင်းနှစ်ယောက်ဘဝတွေဟာ ဘာလို့များ ဒီလောက်တောင် ကွာခြားသွားရတာပါလိမ့်။ ဦးအောင်က အဖြူတွေ ကျိုးတိုးကျဲတဲပေါက်နေသည့် ခေါင်းတုံးဆံတောက် ဆံပင်တိုကို လက်နှင့်ပွတ်ရင်း စဉ်းစားနေသည်။ အဓိကကတော့ မုသာဝါဒဆိုသည့် မရိုးဖြောင့်မှု၊ လိမ်လည်မှုကြောင့်ပါပဲ။ ဦးအောင်တို့ စာရင်းစစ်အဖွဲ့ လာပြီဆိုရင် ဌာနဆိုင်ရာတွေ၊ စက်ရုံအလုပ်ရုံလုပ်ငန်းရှင်တွေက ပြားပြားဝပ် ဘုရင်တစ်ဆူလို ကြိုကြ၊ ဆိုကြ အလိုရှိရာကို အလိုက်သိကြ၊ ဦးအောင်၏ တောင်းဆိုမှုတိုင်းကို မလွန်ဆန်နိုင်ကြခြင်းအပေါ် တဖြည်းဖြည်းနှင့် ဦးအောင် ယစ်မူးလာခဲ့သည်။

'ဒါလေး ကြည့်လုပ်ပေးပါ ဦးအောင်ရယ်'

'ဒီလောက်နဲ့တော့ ဘာမှမဖြစ်တန်ပါဘူးနော်၊ ဟုတ်တယ်မဟုတ်လား ကိုကြီး'

လုပ်ငန်းရှင်များ၏ စာရင်းလိမ်မှု မုသာဝါဒကို ဦးအောင်က အရောင်ရင့်အောင် ထပ်ဆင့်ဆိုးပေးလိုက်သည်။ ဒီလိုနှင့် ကြာလာသောအခါ ဦးအောင်၏ လုပ်ရပ်အတွက် အပုပ်နံ့တွေ ထွက်လာပြီး အလုပ်ပြုတ်ခဲ့ရသည်။ ကံကောင်းလို့ ထောင်မကျခဲ့ခြင်းဖြစ်

mgyoe.com

mgyoe.com

သည်။ စာရင်းစစ်ချုပ် မဟုတ်တော့သောအခါ ဦးအောင်ကို ခင်တာမဟုတ်ဘဲ၊ စာရင်းစစ်ချုပ်အလုပ်ကိုသာ ခင်တွယ်သည့် လုပ်ငန်းရှင်တွေက မဲ့ပြုံးပြုံးသူပြုံး၊ ခေါင်းခါသူခါနှင့် ဦးအောင်နှင့်တွေ့ရမှာကိုပဲ ငြင်းဆန်ခဲ့ကြသည်။ ဒါပေမဲ့ အဲဒီလူတွေထဲမှာ မောင်ကိုမပါချေ။ မောင်ကိုကတော့ ဦးအောင် မရောက်လိုက်နှင့်၊ ဘယ်အချိန်သွားသွား ဖက်လဲတကင်း ရင်းရင်းနှီးနှီး စားစရာသောက်စရာကျွေး၊ လောကစံကြောင့် အရက်သမားကြီး ဖြစ်နေပြီဖြစ်သော ဦးအောင်ကို ပြန်ခါနီး အရက်ဖိုးဆိုပြီးတော့ ငါးထောင်မျိုး၊ တစ်သောင်းမျိုး တစ်ခါတစ်ရံ ကလေးတွေဖို့ မုန့်ဖိုးဆိုကာ နှစ်သောင်း၊ သုံးသောင်းပေးနေကျ ဖြစ်သည်။ သူကပေးပေမယ့် ဦးအောင်က ခဏခဏ မလာပါ။ ကိုယ်က လူမှုဆက်ဆံရေးအသိုက်အဝန်း၏ အပြင်ကလူ ဖြစ်သည်။ ခဏခဏလာလို့ ဦးအောင် မကောင်းဖြစ်တော့မည်ဆိုပြီး ဆင်ခြင်သည်။ ကနေ့တော့ ခြေထောက်တွေကကို ခေါ်ဆောင်ပြီး ကုမ္ပဏီရှေ့ ရောက်လာခြင်းဖြစ်သည်။ ဦးအောင် လမ်းကိုကူးပြီး ကုမ္ပဏီလှေကားထစ် အမြင့်ကြီးတွေကို တက်သည်။ လှေကားထိပ်ရောက်တော့ မှန်တံခါးကို တွန်းဖွင့်ပေးသည့် လုံခြုံရေးဝန်ထမ်းက ဦးညွတ်ပြီး 'သူဌေးရှိပါတယ်ခင်ဗျ' ဟု ပြောနေစဉ် 'ဦးမောင်ကို ခေါ်ထားလို့ပါ'ဟူသည့် အသံကို အနီးကပ်ကြားလိုက်ရ၍ ဦးအောင်လှည့်ကြည့်လိုက်သည်။ ကုမ္ပဏီအိတ် အနက်ကို လွယ်ထားသည့် လူရွယ်တစ်ဦးကို တွေ့လိုက်သည်။ ရုံးထဲကို ပခုံးချင်းယှဉ်၍ ဝင်လာခဲ့ကြပြီး လှေကားထစ်များကို လူရွယ်က တစ်ထစ်ကျော် နင်းတက်ပြီး ဦးအောင်ရှေ့ ရောက်သွားခဲ့သည်။ တတိယထပ်ရှိ ဦးမောင်ကို၏ ရုံးခန်းထဲကို ဝင်လိုက်တော့ စောစောကလူရွယ်က ဦးမောင်ကိုကို ထီစာအုပ်တွေ ဖြန့်ပြနေတာ တွေ့ရသည်။

'ဟာ မောင်အောင် လာဟေ့၊ မင်းနဲ့ တိုက်တိုက်ဆိုင်ဆိုင်ကွာ။ ဒါ ငါတို့သူငယ်ချင်းသားတစ်ယောက်ပဲ ကျော်ကျော်တဲ့။ သူက ထီကိုယ်စားလှယ်လေကွာ'

ကျော်ကျော်ဆိုတဲ့ လူရွယ်က ဦးအောင်ကို ပြုံးပြသည်။ ဦးအောင် ခုံတစ်လုံးမှာ တိတ်တိတ်ဆိတ်ဆိတ်ဝင်ထိုင်ပြီး သူတို့ ထီရွေးနေတာတွေကို ကြည့်နေသည်။ နောက်ဆုံးမှာ ဦးမောင်ကိုက 'ကဲ ကဲ ဒီဟာပဲ ယူလိုက်တော့မယ် မှတ်မှတ် ၃၀၉... ဟာနေဦး။ မောင်အောင်လည်း ရောက်နေတုန်း မင်းလည်း ကံစမ်းပေးလိုက်ဦးမယ်။ ကံစွမ်းကံစတက်တက်ပေါ့ကွာ။ လူဆိုတာ လုံထမ်းလာတာသာ မြင်ရတယ်။ ကံထမ်းလာတာ မမြင်ရဘူးမဟုတ်လား။ ကဲကဲ ငါပဲ ရွေးပေးလိုက်ပါမယ်။ ကဲ ၇၄၃...က မောင်အောင့်ဟာ မှတ်လိုက်မှတ်လိုက်'

ဦးအောင် ဘာမှမလုပ်လိုက်ရဘဲ ထီထိုးပြီးသား ဖြစ်သွားသည်။ အဲဒီနေ့က ကျသင့်ငွေများကို ဦးမောင်ကိုက အကုန်ရှင်းပြီး ထီကိုယ်စားလှယ်ထွက်သွားတော့...

'မင်းမြေးလေး ဆယ်တန်းအောင်တာ ငါကြားတယ်။ ပိုက်ဆံငါးသောင်း မုန့်ဖိုးပေးလိုက်ပါကွာ။ ထီစာရွက်လည်း ငါပဲသိမ်းထားလိုက်မယ်။ မင်းက ဟိုသွားဒီသွားနဲ့ ပျောက်သွားဦးမယ်' ဆိုပြီး ဦးမောင်ကို ထုတ်ပေးသည့် ပိုက်ဆံငါးသောင်းယူကာ ဦးအောင် ပြန်လာခဲ့လေသည်။ ဦးအောင်၏ဘဝမှာတော့ ဦးမောင်ကိုဟာ အားကိုးမှီခိုရာ တကယ့်သူငယ်ချင်းကောင်းတစ်ဦး ဖြစ်လေသည်။

အချိန်တွေက တရွေ့ရွေ့ကုန်ဆုံးသွားပြီး လကုန်ရက်သို့ရောက်ကာ လဆန်းတစ်ရက် ထီဖွင့်သည့်နေ့သို့ ရောက်ရှိလာခဲ့ပြီ။ ထီတစ်ခါမှ မထိုးဖူးသည့်ဦးအောင် စိတ်လှုပ်ရှားနေသည်။ သူငယ်ချင်းက ထိုးပေးလိုက်လို့ ထီထိုးရပေမယ့် သူ့ဂဏန်း ၇၄၃... ကို ဦးနှောက်ထဲမှာ စွဲမြဲနေအောင် သူမှတ်မိနေသည်။ ထီပေါက်စဉ်၊ ထီပေါက်စဉ် အော်ရောင်းသံတွေကြားရပေမယ့် သူ့ပတ်ဝန်းကျင်မှာ ထီပေါက်စဉ်ဝယ်သူကမရှိ၊ နောက်ဆုံးတော့ သူငယ်ချင်းမောင်ကိုသာ အားကိုးအားထားရာဖြစ်၍ သူ့ကိုပဲ သွားမေးရတော့မည်ဟု စိတ်တိုးတိုးချလိုက်မှ မမျှော်လင့်ဘဲ ရေချိုး

mgyoe.com

mgyoe.com

သည့်နေရာတွင် ချော်လဲ၍ ခြေပွတ်တိုင်လည်သွားခဲ့သည်။ ရောဂါကို ဆေးမကုနိုင်ဘဲ ထင်းရှူးမြစ်၊ သက်ရင်းကြီးမြစ်သွေးလိမ်းကာ သက်သာအောင် စောင့်နေရ၍ တစ်ပတ်ခန့် ကြာသွားသည်ကို ဦးအောင် စိတ်မရှည်နိုင်ဖြစ်နေသည်။ ထီးမျှားပေါက်နေမလားမသိဘူးဆိုသည့်အတွေးက ဦးအောင်ကို တရိရိနှိပ်စက်နေသည်။ မခံနိုင်သည့်အဆုံး ခြေတစ်ဖက် ထော့နဲ့ထော့နဲ့နှင့် ဦးမောင်ကို၏ရုံးသို့ အံကြိတ်၍ ထွက်လာခဲ့တော့သည်။

'ဟော ဦးလေး'

လှေကားထစ်တွေကို သတိထားတက်နေရသည့် ဦးအောင်မှာ ဝမ်းမြောက်ဝမ်းသာအော်ခေါ်သံကြီး အနီးကပ်ကြားလိုက်၍ မော့ကြည့်လိုက်တော့ ပြုံးနေသည့် မျက်နှာတစ်ခုကို တွေ့လိုက်ရသည်။ ဘယ်သူပါလိမ့်၊ အဲ မှတ်မိပြီ၊ ဟို ဟိုကောင်လေး ထီရောင်းသည့် သူငယ်လေးပါလား။

'ဦးလေး၊ ဦးလေးရဲ့ ထီလက်မှတ်က သိန်းတစ်ရာထဲ ဝင်သွားတာဗျ။ ဦးလေးတော့ ပွတာပဲ။ ချမ်းသာပြီဗျ သိလား'

'ဟေ'

ဦးအောင် ကြောင်ကြောင်ကြီးဖြစ်နေသည်။ ထီပေါက်ပြီတဲ့။ သိန်းတစ်ရာတဲ့။ သူ့နားကိုပင် သူမယုံကြည်မိ။ လွတ်ပြီ ကျွတ်ပြီပေါ့ကွာ။ ဆင်းရဲတွင်းက လွတ်ပြီပေါ့။ မျက်နှာငယ်ရသည့်ဘဝ လွတ်ပြီပေါ့။

'ဦးလေး သိပ်ကံကောင်းတာပဲ သိလား။ ဦးလေးနံပါတ် ကျွန်တော် မှတ်မိတယ်။ ၇၄၃ ကစတာလေ။ ဦးလေးဦးမောင်ကို မပေါက်ရှာဘူး။ ဒါပေမဲ့ လက်မှတ်က သူ့ဆီမှာဆိုတော့ ကျွန်တော်လာယူပြီး အခုပဲ ငွေထုတ်ပေးခဲ့တာ။ ကျွန်တော့်ကိုတောင် မုန့်ဖိုး ငါးသိန်း ပေးလိုက်သေးတယ်။ သိန်းတစ်ရာကိုယ်စားလှယ်ဆု နှစ်သိန်းနဲ့ဆိုရင် ကျွန်တော် ခုနစ်သိန်းတောင်ရတယ်။ မြန်မြန်သွားတော့ ဦးလေးရေ။ ဦးလေး သူငယ်ချင်းတော့ ငွေပုံကြီးနဲ့ စောင့်နေလေရဲ့'

'အေးအေးကွာ ငါ့တူ'

ထီသည်ကောင်လေး ခုန်ပေါက်မြူးထူးသွားတာကို ဦးအောင်လည်း ပီတိဘဝေဝေနဲ့ကြည့်ရင်း၊ တဖြည်းဖြည်း လှမ်းလျှောက်ရင်း ဦးမောင်ကို အခန်း ၀ ကို ရောက်ခဲ့သည်။ အခန်းထဲမရောက်ခင်မှာ အခန်းထဲက ရယ်မောသံ၊ စကားပြောသံတွေ ကြားနေရသည်။ သြော် ငါ့သူငယ်ချင်းလည်း ငါ့အတွက် ပျော်နေရှာတာပါလားဟု ဦးအောင် စိတ်ချမ်းသာစွာတွေးရင်း အခန်းထဲ လှမ်းဝင်တော့မည့်အချိန်...

'ဆရာရယ်၊ ဆရာသိပ်ကံကောင်းတာပဲ။ သိန်းတစ်ရာကြီးတောင်ပေါက်တာ။ ထီကံဆိုတာက ပါချင်တဲ့လူမှပါတာ။ တချို့ဆို ဘယ်လောက်ထိုးထိုး မပေါက်ဘူး။ ဒါပဲနော်ဆရာ၊ ငယ်တို့တစ်ဖွဲ့လုံးကို မုန့်ကျွေးရမယ်'

'ဟားဟားဟားဟား ကြိုက်တဲ့ဟိုတယ်ပြောစမ်းအေ။ ညည်းဆရာ ငါက တန်ဆောင်မုန်းလပြည့်တိုင်း ပွဲသကူပစ်နေကျ။ ပွဲသကူပစ်တဲ့ကံရှိမှ ထီပေါက်တဲ့ကံပါတာ။ ဒါကြောင့် အခုငါသိန်းတစ်ရာပေါက်တာပေါ့။ အဲသည်နေ့ ငါ့သူငယ်ချင်းနဲ့ အတူတူထိုးတာ။ မွဲလွန်းတော်လွန်းလို့ ပေါက်စေချင်တာ။ သူက မပေါက်ဘူး။ ငါက ပေါက်တာ၊ အဲဒီကောင်လာဦးမှာပါ။ လာရင် ငါးသိန်းလောက် မုန့်ဖိုးပေးရဦးမယ်'

'ဆရာကတော့ စေတနာ သဒ္ဓါတရားကို အားကောင်းပါတယ်။ ဆရာဆက်ပေါက်ဦးမှာ'

တဝါးဝါးတဟားဟား ရယ်မောသံတွေကြားမှာ ဦးအောင် ကိုယ့်ကိုယ်ကိုယ် အငွေ့ပြန်ပျောက်ဆုံးသွားပြီလားလို့ အောက်မေ့လိုက်မိသည်။ မောင်ကိုက သိန်းတစ်ရာ သူပေါက်တာလို့ အောင်ပွဲခံနေပြီ။ ကိုယ့်ကို ငါးသိန်း မုန့်ဖိုးပေးမည်တဲ့။ ဘုရား ဘုရား ကိုးဆယ့်ငါးသိန်းကို ရှင်းရှင်းလေး မုသာဝါဒသုံး၍ လိမ်လည်ယူလိုက်ပြီးပြီ။ သူ သူ မသိလို့များလား။ ဒါလည်း မဖြစ်နိုင်။ ထီသည်ကောင်လေးကိုက ဦးအောင် ပေါက်တာပါ။ ဦးမောင်ကို ပေါက်တာ

mgyoe.com

mgyoe.com

မဟုတ်လို့ ပြောသွားမှတော့ ဦးမောင်ကို အဖြစ်မှန်ကို သေသေချာချာ သိပါလိမ့်မည်။ သိသိကြီးနှင့် သူ ပေါက်တာပါလို့ အားလုံးကိုကြေညာပြီး သိန်းတစ်ရာကို ရှင်းရှင်းလေး လိမ်လည်ယူပြီး အောင်ပွဲခံနေခြင်းသာ ဖြစ်သည်။ ဦးအောင် ငယ်ထိပ်မှ ခြေဖျားအထိ ချွေးတွေ တစိမ့်စိမ့် ယိုထွက်လာသည်အထိ တုန်လှုပ်ချောက်ချားလာသည်။ ငါဘာလုပ်ရမှာလဲ။ အခန်းထဲကို ဝင်သွားရမှာလား။ အခန်းဝမှပင် ပြန်လှည့်သွားရမှာလား ချီတုံချတုံဖြစ်နေစဉ် ကောင်မလေးတစ်ယောက်က ပြုံးရယ်ရွှင်ပျရင်း အခန်းဝမှပြေးထွက်လာပြီး ဦးအောင်ကိုတွေ့တော့ 'ဆရာ ဧည့်သည်' ဟု အော်လိုက်၍ ဦးအောင်ခြေတစ်လှမ်း ရှေ့တိုးလိုက်မိစဉ် ဦးမောင်ကိုက ဦးအောင်ကို မြင်သွားသည်။ ရုတ်တရက် ကွက်ခနဲ ပျက်သွားသော မျက်နှာကို အပြုံးနှင့် အမြန်ဖာထေးလိုက်ရင်း...

'ဟာ ငါ့သူငယ်ချင်းကြီးပါလား မင်္ဂလာပဲပေါ့။ မင်းရောက်လာတာ အတော်ပဲ။ ငါ ထီသိန်းတစ်ရာပေါက်တယ်လေကွာ။ မင်းကိုတောင် ထိုးပေးသေးတယ်လေ။ မှတ်မိမှာပေါ့။ မင်းထီလက်မှတ်က မပေါက်ဘူးကွာ။ စိတ်မကောင်းပါဘူး။ ငါပေါက်လည်း မင်းပေါက်တာနဲ့ အတူတူပေါ့ သူငယ်ချင်းရယ်။ လာလာ ငွေငါးသိန်းယူသွား ရော့ မုန့်ဖိုး'

ဦးမောင်ကို ရွှန်းရွှန်းဝေအောင် စကားတွေ ပြောနေပေမယ့် ဦးအောင်ကတော့ စားပွဲခုံပေါ်က သိန်းတစ်ရာငွေပုံကြီးကို ကြည့်ရင်း တစိမ့်စိမ့် ဝမ်းနည်းလာသည်။ သူငယ်ချင်းကောင်းကြီးဟု ခုနက အချိန်အထိ လေးစားကြည်ညိုခဲ့ရသည့်စိတ်တွေက ဒီငွေပုံကြီးကို ဆုံးရှုံးလိုက်ရသလိုပင် ထပ်တူထပ်မျှ ဆုံးရှုံးသွားကြပြီဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဒီငွေ သိန်းတစ်ရာကို မျက်နှာမပျက်၊ အပြုံးမပျက် ပြောင်ပြောင်ကြီး လိမ်လည်ယူဝံ့မှတော့ ဒီကုမ္ပဏီကြီး တည်ထောင်လာခဲ့သည့် ငွေသိန်းပေါင်းများစွာကိုရော ဘယ်သူတွေဆီကများ မျက်နှာမပျက် ပြောင်ပြောင် ယူထားတာပါလိမ့်ဟု ဦးအောင် တစိမ့်စိမ့် တွေးနေမိသည်။ နှမြောလိုက်တာ သူငယ်ချင်းရာ။ မင်းကိုရော၊ မင်းကို တစ်သက်လုံး ချစ်ခင်လေးစားခဲ့ရသည့် စိတ်ထားကိုရောပါ။ မင်းလည်း ငါ့လို မုသာဝါဒနဲ့ လိမ်ညာတတ်တဲ့ လူဖြစ်မှန်း ရေထဲမိုးထဲကျမှ သိရတော့တာလေကွာ။

'ဟော့ကောင် ဘာငိုင်နေတာလဲ၊ ရော့ ဒီမှာ ငါးသိန်း ယူလေကွာ။ တန်တော့ ငါ့ကောင် မရစဖူး ငါးသိန်းရလို့ ကြောင်နေပြီထင်တယ်။ ငါ့မှာရှိရင် မင်းကိုပေးမှာကွာသိလား။ ငါ့ရှိအောင်သာ သူငယ်ချင်း ဆုတောင်းပေါ့'

'သမီးတို့ ဆုတောင်းပေးမယ်ဆရာ။ ကျွန်မတို့ ဆုတောင်းပေးမယ်ဆရာ'

စီစီညံညံ အသံတွေကြားမှာ ဦးမောင်ကို တဟဲဟဲ ကျန်ခဲ့တာကို မျက်ကွယ်ပြုပြီး ဦးအောင် ထွက်ခွာလာခဲ့သည်။ သူတို့ ဆင်းရဲသားရပ်ကွက်လေးဆီ ဆိုက်ကားဂိတ်ရှိ ရာမြို့ပတ်လမ်းထိပ်ရှိ ညောင်ညိုပင်အောက်မှာ ဦးအောင် ငိုင်ငိုင်ကြီးထိုင်နေတာ မနက်ကတည်းက ခုချိန်ထိ နေဝင်တော့မည်။ ညောင်ရွက်သံတွေ တရှဲရှဲ ကြားနေရသည်။ ရပ်ကွက်လမ်းကလေးအတိုင်း ဝင်သွားလျှင် ဦးအောင် သောက်နေကျ အရက်ဆိုင်က တီဗီသံတညံညံဖြင့် စောင့်ကြိုနေသည်။ မြို့ပတ်လမ်း ဟိုအဝေးကိုကြည့်လိုက်လျှင် ကွင်းလယ်ကောင်မှာ သစ်ပင်တောအုပ်ညို့ညို့မှိုင်းမှိုင်းတွေနှင့် မြို့ဦးကျောင်းစာသင်တိုက်ကို လွမ်းမောစဖွယ် မြင်တွေ့နေရသည်။ မနက်ကတည်းက တွေဝေနေသော စိတ်တွေကို ညနေစောင်း နေဝင်ချိန်တွင် ဦးအောင် ဆုံးဖြတ်ချက်တစ်ခု ချနိုင်ခဲ့ပြီ။ ထိုင်ရာမှ လေးတွဲ့စွာ ထလိုက်သည်။ ပုဆိုးပြင်ဝတ်ပြီး ခြေလှမ်းတစ်လှမ်းစလှမ်းရင်း စိတ်ထဲမှ စကားတစ်ခွန်းပြောမိသည်။ 'သူငယ်ချင်းမောင်ကိုရေ၊ မင်းက သံသရာအလျားရှည်စေဖို့ မုသာဝါဒလိမ်လည်မှုကို ပျော်ပျော်ကြီး အသုံးချနေတဲ့အချိန်မှာ ငါကတော့ သံသရာကို အနံ့လိုတိုစေမယ့်လမ်းကိုပဲ ရွေးလိုက်ပါပြီ သူငယ်ချင်းရေ'

ဦးအောင် မြို့ပတ်လမ်းတစ်ဖက်က ကွင်းထဲ

mgyoe.com

mgyoe.com

ကိုဆင်းရင်း မြို့ဦးကျောင်းရှိရာသို့ ဦးတည်လျှောက်လှမ်းသွားသည့်အချိန်တွင် ညောင်ညိုပင်ခြေ အုတ်ခဲသုံးလုံးအောက်တွင်တော့ ပုံသကူပစ္စည်းအဖြစ် ထားရှိခဲ့သည့် ငွေငါးသိန်းက တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်ခဲ့လေသည်။

❒

ယဉ်ယဉ်နု(မန္တလေး)

ရွှေအမြုတေ၊ ၂၀၁၁၊ ဖေဖော်ဝါရီ။

mgyoe.com

mgyoe.com

# ချိုးလက်ဖက်ရည် သရီးကွာတား ဘောင်းဘီနဲ့

## နိုင်မြင့်

(၁)

သပြေရပ်ကွက်မှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှ မရှိဘူး။ သပြေရပ်ကွက်က လမ်းကလေး ၆ လမ်းနဲ့ပဲ ဖွဲ့စည်းထားတဲ့အတွက် အိမ်ခြေနည်းပါးတာက လည်း တစ်ကြောင်းပေါ့။ ဒါတောင် သပြေ ၄ လမ်း ဆိုရင် တစ်ဖက်မှာ မူလတန်းကျောင်း ရှိတဲ့အတွက် တစ်ခြမ်းစာပဲ ရှိတယ်။ လက်ဖက်ရည်သောက်ချင်တဲ့ သပြေရပ်ကွက်က လူတွေခမျာ တခြား ရပ်ကွက်တွေ ကိုသွားပြီး ကျူးကျူးကျော်ကျော် သောက်ရတယ်။ နှင်းဆီရပ်ကွက်နဲ့နီးတဲ့ လူတွေက နှင်းဆီဘက်ကိုထွက်ပြီး လက်ဖက်ရည်သောက်၊ စံပယ်ရပ်ကွက်နဲ့ နီးတဲ့ လူတွေက စံပယ်ဘက်ကိုထွက်ပြီး လက်ဖက်ရည်သောက် ကြရတယ်။ အဲသည် လိုနည်းလမ်းတွေနဲ့ပဲ သပြေ ရပ်ကွက်ကလူတွေဟာ လက်ဖက်ရည်ပြဿနာကို ဖြေရှင်းကြတယ်။ ဘယ်သူကမှ လက်ဖက်ရည်ဆိုင် ဖွင့်ဖို့ စိတ်ကူးရှိကြဟန် မတူဘူး။

(၂)

တစ်နေ့ကျတော့ သပြေရပ်ကွက်က လူတွေ ဟာ သတင်းကောင်းတစ်ပုဒ်ကို ကြားလိုက်ရတယ်။ အဲဒီသတင်းက သပြေ ၅ လမ်းထိပ်က ဦးစိုးကြီးရဲ့ အိမ်မှာ လက်ဖက်ရည်ဆိုင် ဖွင့်မယ်ဆိုတဲ့သတင်းပဲ။ ဒါပေမဲ့ ဦးစိုးကြီးကိုယ်တိုင်တော့ ဖွင့်မှာမဟုတ်ဘူး။ အညာသားတစ်ယောက်က ငှားပြီးတော့ ဖွင့်မှာတဲ့။ နောက်ပြီး အဲဒီ အညာသားမိသားစုက လက်ဖက်ရည် ဆိုင်မှာပဲ အခန်းကန့်ပြီးနေကြမှာ။ ဦးစိုးကြီးမိသား စုကလည်း လင်မယားနှစ်ယောက်ပဲ ရှိတယ်။ သား သမီးက မထွန်းကားဘူး။ သည်တော့ အိမ်အောက် ထပ်မှာ လက်ဖက်ရည်ဆိုင်ဖွင့်ဖို့ ငှားလိုက်တာမို့ အပို ဝင်ငွေလေးဘာလေး ရတာပေါ့။

လက်ဖက်ရည်ဆိုင်ဖွင့်ဖို့ ငှားတဲ့လူကတော့ ကိုဝင်းစိန်တဲ့။ အသက်ကတော့ သုံးဆယ့်ငါးနဲ့ လေး ဆယ်ကြားလောက် ရှိလိမ့်မယ်။ အရပ်အမောင်းက ခပ်ပျပ်ပျပ်ဆိုတော့ လူက ပုတယ်လို့ ထင်ရတယ်။ အသားလည်းဖြူသလား၊ မည်းသလားဆိုတော့ နေ့ ခင်းဘက်တောင် မိုးချုပ်နေတယ်။ သူ့မိန်းမကျ အသား

mgyoe.com

mgyoe.com

ဖြူဖြူ ပိန်ပိန်ပါးပါးနဲ့။ အရပ်က ကိုစိန်ဝင်းထက်တောင် နည်းနည်းမြင့်ချင်သေးတယ်။ ကလေးကတော့ နှစ်နှစ်သားအရွယ် ယောကျ်ားလေးတစ်ယောက်ပဲ ရှိသေးတယ်။

ကိုဝင်းစိန်က လက်ဖက်ရည်ဆိုင်ကို မှတ်တိုင်ဆိုတဲ့ နာမည်နဲ့ဖွင့်တယ်။ ဆိုင်းဘုတ်က သဘော်ဆေးအဖြူခံအပေါ်မှာ အနီရောင်ရင့်ရင့်နဲ့ကို ရေးထားတယ်။ ဆိုင်မဖွင့်ခင်တစ်ရက်အလိုမှာ သပြေ ၅ လမ်းဟိုဘက်အခြမ်း၊ ဒီဘက်အခြမ်းကအိမ်တွေကို ဆိုင်သစ်ဖွင့်ပွဲကိုလာဖို့ ဖိတ်စာဝေတယ်။ ဆိုင်ဖွင့်တဲ့နေ့မှာ သပြေ ၅ လမ်းကလူတွေကိုမှ မဟုတ်ပါဘူး။ လက်ဖက်ရည်လာသောက်တဲ့လူတွေ အကုန်လုံးကို ပိုက်ဆံမယူဘူး။ ကိုဝင်းစိန်ဖျော်တဲ့ လက်ဖက်ရည်က နှပ်ပြီးဖျော်တာဆိုတော့ ချိုးအဖတ်ကလေးတွေပါပါတဲ့ နှပ်ဖျော်လက်ဖက်ရည်။

သပြေရပ်ကွက်ကလူတွေကတော့ ကိုဝင်းစိန်ဖျော်တဲ့ ချိုးလက်ဖက်ရည်ကိုသောက်ပြီး အတော်လေး အာလယပြေသွားကြတယ်။

အငြိမ်းစားကျောင်းဆရာကြီး ဦးတင်သောင်းက…

'ကောင်းလိုက်တဲ့ လက်ဖက်ရည်ဗျာ။ ချိုးအဖတ်ကလေးတွေနဲ့ တစ်စက်ဆို တစ်စက်ဆိုသလောက် အရသာရှိတယ်'

လို့ ချီးကျူးတယ်။

ရှေ့နေဟောင်းကြီး ဦးမျိုးလွင်ကလည်း

'ဟုတ်ပါ့ ဆရာသောင်းရာ။ ကျုပ်တို့အဖို့ လက်ဖက်ရည်ကိစ္စ အဆင်ပြေသွားပြီ။ နှင်းဆီတို့၊ စံပယ်တို့ဘက်ကို တကူးတကထွက်သောက်စရာ မလိုတော့ဘူးပေါ့'

ဆိုပြီး ထောက်ခံအားပေးတယ်။

ကိုဝင်းစိန်ခေါ်ထားတဲ့ အလုပ်သမားတွေကလည်း မြို့ပေါ်က တစ်ယောက်မှ မပါဘူး။ အကုန်လုံး အညာသားတွေချည်းပဲ။ အလုပ်ကြိုးစားတယ်။ ရောက်လာတဲ့ ဖောက်သည်တွေကို ယဉ်ယဉ်ကျေးကျေးဆက်ဆံတယ်။ ပြောစရာတစ်ခုရှိတာက ဆိုင်ရှေ့က ကောင်မလေးချောချောလေးတွေ ဖြတ်လျှောက်သွားတဲ့အခါမျိုးမှာ သီချင်းစောင်းပြီး ဆိုတတ်တယ်။

*'မျက်စောင်းထိုးကာ မကြည့်သလိုကြည့်တော့ ဒီမှာ× × × မိန်းကလေး× × × မေးပါရစေ၊ မင်းကိုယ့်ကို ချစ်လို့များလားလေ'*

နောက်ပိုင်းကျတော့ စားပွဲထိုးလေးတွေလည်း ရပ်ကွက်နဲ့ ကျင့်သားရသွားတဲ့အတွက် ကောင်မလေးတွေကို သီချင်းစောင်းမဆိုတော့ပါဘူး။ တစ်ချိန်လုံး မြင်တွေ့နေရတဲ့ မျက်နှာတွေမို့လို့ အားနာသွားတာကလည်း တစ်ကြောင်းပေါ့။

*

ကိုဝင်းစိန်က အာဝဇ္ဇန်းကောင်းတယ်။ ဘယ်အချိန်ပဲကြည့်ကြည့်၊ သူ့မျက်နှာက ပြုံးနေတာပဲ။ ဆံပင်ကိုလည်း ခေါင်းလိမ်းဆီထည့်ပြီး အကျအန ဖြီးသင်ထားလေရဲ့။ 'မှတ်တိုင်'ဆိုင် လက်ဖက်ရည်လာသောက်တဲ့လူတွေကို ဆက်ဆံပုံက အသက်ငယ်တာ၊ ကြီးတာကို ခဏထားလိုက်ပါဦး။

'ဟော့… ငါ့အစ်ကိုတွေထိုင်မယ်'

ဆိုတဲ့ ပဋိသန္ထာရစကားမျိုးနဲ့ စလိုက်တာ။

အဝတ်အစားကို အမြဲတမ်း သပ်သပ်ရပ်ရပ် ဝတ်စားထားပြီး စကားကြီးစကားကျယ်ပြောတတ်တဲ့ ကျူရှင်ဆရာလိုလို၊ စာရေးဆရာလိုလို ကိုမင်းထွေးတို့အဖွဲ့ရောက်လာရင်

'ဟော့ ငါ့ဆရာတွေလာပြီ။ ကောင်လေးတွေ နေရာလုပ်ပေးမယ်'

ဆိုပြီး အော်ပြောတတ်တယ်။

ကိုဝင်းစိန်က သူ့ဆိုင်က လက်ဖက်ရည်ရောင်းရဖို့ဆိုရင် ဘယ်သူ့ကိုဖြစ်ဖြစ် ဆရာခေါ်ဖို့ ဝန်လေးတာမဟုတ်ဘူး။ တစ်ခါတုန်းက ဂျပန်လူငယ်နဲ့ မြန်မာလူငယ် သုဝဏ္ဏကွင်းမှာ ဘောလုံးကန်တော့ ဂျပန်လူငယ်က နှစ်ဂိုး–တစ်ဂိုးနဲ့ နိုင်သွားတယ်။ ဘောလုံးပွဲနဲ့ပတ်သက်ပြီး မြန်မာရှုံးတာကို ကြိတ်မနိုင်

mgyoe.com

ခဲမရဖြစ်နေတဲ့လူတွေက လက်ဖက်ရည်ဆိုင်မှာ အာပေါင်အာရင်းသန်သန်နဲ့ ပြောဆိုနေကြတုန်းမှာ ကိုဝင်းစိန်က

'မြန်မာနဲ့ဂျပန် ဘောလုံးကန်လို့ မြန်မာရှုံးတာက သိပ်ပြီးမထူးဆန်းဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ လူကောင်ချင်းကြည့်မယ်ဆိုရင် ဒီကဆရာနဲ့ ကျွန်တော်တို့လောက် ကွာတာကိုး'

ဆိုပြီး အနားမှာရှိနေတဲ့ ကိုခင်ဝင်းကို မေးငေါ့ပြတယ်။

ကိုခင်ဝင်းက အရပ်အမောင်း ၆ ပေလောက်ရှိပြီး ခန္ဓာကိုယ်ကလည်း တုတ်တုတ်ခိုင်ခိုင်။ ကိုခင်ဝင်းခမျာ ကိုဝင်းစိန်က သူ့ကို ဒီကဆရာလို့ သုံးနှုန်းလိုက်တာမို့ သဘောခွေ့သွားတာက အမှန်ပဲ။ အဲ... တစ်ခုရှိတာက ကိုခင်ဝင်းက ဘာဆရာလဲဆိုတော့ ဆိုက်ကားဆရာ။

ကိုဝင်းစိန်က အသက် နှစ်ဆယ်၊ အစိတ် မိန်းကလေးတွေ လက်ဖက်ရည်လာသောက်တာတို့၊ ပါဆယ်လာဝယ်တာတို့ဆိုရင်လည်း မျက်နှာကို ချိုလိုက်တာမှ သကာရည်လောင်းထားတဲ့အတိုင်းပဲ။ ပါးစပ်ပေါက်က ကျယ်လွန်းလို့ နားရွက်တက်ချိတ်မှာတောင် စိုးရိမ်ရသေးတယ်။

'အစ်မလေးတို့ လာကြ၊ ကျွန်တော့်ရဲ့ ချိုးလက်ဖက်ရည်ကို လာအားပေးတာ ကျေးဇူးတင်တယ်နော်'

'ဟို ပါဆယ်လာဝယ်တဲ့ ညီမလေး၊ လက်ဖက်ရည်ကို အစ်ကို အများကြီး ပိုဖျော်ပေးထားတယ်နော်။ နောင်ဆို အစ်ကို့ဆိုင်မှာပဲ အမြဲလာအားပေးရမယ်'

ဆိုပြီး ရွှန်းရွှန်းကိုဝေနေတာပဲ။ ကိုဝင်းစိန်က ဒေးကာနယ်ဂျီလ်ရဲ့ မိတ္တဗလဋ္ဌိကာကို မဖတ်ဖူးဘူး။ ဒါပေမဲ့ လူတစ်ယောက်ကို ဘယ်လိုဆက်ဆံရမလဲဆိုတာကိုတော့ ကောင်းကောင်းသိတယ်။ ကိုဝင်းစိန်က ဘယ်မိန်းကလေးပဲလာလာ အစ်မလေး၊ ညီမလေးလို့ပဲ ခေါ်တယ်။ ဒါကြောင့်မို့လို့ တော်ရုံတန်ရုံမိန်းကလေးက ကိုဝင်းစိန်ကို ဦးလေးလို့ခေါ်မှာကို အားနာသလိုဖြစ်သွားတယ်။ အမေအရွယ်၊ အဒေါ်အရွယ် မိန်းမကြီးတွေဆိုရင်တော့ အစ်မကြီးလို့ ခေါ်ပြန်ရော။

ကိုဝင်းစိန်ရဲ့ မိန်းမ မမြင့်ဆန်းကတော့ ကောင်တာမှာ ငွေသိမ်းတဲ့တာဝန်ကိုယူတယ်။ သူ့ရဲ့စရိုက်က ကိုဝင်းစိန်နဲ့ ပြောင်းပြန်ပဲ။ အာစလျှာစနည်းတယ်။ ကိုဝင်းစိန်ကို ဘယ်တော့မှ ကဏ္ဍကောစမလုပ်ဘူး။ ကိုဝင်းစိန် သူ့အပေါ်မှာစိတ်ဆိုးမှာကို သိပ်ကြောက်တာ။ ကိုဝင်းစိန် သူ့ကိုရိုက်မှာကို ကြောက်တယ်။ ကိုဝင်းစိန်က တခြားလူတွေအပေါ်မှာ ဘယ်လောက်ပဲကောင်းကောင်း မမြင့်ဆန်းအပေါ်မှာတော့ မယားနေစကြောင်သေမှဆိုတဲ့လူစားမျိုး။

*

(၃)

ကိုဝင်းစိန်က လက်ဖက်ရည်ဆိုင်ကို ပိုပြီးလူစည်ကားအောင်ဆိုပြီး အပေါ်စက်၊ အောက်စက် ငှေဝယ်ပြီး အခွေတွေပြတယ်။ ပြတဲ့ကားတွေကတော့ မြန်မာကားတွေချည်းပဲ။ ဒါကြောင့်မို့လို့ လက်ဖက်ရည်ဆိုင်က ညပိုင်းဆိုရင် လူပိုစည်ကားတယ်။ သပြေရပ်ကွက်လေးရဲ့ အဆုံးမှာရှိတဲ့ မီးရထားလမ်းဘေးရပ်ကွက်ကလေးက ကလေး၊ လူကြီးတွေလည်း ဗီဒီယိုလာကြည့်ရင်းနဲ့ ကိုဝင်းစိန်ရဲ့ ချိုးလက်ဖက်ရည်ကို အားပေးကြတယ်။ ဒါပေမဲ့ တစ်ဝိုင်းမှာ လူငါးယောက်လောက်ထိုင်ပြီး အလွန်ဆုံးအားပေးမှ တစ်ခွက်၊ နှစ်ခွက်ပါပဲ။

ကိုဝင်းစိန်လည်း လက်ဖက်ရည်ဆိုင်နဲ့ အကျိုးပေးတဲ့အတွက် ပြောင်ပြောင်ရောင်ရောင်ဖြစ်လာတယ်။ ရေနံချေးရောင်အသားပေါ်မှာ အဝါရောင်စပို့ရှပ်နဲ့ ဖြစ်လာတယ်။ လည်ပင်းမှာလည်း လက်သန်း မရှိ၊ တရှိ အုန်းဆံကြိုးတုတ်တုတ်ခိုင်ခိုင်ကြီးက နေရာယူလာတယ်။ ဆိုင်မှာလည်း စလောင်းတွေဘာတွေနဲ့ ဖြစ်လာတယ်။ ညဉ့်နက်သန်းခေါင်မှာလာတဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေကို ကိုဝင်းစိန်ရဲ့ လက်ဖက်ရည်ဆိုင်မှာ ကြည့်လို့ရတယ်။ ဒါပေမဲ့ လက်ဖက်ရည်တစ်ခွက်

mgyoe.com

mgyoe.com

လောက်တော့ အနည်းဆုံး အားပေးရတယ်။ ကိုဂင်းစိန် က ညလယ်စာဆိုပြီး ထမင်းကြော်ပါ ရောင်းလိုက် သေးတယ်။ ကြက်သား၊ ဝက်သားနဲ့တော့ မရဘူး။ ကြက်ဥကြော်လောက်နဲ့ပဲ ရတယ်။ ဘောလုံးပွဲကြည့် တဲ့ ပရိသတ်တွေကလည်း ဂိုးသွင်းလိုက်တဲ့ အခါ မျိုးတွေ၊ ဂိုးပေါက်နဲ့ ဘောလုံး ပွတ်ကာသီကာလွဲ သွားတဲ့ အခါမျိုးတွေဆိုရင် အားတွေမာန်တွေပါလာပြီး အသံမျိုးစုံနဲ့ အားပေးကြတယ်။ အဲဒီကိစ္စနဲ့ပတ်သက် ပြီး ဦးစိုးကြီးက...

'မောင်ဝင်းစိန်ရေ'

'ဗျာ ဦးလေး'

'ဘောလုံးပွဲရှိတဲ့ ညမျိုးဆိုရင် အော်ကြဟစ်ကြ နဲ့ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်တယ်။ တို့ လင်မယားနှစ်ယောက်လည်း ကောင်းကောင်းအိပ်လို့ မရဘူး။ ဒီတော့ ဘောလုံးပွဲကြည့်တဲ့လူတွေကို မဆူကြ ဖို့ ပြောပေးပါကွာ။ ဘောလုံးပွဲ မပြပါနဲ့လို့တော့ ဦးလေး မပိတ်ပင်ချင်ပါဘူး'

'ဟုတ်ကဲ့ ဦးလေး၊ ဦးလေးစိတ်တိုင်းကျ ဖြစ်စေရပါမယ်'

အဲဒီနောက်မှာ ကိုဝင်းစိန်က ဘောလုံးပွဲလာ ကြည့်တဲ့လူတွေကို အေးအေးဆေးဆေးအားပေးဖို့ ပြောတယ်။ ပရိသတ်တွေရဲ့ အသံတွေက ညဉ့်နက် သန်းခေါင်မှာ ဆူညံနေလို့ရှိရင် မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာနိုင်တာကိုလည်း အကျိုးသင့် အကြောင်းသင့် ရှင်းပြတယ်။ အများစုက မန်ယူ ပရိသတ်တွေချည်းပဲ။ ကိုဝင်းစိန်ကိုယ်တိုင်ကလည်း မန်ယူပရိသတ်ပဲ။ ဒါပေမဲ့ မန်ယူဂိုးသွင်းတဲ့အခါမျိုး မှာ လူတွေက စိတ်လွတ်ကိုယ်လွတ် အားပေးချင်ကြ ပေမယ့် ကိုဝင်းစိန်နဲ့ အပိုင်းရပ်ကွက်ကို အားနာပြီး အသံတိတ်အားပေးရတဲ့အတွက် ဘောလုံးပွဲရဲ့ရသကို အပြည့်အဝ မရကြဘူးပေါ့။ ကိုဝင်းစိန်ကလည်း ရီမုတ်ကွန်ထရိုးကြီးကို လက်ထဲက မချဘူး။

(၄)

ကိုဝင်းစိန်ရဲ့ စီးပွားရေးဟာ တဖြည်းဖြည်းနဲ့ ဖြောင့်ဖြူးသာယာလာတာမို့ နှစ်နှစ်လောက်လည်းကြာ ရော သပြေ ၂ လမ်းထိပ်မှာ အိမ်တစ်လုံး ဝယ်နိုင် တဲ့အထိ ဖြစ်လာတယ်။ အိမ်ကတော့ သုံးပင်နှစ်ခန်း၊ ပျဉ်ကာသွပ်မိုးပါပဲ။ လက်ဖက်ရည်ဆိုင်က သပြေ ၅ လမ်းထိပ်မှာ အခြေကျပြီးသားဆိုတော့ ပြောင်း ရွှေ့ဖွင့်ဖို့ စိတ်မကူးတော့ဘူး။ ကိုဝင်းစိန်ရဲ့ မိသားစု က လက်ဖက်ရည်ဆိုင်နဲ့တွဲနေရတဲ့ ဘဝကနေ အိုးပိုင် အိမ်ပိုင် ဖြစ်သွားပြီ။ ကိုဝင်းစိန် ကိုယ်ပိုင်အိမ် ဝယ် နိုင်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ရပ်ကွက်ထဲက မိန်းမတချို့ က...

'ကိုဝင်းစိန်ကြီး အိမ်ဝယ်နိုင်တယ်ဆိုတာ ဒီ လက်ဖက်ရည်ဆိုင်က အမြတ်နဲ့ဆိုတာ ဟုတ်ပါ့မလား။ ထီတွေဘာတွေ ပေါက်တယ်နဲ့ တူတယ်'

လို့ အချင်းချင်း ပြောကြဆိုကြတယ်။ မဒွေး ဆိုတဲ့ မိန်းမတစ်ယောက်ကတော့ စိတ်ထဲမှာ မအောင့် နိုင်တဲ့အဆုံးမှာ...

'ကိုဝင်းစိန်၊ ရှင် အိမ်တွေဘာတွေ ဝယ်တယ် ဆိုတော့ ထီပေါက်လို့နဲ့ တူတယ်'

လို့ ပြောတဲ့အခါ ကိုဝင်းစိန်က ရယ်ကျဲကျဲ မျက်နှာပေးနဲ့

'ဒီလိုပါပဲဗျာ'

လို့ မယုတ်မလွန် ပြန်ဖြေတယ်။ ကိုဝင်းစိန် ရဲ့ကံဇာတာတွေ အထွတ်အထိပ်ကို ရောက်နေတဲ့ အချိန်ပဲ ဆိုပါတော့။

*

(၅)

ကိုဝင်းစိန်ဟာ မြစ်တစ်စင်းဖြစ်ခဲ့ရင် အေးအေး ငြိမ့်ငြိမ့် စီးဆင်းရာကနေ ပင်လယ်ကြီးထဲကို ပုံစံ တစ်မျိုးနဲ့ စီးဝင်ဖို့ ကြိုးစားရာမှာ ဇာတ်လမ်းက တစ်မျိုးတစ်ဖုံဖြစ်လာတယ်။ အခုနောက်ပိုင်း ကိုဝင်းစိန် ရဲ့ မှတ်တိုင်လက်ဖက်ရည်ကောင်တာမှာ မမြင့်ဆန်း ကို မတွေ့ရတော့ဘူး။ အသားဖြူဖြူ လုံးကြီးပေါက်

mgyoe.com

လှနဲ့ အသက်သုံးဆယ်စွန်းစွန်းလောက်ရှိတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရတယ်။ ကိုဝင်းစိန်ကတော့ သူ့မိန်းမမြင့်ဆန်း နေ့စဉ်နဲ့အမျှ ကောင်တာထိုင်ရတာ ပင်ပန်းမှာစိုးလို့ အနားပေးထားတာ ဆိုပြီးပြောတယ်။

အခု အမျိုးသမီးရဲ့နာမည်က ခင်စိုးကြည်။ အပျိုတော့ မဟုတ်ဘူး။ ယောကျ်ားတစ်ယောက်နဲ့ ကွဲပြီးသွားပြီ။ သူ့ယောကျ်ားက သူ့ကို အပြီးပိုင်ထားရစ်ခဲ့ပြီး စင်ကာပူမှာဆိုလား၊ မလေးမှာဆိုလား နောက်မိန်းမနဲ့ ဘဝသစ်ကို ထူထောင်နေပြီ။ အဲဒီမှာတင် ကိုဝင်းစိန်နဲ့ ခင်စိုးကြည်တို့ တွေ့ကြတာပါပဲ။ ဒါပေမဲ့ ခင်စိုးကြည်က ကိုဝင်းစိန်နဲ့ မတွဲခင်မှာ ဟိုလူနဲ့တွဲ ဒီလူနဲ့တွဲမို့လို့ အပိုင်းရပ်ကွက်က ဆလံသထားရတယ်။ ခင်စိုးကြည်ဟာ စံပယ်ရပ်ကွက်ထဲကနေ မှတ်တိုင်ကို လက်ဖက်ရည်လာသောက်ရာကနေ ကိုဝင်းစိန်နဲ့ ငြိစွန်းတော့တာပဲ။ ခင်စိုးကြည်ကလည်း မဆွတ်ခင်ကတည်းက ညွှတ်ချင်နေတဲ့သူ။ ကိုဝင်းစိန်ကလည်း တယ်ဟုတ်တဲ့ ငါပါလားပေါ့။ အဲဒီလို ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုးတို့ တွေ့ကြရာကနေ ခင်စိုးကြည်က မယားကြီး မမြင့်ဆန်းကို မမြင်ချင်ဘူး၊ လက်ဖက်ရည်ဆိုင်ကို လုံးဝမလာစေရဘူးလို့ ပြောတာနဲ့ ကိုဝင်းစိန်က ခင်စိုးကြည် စိတ်တိုင်းကျ ဖြစ်စေရပါမယ်ဆိုပြီး ဗိုလ်အာဏာသုံးပြီး မမြင့်ဆန်းကို ဆိုင်မလာစေဖို့ တားမြစ်ထားတယ်။ မမြင့်ဆန်းကလည်း ကိုဝင်းစိန်ကို တစ်ခွန်းမှ ပြန်ပြောရဲတဲ့သူမဟုတ်တော့ မကျေနပ်ပေမယ့် သည်းခံပြီးနေရတယ်။ ကွယ်ရာမှာတော့ မျက်ရည်နဲ့မျက်ခွက်။

မနက် ၁၀ နာရီလောက်ဆိုရင် ခင်စိုးကြည်က သပ်သပ်ရပ်ရပ် ဖြီးလိမ်းပြင်ဆင်ပြီး လက်ဖက်ရည်ဆိုင်ကို ရောက်လာပြီ။ လက်ထဲမှာလည်း ထမင်းချိုင့်သုံးဆင့်ချိုင့်က ပါသေးတယ်။ ခင်စိုးကြည်က အိမ်ကနေ ထမင်းစား မလာဘူး။ လက်ဖက်ရည်ဆိုင် ရောက်တော့မှ ကိုဝင်းစိန်နဲ့ အတူတူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စားတယ်။ ဈေးဖိုးကို ကိုဝင်းစိန်က ထုတ်ပေးရတယ်။ ခင်စိုးကြည်က ခေတ်ဆန်ဆန်မိန်းမဆိုတော့ ထဘီကိုတောင် သိပ်မဝတ်ဘူး။ စကတ်အကွဲတွေ၊ စကတ်ထဘီတွေချည်းပဲ။ တစ်ခါတလေ ဂျင်းဘောင်းဘီတောင် ဝတ်လိုက်သေးတယ်။ ကိုဝင်းစိန်လည်း အရင်တုန်းက ပုဆိုးဝတ်ဆမယ့် ခင်စိုးကြည်နဲ့ ဇာတ်လမ်းစတဲ့နောက်ပိုင်းမှာ သရီးကွာတားဘောင်းဘီနဲ့ ဖြစ်လာတယ်။ တစ်ခါတလေကျရင် တီရှပ်ကို အပြင်ထုတ်မဝတ်ဘဲ ဘောင်းဘီအထဲကို ထည့်ဝတ်တာမို့လို့ အိုးစရည်းလောက်ရှိတဲ့ ဗိုက်ကြီးက ရှေ့ကိုထွက်လို့။

လူတွေကတော့ မမြင့်ဆန်းကို သနားကြတယ်။ တချို့ကလည်း မယားကြီး အထိန်းအသိမ်းညံ့လို့ ကိုဝင်းစိန်တစ်ယောက် ခင်စိုးကြည်ကို တန်းတန်းစွဲဖြစ်သွားတာလို့ ပြောကြတယ်။ တချို့ကလည်း ခင်စိုးကြည်ကို အပြစ်ဖို့ကြတယ်။

'ဒီလောက်တောင် သူများယောကျ်ားကို ပေါ်တင်နှိုက်တဲ့မိန်းမ မတွေ့ဖူးပေါင်တော်။ မိန်းမကိုက အရှက်ကို မရှိဘူး'

'အို... မပူပါနဲ့အေ။ သာလို့ နားနေတာပါ။ ကိုဝင်းစိန်ကို ကြံချောင်းလိုစုပ်ပြီး ကြံရည်ကုန်တဲ့နေ့မှာ ကြံဖတ်လို ထွေးထုတ်ပစ်လိမ့်မယ်။ ညည်းတို့ ကျုပ်ပြောတာ မယုံရင်စောင့်သာကြည့်'

ကိုဝင်းစိန်လည်း မထသလို လိုင်းစုံလာပြီ။ အရင်တုန်းက ဘီယာအရက်ကို လျှာပေါ်တစ်စက်မတင်တဲ့လူက အခုကျတော့ ညနေတိုင်းလိုလို ဘီယာယဉ်ကျေးမှုမှာ စီးမျောနေတယ်။ ဘီယာသောက်ပြီး ရီဝေဝေ အရသာလေးနဲ့ ဘိလိယက်ခုံကို ရောက်နေကျ။ ကြေးကတော့ နည်းနည်းပြင်းတယ်။ ဒါပေမဲ့ ကြွေတစ်လက် ကြက်တစ်ခုန်ပါပဲ။ ခင်စိုးကြည်ကလည်း သုညကနေ ကိုးအထိ ကိန်းဂဏန်းတွေအပေါ်မှာ ရင်ခုန်စွန့်စားရတဲ့ ခံစားချက်ကို နှစ်သက်တဲ့သူတစ်ယောက်မို့ ကိုဝင်းစိန်ကို အဲဒီလိုင်းထဲ မရောက်ရောက်အောင် ဇာတ်သွင်းတယ်။ ဒီကိစ္စနဲ့ပဲ ခင်စိုးကြည်က ယောကျ်ားနဲ့ ကွဲခဲ့ရတာတောင် နောင်တမရချင်သေးဘူး။

mgyoe.com

mgyoe.com

ဒီလိုနဲ့ပဲ ကိုဝင်းစိန်လည်း ကိန်းဂဏန်းတွေအပေါ်မှာ ရင်ခုန်တတ်လာတယ်။ ကိန်းဂဏန်းတွေကို ချစ်တတ်လာတယ်။ ကိုဝင်းစိန်က အနာဂတ်မှာ ဖြစ်လာမယ့်ကိစ္စဟာ အတိတ်ရဲ့ဖြစ်ရပ်တွေအပေါ်မှာ အခြေခံတယ်ဆိုတဲ့ သဘောတားကို လက်ခံကျင့်သုံးတယ်။ ဒါကြောင့်မို့လို့ ညဘက်ညဘက်ဆိုရင် လယ်ဂျာစာအုပ်အထူကြီးထဲမှာ ဇယားကွက်တွေရေးဆွဲပြီး ကိန်းဂဏန်းတွေရဲ့ အတိတ်ကဖြစ်စဉ်တွေကို မှတ်သားထားလိုက်တယ်။ အတိတ်အပေါ်မှာ အခြေခံ၊ ပစ္စုပ္ပန်အချိန်တွေကို အသုံးချပြီး အနာဂတ်ကို အတတ်နိုင်ဆုံး ခန့်မှန်းတယ်။ ကိန်းဂဏန်းတွေရဲ့ အရွေ့အယိုင်ဟာ ပုံသေနည်းတစ်ခုအပေါ်မှာ အခြေခံထားတယ်လို့ ယုံကြည်ထားတာကလည်း တစ်ကြောင်းပေါ့။

'ခင်စိုးကြည်ရေ…'

'ရှင့် အစ်ကို'

'အစ်ကို့ကို ကလင်ဒါအသစ်တစ်စောင်လောက် ရှာပေးစမ်းပါ။ မြေပုံမပါဘဲ တောတိုးရတာ မလွယ်ဘူး'

အနီးစပ်ဆုံးမှန်နိုင်မယ့် ပုံသေနည်းတစ်ခုကို ရှာဖွေနိုင်ခဲ့ရင် ဘဏ္ဍာတိုက်ကိုဖွင့်တဲ့ သော့တစ်ချောင်းရပြီလို့လည်း ကိုဝင်းစိန် အောက်မေ့လိုက်တယ်။ အစပိုင်းမှာ ချူဆီထည့်တဲ့သဘောလား မပြောတတ်ဘူး။ သူရှာဖွေထားတာတွေက အမှန်တရားနဲ့ တော်တော်လေးနီးစပ်နေတယ်။ ဒါကြောင့်မို့လို့ ကိုဝင်းစိန်ဆီမှာ တကူးတကလာပြီး မေးကြမြန်းကြ ဆည်းပူးကြတဲ့လူတွေ ရှိလာတယ်။ အဲဒီလူတွေအထဲမှာ သင်္ချာကျူရှင်ဆရာတစ်ယောက်တောင် ပါလိုက်သေးတယ်။ ကိုဝင်းစိန်က အဲဂျီဘရာမတတ်ဘူး။ ဂျော်မေထရီမတတ်ဘူး။ ကဲကုလ မတတ်ဘူး။ သင်္ချာရဲ့ အခြေခံဖြစ်တဲ့ ပေါင်း၊ နုတ်၊ မြှောက်၊ စားလောက်ကိုပဲတတ်တာ။ ဒါပေမဲ့ သူ့အဖို့ အဲဒီ ပေါင်း၊ နုတ်၊ မြှောက်၊ စားလောက်နဲ့တင် လုံလောက်နေပြီ။

ကိုဝင်းစိန်က လက်ဖက်ရည်ဆိုင်ကို ဆိုင်စဖွင့်တုန်းကလို သူကိုယ်တိုင် မဖျော်တော့ဘူး။ စားပွဲထိုးချာတိတ်ကလေးတွေအထဲက နည်းနည်းပါးပါးဖျော်တတ်တဲ့ အောင်ကိုဆိုတဲ့ ကောင်လေးကို တာဝန်ပေးထားလိုက်တယ်။ လက်ဖက်ရည်အရသာလည်း သိသိသာသာ ပြောင်းသွားတယ်။ ပေါ့ဆိမ့်မှာရင် ပေါ့တော့ပေါ့တယ်၊ မဆိမ့်ဘူး။ ချိုကျမှာရင် ချိုတော့ချိုတယ်၊ မကျဘူးဆိုတာတွေ ဖြစ်လာတယ်။

ကျောင်းဆရာဟောင်းကြီး ဦးတင်သောင်းက…

'မောင်ဝင်းစိန်ရာ၊ တို့က မင်းဖျော်တဲ့ လက်ဖက်ရည်ကို သောက်ချင်လို့လာတာ။ ချာတိတ်တွေကို မဖျော်ခိုင်းပါနဲ့'

လို့ ပြောတဲ့အခါ ကိုဝင်းစိန်က…

'ဆရာကြီးကလည်း နောက်ပိုင်းကျရင် အကျင့်ဖြစ်သွားမှာပါ'

လို့ ပြန်ပြောတယ်။

ကိုဝင်းစိန်ဟာ အဖျော်ဆရာတစ်ယောက်ရဲ့ အလုပ်က သူ့အလုပ်မဟုတ်ဘူးလို့ ယူဆလိုက်တယ်။ လူတွေလည်း တဖြည်းဖြည်းနဲ့ မှတ်တိုင်လက်ဖက်ရည်ဆိုင်မှာ ဓာတ်မကျတော့ဘူးဖြစ်လာတယ်။ သံယောဇဉ်မကုန်တဲ့ လူတချို့ကတော့ အောင်ကိုရဲ့ လက်ဖက်ရည်ဖျော်တဲ့လက်ရာ တစ်နေ့တက်လာနိုး၊ တစ်နေ့တက်လာနိုးနဲ့ မျှော်လင့်စောင့်စားနေကြတယ်။ ဒါပေမဲ့ ဒုံရင်းက ဒုံရင်းပါပဲ။ လက်ဖက်ရည်နဲ့ တွဲဖက်ပြီး စားစရာမုန့်ကလည်း ဟုတ်တိပတ်တိ မရှိ။ ရှိတဲ့ပေါင်မုန့်တွေကလည်း မွှိတက်၊ အဖျော်ဆရာကလည်း မကောင်း၊ အကြော်ဆရာကလည်း အဆင်မပြေဆိုတော့ ဖောက်သည်တွေ တဖြည်းဖြည်းနဲ့ လျော့ပါးသွားတယ်။ ကိုဝင်းစိန်ကတော့ သိပ်ပြီး အမှုထားတဲ့ပုံစံ မပေါ်ပါဘူး။ သူ့ရဲ့ ကိန်းဂဏန်းတွေဟာ ငွေကြေးအဖြစ် သက်ဝင်လှုပ်ရှားလာခဲ့ရင် ဒီလိုလက်ဖက်ရည်ဆိုင်မျိုး ဆယ်ဆိုင်မကထောင်လို့ရတယ်လို့ ယူဆထားတယ်။

အဲသလိုပုံစံမျိုးနဲ့ နှစ်လလောက်လည်းကြာရော ကိုဝင်းစိန်ရဲ့ ကံကြမ္မာရဟတ်ဘီးဟာ တစ်ပတ်လည်

mgyoe.com

လာခဲ့တယ်။ သူ့ရဲ့ ပေါင်း၊ နုတ်၊ မြှောက်၊ စားနဲ့ တွက်ချက်ထားတဲ့ ပညာရပ်ကလည်း အနာဂတ်ကို မခန့်မှန်းတော့ဘူး။ ငွေများရင် ငွေနဲ့လိုက်၊ လှေများရင် လှေနဲ့လိုက်ဆိုသလို ငွေနဲ့ထပ်ပြီး လိုက်ကြည့်ပြန်တော့လည်း လိုက်တဲ့ငွေတွေသာ အဟောသိကံဖြစ်ကုန်တယ်။ ကိုဝင်းစိန်ရဲ့ လည်ပင်းက အုန်းဆံကြိုးကြီးလည်း မရှိတော့ဘူး။ ဒါပေမဲ့ ကိုဝင်းစိန်ဟာ အရှုံးကြီးရှုံးပေမယ့်လို့ အမုန်းကြီး မမုန်းနိုင်သေးဘူး။ အဲဒီမှာတင် ခင်စိုးကြည်က အကြံပေးတယ်။

'အစ်ကိုကြီး၊ ကြည်တို့နဲ့သိတဲ့ ဘိုးတော်တစ်ယောက်ရှိတယ်။ သူ့ဆီသွားပြီး ဂဏန်းတောင်းတာပေါ့'

ခင်စိုးကြည်ရဲ့ ဦးဆောင်မှုနဲ့အတူ ကိုဝင်းစိန်လည်း ဘိုးတော်(....)ဆီကို ရောက်ခဲ့တယ်။ ဘိုးတော်က ကိုဝင်းစိန်ကို မပါတယ်။ မတာမှ အချွန်နဲ့ကို မတာ။ ကိုဝင်းစိန်လည်း ရှိစုမဲ့စုငွေတွေ ကုန်ပြီ။ ခင်မင်တဲ့မိတ်ဆွေတွေ၊ ၁၁ပေါင်းအသင်းတွေဆီကနေ လှည့်ပတ်ငွေချေးပြီး ဘယ်တော့မှ ပြီးဆုံးမှာမဟုတ်တဲ့ လောင်းကစားပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်နေတယ်။ ဒါပေမဲ့ ဘယ်လိုမှ အဖတ်ဆယ်လို့မရတဲ့အပြင် ရှိတာတွေကုန်ပြီး ကြွေးတွေသာ တင်သထက်တင်လာခဲ့တယ်။

နောက်ပိုင်းမှာ လက်ဖက်ရည်ဆိုင်လည်း ရောင်းအား ကျသထက်ကျလာတယ်။ ကြွေးရှင်တွေကလည်း ဆိုင်ပေါ်က မဆင်းတော့ဘူး။ ကိုဝင်းစိန်ခမျာ ကြွေးရှင်တွေကို နေ့ပေးပါမယ်၊ ညပေးပါမယ်ဆိုပြီး တောင်းပန်ရတာက အမောပဲ။ အတိုးနဲ့ယူထားတဲ့ ပိုက်ဆံတွေကိုလည်း အတိုးမှန်မှန်မပေးနိုင်လို့ ကြွေးရှင်တွေရဲ့ ကက်ကက်လန်အောင် ရန်တွေ့တာကို ခံရတယ်။ ကိုဝင်းစိန် ဘယ်လောက်ပဲ မျက်နှာချိုသွေးသွေး မရဘူး။ ငွေတိုးပေးစားတဲ့ မိန်းမတွေက ငွေနဲ့ပတ်သက်ရင် အားနာတဲ့စိတ်မှမရှိတာ။ ငွေမရှိကတိမတည်ဆိုသလို ကတိတွေလည်း အကြိမ်ကြိမ်ပျက်ပေါင်းများပြီ။

ဒီအချိန်လည်းရောက်ရော ခင်စိုးကြည်လည်း ကိုဝင်းစိန်ရဲ့အနားမှာ မရှိတော့ဘူး။ ကိုဝင်းစိန်ဆီမှာ ချိုနဲ့သားရေပဲကျန်တာကို သူသိသွားတယ်။ ခင်စိုးကြည်က ကိုဝင်းစိန်ရင်ခွင်ထဲကနေထွက်ပြီး အသက်အစိတ်လောက်ရှိတဲ့ လူငယ်တစ်ယောက်နဲ့ တွဲနေတယ်။ ခင်စိုးကြည်ဆိုတဲ့ အချစ်ငှက်ကလေး ထပြီး ပျံသန်းသွားပေမယ့် ကိုဝင်းစိန်ရဲ့ နှလုံးသားသစ်ကိုင်းဖျားဟာ တဆတ်ဆတ်တုန်ခါပြီး မကျန်ရစ်ခဲ့ဘူး။ ငွေရေးကြေးရေးပြဿနာတွေကို ဘယ်လိုရင်ဆိုင်မလဲဆိုတာနဲ့ပဲ ခေါင်းမီးတောက်နေတယ်။ လက်ဖက်ရည်ဆိုင်ကိုလည်း ဦးစိုးကြီးရဲ့အိမ်မှာ ဆက်ဖွင့်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ စားပွဲထိုးကောင်လေးတွေကိုလည်း လခနဲ့ဆက်ငှားဖို့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့်မို့လည်း အညာကိုပဲ ပြန်လွှတ်လိုက်ရတယ်။

ဇာတ်လမ်းဆုံးတဲ့အခါ ကိုဝင်းစိန်လည်း အိမ်ရောင်းပြီး ကြွေးထိုးဆပ်လိုက်ရတယ်။ အကုန်လုံးတော့ မကုန်ပါဘူး။ ကျန်တဲ့ငွေနဲ့ သပြေ ၃ လမ်းထဲမှာ ဆယ်ပေအိမ်ကလေးတစ်လုံး ဝယ်လိုက်တယ်။ ကိန်းဂဏန်းတွေကိုလည်း တော်တော်လေး သူ စိတ်နာသွားတယ်။ ရပ်ကွက်ထဲက မိန်းမတွေကတော့...

'နှစ်လုံး၊ သုံးလုံးဆိုတာ ကောင်းကျိုးမှ မပေးတာအေ။ ကိုဝင်းစိန်ကြီး စီးပွားပျက်ပြီး လက်ဖက်ရည်ဆိုင်ပြုတ်တာသာကြည့်တော့'

ဆိုပြီး ပြောကြတယ်။ ကိုဝင်းစိန်ဟာ ရပ်ကွက်ထဲမှာ နှစ်လုံး၊ သုံးလုံးနဲ့ ပတ်သက်ရင် ပြောစရာပြယုဂ်တစ်ခုလို ဖြစ်နေတယ်။

*

(၆)

ကိုဝင်းစိန်က သူ့ရဲ့ ဆယ်ပေအိမ်ကလေးနဲ့ ခြံစည်းရိုးအကြားမှာ တာလပတ်မိုးလိုက်တယ်။ စားပွဲခုံကလေးနှစ်ခုံနဲ့ ခွေးခြေပုကလေးတွေကို ချထားတယ်။ ပြီးတော့ မီးဖိုနှစ်ဖိုထားပြီး ချိုးလက်ဖက်ရည်ကို ကိုယ်တိုင်ဖျော်ပြီး ရောင်းတော့တယ်။ အဖျော်ဆရာလည်း သူပဲ။ စားပွဲထိုးလည်း သူပဲ။

mgyoe.com

m gရပ်ကွက်ထဲက လက်ဖက်ရည်သမားစစ်စစ်တွေကတော့ ကိုဝင်းစိန်ရဲ့ အိမ်ကလေးကိုသွားပြီး ချိုးလက်ဖက်ရည်ကို သောက်ကြတယ်။ ပါဆယ်လာဝယ်တဲ့ လူတွေလည်း ရှိတယ်။ သူ့အရပ်နဲ့ သူ့ဇာတ်အံကိုက်ပဲ။ ဒါပေမဲ့ အသံတစ်သံထွက်လာတာက ကောင်မလေးတွေ လက်ဖက်ရည်လာဝယ်ရင် ပိုပိုသာသာဖျော်ပေးတယ်ဆိုပဲ။

လက်ဖက်ရည်လာဝယ်တဲ့ လူတွေက...

'ကိုဝင်းစိန် ခင်ဗျား ဆိုင်းဘုတ်ကလေး၊ ဘာလေးထောင်ထားလေဗျာ။ ဒါမှ လူတွေသိမှာပေါ့'

လို့ ပြောတဲ့အခါ ကိုဝင်းစိန်က...

'ဆိုင်းဘုတ်မရှိတော့ ဆိုင်းဘုတ်ခွန် မပေးရဘူးပေါ့ဗျာ' လို့ နောက်တောက်တောက် ပြန်ပြောတယ်။

အခုမှ ကိုဝင်းစိန်ဟာ ဖီးနစ်ငှက်တစ်ကောင်လို ဘဝကို ရှင်သန်ထမြောက်ပြီး စလုံးရေ စနေရတယ်။ တစ်ချိန်တုန်းက သူ တောတိုးဖို့ဝယ်ထားတဲ့ မြေပုံကိုလည်း မီးမွှေးပစ်လိုက်ပြီ။ ကိန်းဂဏန်းတွေကိုလည်း ကြားတောင် မကြားချင်တော့ဘူး။ ဘီယာလည်း မသောက်တော့ဘူး။ ဘီလိယက်လည်း မထိုးတော့ဘူး။ သူ့ရဲ့ခေါင်းထဲမှာ ခင်စိုးကြည်လည်း မရှိတော့ဘူး။ သူ ရွှေရောင်လွှမ်းခဲ့စဉ်အခါက အမူအကျင့်တွေလည်း ပျောက်ကွယ်လုနီးနီးဖြစ်နေပါပြီ။

ဒါပေမဲ့ အလေ့အကျင့်တစ်ခုက စွဲစွဲမြဲမြဲကပ်ပါလာတယ်။ အဲဒါကတော့ ကိုဝင်းစိန်ကို ဘယ်အချိန်ပဲကြည့်လိုက်ကြည့်လိုက် သရီးကွာတားဘောင်းဘီကြီးနဲ့ပါပဲ။

❒

နိုင်မြင့်

ရွှေအမြုတေ၊ ၂၀၁၁၊ ဖေဖော်ဝါရီလ။

mgyoe.com

mgyoe.com

# ကျွန်တော့်ရည်မှန်းချက်
# တွေးလျက်နဲ့ ပျော်သည် . . ပျော်သည် . . . .

ငွေကြယ်စင်

အဓိပ္ပာယ်ရှိသော လူသားတစ်ယောက်၏ အသက်ရှင်သန်မှုတွင် အလုပ်လုပ်ခြင်းသည် အရေးကြီးသော ကဏ္ဍတစ်ခုပင်ဖြစ်သည်။ လူတိုင်း အလုပ်လုပ်ကြသည့်အတွက် လုပ်ငန်းအမျိုးအစားသည်လည်း မရေတွက်နိုင်အောင် များပြားပါသည်။ ဝင်ငွေ ရသောအလုပ်နှင့် ဝင်ငွေမရသောအလုပ် ကွာခြားသလို ဂုဏ်သိက္ခာရှိသော အလုပ်နှင့် ဂုဏ်သိက္ခာကင်းမဲ့သော အလုပ်ဟူ၍လည်း ကွဲပြားပြန်သည်။

သူလည်း လူထဲက လူတစ်ယောက်ဖြစ်နေသောကြောင့် အလုပ်လုပ်ရသည်။ သူသည် ဆိုက်ကားဆရာတစ်ယောက် ဖြစ်သည်။ ကျောင်းပညာကိုဆယ်တန်းအထိ သင်ယူခဲ့ဖူးသော်လည်း သူသည်ဆိုက်ကားပဲနင်းပါသည်။ ထို့ကြောင့် ဆိုက်ကားနင်းသည့်အလုပ်မှာ ပညာနှင့်အသက်မွေးသည့် အလုပ်လား၊ ခွန်အားနှင့် အသက်မွေးသည့် အလုပ်လားလို့တောင်မှ ဇဝေဇဝါ ဖြစ်မိပါသေးသည်။ သေချာတာကပရိယေသန အလုပ်မျိုးစုံ လုပ်ကိုင်နေကြသော လူဦးရေသန်းပေါင်းများစွာထဲက သူသည် ဆိုက်ကားနင်းသည့်အလုပ်ကို လုပ်ပါသည်။

ငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းက လူကြီးအတော်များများသည် ကလေးတစ်ယောက်ကိုတွေ့ပြီး စကားပြောပြီဆိုလျှင် 'ကြီးလာရင် ဘာလုပ်မှာလဲ' ဆိုသည့် မေးခွန်းကို မေးတတ်ကြသည်။ သူလည်း ကလေးဘဝတုန်းက ထိုမေးခွန်းမျိုးကို အကြိမ်များစွာ ဖြေဆိုခဲ့ဖူးသည်ဖြစ်ရာ 'ကြီးလာလျှင် ဆိုက်ကားနင်းမယ်' လို့ တစ်ခါမှ မဖြေဖူးတာ သေချာပါသည်။ သူ့အထင်တော့ လက်ရှိအရေအတွက် များစွာသောဆိုက်ကားဆရာတို့သည်လည်း ငယ်ငယ်တုန်းက ထိုမေးခွန်းမျိုးကို 'ဆိုက်ကားနင်းမယ်' ဟု တစ်ဦးမှ ဖြေကြလိမ့်မည် မဟုတ်ပါ။

ဘာမျှ မသိနားမလည်သေးသည့် စကားပြောတတ်စအရွယ်မှာပင် ဆိုက်ကားနင်းသည့်အလုပ်ကို မလုပ်ချင်တာလား၊ သိတတ်သည့် ကျောင်းသားအရွယ်မှာရော လုပ်ချင်သေးလား ပြန်တွေးတောကြည့်တော့ ကျွန်တော့်ရည်မှန်းချက်လို့ ခေါင်းစဉ်ပေးထားသည့် စာစီစာကုံးမျိုးရေးရသည့်အခါတိုင်းတွင်လည်း ဆိုက်ကားနင်းမယ်ဟု ယောင်လို့တောင် မရေးခဲ့ဖူးတာ သေချာပါသည်။

mgyoe.com

mgyoe.com

ဘာကြောင့်လဲဆိုတာ ခုနေတွေးကြည့်တော့လည်း အဖြေမပေါ်ပါ။ ဆိုက်ကားဆရာသည် ဝင်ငွေမကောင်းသောကြောင့်လား။ မထင်ပါနှင့် ဆိုက်ကားဆရာတစ်ယောက်၏ တစ်လဝင်ငွေသည် အရာရှိတစ်ဦး၏ ပုံမှန်လစာထက် ပိုများပါသည်။ ပင်ပန်းလို့လား...၊ မထင်ပါနှင့် အရိပ်အောက်မှာနေပြီး ပင်ပန်းဆင်းရဲသူများကို သူတွေ့ဖူးပေါင်းများပြီ။ မည်သည့်အလုပ်ရှင်၏ ဩဇာလွှမ်းမိုးမှုကို မခံရဘဲ လွတ်လပ်သည့် လုပ်ငန်းတစ်ခုဖြစ်တာနှင့်ပင် ဆိုက်ကားဆရာ၏ ဘဝသည် ကျေနပ်စရာပဲ မဟုတ်လား...။

ဒါဖြင့် ဂုဏ်သိက္ခာ...၊ သူ့အလုပ်သည် ဂုဏ်သိက္ခာကင်းမဲ့သည့် အလုပ်လို့ တစ်ခါမှ မထင်မိပါ။ သူ့လုပ်ငန်းသည် သူတစ်ပါးအပေါ် ကောက်ကျစ်စဉ်းလဲသည့် အလုပ်၊ ကံငါးပါးချိုးဖောက်စရာလိုသည့် အလုပ်မျိုးမဟုတ်တာလည်း သေချာပါသည်။

သူ ကျောင်းသားဘဝတုန်းက တချို့သော ဆရာ၊ ဆရာမတွေဆီမှ 'မင်းတို့စာမကြိုးစားရင် ဆိုက်ကားသမား ဖြစ်လိမ့်မယ်' ဟူသော ဆုံးမစကားမျိုး ကြားရတတ်သည်။ ဒါဖြင့် စာကြိုးစားရင် ဆိုက်ကားသမားမဖြစ်ဘူးလို့ ပြောတာနဲ့ အတူတူပေါ့။ အခုအချိန်မှာ ပညာတတ် ဆိုက်ကားသမားတွေကို ပြပြီး 'ဆရာမ မှားသွားပြီ' ဟု ပြောလိုက်ရမည်လား။

ဒါနဲ့ နေပါဦး...၊ သူငယ်ငယ်တုန်းက ကြီးလာရင် ဘာလုပ်မယ်လို့ ပြောခဲ့ဖူးသလား...။ 'ဆရာဝန်' ဟုတ်ပါသည်။ အကြိမ်အတော်တော်များမှာတော့ ဆရာဝန်ကြီးလုပ်မယ်လို့ သူပြောဖူးသည်။ ဘာကြောင့် ဒီလိုဖြေ ရတာလဲဆိုတာတော့ သူမသိတော့ပါ။ လူကြီးတွေ သင်ထားလို့များလား...။ ဒါမှမဟုတ် ဘာကောင်းကွက်တွေကြောင့် ဖြစ်ချင်ခဲ့တာလဲ။ သိပ်မမှတ်မိ ယေမယ့် သူ မှတ်မိတဲ့ အဖြစ်အပျက်ကလေး တစ်ခုတော့ ရှိသည်။

သူတို့ ဆယ်တန်းဖြေသည့်နေ့က ဖြစ်သည်။ ပထမဆုံးဖြေဆိုရမည့်နေ့လည်း ဖြစ်သည်။ သူငယ်ချင်းလေးငါးယောက် တက်ကြွနေတဲ့ပုံစံကို အခုချိန် မြင်ယောင်ကြည့်လို့ ရသေးသည်။ သူတို့အုပ်စုသည် စက်ဘီးကို ကိုယ်တိုင်နင်းပြီး စာစစ်ဌာနရှိသည့် အထက(၆) ကျောင်းဝင်းထဲကိုဝင်တော့ သီချင်းတစ်ပုဒ်ကို ပြိုင်တူအော်ဆိုလိုက်ကြတာ သူမမေ့သေးပါ။ အဲဒီအချိန်တုန်းက အင်မတန် နာမည်ကြီးသည့် အဆိုတော် သန်းထွန်းလေး၏ 'ကျွန်တော့် ရည်မှန်းချက်' သီချင်းဖြစ်သည်။ 'ဆရာဝန်ဖြစ်ဖို့ ကျွန်တော် ကြိုးစားမည်' ဆိုတဲ့အပိုဒ်ကို သံပြိုင်အော်ဆိုပြီး ကျောင်းဝင်းထဲ ဝင်သွားကြသည့် မြင်ကွင်းက အနေးပြကွက်တစ်ခုလို...။

စာမေးပွဲလည်းဖြေပြီးလို့ အတန်းထဲက ထွက်လာပြီး ကျောင်းတံခါးဝရောက်တော့ သူတို့အားလုံး မတိုင်ပင်ဘဲ သီချင်းသံပြိုင်ဆိုမိတာက 'ဆရာဝန်ဖြစ်ဖို့ ကျွန်တော်ဝေးသွားပြီ' တဲ့။

*

ဆိုက်ကားဂိတ်တွင် ခရီးသည်စောင့်ရင်း အတိတ်ကို ပြန်တွေးနေသော သူသည် အသံတစ်သံကြောင့် အတွေးစ ပြတ်သွားသည်။

'ဦးလေး ဆိုက်ကားအားလား'

ရုံးဝတ်စုံဝတ်ထားသော သူ့သမီးအရွယ် ကလေးမလေးတစ်ယောက် ဆိုက်ကားလာခေါ်ခြင်း ဖြစ်သည်။

'ရုံးသွားချင်လို့ဦးလေး'

'အေးတက် သမီးတက်တက်'

ဆိုက်ကားဆိုဖာနှစ်ခုကို နေရာချပေးရင်း သူ ပြန်ဖြေလိုက်သည်။ ကလေးမလေးက ခေတ်၏သမီးပျို ပီသစွာပဲ ကိုယ်အလေးချိန်နည်းပါးပါသည်။ သူဖတ်နေကျဝတ္ထုထဲက ကိုယ့်ဆရာအကြိုက်ဆိုသည့် စကားလုံးကိုတောင် ဖျတ်ခနဲ ခေါင်းထဲဝင်လာလိုက်သေးသည်။ ဒီမှာတော့ ဆိုက်ကားဆရာအကြိုက်ဟုဆိုလျှင် ပိုမှန်သည်။ တစ်ယောက်တည်း စီးသူလည်း ဖြစ်တာမို့ ပေါ့ပေါ့ပါးပါးပဲ နင်းထွက်ခဲ့သည်။

'စိတ်ညစ်ပါတယ် ဦးလေးရယ်...။ ရုံးလာခါနီးကျမှပဲ အိမ်ကမောင်လေးရယ် စက်ဘီးယူသွားတာ အချိန်မီ ပြန်မလာဘူးလေ။ ရုံးသွားချိန်အမီ

mgyoe.com

ရောက်အောင်ပြန်ခဲ့လို့ သေသေချာချာမှာလိုက်ရဲ့သား နဲ့...။ လမ်းလျှောက်သွားရင်တော့ ဖြစ်တာပေါ့။ ဒါပေမဲ့ အချိန်က မရတော့ဘူးလေ သိတယ်မဟုတ် လား။ ရုံးရောက်လို့ နောက်ကျနေရင် လက်မှတ်ထိုးရ သေးတာ...။ အဲဒါကြောင့် ဆိုက်ကားစီးရတာပေါ့။ ဒီလိုချည်း အမြဲတမ်းဆို ဘယ်လွယ်မလဲ ဦးလေးရဲ့။ မနက်သုံးရာ ညနေသုံးရာနဲ့ လလည်းကုန်ရော ဆိုက် ကားခနဲ့တင် သမီးလစာ ပြုတ်မှာပေါ့'

ကလေးမလေးစကားကြောင့် သူ ရယ်လိုက်မိ သေးသည်။ ဒါအမှန်တရားတစ်ခုမဟုတ်လား...။ အတွက်အချက်ကောင်းသည့် မိန်းကလေးအဖြစ် သူ သဘောကျမိပါသည်။ လခစားဝန်ထမ်းဘဝတွေကို ဆက်စပ်ပြီးတွေးလိုက်ပြန်တော့လည်း သူစိတ်မသက် သာပြန်။ ရုံးရှေ့မှာရပ်လိုက်တော့ ပိုက်ဆံအိတ်အပြား လေးထဲက နှစ်ရာတန်တစ်ရွက်နဲ့ ရာတန်လေးတစ် ရွက်ကို ထုတ်ပေးရင်း 'ကျေးဇူးတင်ပါတယ်' လို့ ပြော သွားသည်။ ဒီနေရာမှာ ဘာကြောင့် ကျေးဇူးတင်ရမှာ လဲတို့၊ ဘာတို့ မစဉ်းစားပါနှင့်။ အခုခေတ်မှာ ကျေးဇူး တင်စကားဆိုတာ ကြားရဖို့ သိပ်ခက်ခဲတဲ့စကား မဟုတ်တော့ပါ။ သူ့လို ဆိုက်ကားသမားတစ်ယောက် ကတောင် တစ်နေ့ အနည်းဆုံး လေးငါးခါတော့ အလိုလို ကျေးဇူးတင်ခံရသည်။ ညနေဘက် တီဗီတွေ ဘာတွေဖွင့်ကြည့်ဦးမလား ကျေးဇူးအတင်ခံရလိမ့်ဦး မည်။

အပြန်လမ်းမှာတော့ ခရီးသည် ရလိုရငြား တွေးပြီး ဈေးဘက်ကို လှည့်နှင်းလိုက်သည်။ သူတွေး တာတကယ်မှန်သည်။ ဈေးဝမှာ မိန်းမတစ်ယောက် ဆိုက်ကားလှမ်းငှားသည်။ အသွားအပြန်ဆိုတော့ သူ့အတွက် ခိုင်သွားပြီ။

'ဒီမှာ ခဏစောင့်နော် ကျွန်မ ပစ္စည်းတွေ သွား သယ်မလို့'

ပြောပြီး ဈေးထဲပြန်ဝင်သွားသည်။ ခုန ကလေးမ ရဲ့ သုံးကိုယ်စာလောက်ရှိတာမို့ သူ နည်းနည်းတော့ ညစ်သွားသည်။ ကိစ္စတော့မရှိ၊ တစ်ယောက်တည်း စီးမှာဆိုတော့ ဘယ်လောက်များလေးမှာမို့လဲ...။ သူ ကလည်း သန်တုန်းမြန်တုန်း။

'နည်းနည်းကူပေးပါဦး'

ဟင်းသီးဟင်းရွက်တောင်းက နှစ်တောင်းဆို တော့ ရှေ့မှာတစ်တောင်း၊ နောက်မှာတစ်တောင်း တင် လိုက်သည်။ ခြေနင်းခုံမှာက အထုပ်တစ်ထုပ် တင်ပြီး သွားတော့ လူထိုင်စရာမကျန်တော့။ ဒီမိန်းမ ဘာဆက် လုပ်မလဲ ကြည့်နေတုန်း အလယ်ကျောမှီနေရာကို စွေ့ခနဲ တက်ထိုင်လိုက်တာ တွေ့ရသည်။ သူထိုင်ပုံက နင်းသူကို ကျောခိုင်းပြီး စပယ်ယာဘီးဘက်ကို ခြေတွဲ လောင်းချပြီး ထိုင်နေခြင်းဖြစ်သည်။ စီးနေကျမို့ ဒီပုံစံနဲ့ အသားကျနေပုံလည်း ရသည်။ သူ တစ်ချက်ပြုံး လိုက်ပြီး ဆိုက်ကားကို နင်းထွက်လိုက်သည်။ ဘုရား ... ဘုရား အမေ့သားတော့ လူပေါင်းမှားပြီ ထင်ပါ ရဲ့...။

'ဈေးရောင်းရတာလည်း မကိုက်ပါဘူးရှင်။ လုပ်လက်စမို့သာ ဆက်လုပ်နေရတာ။ ရောင်းတာက ဂနိုင်စိမ်းဆိုတော့ တစ်ရက်လောက် ကျန်သွားရင် လွှင့် ပစ်ရရော...။ အဲဒီတော့ အရင်းထဲက ပါသွားပြန်ရော။ အရင်းမရှိလို့ဆိုပြီး ဆက်မရောင်းလို့မှ မဖြစ်တာလေ ... ဘာလုပ်ရမလဲ၊ နေ့သွင်းပေးတဲ့ မိန်းမဆီ အောက် ကျခံရပြန်တာပေါ့'

ဆိုက်ကားပေါ် ထိုင်လိုက်လာတာကို ဖိမ်ခံ ကားပေါ်မှာ ထိုင်နေရတယ်လို့ ထင်လားမသိ။ စကား တောင် အေးအေးဆေးဆေး ပြောနေလိုက်သေးသည်။

'ကျွန်မလည်း တစ်ခါတစ်ခါတော့ တွေးမိ တယ် သိလား။ ငွေတိုးပေးစားတဲ့သူတွေဟာ ဘာ ကြောင့် ဒီလောက်တောင် မောက်မာရတာလဲလို့လေ။ ကျွန်မတို့ဆိုရင် ကိုယ့်ဆီ ဈေးလာဝယ်တဲ့သူတွေ ဆို ချိုနေအောင်ပြောရတာ... ကိုယ့်ထမင်းရှင်တွေ မဟုတ် လား...။ သူတို့လည်း ဒီလိုပဲပေါ့...၊ ကျွန်မတို့နဲ့ ဘာ ကွာလို့လဲ...၊ ကျွန်မတို့က ပစ္စည်းရောင်းတာ၊ သူတို့ က ပိုက်ဆံရောင်းတာ၊ အလကားပေးနေတာမှ မဟုတ်ဘဲ...။ ဘာမောက်မာစရာရှိလို့၊ ရောင်းတာချင်း

mgyoe.com

အတူတူပါပဲတော်...။ ကျွန်မတို့လို လူမျိုးတွေမရှိရင် သူတို့ ဘယ်လိုအလုပ်ဖြစ်မလဲ ဒါတောင်မှ...။ အေးလေ ကိုယ်ကလည်း မကင်းနိုင်။ ဒီလိုပဲ အောက်ကျခံရမှာပေါ့...။ 'အဲအဲ ရောက်ပြီ ပစ္စည်းတွေ အောက်ချပေးပါဦး ကျေးဇူးရှင်ရယ်...'

ပြောလည်းပြော အောက်ကိုလည်း ခုန်ချလိုက်သည်။

'ဘယ်လောက် ကျသလဲ'

'ရှစ်ရာပါ အစ်မ'

'ကဲကဲ ရှစ်ရာလုပ်မနေနဲ့ တစ်ထောင်သာ ယူသွား၊ တခြားသူနဲ့ဆို နှစ်စီးခွဲတင်ရမှာ၊ နင်းရတာလည်း သက်သာတာမဟုတ်ဘူး။ ကျွန်မ ကိုယ်ချင်းစာတတ်ပါတယ်ရှင်။ ရှင်လည်း ဆင်းရဲတယ်၊ ကျွန်မလည်း ဆင်းရဲတယ် ဘဝသမားတွေ မဟုတ်လား။ ဒီနေ့ကျမှ ကျွန်မစီးနေကျ အကောင်က လာမကြိုဘူးလေ...'

ကြာကြာဆက်နေရင် စကားပြတ်မှာ မဟုတ်တာနဲ့ ထွက်လာခဲ့သည်။ ဒါတောင် နောက်မှာ ပွစိပွစိနဲ့ တစ်ယောက်တည်း ပြောနေသေးသည်။ ဒီမနက်တော့ တွက်ချေကိုက်ပြီမို့ ထမင်းစားပြန်တော့မည်။ နေ့ခင်းဘက်တွေဆို နေပူလွန်းလို့ အိမ်မှာပဲနေတာများသည်။ ညနေစောင်းတော့မှ ညဆိုင်းပေါ့။ အဲ... ညနေဆိုလို့ ညနေကျရင် လမ်းထဲက အသိအိမ်တစ်အိမ်က ဧည့်သည်ဆေးခန်းပြဖို့ ချိန်းထားတာရှိသည်။ စိတ်ပူစရာမလိုတော့ ညနေဘက်အတွက်က အော်ဒါရှိပြီးသား။

*

ကလင် ကလင်....

စက်ဘီးဘဲလ်သံကြားလိုက်လို့ သူငယ်ချင်းရဲ့ သားလေးက အထဲကို အော်ပြောလိုက်သည်။

'အန်တီရေ ဆိုက်ကားရောက်ပြီ'

'အေး အေး လာပြီဟေ့'

အသံနဲ့အတူပဲ ခပ်ပိန်ပိန်အမျိုးသားတစ်ဦးကို ဖေးမီးသည်ဖြစ်ဟန်တူသော အမျိုးသမီးကတွဲကာ အိမ်ရှေ့ကို ထွက်လာသည်။ သူလည်း အကျင့်ပါနေသည့်အတိုင်း ကိုယ်တိုင်တွဲခေါ်လာကာ ခပ်မှန်မှန်လေး နင်းထွက်လာခဲ့ပါသည်။

ဧည့်သည်များပြသချင်သည့် အထူးကုဆေးခန်းမှာ အိမ်နှင့် သိပ်မဝေးလှပါ။ အိမ်ကအထွက်မှာ သူငယ်ချင်းဖြစ်သူက 'မင်း အစအဆုံး ကူညီလိုက်ပါကွာ' လို့ မှာလိုက်သေးသည်။ ဒီလိုမျိုး မမှာလည်း သူက ကူညီမှာပဲဖြစ်ပါသည်။

အမျိုးသမီးဖြစ်သူ၏ ဝတ်စားဆင်ယင်မှုက နယ်ကတက်လာသည့်သူဌေးမှန်း အရမ်းကို သိသာပါသည်။ လက်နှစ်ဖက်က ရွှေလက်ကောက်တွေက တချွင်ချွင်မြည်နေသည်။ လည်ပင်းက ဆွဲကြိုးကြီးကလည်း နွားချည်တဲ့ကြိုးနဲ့မှားပြီး ဆွဲလာသလားလို့တောင် ထင်ရသည်။ မျက်နှာမှာလည်း မိတ်ကပ်က အဖွေးသားပေမယ့် လည်ပင်းနဲ့လက်မှာကတော့ မူလအသားအရောင်အတိုင်းဆိုတော့ ငွေကြေးအတွက် မခက်ခဲပေမယ့် အခြားအခက်အခဲများစွာ တွေ့နိုင်ပါသည်။

ဆေးခန်းရှေ့ကိုရောက်တော့ လူနာကို သူပဲတွဲပါသည်။ အဝင်အဝမှာ လူနာမှတ်တမ်းစာအုပ်စလုပ်ရသည်။ ပိုက်ဆံစပေးရပြီး နောက်တော့ သမားတော်ကြီးနဲ့ ၁၀ မိနစ်လောက် ဝင်တွေ့ပြီး စမ်းသပ်ခံရပါသည်။ စစ်ဆေးစရာရှိတာ စစ်ဆေး၊ ရိုက်စရာရှိတာရိုက် တစ်နေရာတည်းမှာပဲဆိုတော့ အဆင်ပြေပါသည်။ အချိန်ကတော့ ည ၈ နာရီလောက် ဖြစ်သွားသည်။ အဲဒီဆေးခန်းကို သူလည်း ခုမှ ထဲထဲဝင်ဝင် ရောက်ဖူးသည်။

သူ့လူမှာ အမျိုးသားဖြစ်တာမို့ ဆီးတို့သွေးတို့ ယူသည့်အခါ သူပဲ တောက်လျှောက်လိုက်ရသည်။ သူ့အမျိုးသမီးက ပိုက်ဆံလိုက်ရှင်းရုံသာ။ တစ်နေရာပြီးတစ်နေရာ ဝင်လိုက်ထွက်လိုက်၊ အလုပ်ကတော့ မနည်းရှုပ်ပါသည်။ ပေးရသည့် ပိုက်ဆံကလည်း သူတို့လိုလူမျိုးသာဆို ခက်ရချည်ရဲ့လို့လည်း ကပျာ

mgyoe.com

ကယာ တွေးမိလိုက်သေးသည်။ အကြွေမရှိသည့် ပြဿနာကလည်း ခဏခဏ ကြုံရသေးသည်။ ဒါပေမယ့် ဒီပြဿနာကလည်း တစ်ဖက်ဖက်က လျှော့ပေးလိုက်လျှင် ဖြစ်ပါသည်။

ဘယ်သူက လျှော့မည်ထင်ပါသလဲ။ သူ့ဇနီးသည်အမျိုးသမီးကပဲ ပြုံးရွှင်ချိုသာသောအသံဖြင့် 'အကြွေနှစ်ရာမရှိရင် မအမ်းနဲ့တော့သမီး' သူကတော့ နှမြောပါသည်။ နှစ်ရာဆိုတာလည်း ပိုက်ဆံပဲ မဟုတ်လား။ ဒါပေမဲ့ သူ ဘာမှဝင်မပြောဖြစ်ခဲ့ပါ။ သူ့ဇနီးသည်တင်မဟုတ်ဘဲ တခြားလူနာရှင်တွေအားလုံးဟာလည်း နေရာပေါင်းစုံက တောင်းသည့်ပိုက်ဆံတွေကို ဆစ်ခြင်းပြုခြင်းမရှိဘဲ ဟောခနဲ ဟောခနဲ ပေးလိုက်ကြတာချည်းသာဖြစ်သည်။ ခုဆိုလျှင် သူ့ဇနီးသည် တစ်ညနေထဲမှာပင် တစ်သိန်းကျော်ခန့် ကုန်သွားလောက်ပြီဟု သူခန့်မှန်းမိသည်။ ဒါပေမဲ့ သူ့ဇနီးသည် လူနာရှင်အမျိုးသမီးမှာ နှမြောသည့် အမူအရာမျိုး လုံးဝမတွေ့ရဘဲ သူ့ယောက်ျား၏ ဝေဒနာ ပျောက်ကင်းမည့်အတွက် အားရဝမ်းသာဖြစ်နေပုံပဲရပါသည်။

အိတ်ထဲက ပိုက်ဆံတစ်ခါထုတ်ရတိုင်းလည်း အော်ရာမင်း F အားဆေးကြော်ငြာထဲက မင်းသမီးလိုမျိုး အိတ်ထဲရှိသမျှ ပိုက်ဆံအားလုံးကို အရင်ထုတ်လိုက်ပြီးမှ လိုသလောက်ယူပြီး ပြန်ထည့်တာတွေ့ရသည်။

ကိစ္စဝိစ္စ အားလုံးပြီးသွားတော့ သူတို့ အိမ်ပြန်ကြသည်။ ဆိုက်ကားပေါ်ရောက်တော့ လူနာအစ်ကိုကြီးက 'ခုလို အစအဆုံးကူညီတာ ကျေးဇူးတင်ပါတယ်ကွာ' လို့ မပွင့်တပွင့်လေးပြောသည်။ သူ့ဇနီးသည်ကလည်း 'ဟုတ်ပါတယ်ကွယ်၊ တို့တွေ သူတော်ကောင်းနဲ့တွေ့တာလို့' သကာဆင့်လိုက်ပါသည်။ ဒီနေ့အဖို့ သူအတင်ခံရသည့် နောက်ဆုံးကျေးဇူးတင်စကား ဖြစ်လိမ့်မည်။ ဒါပြီးရင် သူအိမ်ပြန်တော့မည်လေ။

တည်းသည့်အိမ်ရောက်တော့လည်း အိမ်ခန်းထဲ သူပဲတွဲပို့ပေးပါသည်။ အချိန်မနည်းလင့်နေတာ သူသိပါသည်။ သူ့ဘက်က ဒီလောက်လေးနဲ့ ပြောစရာမဖြစ်ချင်တော့ ကူးတို့အထိပို့လိုက်တာပဲဖြစ်သည်။

'ကျေးဇူးပဲ မောင်လေးရေ၊ ဆိုက်ကားခ ဘယ်လောက်ပေးရမလဲ...'

ခုနက ကျေးဇူးနောက်ဆုံး မဟုတ်သေးပါလား။

'အသွားအပြန် ရှစ်ရာပါအစ်မ'

'ဘာ... များလှချည်လားကွယ်၊ ဒီနားဟိုနားကို'

သူလည်းပုထုဇဉ်လူသားပီပီ ဖျင်းခနဲ ဖြစ်သွားသည်။ အသက်ကို ဝအောင်ရှူသွင်းပြီးမှ...

'မများပါဘူးအစ်မရယ် ဒါပုံမှန်ပါပဲ'

'ဘယ်မှာ ပုံမှန်ဟုတ်လို့လဲ၊ ငါတို့ကို တောကတက်လာတာဆိုပြီး အချဉ်ဖမ်းတာတော့ မလုပ်နဲ့နော်။ မနက်တုန်းက အဲဒီဆေးခန်းကိုပဲ တိုကင်ယူရအောင်သွားတာ အသွားအပြန်မှ ခြောက်ရာပဲ ယူတယ်။ ဟော့အောင်ခင်ရေ နင့်ဂှားပေးတဲ့ နင့်သူငယ်ချင်းဆိုက်ကားက ဘယ်လိုလဲ အချင်းချင်းတွေဆို...'

ပြဿနာတော့ စပြီထင်ပါရဲ့၊ အိပ်ပျော်နေတဲ့ အိမ်ရှင်က ဘုမသိဘမသိထပြီး 'ဘာဖြစ်တာလဲ' ဆိုပြီး ထွက်လာသည်။

'ကဲကဲ ပြောမနေနဲ့တော့ တစ်ထောင်တန်ပဲ ရှိတယ်၊ နှစ်ရာပြန်အမ်း...'

သူ့အိတ်ထဲမှာ နှစ်ရာတန်က မရှိပြန်။ သူအားလုံးထားခဲ့ပြီး ပြန်လာဖို့ စိတ်ကူးလိုက်ပေမယ့် ရှစ်ရာဆိုတာကလည်း သူတို့မိသားစုအတွက်က မနည်းသုံးရတာမို့ အကြွေဖျက်ဖို့ ကွမ်းယာဆိုင်လိုက်ရှာတော့သည်။ မနည်းမှောင်နေပြီဆိုတော့ အနားက ဆိုင်တွေက အကုန်ပိတ်ကုန်ပြီ။ ဟိုခပ်လှမ်းလှမ်းက မီးရောင်လက်လက်မြင်နေရသော ဆိုင်ကလေးတွေ့တာနဲ့ သူသွားဖို့ ဆိုက်ကားနင်းထွက်လာတော့....

'ဆိုက်ကားထားခဲ့လေ၊ လမ်းလျှောက်ပြီး သွားဖျက်ပါလား။ နင်တို့မြို့က ဆိုက်ကားတွေရဲ့ အထာကို သိပြီးသား၊ အကြွေမရှိသလိုလုပ်ပြီး ပြန်

mgyoe.com

mgyoe.com

တော့မှာမဟုတ်လား…'

သူဘယ်လိုမှ ဆက်သည်းမခံနိုင်တော့တာမို့ လက်ထဲမှာ ကိုင်ထားတဲ့ တစ်ထောင်တန်နဲ့ အမျိုးသမီးရဲ့မျက်နှာကို ပစ်ပေါက်လိုက်ပြီး သူပြန်လာခဲ့သည်။ ဒေါသကြောင့် သူ့သွေးတို့က ဆူပွက်နေသည်။ နှလုံးခုန်သံကို အတိုင်းသားကြားရသည်။ လူတွေ ဘာ့ကြောင့် ဆရာဝန်ဖြစ်ချင်ပြီး ဆိုက်ကားသမားမဖြစ်ချင်တာလဲဆိုတာ သိခွင့်ရရုံလေးအတွက် ဒီလောက်ထိ ခံစားရတာတော့ ပထိုက်တန်ဘူးလို့ ထင်ပါသည်။

❐

ငွေကြယ်စင်

ရန်နဲ့သစ်၊ ၂၀၁၁၊ ဖေဖော်ဝါရီလ။

mgyoe.com

mgyoe.com

# အရက်ကြိုက်သူများ

ကျော်စွာထက်

'ဆရာ... ဆရာ လူနာပြချင်လို့'

'ဆရာ... လူနာပြချင်လို့ပါ။ တံခါးဖွင့်ပါဦး'

အပြင်ကနေ အကြိမ်ကြိမ်အော်ခေါ်နေတဲ့ အသံတွေကြောင့် အိပ်ပျော်ရာကနေ ကျွန်တော် လန့်နိုးလာတယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာက နိုးလာတာမို့ ရုတ်တရက် ကျွန်တော် မျက်စိမဖွင့်ချင်ဘူး။ ဒါပေမဲ့ အသံတွေက တိတ်မသွားဘဲ ဆက်တိုက်အော်ခေါ်နေတာမို့ မထချင်ထချင်နဲ့ အိပ်ရာထဲက ကျွန်တော် လူးလဲထလိုက်ရတယ်။ အိပ်ခန်းထဲက မီးချောင်းကိုဖွင့်ပြီး တိုင်ကပ်နာရီကိုကြည့်လိုက်တော့ ည ၁၁ နာရီခွဲပြီးပြီ။

အိပ်ချင်မူးတူးနဲ့ ကျွန်တော် အောက်ထပ်ကို ဆင်းလာခဲ့ပြီး ဆေးခန်းထဲကို ဝင်လာခဲ့တယ်။ ဆေးခန်းထဲက မီးချောင်းတွေကို လိုက်ဖွင့်ပြီး ဆေးခန်းတံခါးကို ဖွင့်ပေးလိုက်တော့ ဆေးခန်းရှေ့မှာ ဆိုက်ကားတစ်စီးနဲ့ ဆိုက်ကားဆရာရယ်၊ အမျိုးသမီးနှစ်ယောက်ရယ်ကို တွေ့လိုက်ရတယ်။ အမျိုးသမီးတစ်ယောက်က ဆံပင်ဖရိုဖရဲနဲ့ ခေါင်းကို အဝတ်တစ်ခုနဲ့ဖိထားပြီး အဖော်ဖြစ်ဟန်တူတဲ့ အမျိုးသမီးက အဲဒီအမျိုးသမီးကို တွဲထားတာကို တွေ့ရတယ်။

'ဘာဖြစ်လို့လဲ'

အိပ်ချင်မပြေသေးတဲ့လေသံနဲ့ ကျွန်တော်မေးလိုက်တယ်။

'လင်မယားချင်း ရန်ဖြစ်တာ ခေါင်းပေါက်သွားလို့ဆရာ'

အဖော်အမျိုးသမီးက ဖြေလိုက်တာပါ။ ခေါင်းပေါက်သွားတယ်ဆိုတဲ့ လူနာအမျိုးသမီးကတော့ ဘာမှ ပြန်မဖြေဘဲ တရှုံ့ရှုံ့နဲ့ ငိုနေလေရဲ့။

'ကဲ... ကဲ အထဲဝင် ညည်းတို့ဟာကလည်း ဒီအချိန်ကြီး ရန်ဖြစ်ရတယ်လို့'

ကျွန်တော်က သူတို့နှစ်ယောက်ကို ဆေးခန်းထဲဝင်ထိုင်ခိုင်းပြီး အပြစ်တင်တဲ့လေသံနဲ့ ပြောလိုက်မိတာမို့ အဖော်အမျိုးသမီးက...

'မဟုတ်ဘူးဆရာ။ သူ့ယောကျ်ားက အလုပ်က ပြန်လာတာကိုက မိုးချုပ်တယ်။ အဲဒါ ပြန်လာတော့လည်း အေးအေးဆေးဆေး ပြန်လာတာ မဟုတ်ဘူး။ အရက်က မူးလာသေးတယ်။ မိန်းမကို ထမင်းခူးခိုင်းတာ ဟင်းမကြိုက်လို့ဆိုပြီး ရန်ဖြစ်ကြတာပဲ။

mgyoe.com

mgyoe.com
အဲဒါ သူကလည်း ပြန်ပြောတော့ ဟိုက ကုလားထိုင်နဲ့ကောက်ရိုက်လိုက်လို့ ခေါင်းပေါက်သွားတာ။ မပြောချင်ပါဘူးဆရာရယ်။ ဆိုးပါတယ်။ တစ်အိမ်လုံးလည်း ဖျက်ဆီးထားတာ ရစရာမရှိဘူး။ ပန်းကန်တွေရိုက်ခွဲ၊ ဗီရိုတွေရိုက်ခွဲ၊ တီဗီကြီးကိုလည်း သူစကားပြောနေတုန်း ဖွင့်ထားရပါမလားဆိုပြီး ရိုက်ခွဲနဲ့။ အကုန်လုံး ဘာမှ အကောင်းမရှိတော့ပါဘူး'

လို့ ရှင်းပြတယ်။

ကြားရသမျှတော့ နားမချမ်းသာစရာတွေချည်းပါပဲ။

ဒါနဲ့ ကျွန်တော်လည်း ဘာမှဆက်မပြောတော့ဘဲ လူနာအမျိုးသမီးကို ခုတင်ပေါ် တက်အိပ်ခိုင်းလိုက်တယ်။ ပြီးတော့မှ သူ အဝတ်နဲ့ဖိထားတဲ့နေရာက ဆံပင်တွေကို ဖြဲကြည့်လိုက်တော့ နှစ်လက်မလောက်ရှည်တဲ့ ခေါင်းပေါက်နေတဲ့ဒဏ်ရာကို တွေ့လိုက်ရတယ်။ ညကြီးအချိန်မတော် အနာကို ချုပ်ရဦးမှာပဲလို့ တွေးမိပြီး ရုတ်တရက်တော့ ကျွန်တော်စိတ်ပျက်သွားမိတာ အမှန်ပဲ။ ဒါပေမဲ့ ဒီလိုဒဏ်ရာမျိုးက ဖြစ်ဖြစ်ချင်းပဲ ချုပ်ပေးမှ အနာကျက်လွယ်တာမို့ ကျွန်တော့်ကိုယ်ကျွန်တော် မပျင်းအောင် ဖျောင်းဖျပြီး ချုပ်ပေးဖို့ပဲ ကျွန်တော်စိတ်ကူးလိုက်ပါတယ်။ ဒါပေမဲ့ လူနာရဲ့ဆန္ဒကိုလည်း မေးဖို့လိုသေးတာမို့ ကျွန်တော် မေးလိုက်တယ်။

'ဒဏ်ရာက နည်းနည်းတော့ ကြီးတယ်။ ချုပ်မလား။ ချုပ်လိုက်ရင်တော့ ကောင်းမယ်'

'ဟုတ်ကဲ့ ချုပ်ပါဆရာ'

ဒီတစ်ခါလည်း အဖော်အမျိုးသမီးကပဲ ဖြေလိုက်တာပဲ။ ကာယကံရှင်ဖြစ်တဲ့ လူနာအမျိုးသမီးကတော့ ခုချိန်ထိ ဘာစကားတစ်ခွန်းမှ မပြောသေးဘဲ ရှိုက်ရှိုက်ပြီးတော့ပဲ ငိုနေလေရဲ့။

ကျွန်တော်လည်း အိမ်အောက်ထပ်မှာအိပ်တဲ့ ကျွန်တော့်တပည့်ကလေးကို ကျွန်တော့်ကို ကူလုပ်ပေးဖို့ နှိုးလိုက်ပြီး လူနာအမျိုးသမီးရဲ့ ဒဏ်ရာတစ်ဝိုက်က ဆံပင်တွေကို ဂျုတ်နဲ့ရိတ်ခိုင်းလိုက်တယ်။

ကျွန်တော်ကိုယ်တိုင်ကတော့ ချုပ်မယ့်အပ်ကို အပ်ချည်တပ်လိုက်ပြီး ပိုးသေအောင် အရက်ပြန်ထဲမှာ ခဏစိမ်ထားရင်း လက်ကို လက်အိပ်စွပ်လိုက်တယ်။ အဲဒီနောက်တော့ ကျွန်တော့်တပည့်လေးအကူအညီနဲ့ လူနာအမျိုးသမီးရဲ့ခေါင်းက ဒဏ်ရာကို စပြီးချုပ်လိုက်တယ်ဆိုပါတော့။

လူနာအမျိုးသမီးက ငယ်ပါသေးတယ်။ ရှိလှမှ အသက်အစိတ်လောက်ပဲ ရှိဦးမယ်။ အသားမဖြူမညိုနဲ့ ရုပ်ရည်ကလေးက သနားကမားပါ။ သူ့အဖြစ်သူ ဝမ်းနည်းပြီး ငိုနေတာမှန်ပေမဲ့ သတ္တိကတော့ ကောင်းတယ်။ ကျွန်တော်ချုပ်နေတာကို တစ်ချက်မတွန့်ဘူး။

သူ့ဒဏ်ရာက ၆ ချက်ချုပ်ရတယ်။ လူနာကို ချုပ်ပြီးသွားလို့ သူတို့ပြန်သွားတော့ နာရီကို ကျွန်တော်ကြည့်လိုက်တဲ့အခါ ည ၁၂ နာရီ ကျော်နေပြီ။ ကျွန်တော့်တပည့်ကလေးကို ဆေးခန်းတံခါး ပိတ်ခိုင်းလိုက်ပြီး ကျွန်တော်ပြန်အိပ်ဖို့ အိမ်အပေါ်ထပ်ကို တက်လာလိုက်တယ်။

အိပ်ရာပေါ်မှာလှဲပြီး ကျွန်တော် ပြန်အိပ်ပေမယ့် တော်တော်နဲ့ အိပ်မပျော်ဘူး။ အဲဒီတော့ စောစောက လူနာအကြောင်းက ခေါင်းထဲကို ရောက်လာတယ်။ သူတို့လင်မယား ရန်ဖြစ်ကြတာဟာ အဓိက အကြောင်းရင်းကတော့ သူ့ယောကျ်ား အရက်မူးလာလို့ပဲ။ သူ့ယောကျ်ားသာ အရက်မူးမလာရင် ခုလို ရန်ဖြစ်စရာ အကြောင်းမရှိဘူး။ အရက်ဟာ ဘယ်ဘက်မှာမှ ကောင်းကျိုးမပေးတာ သေချာပါတယ်။ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အားလုံးကို ထိခိုက်စေတာ အရက်ပါပဲ။ ဒါနဲ့တောင် လူတွေဟာ အရက်ကို ဘာကြောင့်များ မက်မက်မောမော သောက်နေကြတာလဲ ဆိုတာကို ကျွန်တော် နားမလည်နိုင်ဘူး။

ကျွန်တော်လည်း ယောကျ်ားတစ်ယောက်ပါ။ အရက်ကို သောက်ဖူးပါတယ်။ သောက်ဖူးတာမှ တောအရက်တို့ 'ဘီအီး' တို့ကအစ 'ရမ်' တို့ 'ဘရန်ဒီ' တို့အလယ်၊ ကောင်းလှတယ်ဆိုတဲ့ 'ဘလက်လေဘယ်'တို့ 'ရက်လေဘယ်'တို့အဆုံး အကုန်လုံးနီးပါး
mgyoe.com

mgyoe.com

သောက်ဖူးပါတယ်။ ဘယ်အရက်မှ ကိုယ့်ရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတွေကို အထိခိုက်ခံပြီး သောက်ရလောက်အောင်အထိ အရသာမရှိပါဘူး။ အရက်မှန်ရင် နံတာ၊ အဝင်ဆိုးတာကတော့ အားလုံး အတူတူချည်းပါပဲ။ တချို့ကတော့ ပြောကြတယ်။ 'အရက်ဆိုတာ သောက်ရတာ အရသာရှိတာ မဟုတ်ဘူး။ မူးရတာ အရသာရှိတာ' လို့။ သူတို့ပြောတာ မှန်ကောင်းမှန်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒီ မူးရတဲ့ အရသာဟာလည်း ဒီလောက်ကြီး မဟုတ်ပါဘူး။ ကိုယ့်ရဲ့ဘဝကို ထိခိုက်နစ်နာလောက်အောင် အထိတော့ ကောင်းတဲ့အရသာ မဟုတ်တာသေချာပါတယ်။

အရက်ရဲ့ဆိုးကျိုးတွေကတော့ ပြောရရင် ကုန်နိုင်စရာ မရှိပါဘူး။

စောစောက အရက်မူးပြီး မိန်းမကို ကုလားထိုင်နဲ့ရိုက်လိုက်လို့ ခေါင်းပေါက်တာ ၆ ချက်ချုပ်လိုက်ရတဲ့ လင်မယားကိုပဲ ကြည့်လေ။ မိန်းမ ခေါင်းပေါက်သွားတဲ့အတွက် ဆေးကုရတာ ငွေကုန်မယ်။ ဒီကြားထဲမှာ မိန်းမက အလုပ်မလုပ်နိုင်သေးရင် အိမ်မှုကိစ္စတွေဖြစ်တဲ့ ထမင်းဟင်းချက်တာတို့၊ အဝတ်လျှော်တာတို့၊ ကလေးထိန်းတာတို့ ဆိုတာတွေကို ဘယ်သူက လာလုပ်ပေးမလဲ။ အကုန်လုံး ကသီလင်တနိုင်တော့မှာ အမှန်ပဲ။ ဒီအထဲက ကိုယ့်ရဲ့အိမ်ထောင်သက်တမ်းအတွင်းမှာ အနှစ်နှစ်အလလက ဝယ်ယူစုဆောင်းခဲ့တဲ့ ပန်းကန်တွေ၊ ဗီရိုတွေ၊ တီဗီတွေကို အရက်မူးပြီး ရိုက်ခွဲပစ်တယ်ဆိုတော့ ဒါတွေကို ပြန်လည်ထူထောင်ဖို့ ဘယ်လောက်ကြာအောင် အပင်ပန်းခံပြီး ငွေရှာရမလဲဆိုတာ စဉ်းစားကြည့်ပေါ့။

ဒီကြားထဲက အရက်ကို အသက်နဲ့လဲပြီး ကြိုက်တဲ့လူတွေလည်း ရှိသေးတယ်။

ကျွန်တော့်လူနာတွေထဲမှာ အရက်ကြောင့် မသေသင့်သေးဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားရတဲ့ လူနာတွေ မနည်းဘူး။ တချို့ကတော့လည်း အရက်သောက်တာကိုပဲ 'ဟီးရိုး'ဖြစ်တယ်လို့ထင်တဲ့ လူငယ်တွေလည်း ရှိလေရဲ့။

အောင်ပင်လယ်ဘက်မှာ မနက်ပိုင်းဖွင့်တဲ့ ကျွန်တော့်ဆေးခန်းနဲ့ တစ်အိမ်ကျော်က ညီအစ်ကို သုံးယောက်ဆိုရင် အဲဒီလို လူငယ်တွေပဲ။ သူတို့က အရက်သောက်ရင် သူတို့လိုလူငယ်တွေကြားမှာ 'ဟီးရိုး' ဖြစ်တယ်ထင်ကြပုံရတယ်။ သူတို့အဖေက အရက်ဆိုရင် အနံ့တောင် မခံနိုင်ပေမယ့် သားတွေကတော့ သုံးယောက်စလုံး အရက်သောက်ကြလေရဲ့။ သောက်တာမှ မိုးလင်းကမိုးချုပ် တစ်နေကုန်သောက်တာ။ သူတို့ကို ကြည့်လိုက်ရင် အချိန်ပြည့် အရက်မူးနေတာချည်းပဲ။

သူတို့အလုပ်က လေးဘီးမောင်းတာပါ။ သူတို့ကို သူတို့အဖေက လေးဘီးတစ်စီး ထောင်ထားပေးတယ်။ ညီအစ်ကိုသုံးယောက် အလှည့်ကျမောင်းကြပေါ့။ ဒါပေမဲ့ သူတို့တစ်တွေက အမြဲတမ်း မူးနေတာဆိုတော့ တော်တော်တန်တန်လူကလည်း သူတို့လေးဘီးကို မစီးရဲပါဘူး။ သူတို့အကြောင်းကို မသိတဲ့လူက ငှားသွားရင်လည်း တက္ကစီခရတာကနည်းနည်း၊ မူးမူးနဲ့ ဟိုတိုက်ခဲ့ ဒီတိုက်ခဲ့လို့ သူတို့အမေက လိုက်လျော်ရတာကများများဆိုတော့ မမောင်းတာကမှ တော်သေးတယ်လို့ ဆိုရမှာပေါ့။

ဒီအထဲက သူတို့သောက်ပုံက ထမင်းမစားဟင်းမစားဘဲ တစ်နေကုန်သောက်တာဆိုတော့ ကျန်းမာရေးက ဘယ်မထိခိုက်ဘဲ နေတော့မတုန်း။ သူတို့တစ်တွေ မထူနိုင်လောက်အောင်လဲလို့ ကျွန်တော့်ဆေးခန်းကို ဆေးလာကုရပြီဆိုရင် သူတို့အမေကြီးက ကျွန်တော့်အနားကပ်ပြီး 'ဆရာရယ်...၊ သူတို့ကို အရက်သိပ်မသောက်အောင် ခြောက်ပေးပါဦး' လို့ သူတို့မကြားအောင် တိုးတိုးလေး လာပြောတတ်တယ်။ ကျွန်တော်လည်း သူတို့အမေ တိုက်တွန်းသလို သူတို့ကြောက်အောင် သူတို့အခြေအနေကို ပိုပြောပြီး ခြိမ်းခြောက်တာတောင် မဟုတ်ပါဘူး။ အမှန်အတိုင်းပဲ ပြောလိုက်တာပါ။ 'မင်းတို့တွေ ဒီအတိုင်းအရက်သောက်နေရင် သက်ဆိုးရှည်မှာ မဟုတ်ဘူး' လို့။

mgyoe.com

mgyoe.com

ဒါပေမဲ့ သူတို့ကတော့ မကြောက်ပါဘူး။

'ရတယ်ဆရာ။ သေချင်သေပစေ။ ကျွန်တော်ကတော့ သောက်မှာပဲ'

သူတို့အမေကြီးက ခြိမ်းခြောက်တာကို သိလို့လားမသိဘူး။ အရွဲ့တိုက်ပြီး အရက်မူးမူးနဲ့ ခပ်ရိုင်းရိုင်းပဲ အဲဒီလိုပြန်ပြောတတ်ကြတယ်။

မကြာပါဘူး။ ငယ်ငယ်ရွယ်ရွယ်နဲ့ တစ်ယောက်ပြီးတစ်ယောက် 'ရှော' ကုန်ကြတာပဲ။

အလတ်လူက အရင်ဆုံးသေတယ်။ ထမင်းမစား ဟင်းမစားဘဲ အရက်သောက်တာဆိုတော့ အာဟာရပြတ်ပြီး ဗုန်းဗုန်းလဲရာကနေ ပြန်ပြီး နာလန်မထူတော့တာပဲ ဆိုပါတော့။ ထမင်းဟင်းသာ မစားတယ်။ အရက်ကတော့ သေမယ့်နေ့အထိ သောက်တုန်းပဲ။

ဒါသာဖြစ်တယ်။ အရက်ကြောင့် တစ်ယောက်သေလို့ ကျန်တဲ့နှစ်ယောက်က အရက်ကို ကြောက်ပြီး ဖြတ်ဖို့ဆိုတာဝေးလို့ လျှော့သောက်မယ်ဆိုတဲ့ စိတ်မျိုးတောင် ဘယ်သူမှ မမွေးကြပါဘူး။ ကြွက်တွင်းကို ရေလောင်းသလို သောက်မြဲသောက်ဆဲပဲ။

ဒုတိယ သေတာက အငယ်ဆုံးလူပေါ့။ ဆောင်းတွင်းကြီးမှာ သူက အရက်သောက်ထားတဲ့လူဆိုတော့ အရက်အရှိန်ကြောင့် ချမ်းလို့ချမ်းမှန်းမသိဘဲ အနွေးထည့်မ၀တ်ရာက အဆုတ်အအေးမိပြီး နမိုးနီးယားနဲ့ 'ကြွ' သွားတာ။

အကြီးဆုံးလူကလည်း နမိုးနီးယားနဲ့ပဲ သေတာပဲ။ သူကတော့ မန္တလေးမှာ သေတာမဟုတ်ဘူး။ သူများတွေက ဝင်ငွေကောင်းတယ်ဆိုပြီး အပြောကောင်းလို့ ရေနံမြော်တစ်ခုမှာ အလုပ်သွားလုပ်ရာက အရက်သောက်ရင်း အဲဒီမှာပဲသေသွားတာ။ ရေနံမြော်ဆိုတော့ အဆက်အသွယ်ကလည်း မကောင်းလို့ သေပြီး တစ်လလောက်နေမှ အိမ်ကသိရတယ်။ အဲဒီကျမှပဲ သူ့အတွက် သပိတ်သွတ်ရတယ်ဆိုပါတော့။

ကျွန်တော်လည်း အိပ်မပျော်တာနဲ့ အရက်သောက်တတ်တဲ့ ကျွန်တော့်လူနာတွေအကြောင်း စဉ်းစားနေလိုက်တာ ဘယ်လောက်ကြာသွားတယ် မသိဘူး။ တော်တော်လေးကြာမှ အိပ်ပျော်သွားတယ်။

ဒါပေမဲ့ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာမှ ဘာမှမကြာလိုက်ဘူး။ အပြင်က ကျွန်တော့်ကို အော်ပြီး နှိုးနေတဲ့အသံကြောင့် လန့်နိုးလာပြန်တယ်။

'ဆရာ... ဆရာ ကျွန်တော် ညီညီပါ'

'ကျွန်တော် ဗိုက်နာလို့ပါ ဆရာ'

'ဆရာ... ကျွန်တော် ညီညီ ပါ။ ဆေးထိုးချင်လို့ပါ'

ဒီတစ်ခါလည်း ကျွန်တော် မထချင်ထချင်နဲ့ လူးလဲထလိုက်ရပြန်တယ်။ မထချင်လို့လည်း မရဘူးလေ။ အပြင်က အော်ခေါ်နေတဲ့ အသံက ကျွန်တော် မထမချင်း ရပ်မယ့်ပုံမှ မရှိဘဲကိုး။ ဒီတော့လည်း ကျွန်တော် ထရတော့တာပေါ့။

အောက်ထပ်ကို ဆင်းပြီး ဆေးခန်းထဲကို ကျွန်တော် ဝင်လာခဲ့တယ်။ ဆေးခန်းထဲက မီးတွေကို လိုက်ဖွင့်ပြီး အိပ်ချင်မူးတူးနဲ့ ဆေးခန်းထဲက တိုင်ကပ်နာရီကို ကြည့်လိုက်တော့ မနက်အစောကြီး ၃ နာရီ ထိုးပြီးခါစပဲ ရှိသေးတယ်။

ဆေးခန်းတံခါးကို ကျွန်တော်ဖွင့်ပေးလိုက်တော့ 'ညီညီ' ဆိုတဲ့လူ ဝင်လာတယ်။

'ဗိုက်အရမ်းနာလို့ တစ်ညလုံး မအိပ်ရဘူး ဆရာ။ ဆရာ့ကိုတော့ နှိုးရတာ အားနာပါတယ်။ မနက်လင်းတဲ့အထိ မနေနိုင်တော့လို့'

ဒီ ကိုညီညီက ကျွန်တော့်ဆေးခန်းကို လာနေကျလူနာပါ။ သူလာပြီဆိုရင်လည်း တခြားရောဂါနဲ့ လာရတယ်မရှိဘူး။ ဗိုက်နာလို့ လာရတာချည်းပဲ။ သူ့မှာ အစာအိမ်ရောဂါ ရှိတာကိုး။

သူ့ကို ခုတင်ပေါ်မှာ အိပ်ခိုင်းလိုက်ပြီး ဗိုက်နာတဲ့နေရာကို ကျွန်တော် စမ်းသပ်ကြည့်လိုက်တော့ သူနာတဲ့နေရာက ရင်ခေါင်း၀အောက်က အစာအိမ်တည့်တည့်နေရာက နာနေတာကို တွေ့လိုက်ရတယ်။

'ခင်ဗျားညက အရက်သောက်လိုက်သေး

mgyoe.com

mgyoe.com

လား'

ကိုညီညီက အရက်သောက်တတ်တဲ့လူမို့ ကျွန်တော်မေးကြည့်လိုက်တော့ 'သောက်လိုက်မိတယ် ဆရာ။ ကျွန်တော်လည်း ဗိုက်မနာတာ ကြာပြီဆိုတော့ အစာအိမ်ရောဂါပျောက်လောက်ပြီထင်ပြီး သောက်လိုက်မိတာ' လို့ ပြန်ဖြေတယ်။

ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့ ပြုံးလိုက်မိတယ်။ ဒီည ကျွန်တော် မအိပ်ရအောင် အရက်သမားတွေကချည်း နှိပ်စက်နေပါလားလို့ တွေးလိုက်မိတော့ နည်းနည်းတောင် ဒေါသထွက်သလို ဖြစ်မိသေးရဲ့။

ဒါပေမဲ့ ထွက်ချင်နေတဲ့ဒေါသကို ဆရာဝန်တစ်ယောက်အနေနဲ့ ပြန်မျိုသိပ်ပြီး သူ့ကို ကျွန်တော် ဗိုက်နာပျောက်ဆေးတွေ ထိုးပေးလိုက်ပါတယ်။ အစာအိမ်ရောဂါ သက်သာမယ့်သောက်ဆေးတွေလည်း ပေးလိုက်တယ်။

'ခင်ဗျား ဆန်ပြုတ်တို့၊ နွားနို့တို့၊ ပေါင်မုန့်တို့၊ ကိတ်မုန့်တို့နဲ့ပဲ တည့်တယ်။ မာတဲ့ အစားအစာတွေ မစားနဲ့။ ချဉ်တာ၊ စပ်တာ၊ ပူတာတွေ မစားနဲ့။ လက်ဖက်ရည်၊ ကော်ဖီ မသောက်နဲ့။ အထူးသဖြင့် အရက်မသောက်နဲ့ဗျာ'

ကျွန်တော်လည်း သူဗိုက်နာလို့ ဆေးခန်းလာပြတိုင်း ပြောနေကျဖြစ်တဲ့ ဓာတ်ပြားဟောင်းကြီးကိုပဲ စိတ်ပျက်လက်ပျက်နဲ့ ပြန်ဖွင့်ပြနေရတယ်။ သူကလည်း ထုံးစံအတိုင်း 'ဟုတ်ကဲ့ပါဆရာ' လို့ ပြောလေရဲ့။

ကိုညီညီပြန်သွားလို့ ဆေးခန်းတံခါးကို ပိတ်လိုက်ပြီး နာရီကို ကြည့်လိုက်တော့ မနက် ၃ နာရီ ခွဲပြီ။

ကျွန်တော်လည်း အိမ်ပေါ်တက်လာပြီး အိပ်ခန်းထဲက ခုတင်ပေါ်မှာ လှဲလိုက်တယ်။ ဒါပေမဲ့ ကျွန်တော် မျက်စိကြောင်ပြီး ရုတ်တရက် အိပ်မပျော်ပြန်ဘူး။ ဒီတော့လည်း ကိုညီညီအကြောင်းကို ကျွန်တော် တွေးနေမိပြန်ရော။

ကိုညီညီက အသက် ၃၀ လောက်ပဲ ရှိသေးတဲ့ လူပျိုလူလွတ်ပါ။ အရပ်က မဆိုစလောက် ပုပေမယ့် ပိန်ပိန်ပါးပါး အသားလတ်လတ်နဲ့ လူကကြည့်လို့ ကောင်းပါတယ်။ လူပျိုကြီးဖြစ်နေတာကတော့ မိန်းမထက် အရက်ကိုပိုကြိုက်လို့ မိန်းမ မယူတာလားဆိုတာ ကျွန်တော်လည်း မပြောတတ်ဘူး။

ဒီ ကိုညီညီကို အစာအိမ်ရောဂါရှိလို့ အရက်မသောက်ပါနဲ့လို့ ကျွန်တော်ပြောတာ အကြိမ်ပေါင်း မနည်းတော့ပါဘူး။ သူကလည်း 'ဟုတ်ကဲ့၊ မသောက်တော့ပါဘူး ဆရာ' လို့ ကတိပေးတာ များပါပြီ။ ဒါပေမဲ့ ဗိုက်နာတုန်းခဏပဲ အရက်ကိုရှောင်ပြီး ဗိုက်နာပျောက်တာနဲ့ အရက်ကို ပြန်သောက်တာချည်းပဲ။ အဲဒီတော့ ဗိုက်ပြန်နာပြန်ရောပေါ့။ ဗိုက်ပြန်နာတော့ ဆေးခန်းလာပြပြီး ဆေးထိုး၊ ဗိုက်နာပြန်သက်သာ၊ အရက်ပြန်သောက်၊ ဗိုက်ပြန်နာနဲ့ သူ့အစာအိမ်ရောဂါက လုံးလည်လိုက်နေတာပါ။

ကိုညီညီအကြောင်းကို တွေးမိတော့ ကိုညီညီလိုပဲ အရက်နဲ့မတည့်တာကို အရက်မဖြတ်နိုင်ဘဲ ခေါက်သောက်နေလို့ ရောဂါဆိုးသည်ထက် ပိုဆိုးလာတဲ့ လူနာတစ်ယောက်ကို သတိရမိတယ်။ သူ့နာမည်က ဦးလှဆောင်တဲ့။ ဦးလှဆောင်က ကျွန်တော့် ဆေးခန်းကို ရေဖျဉ်းစွဲလို့ လာကုရတဲ့ လူနာပါ။ သူ့ကို ကျွန်တော် စမ်းသပ်စစ်ဆေးကြည့်ပြီး ဝမ်းဗိုက်ကို အာထရာဆောင်းရိုက်ခိုင်းကြည့်လိုက်တော့ သူ့မှာ 'အသည်းခြောက်ရောဂါ' ရှိနေတာကို သိလိုက်ရတယ်။

'ဦးလှဆောင်က အရက်သောက်တတ်သလား'

'ဟုတ်ကဲ့၊ တစ်ခါတလေ အပေါင်းအသင်းနဲ့ ကြုံရင်တော့ သောက်တတ်ပါတယ်ဆရာ'

ကျွန်တော် သူ့စကားကို နားထောင်နေတုန်းမှာပဲ သူ့ပါးစပ်က အရက်နံ့ရနေတယ်။

'ဦးလှဆောင်မှာ အသည်းခြောက်ရောဂါဖြစ်နေပြီ။ ဒီရောဂါက အရက်သောက်တဲ့သူတွေမှာ အဖြစ်များတဲ့ ရောဂါပဲ။ ရေဖျဉ်းစွဲလာတာကလည်း ဒီရောဂါ

mgyoe.com

ကြောင့် ရေဖျဉ်းစွဲလာတာ။ ဒီတော့ ဦးလှဆောင် အရက်ဖြတ်မှဖြစ်မယ်'

'ဟာ ဖြတ်ရမှာပေါ့ဆရာ။ မတည့်ရင် ကျွန်တော် မသောက်တော့ပါဘူး'

ဒါပေမဲ့ ဦးလှဆောင် ကျွန်တော့်ဆေးခန်းကို လာတိုင်း သူ့ပါးစပ်က အရက်နံ့ရနေတာချည်းပဲ။

'ဦးလှဆောင် အရက်သောက်နေတုန်းပဲနဲ့ တူတယ်'

'မသောက်တော့ပါဘူးဆရာ။ ဒီနေ့က အပေါင်းအသင်းနဲ့ကြုံလို့ နည်းနည်းပါးပါး သောက်မိတာပါ'

ဦးလှဆောင်ကြည့်ရတာ နေ့တိုင်း အပေါင်းအသင်းနဲ့ကြုံနေပုံရတယ်။ ကျွန်တော့်ဆေးခန်းကိုလာတိုင်း သူ့ပါးစပ်က နေ့တိုင်း အရက်နံ့ရနေစမြဲပဲ။

ဒီတော့လည်း သူ့ရောဂါ မသက်သာတာ ဘာဆန်းတော့မှာလဲ။ ကျွန်တော်လည်း ပြောရတာ အာပေါက်လာတော့ မပြောချင်တော့ဘူး။ သူ့ထိုက်နဲ့ သူ့ကံ ရှိစေတော့လို့ပဲ သဘောထားလိုက်ရတယ်လေ။

ဦးလှဆောင်လိုပဲ အရက်ကြိုက်တဲ့လူအချို့ဟာ အရက်ကို အကြောင်းပြချက်အမျိုးမျိုးနဲ့ သောက်တတ်ကြတာကို ကျွန်တော် သတိထားမိတယ်။ အပေါင်းအသင်းနဲ့ကြုံလို့၊ စိတ်ညစ်လို့၊ ပျော်လို့ စသည်ဖြင့်ပေါ့။

လွန်ခဲ့တဲ့ ၁၀ ရက်လောက်က ကျွန်တော့်ဆေးခန်းကို လူနာတစ်ယောက် ရောက်လာတယ်။ သူက ဆိုင်ကယ်လဲပြီး ဒဏ်ရာရလို့ ဆေးခန်းကို လာပြတာပါ။ ပွန်းတဲ့ပဲ့တဲ့ဒဏ်ရာတွေက မျက်နှာမှာရော၊ ခြေထောက်တွေ လက်တွေမှာရော တော်တော်များတယ်။

ဒါကြောင့်လည်း သူ့ဒဏ်ရာတွေပျောက်အောင် တစ်ပတ်လောက်အထိ ကျွန်တော့်ဆေးခန်းမှာ နေ့တိုင်း ဆေးထိုးရတယ်ဆိုပါတော့။

သုံးရက်လောက်အထိ ဆေးထိုးပြီးတာတောင် သူ့ဒဏ်ရာတွေက သိပ်မသက်သာသေးတာနဲ့ သူ့ကို ကျွန်တော် မေးလိုက်မိတယ်။

'ခင်ဗျား ဒဏ်ရာတွေက များလှချည်လား။ ဆိုင်ကယ်လဲတာ အရှိန်ပြင်းလို့လား'

'ဆရာရေ့၊ အလုပ်အကိုင်မကောင်းလို့ စိတ်ညစ်တာနဲ့ အဲဒီနေ့က အရက်သောက်ပြီး ဆိုင်ကယ်စီးမိတာ။ မူးနေတာဆိုတော့ ကိုယ့်ကိုယ်ကိုယ် အရှိန်ပြင်းသလား၊ အရှိန်မပြင်းဘူးလားဆိုတာကို မသိတော့ဘူး။ လဲပြီဆိုတော့မှပဲ သိတော့တာပဲ'

အဲဒါသာကြည့်တော့ပေါ့ဗျာ။ အလုပ်အကိုင်မကောင်းလို့ စိတ်ညစ်ပြီး အရက်သောက်တော့ကော သူ့အလုပ်အကိုင်က ကောင်းလာမှာတဲ့လား။ ကောင်းမလာရုံမက ဆိုင်ကယ်မှောက်ပြီး ဒဏ်ရာရလို့ အလုပ်အကိုင်ပျက်တော့ ဝင်ငွေထိခိုက်တဲ့အပြင် ဆေးကုရတော့ ဆေးဖိုးဝါးခပါ ထပ်ကုန်တော့တာပေါ့။

အဲဒီလို 'အပေါင်းအသင်းနဲ့ကြုံလို့' တို့၊ 'စိတ်ညစ်လို့' တို့ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ သောက်တတ်တဲ့လူတွေအပြင် ဘာအကြောင်းပြချက်မှ မရှိဘဲ ကြိုက်လို့ကို သောက်တဲ့လူတွေလည်း ရှိသေးတယ်။

ခုတော့ ဆုံးသွားပါပြီ။ မဆုံးခင်က ကျွန်တော့်ဆေးခန်းကို မကြာခဏလာပြရတဲ့ ကိုစိုးမောင်ဆိုရင် အဲဒီလို အရက်ကို ကြိုက်လို့ကို သောက်တဲ့ လူစားမျိုးပဲဆိုပါတော့။

သူက အရက်ကို ကြိုက်လို့ သောက်တဲ့လူဆိုတော့ နေ့တိုင်း မနက်မိုးလင်းက မိုးချုပ် တစ်နေကုန်သောက်တာပဲ။ ဘာအလုပ်မှလည်း မလုပ်ဘူး။ ဒါသာဖြစ်တယ်။ မိန်းမကျတော့ နှစ်ယောက်။ မယားကြီးက မုန့်ဟင်းခါးရောင်းပြီး ရှာကျွေးတယ်။ မယားငယ်ကတော့ ဘာအလုပ်လုပ်သလဲ ကျွန်တော်မသိဘူး။

အဲဒီ ကိုစိုးမောင်က အရက်ကို တစ်နေကုန် တစ်နေခန်း ၁၅ ရက်လောက် သောက်ပြီးပြီဆိုရင် အရက်နာကျပြီး မသောက်နိုင်တော့ဘူး။ အဲဒီလို အခါမျိုးဆိုရင်တော့ အရက်မှမဟုတ်ဘူး။ ဘာစားစား ဘာသောက်သောက် အန်တော့တာပဲ။

mgyoe.com

အဲဒီလို အခြေအနေမျိုးဆိုရင် ကျွန်တော့် ဆေးခန်းကို ဆေးလာကုရပြီ။ သူ့ကို အအန်ပျောက်တဲ့ဆေးတွေ ထိုး၊ အားဆေးပုလင်းကြီးတွေချိတ်၊ လုပ်ရတယ်။ ညကို မအိပ်နိုင်ဘူးဆိုရင် အိပ်ပျော်အောင် အိပ်ဆေးတွေ ထည့်ပေးရတယ်။ အဲဒီလို ၃ ရက်လောက်ကုလိုက်မှ သူ သက်သာသွားတယ်ဆိုပါတော့။

သက်သာတော့ ဘာလုပ်တယ်ထင်သလဲ။ အရက်ပြန်သောက်တာပါပဲ။ အဲဒီလို ၁၅ ရက်လောက် တစ်နေ့ကုန်တစ်နေ့ခန်း အရက်သောက်ပြီးပြီဆိုရင် တစ်ခါ အရက်နာကျပြီး ဆေးကုရပြန်ရော။ ဆေးကုလို့ ပျောက်ပြီဆိုရင် အရက်ပြန်သောက်ပြန်ရော။ သူ့အဖြစ်က ဂျာအေး သူ့အမေရိုက်ပြီး ဒီအရက်ဝဲဂယက်ထဲက မထွက်နိုင်တော့ဘူး။

ကိုစိုးမောင်လိုလူမျိုးက လူ့ဘဝကို အရက်သောက်ဖို့ရောက်လာတဲ့ လူမျိုးလို့တောင် ပြောရင်ရတယ်။ သူ့ကို ဆေးကုပေးရတာဟာလည်း အရက်ပြန်သောက်နိုင်အောင် ကုပေးရသလို ဖြစ်နေတယ်။ အလုပ်ကလည်း ဘာအလုပ်မှ မလုပ်ဘူးဆိုတော့ မိသားစုအတွက် တကယ့်ကို 'ဆန်ကုန်မြေလေး' ဆိုတဲ့ လူစားမျိုးပဲ။ ဒီကြားထဲက သူ့ကို ဆေးကုပေးရတာတို့၊ ပြုစုစောင့်ရှောက်ရတာတို့က မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုပေါ့။

အဲဒီ ကိုစိုးမောင်လို အရက်ကိုကြိုက်လို့ကို သောက်တဲ့ လူစားမျိုးက မရှားဘူး။ ကျွန်တော့်ဆေးခန်းကို လာပြတဲ့ လူနာတွေထဲမှာကို လေးငါးယောက်မက ရှိတယ်။

ကိုကျော်မျိုးထွန်းဆိုတဲ့ လူနာတစ်ယောက်ဆိုရင် အသက် ၃၀ တောင် မပြည့်လောက်သေးဘူး။ လူက ဖြူဖြူဖွင်စင်နဲ့ ရုပ်ရည်ကလည်း တော်တော်သန့်တယ်။ ရထားတဲ့ မိန်းမဆိုရင်လည်း တကယ့်ကို ချောချောလှလှကလေး။ သူနဲ့ဆိုရင် လိုက်ဖက်တာမှ နေနဲ့လ၊ ရွှေနဲ့မြဆိုသလိုပေါ့။ ဒါပေမဲ့ နှမြောစရာကောင်းတာက ကိုကျော်မျိုးထွန်းက ဘာအလုပ်အကိုင်မှ မလုပ်တဲ့အပြင် အချိန်ပြည့် အရက်သောက်နေတဲ့ အရက်သမားလုံးလုံး ဖြစ်နေတာပဲ။ မိန်းမကလည်း အလုပ်အကိုင်မရှိဘူး။ အမေအိုကြီးနဲ့ နေကြတယ်။ ဘယ်ကရတဲ့ဝင်ငွေနဲ့ စားသောက်နေကြသလဲ မပြောတတ်ဘူး။ ဒီအထဲက သူအရက်နာကျပြီဆိုရင် ဆေးကုရလို့ ကုန်တဲ့ငွေက ရှိသေးတယ်။

အောင်အောင်ဆိုတဲ့ လူနာကျတော့ အရက်နာကျရုံတင်မဟုတ်ဘဲ 'အရက်ကြောင်' ကြောင်တာဆိုတော့ ပိုဆိုးတာပေါ့။ နေ့လည်းမအိပ်၊ ညလည်းမအိပ်နဲ့ ကယောင်ချောက်ချားတွေပြော၊ သိစိတ်မရှိဘဲ အရူးတစ်ယောက်လို ဟိုထွက်သွားလိုက်၊ ဒီထွက်သွားလိုက်၊ ဟိုလူကို ရန်မူလိုက်၊ ဒီလူကို ရန်မူလိုက်နဲ့ ထိန်းရသိမ်းရတာ သိပ်ဒုက္ခရောက်တယ်။ နေ့ရော ညရော သူမအိပ်တော့ သူ့ကို ပြုစုစောင့်ရှောက်ရတဲ့ လူတွေလည်း မအိပ်ရဘူးပေါ့။ တစ်ညကတော့ ညကြီးမင်းကြီး နာရီပြန် ၂ ချက်လောက် သူ့နောက်က ရန်မူမယ့်လူတွေ လိုက်တယ်ထင်လို့ ထွက်ပြေးပြီး တွေ့ရာအိမ်ဝင်းတစ်ဝင်းထဲ ဝင်ပုန်းရာက အိမ်ရှင်က သူခိုးကပ်တယ်ဆိုပြီး ရဲတိုင်လို့ အချုပ်ခံရမလို ဖြစ်သေးတယ်။ သူ့ကိုလည်း သူ့မိသားစုက ကျွန်တော့်ဆေးခန်းကို ခေါ်လာလို့ သက်သာအောင် လေးငါးရက်လောက် ဆေးကုပေးလိုက်ရတယ်။

တကယ်တော့ အရက်သောက်တယ်ဆိုတာ လူမှုရေးရှုထောင့်ကကြည့်ရင်လည်း ဂုဏ်သိက္ခာမရှိဘူး။ ကျန်းမာရေးရှုထောင့်ကကြည့်ရင်လည်း ဆေးလိပ်လိုပဲ ကျန်းမာရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်စေတယ်။ စီးပွားရေးရှုထောင့်ကကြည့်ရင်လည်း အရက်ဖိုးရော၊ ကျန်းမာရေးမကောင်းလို့ ဆေးကုရတာရော၊ အလုပ်အကိုင်ပျက်တာရောနဲ့ တွက်လိုက်မယ်ဆိုရင် စီးပွားရေးလည်း ထိခိုက်စေတာ အမှန်ပဲ။

ဒါကြောင့်လည်း လူတွေဟာ ဘာကြောင့် ဘဝပျက်ခံပြီး အရက်သောက်နေကြသလဲဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး။

တကယ်တော့ 'အရက်'ဆိုတာ ရှိလို့ အရက်

mgyoe.com

mgyoe.com

သောက်တဲ့လူဆိုတာ ရှိလာတာပဲ။ အရက်ဆိုတာသာ မရှိရင် အရက်သောက်တဲ့လူဆိုတာလည်း မရှိနိုင်တော့ ဘူးပေါ့။ ကျွန်တော်သာ လုပ်ပိုင်ခွင့်ရှိတဲ့လူဖြစ်ရင် ကမ္ဘာပေါ်က အရက်ချက်စက်ရုံအားလုံးကို ပိတ်ပင် တားမြစ်လိုက်ချင်တယ်။

ကျွန်တော်လည်း အိပ်မပျော်တာနဲ့ အရက်ရဲ့ အပြစ်တွေရော၊ အရက်သောက်တဲ့ ကျွန်တော့်လူနာ တွေအကြောင်းပါ ဟိုရောက်ဒီရောက် စဉ်းစားနေမိ တယ်။

မနက်လည်း လင်းခါနီးပြီမို့ အိပ်မပျော်နိုင်တဲ့ အဆုံး အိပ်ရာထဲက ကျွန်တော် လူးလဲထလိုက်ပြီး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်လိုက်တယ်။ ပြီးတော့ ညက ကောင်းကောင်းအိပ်မပျော်ခဲ့ရလို့ နောက်ကျိ ထိုင်းမှိုင်းနေတဲ့ ကျွန်တော့်ဦးနှောက်ကို နည်းနည်း ပါးပါးဖြစ်ဖြစ် ကြည်လင်လန်းဆန်းသွားအောင် လက် ဖက်ရည်တစ်ခွက်လောက်တော့ သောက်လိုက်ဦးမယ် လို့ စိတ်ကူးပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို ကျွန်တော် ထွက်လာခဲ့တယ်ဆိုပါတော့။

လက်ဖက်ရည်ဆိုင်ရောက်တော့ မနက် ၆ နာရီထိုးပြီ။

'ဟေ့ကောင်... ကျော်စွာ' လို့ လှမ်းခေါ်လိုက် သံကြားလို့ ကျွန်တော်ကြည့်လိုက်တော့ ဘီယာဆိုင် လုပ်ငန်းနဲ့ အောင်မြင်နေတဲ့ ကျွန်တော့် ငယ်သူငယ် ချင်းဝင်းမြင့်ကို လက်ဖက်ရည်ဆိုင်က စားပွဲတစ်လုံး မှာ ထိုင်နေတာကို တွေ့လိုက်ရတယ်။ ဒါနဲ့ ကျွန်တော် လည်း သူ့ဆီလျှောက်သွားပြီး သူ့စားပွဲမှာ ဝင်ထိုင် လိုက်တယ်ဆိုပါတော့။

'မင်းကြည့်ရတာ မျက်နှာတွေချောင်ပြီး ရွှင်ရွှင် လန်းလန်းလည်း မရှိဘူး။ ဘာဖြစ်တာလဲ။ နေမ ကောင်းဘူးလား။ ဆရာဝန်ဖြစ်ပြီး သူများကျန်းမာရေး ချည်း ဂရုစိုက်မနေနဲ့။ ကိုယ့်ကျန်းမာရေးကိုယ်လည်း ဂရုစိုက်ဦးလေ'

ကျွန်တော့်ကိုတွေ့တွေ့ချင်း ဝင်းမြင့်က ပြော လိုက်တာပါ။ ဒါနဲ့ ကျွန်တော်လည်း ညကလူနာ နှစ်ယောက် လာနှိုးတာနဲ့ တစ်ညလုံး ကောင်းကောင်း မအိပ်ရလို့ မျက်နှာချောင်သွားတာကို သူ့ကိုရှင်းပြရင်း ကျွန်တော့်ကို ဒုက္ခပေးခဲ့တဲ့ အရက်သမားလူနာတွေ အကြောင်း သူ့ကို ညည်းပြမိတယ်။

'ဘာလဲ။ မင်းက အဲဒီအတွက် စိတ်ညစ်နေ တာလား။ အဲဒီအရက်သောက်တဲ့ လူနာတွေရှိလို့ မင်းလည်း ဆေးကုရပြီး ပိုက်ဆံရတာပေါ့။ သူတို့ သာ အရက်မသောက်လို့ ကျန်းမာရေးကောင်းနေရင်၊ နောက်ပြီး သူတို့တစ်တွေ အရက်မမူးလို့ လင်မယား ရန်မဖြစ်ကြဘူးဆိုရင် ဘာပဲပြောပြော မင်းဆေးခန်းမှာ လူနာနည်းတန်သလောက် နည်းသွားမှာတော့ အမှန် ပဲမဟုတ်လား။ စိတ်မညစ်ပါနဲ့ သူငယ်ချင်းရာ။ သူတို့က အရက်သောက်လိုက်၊ မင်းဆီကို ဆေးလာ ကုလိုက်၊ တော်ကြာ အရက်ပြန်သောက်လိုက်၊ မင်း ဆီကို ဆေးလာကုလိုက်နဲ့ အဲဒီအရက်သမားလူနာ တွေဟာ မင်းကိုလုပ်ကျွေးနေတဲ့လူတွေပါ။ အဲဒီလူနာ တွေကို မင်းအနေနဲ့ ကြိုဆိုတောင် ကြိုဆိုရဦးမှာ။ ငါပြောတာ ဟုတ်တယ်မဟုတ်လား။ ဟား... ဟား... ဟား... ဟား'

ဝင်းမြင့်က သူ့စကားသူ သဘောကျပြီး တဟားဟား ရယ်နေတယ်။

ကျွန်တော် တစ်ခါမှ မတွေးဖူးတဲ့ ရှုထောင့်က တွေးပြီးပြောလိုက်တဲ့ သူ့စကားကြောင့် ရုတ်တရက် ကျွန်တော် အံ့အားသင့်ပြီး ဘာပြန်ပြောရမှန်း မသိဘူး ဖြစ်သွားတယ်။

ဒါပေမဲ့ စိတ်ထဲကတော့ ဖြည်းဖြည်းချင်း ကျွန်တော် ပြန်ပြောလိုက်ပါတယ်။

'အဲဒီ အရက်သမားလူနာတွေဆီက ရတဲ့ငွေနဲ့ ငါ စိတ်မချမ်းမသာ ထမင်းမစားချင်ပါဘူး သူငယ်ချင်း ရယ်။ အရက်မသောက်တဲ့ လူနာတွေဆီက ရတဲ့ ဝင်ငွေနဲ့ပဲ ငါစိတ်ချမ်းချမ်းသာသာ ထမင်းစားချင်ပါ တယ်'

❐

ကျော်စွာထက်

ကလျာမဂ္ဂဇင်း၊ ၂၀၁၁၊ ဖေဖော်ဝါရီလ။

mgyoe.com

mgyoe.com

# အခွံကလေးတွေ

## မင်းဝေဟင်

(၁)

တစ်ညလုံး တဂျုန်းဂျုန်း ခုတ်မောင်းလာတဲ့ မော်လမြိုင်ရထားကြီးက အခုတော့ ခရီးတစ်ထောက်နားဖို့ မုတ္တမဘူတာကို ဝင်ပြီ။

အရှေ့အရပ်ဆီမှာ ရောင်နီတို့ ပျို့နေပြီဖြစ်သော်လည်း ဝန်းကျင်မှာတော့ နေခြည်နုတို့က ကွက်ကျားမထင်သေး။ ရထားကြီးက ဒီဘူတာမှာ အနည်းဆုံး နာရီဝက်တော့ နားလိမ့်ဦးမည်ထင်ရဲ့။ ပြီးရင် သံလွင်တံတားကြီးကိုဖြတ်လို့ မော်လမြိုင်ကိုဝင်ပြီး ခရီးစဉ် အဆုံးကိုသတ်ပြီ။ အဲဒီအခါ သူတို့မိသားစုရဲ့ ဇာတိမြေမော်လမြိုင်ကို အလည်လာခြင်း ခရီးဆိုက်ရောက်ပြီပေါ့။ တကယ်တော့ သူ့ရဲ့ဇာတိက မော်လမြိုင်တစ်ဖက်ကမ်း ချောင်းဆုံမြို့ပါလေ။ တံတားမဆောက်ခင်ကတော့ မော်လမြိုင်ရထားအတွက် ဒီမုတ္တမဘူတာဟာ အဆုံးသက်လေ။

ဒီကနေဆင်း၊ ပြီးရင် မြစ်ဆိပ်ဘက်လျှောက်လို့ မော်လမြိုင်ဘက်ကို အချိန်နဲ့ထွက်တဲ့ဇက်နဲ့ ကူးချင်ကူး။ ဒါမှမဟုတ် အမြန်လိုချင်ရင် ခနော်နီခနော်နဲ့ ဖွတ်ချက်၊ ဖွတ်ချက် ပဲ့ချိတ်ကလေးတွေနဲ့ကူး။ ဒါကတော့ ဟိုစဉ်အချိန်ကပေါ့။ သူ ပြင်ဦးလွင်မှာ သင်တန်းတက်တဲ့အချိန် လွန်ခဲ့တဲ့ ဆယ်စုနှစ်ကျော်လောက်ကတော့ ဒီမုတ္တမကနေ မော်လမြိုင်ကိုကူးဖို့ ဇက်နဲ့ပဲ့ချိတ်ကလွဲလို့ ဘာမှမရှိ။ သံလွင်မြစ်ဆိုတာကလည်း မြန်မာပြည်ရဲ့ မြစ်တွေထဲမှာ ရေစီးကအကြမ်းဆုံးမို့လား။ ပြီးတော့ မြစ်ဝရဲ့ အဆုံးသတ်မှာ ဘီလူးကျွန်းဆိုတာကြီးကရှိတော့ သံလွင်မြစ်က မြစ်ခွဲနှစ်ခွအနေနဲ့ ကပ္ပလီပင်လယ်ထဲကို ဖြတ်တဲ့အခါမှာ ရေကျချိန်ဆို ရေတွေက ဝုန်းခနဲခုန်ဆင်းသွားသလိုမျိုး။ အဲဒီတုန်းကတော့ ရေစီးတွေရဲ့ ကျီစားခြင်းအောက်မှာ အစပျောက်သွားရတဲ့ ပဲ့ချိတ်တွေဆိုတာက ဟောတစ်စီး၊ ဟောတစ်စီး။ ဘာပဲပြောပြော အခုလို တံတားကြီးပြီးသွားတာ တကယ်ကို မင်္ဂလာတစ်ပါးပေါ့။

'မောင်ရေ… ဘယ်ဘူတာကို ရောက်တာလဲ။ မိုးတောင်လင်းတော့မှာပဲ'

'ဟုတ်တယ်မွန်။ မုတ္တမကိုရောက်ပြီ။ တံတားဖြတ်ပြီးရင် မော်လမြိုင်ကိုရောက်တော့မှာ။ အား… သမီးတောင်နိုးလာပြီပဲ'

mgyoe.com

mgyoe.com

ငါးနှစ်အရွယ် သူ့သမီးလေးက သူတို့လိုက်ပါတဲ့ အထက်တန်းရထားတွဲပေါ်ကိုတက်ပြီး ဈေးရောင်းနေတဲ့ ဈေးသည်တွေရဲ့ ညံစာစာအသံတွေကြောင့် လန့်နိုးလာတယ်။ ရထားအောက်မှ၊ ရထားပေါ်မှ ဈေးသည်တွေကတော့ ခရီးသည်တွေကို တက်မနင်းရုံတမည် တိုးဝှေ့ကျပ်သိပ်လို့။

'မေကြီး သမီးအရုပ်လေးရော'

'ရှိပါတယ် သမီးရဲ့။ ဒီမှာလေ ဖေကြီးဘေးမှာ။ သမီးအိပ်ပျော်နေလို့ ဖေကြီးက ယူထားပေးတာ'

သမီးလေး ရှင်းသန့်ဖြူက နိုးနိုးချင်း အမြဲတမ်းကိုင်ထားတတ်တဲ့ အရုပ်ကလေးကို မေးတယ်။ ဟုတ်ပါရဲ့။ သမီးလေးက ဒီအရုပ်ကို စွဲစွဲလမ်းလမ်းကို နှစ်သက်ရှာတာ။ ဒီအရုပ်လေးက တကယ်တော့ ဘာမှမထူးဆန်းတဲ့ ဘာဘီမရုပ်လေးပါပဲ။ စင်ကာပူရောက်နေတဲ့ သူ့ရဲ့သူငယ်ချင်းက သူ့သမီးလေးအတွက် ပို့ပေးလိုက်တဲ့ အရုပ်လေးပါ။ ဒီအရုပ်လေးကိုလည်း သမီးလေးက စွဲစွဲလမ်းလမ်း နှစ်သက်ရှာတာ။ သမီးလေးကတော့ မိန်းကလေးပီပီ တိုက်ကား၊ လေယာဉ်ပျံစတဲ့ အရုပ်တွေ၊ နောက် ပါဝါရိန်းဂျားရုပ်တွေ၊ စပိုက်ဒါမန်းရုပ်တွေဆိုရင် လုံးဝမကြိုက်။ နင်ဂျာလို တိုက်တဲ့ခိုက်တဲ့ ရုပ်တွေဆို ပိုတောင်ဆိုးသေး။ သူမှတ်မိသေးတယ်။ မနှစ်က ဒီလိုအချိန်လောက်မှာ ရုရှားမှာ သင်တန်းသွားတက်နေတဲ့ သူ့တပည့်လေးတစ်ယောက်က သမီးလေးအတွက် တစ်စီးမှာ စစ်သည်ငါးယောက်ပါတဲ့ တင့်ကားရုပ်လေးနှစ်စီးကို ပို့ပေးခဲ့ဖူးတယ်။ ဓာတ်ခဲထည့်ပြီး ခလုတ်နှိပ်လိုက်တာနဲ့ ကားထဲကနေ စစ်သားရုပ်လေးတွေက သူ့အလိုလို ခေါင်းလေးတွေထွက်လာပြီး တစ်စီးနဲ့တစ်စီး ကျည်ဆန်တွေနဲ့ ပစ်ခတ်ကြတာ။ တကယ့်ကို စိတ်ဝင်စားစရာ စစ်ကားလေးတွေပါ။ ဒါကို သူက ကားရုပ်လေးတွေရောက်ရောက်ချင်း ဓာတ်ခဲထည့်ပြီး သမီးကို စမ်းပြတာပေါ့။

ခဏတော့ သူ့သမီးလေးက စိတ်ဝင်စားတဲ့ပုံနဲ့ တအံ့တဩ ကြည့်နေသေးတယ်။ ဘာကြာလဲ...

'ကြောက်တယ် ကြောက်တယ်'

ဆိုပြီး အော်ပြေးလိုက်တာ သူ့ဇနီးက မနည်းကိုလိုက်ဖမ်းပြီး ချော့မော့ရတဲ့အထိ။ မှတ်မှတ်ရရ အဲဒီညက သမီးရဲ့အိပ်မက်ထဲမှာတောင် ဒီအကြောင်းတွေထည့်မက်ပြီး သမီးက ယောင်နေသေးတယ်။ သမီးက အဲဒီလို။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့ဇနီးကတောင် 'ဖအေမတူသမီးလေး' လို့ ရယ်သွမ်းသွေးရင်း ကင်ပွန်းအကြိမ်ကြိမ် တပ်ခဲ့ဖူးသည်ပဲ။

တကယ်တော့ သူ့သမီးလေး ရှင်းသန့်ဖြူက ကစားစရာအရုပ်နဲ့ပတ်သက်ရင် ကြေးက ခပ်များများရယ်ပါ။ ဟိုဟာဆိုလည်း မကြိုက်၊ ဒီဟာဆိုလည်း ဟင့်အင်း။ သက်ရှိတွေဖြစ်တဲ့ ခွေးတို့၊ ကြောင်တို့ကို ချစ်လားဆိုတော့လည်း မဟုတ်ပြန်။ နောက်ဆုံးတော့ သူ့သမီးလေးအကြောင်းကို စင်ကာပူက သူငယ်ချင်းထွန်းကြီးကတောင် သိသွားပြီး...

*'ဒီအရုပ်လေးက ချစ်စရာလေးမို့ မင်းရဲ့သမီးလေးအတွက် ငါပို့လိုက်တယ်'*

ဆိုတဲ့ တိုနံ့နံ့စာကြောင်းလေးနဲ့အတူ ဒီဘာဘီမရုပ်လေးက သမီးလေးဆီ ရောက်လာတာ။

ရောက်လာခါစတော့ သူ့သမီးလေးက ထုံးစံအတိုင်း အင်တင်တင်ပါ။ နောက်တော့ ဘယ်က ဘယ်လိုစိတ်ကူးပေါက်သွားတယ် မသိပါဘူး။ ဘာဘီမရုပ်လေးကို သံယောဇဉ်တွယ်လာပုံက သူတောင် အံ့ဩတယ်။ စားလည်း ဘာဘီမရုပ်က စားပွဲပေါ်မှာ။ အိပ်လည်း ခုတင်ပေါ်မှာ။ အဲသလို ဖြစ်လာတာ။

ဘာဘီမရုပ်လေးကိုဖက်ပြီး ရထားအပြင်ဘက်က ရိုးဘိုးရိပ်တိတ်မြင်ကွင်းတွေကို ငေးနေတဲ့ သမီးလေးကို ကြည့်ရင်း သူ့အတွေးတွေက သမီးလေးနဲ့ ဘာဘီမရုပ်ဆီ ရောက်သွားတာပါ။ ဇနီးသည်ကတော့ ညကတည်းက ဖျော်ပြီး ဓာတ်ဘူးထဲထည့်လာခဲ့တဲ့ ကော်ဖီနဲ့ ကိတ်မုန့်အချို့ကို မနက်စာအတွက် ပြင်ဆင်နေတယ်။

*'ဒီပုံစံအတိုင်းဆိုရင် ချောင်းဆုံကို နေ့လယ်လောက်မှရောက်မှာ။ ဇက်ချိန်မီအောင်ဆင်းရမှာဆို*

mgyoe.com

*တော့ မော်လမြိုင်မှာလည်း တစ်ခုခုစားချိန်ရမှာ မဟုတ်ဘူး။ သမီးလေးကိုလည်း တစ်ခုခု ကျွေးထား ဦးမှ။ သိပ်လည်း မအေးတော့ပါဘူး။ သမီးလေးရဲ့ အနွေးထည်ချွတ်ပေးလိုက်ပါဦးမောင်ရယ်။ ဒရိုင်ဘာ နေမကောင်းဖြစ်နေတာနဲ့ ဒီတစ်ခေါက် အိမ်ကကားနဲ့ မလာရတာ ဒီခရီးလေးအတွက် တစ်ညလုံး အချိန် ကုန်ရော။ သမီးလေးလည်း အိပ်ရေးပျက်ပြီး ပင်ပန်း လိုက်တာမောင်ရာ'*

ဇနီးသည်ရဲ့စကားကို နားထောင်ရင်း သမီး လေးကို သူကြည့်လိုက်တယ်။ သမီးလေးက ရထား ပြတင်းကနေ အပြင်ဘက်ကို ငေးလို့။ အပြင်ဘက် မှာတော့ ရာသီပေါ်သီးနှံမျိုးစုံရောင်းသူ၊ ဘူးရောင်စုံ လေးတွေနဲ့ ယိုမျိုးစုံရောင်းသူ၊ ကြက်ဥပြုတ်၊ ငုံးဥပြုတ် ရောင်းသူတွေနဲ့ ကျပ်ညပ်နေတယ်။

သမီးလေးကလည်း ဈေးသည်မျိုးစုံ ရဲ့ ညံစာစာအသံတွေကို စိတ်ဝင်တစား နားစွင့်လို့။ သမီး ကြည့်တဲ့ပြတင်းကနေ သူအောက်ကို ငုံ့ကြည့်တော့ ဈေးသည်လေးတွေကရောင်းတဲ့ ပစ္စည်းမျိုးစုံဖြစ်သလို ရောင်းသူလေးတွေရဲ့ အရွယ်အစားကလည်း ဆိုဒ်စုံ။ ဈေးသည်တွေထဲမှာ မိန်းမငယ်တချို့ကို တွေ့ရပေမယ့် အရေအတွက်က ခပ်နည်းနည်း။ အများဆုံးကတော့ ရှစ်နှစ်၊ ကိုးနှစ်အရွယ်ကလေးတွေလေ။

'ဦးလေးကြီး၊ ကြက်မောက်သီး ယူပါဦးဗျာ။ ဈေးက အားကြီးပေါတာနော်။ တစ်တွဲမှ ငါးရာတည်း ရယ်။ ချိုတာလည်း ပြောမနေနဲ့။ ဒါ ဒီကထွက်တာ မဟုတ်ဘူးနော်။ မော်လမြိုင်တစ်ဖက်ကမ်း ချောင်းဆုံ ကတောင် သွားယူရတာ။ လုပ်ပါဗျာ။ တစ်တွဲ လောက်။ ကျွန်တော် ဈေးဦးမပေါက်သေးလို့'

ကောင်လေးက ဈေးခေါ်ကောင်းနေတာမို့ သူ ပြုံးလိုက်တယ်။ ကောင်လေးက အသက်ရှိလှ ကိုးနှစ်၊ ဆယ်နှစ်ပါ။ သူပြုံးလိုက်တာကလည်း ဒီလို၊ ချောင်း ဆုံဘက်ကတောင် ကြက်မောက်သီးကို သွားယူပြီး ရောင်းတာတဲ့။ ဒီစကားက ချောင်းဆုံသားတစ် ယောက်အနေနဲ့ မပြုံးချင်ဘဲနေမလား။ ချောင်းဆုံမှာ က ကြက်မောက်သီးမထွက်တာတော့ မဟုတ်ဘူး။ ညောင်လမ်း၊ ရွာလွတ်၊ မုဒွန်းစတဲ့ ရွာတွေဘက်က ရော်ဘာခြံတွေထဲမှာ ကြက်မောက်ပင်ဆိုတာတော့ ရှိပါ ရဲ့။ ဒီကလေးပြောသလို ချောင်းဆုံကြက်မောက်သီးက ဘယ်လာချိုလို့လဲ။ အရိုင်းသီးတွေမို့ ချဉ်စုတ်နေတာ။ စားမယ့်သူတောင် မရှိဘဲ ကလေးတွေ ကစားစရာ အဖြစ်ပဲ ရှိနေတာ။

'ယူပါဦး ဦးလေးကြီးရဲ့'

သူက ပြုံးစိစိနဲ့ကြည့်နေဖြစ်တာမို့ ဈေးသည် လေးက သူ့ကိုစိတ်ဝင်စားသွားတယ်လို့ ထင်မှတ်ပုံရ တယ်ထင်ပါရဲ့။ ကြက်မောက်သီးခိုင်ကြီးကိုသာ ဆွဲလို့၊ မလို့ မလှုပ်တလှုပ်လုပ်နေတယ်။ ကလေးတွေ ရဲ့လုပ်အားတန်ဖိုးကိုတော့ ဂုဏ်ပြုချင်သား။ ဒါပေမဲ့ တစ်ဖက်ကလည်း လိမ်ညာပြောဆို ရောင်းချတဲ့ အတွက် ကလေးတွေစိတ်ထဲ လိမ်ရင်ရတယ်ဆိုတဲ့ အတွေးမျိုးလည်း ဝင်မသွားစေချင်တာနဲ့ သူက ကြက် မောက်သီးသည်လေးကို မဝယ်ဘဲ စိုက်ကြည့်နေဆဲ။

ဒီအချိန်မှာ ပြတင်းပေါက်ခပ်ကျဉ်းကျဉ်းလေး ဆီကို ခေါင်းလေးတွေ အစွမ်းကုန်မော့လို့ အခြားဈေး သည်လေးတွေကလည်း ဈေးခေါ်လာကြပြန်တယ်။ ငုံးဥပြုတ်သည်လေးကလည်း အလကားပေးနေတာနဲ့ မခြား သမီးလေးရှင်းသန့်ဖြူရဲ့ လက်ထဲရောက်အောင် လှမ်းပြီး ထည့်နေပေမယ့် ဒီအစားအစာတွေ စားလေ့ စားထမရှိတဲ့ သမီးလေးကတော့ တံခါးပေါင်ပေါ်တင် ထားတဲ့ သူ့လက်ကလေးတွေကို ပြန်ရုပ်သိမ်းလို့။

'ရေသန့်ဘူးခွံလေး ပစ်ချခဲ့ပါ'

'ဟဲ့ ဖြိုးနိမ့်မရဲ့ ငါ့ကို မမြင်ဘူးလားဟဲ့။ ငါဒီမှာ ဈေးရောင်းနေတာ။ ရေသန့်ဘူးခွံ ဒီမှာလာမတောင်း နဲ့၊ နင့်အမေလင်ဆီမှာ သွားတောင်း'

ငုံးဥပြုတ်သည်လေး ဈေးခေါ်နေတုန်း ဖြိုးနိမ့်မ ဆိုတဲ့ ကောင်မလေးက ဝင်တိုက်မိတယ်။ ငုံးဥပြုတ် သည်လေးက မှောက်လုမှောက်ခင်ဖြစ်သွားတဲ့ ဗန်းကို ပြန်တည့်ရင်း ဖြိုးနိမ့်မကို တွန်းထုတ်လိုက်တယ်။ ဖြိုးနိမ့် မဆိုတဲ့ကောင်မလေးက အသက်ရှိလှ ခြောက်နှစ်ပေါ့။

mgyoe.com

mgyoe.com

သူ့သမီး ရှင်းသန့်ဖြူနဲ့တောင် မတိမ်းမယိမ်းလို့ ဆိုရမှာ။ ဖြစိန်မလေးက ငိုမဲ့မဲ့နဲ့ နောက်ကို လန်ကျသွားတယ်။ ပြီးတော့ တွန်းထုတ်လိုက်တဲ့ ငုံးဥပြုတ်သည်လေးကို မျက်စောင်းထိုးလို့ ဖြစိန်မရဲ့ပါးစပ်ကနေ ဆဲသံတစ်ခု ထွက်လာတယ်။

'..............'

'အို'

သမီးလေးကို အမှတ်မထင် လှမ်းဖက်လိုက်ရင်း ဖြစိန်မဆိုသူလေးကိုကြည့်ကာ သူ့ရဲ့နှုတ်က အာမေဋိတ်ထွက်သွားတယ်။ ဖင်ထိုင်ရက်လဲကျသွားတဲ့နေရာကနေ လက်ကလေးနှစ်ဖက်ထောက်လို့ ဖြစိန်မလေးက သူတို့သားအဖနှစ်ယောက်ကို ကြည့်နေဆဲ။

*

(၂)

'ဟဲ့... ဖြစိန်မရဲ့။ နင်က ဘယ်နားမှာမှ သုံးစားလို့မရဘူး။ အသက်က ခြောက်နှစ်ပြည့်တော့မယ်။ နီတွတ်တို့လို ရေခဲရေရောင်းပါဆိုတော့လည်း ရေခဲရေပုံးမှောက်ကျလို့ အရင်းပြုတ်ပြီးပြီ။ အခုလည်း ရထားဆိုက်တော့မယ်။ ထပါဆို မထဘူး။ ငါလုပ်ရရင် သေတော့မယ်'

အမေ့အသံကိုကြားတော့ ဖြစိန်မ အိပ်ရာက မထချင်ဘဲ ကုန်းထရပြီ။ မျက်စိနှစ်ဖက်ကို လက်ခုံနှစ်ခုနဲ့ပွတ်ရင်း မျက်နှာသစ်ပြီး ဘူတာဘက်ကိုသွားဖို့အထွက်မှာ...

'ဟဲ့... ဘူတာဘက်ကိုသွားရင် ဒေါ်တဆုတ်မတို့ အိမ်ဘက်ကထွက်။ ဒီဘက်လမ်းထိပ်က မသွားနဲ့။ နင့်ပထွေးနဲ့ တိုးနေဦးမယ်။ ဟိုရောက်ရင် ဘူးခွံအနည်းဆုံး နှစ်ဆယ်ရအောင်ကောက်ခဲ့နော်။ ဒါမှ တစ်ဘူးကို နှစ်ဆယ်နှုန်းနဲ့ လေးရာရမှာ။ မြန်မြန်လည်း ပြန်လာခဲ့ဦး။ ဘယ်သချိုင်းမှ ၀င်မနေနဲ့။ နင်ရောက်မှ ဆန်၀ယ်ရမှာ'

အမေက မောင်လေးကို နို့ထိုင်တိုက်ရင်း ဖြစိန်မကို နောက်ကလှမ်းအော်တယ်။ အမေပြောတဲ့ နင့်ပထွေးဆိုတာက ဖြစိန်မရဲ့ အဖေလေ။ ဒါကလည်း အမေပြောလို့ သိတာပါ။ ဆံပင်ကောက်ကောက်၊ နှုတ်ခမ်းမွေးကြမ်းကြမ်း။ ပါးစပ်ထဲက မညီမညာသွားတွေအမြဲတမ်းရဲနေတဲ့ လမ်းထိပ်ကင်းတဲက လူကြီးက ဖြစိန်မရဲ့ အဖေတဲ့။ ဒီလူကြီးကို ဖြစိန်မကတော့ တစ်ခါမှ အဖေလို့မခေါ်ဖူးပါဘူး။ ဒီလူကြီးကလည်း ဖြစိန်မကို သမီးလို့လည်း မခေါ်ပါဘူး။ တစ်ခါတစ်ရံ လမ်းမှာတွေ့ရင် ငါးဆယ်တန်သည်၊ တစ်ရာတန်သည် မုန့်ဖိုးပေးသွားတတ်တာ။

ဒါကို အမေက မကြိုက်။ သိလို့ကတော့ ဖြစိန်မ ကျောကွဲပြီသာမှတ်။ ဟိုတစ်လောလေးတုန်းကတော့ ဖြစိန်မ အဖေလို့ခေါ်လိုက်ရတဲ့ လူကြီးတစ်ယောက် အိမ်ကိုရောက်လာသေးတယ်။ ဒီတုန်းက အမေ အခုနို့တိုက်နေတဲ့ မောင်ငယ်လေးက မရှိသေးပါဘူး။ ဖြစိန်မရယ်၊ ဖြစိန်မရဲ့အောက်က သုံးနှစ်အရွယ် တာတီးမရယ်၊ အမေရယ် သုံးယောက်နေတဲ့ အိမ်ကို အဲဒီလူကြီးရောက်လာတာ။

ဒီလူကြီးက ဘယ်ကဘယ်လို ရောက်လာမှန်းတော့ မသိပါဘူး။ အမေက သကြားမုန့်ဖက်ထုပ်ကို ညဘက်မှာ အရပ်တကာလှည့်ရောင်းတတ်တော့ တစ်ည ဖြစိန်မနဲ့ တာတီးမအိမ်မှာ အိပ်နေတုန်း အမေက ဈေးရောင်းကပြန်လာရင်း ဒီလူကြီးကိုခေါ်လာတာ။ ဖြစိန်မ မှတ်မိနေတာက အိပ်နေတဲ့ တာတီးမလေးကို အမေက အိမ်ရှေ့ခန်းဘက်ပွေ့ချီရင်း။

'ဖြစိန်မနဲ့နှစ်ယောက် အတူတူအိပ်ကြ' လို့ပြောတာကို မှတ်မိနေတာ။

ဖြစိန်မတို့က အဲဒီလူကြီးကို အဖေလို့ခေါ်လိုက်ရတာလည်း သိပ်မကြာပါဘူး။ ရှိလှတစ်ပတ်၊ ဆယ်ရက်ပါပဲ။ လူကြီးလည်း အိမ်က ပျောက်သွားတာပါပဲ။

အမေက တစ်ခါတစ်ရံတော့ ပြောနေတတ်သေးတယ်။ ဖြစိန်မအဖေရယ်၊ တာတီးမအဖေရယ်၊ မောင်ငယ်လေးရဲ့ အဖေရယ်ဟာ အတူတူ မဟုတ်ဘူးတဲ့။ တာတီးမရဲ့အဖေဆိုတာကိုတော့ ဖြစိန်မ မမြင်

mgyoe.com

mgyoe.com

ဖူးပါဘူး။ ဖြိစိန်မလေးတစ်နှစ်အရွယ် လမ်းထိပ်က ဖြိစိန်မရဲ့အဖေဆိုတဲ့ လူကြီးနဲ့အမေနဲ့ကွဲတော့ အမေက ဖြိစိန်မလေးကို ဒီမုတ္တမဘက်က အမျိုးအိမ်မှာထားခဲ့ပြီး မော်လမြိုင်ဘက်ကမ်းမှာ အိမ်ဖော်သွားလုပ်တယ်။ ဒီလိုနဲ့ တစ်နှစ်လောက်ကြာလို့ ပြန်လာပြီးဘာကြာလဲ။ တာတီးမကို မွေးတာပါပဲ။ အရပ်ထဲက လူတွေကတော့ တာတီးမရဲ့အဖေဆိုတာကို မြင်တောင်မြင်ဖူးကြတာ မဟုတ်ပါဘူး။ အမေ့အကြောင်းကိုလည်း စိတ်ဝင်စားစရာတစ်ရပ်အဖြစ် သတ်မှတ်ကြတာရယ်မှ မဟုတ်တာ။ ဖြိစိန်မကိုတောင် လူကြီးအမှတ်နဲ့ တစ်ခါတစ်ရံ အမေက စိတ်လိုလက်ရ ပြောပြလို့ မှတ်မိနေတာ။

'တာတီးမလေးက ကြီးရင်ကောင်းစားမယ့်ကလေးဟဲ့။ ရုပ်ကိုကြည့်ပါလား ဖြိစိန်မရဲ့။ ညီအစ်မချင်းသာပြောတာ နင်နဲ့နည်းနည်းမှ တူတာမဟုတ်ဘူး။ အေးလေ။ မတူဆိုရင်လည်း နင်တို့အဖေတွေဆိုတာက ရုပ်ရည်တွေသာမက သောက်ကျင့်တွေတောင် တူတာမှ မဟုတ်တာ။ တာတီးမအဖေက အိမ်ကြီးရှင်ဆိုပေမယ့် ငါ့ကိုတော့ ချစ်ရှာပါတယ်။ ကံပေါ့အေ ကံ ကံ'

အမေက ဖြိစိန်မ နားမလည်နိုင်တဲ့ စကားတွေနဲ့ စကားလမ်းကြောင်းကို ချက်ချင်းပိတ်ပစ်လိုက်ရင် ဘာမှနားမလည်တဲ့ ဖြိစိန်မကတော့ အူလည်လည်နဲ့ပါပဲ။ အမေပြောတာ ဟုတ်တော့ဟုတ်တယ်။ ဖြိစိန်မနဲ့ တာတီးမက နည်းနည်းမှတူတာမဟုတ်ဘူး။ ဖြိစိန်မက အသားမည်းမည်း၊ ဆံပင်က ကောက်နေတဲ့ အပြင်မျက်စိကလည်း မှေးချင်နေသေးတာ။ တာတီးမလေးကျတော့ ဖြိစိန်မနဲ့ တကယ့်ကို ဆန့်ကျင်ဘက်။ အသားက ဖြူဆွတ်နေတဲ့အပြင် ဆံပင်လေးတွေဆိုတာက နက်မှောင်ဖြောင့်စင်းလို့။

တကယ်ဆိုရင် တာတီးမလေးက ချစ်စရာပါ။ ဒါပေမဲ့ ဖြိစိန်မကတော့ နည်းနည်းမှမချစ်ပါဘူး။ မချစ်ရုံတင်မကဘူး။ အမေလစ်တာနဲ့ တာတီးမကို ချွဲလိမ်တာတို့ ဒေါက်[illegible] ခေါက်ချတာတို့လုပ်တာ။

ဖြိစိန်မ မချစ်တာလည်း မပြောနဲ့လေ။ စားစရာတစ်ခုရှိရင်တောင် 'ဟဲ့ ဖြိစိန်မရဲ့။ ဒါ နင်မျိုဖို့ မဟုတ်ဘူးနော်။ တာတီးမ နိုးလာရင် ဂျီကျမှာစိုးလို့' ဆိုတာတွေ။

'တာတီးမတို့များ ရေချိုးသန့်စင်ပေးလို့ကတော့ အသားအရေဆိုတာများ ဝင်းလက်စိုပြည်လို့။ ဖြိစိန်မတို့များတော့ ရေချိုးပေးလို့ ကျီးမဖြူဆိုသလို ဆပ်ပြာသာကုန်မယ်။ ရုပ်က ကပ္ပလီရုပ်ပဲ' ဆိုတာတွေ အမေပြောလေ တာတီးမလေးကို အမြင်ကတ်လေ။ ဒါပေမဲ့ နို့စို့အရွယ် မောင်ငယ်လေးကိုကျတော့ ဖြိစိန်မချစ်တယ်။ သူကလည်း ဖြိစိန်မလို အသားမည်းမည်း၊ သွားကျဲကျဲဆိုတဲ့ အထဲကပဲလေ။ ပြီးတော့ ဘာမှမသိသေးတဲ့ မောင်ငယ်လေးကို အမေပြောနေတာတွေကြောင့်လည်း ပါတယ်။

'ဒီဟာလေးကလည်း သူ့အဖေလိုပဲ လာမယ့်ကောင်ပါ။ ရုပ်က မလှသလို သောက်ကျင့်ကလည်း ကောင်းမယ့်ကောင်မဟုတ်ပါဘူး။ သူ့အဖေကျတော့လည်း ကြည့်ဦး။ မုန့်ဖက်ထုပ်သည် ငါ့ကို မုန့်မှာထုပ်တဲ့ဖက်လောက် သဘောထားချင်တာ။ အတွင်းက မုန့်လည်းကုန်ရော ဖက်ကို မြောင်းထဲလွှင့်ပစ်ချင်တဲ့ အစားမျိုးထဲက။ ဒီဟာလေးလည်း ရုပ်ကိုကြည့်ပါလား။ သူ့အဖေလိုပဲ ဆံပင်ကောက်ကောက်၊ မျက်ပေါက်ကျဉ်းကျဉ်းနဲ့ဟာကို'

အမေတို့က အဲသလိုမျိုးလေ။ ဖြိစိန်မတို့ကို ချစ်ခြင်း၊ မချစ်ခြင်းမှာတောင် သူ့ယောကျ်ားတွေရဲ့ အကျိုးသက်ရောက်မှုက ရှိနေသေးတာ။

'ဟဲ့... ဖြိစိန်မရဲ့၊ ခြေတစ်လှမ်း ကုဋေတစ်သန်းနှုန်းနဲ့ လျှောက်နေရလား။ ညည်းဘူတာကို ရောက်ရင် ရထားက ညည်းအမေလင်ရဲ့ ဖင်ခေါင်းထဲကို ရောက်လောက်ပြီ'

ဟိုရောက် ဒီရောက်အတွေးတွေရယ်၊ အိပ်ချင်မူးတူးခြေလှမ်းတွေရယ် ပေါင်းစပ်ထားတော့ ဖြိစိန်မရဲ့ခြေလှမ်းတွေက အရမ်းကို နှေးကွေးနေတယ်။ ဘေးမှာ လှမ်းထောင်လိုက်တဲ့ ညီမရဲ့အသံကြောင့်

mgyoe.com

mgyoe.com


ဘူတာကို အမြန်ရောက်ဖို့ ဖြစိန်မခြေလှမ်းတွေကို သုတ်ခြေတင်ပြီ။ 'ဘူးနှစ်ဆယ်ရအောင်ကောက်ခဲ့' ဆိုတဲ့ အမေ့အသံကလည်း ဖြစိန်မရဲ့ နောက်ကနေ ထက်ကြပ်မကွာ လိုက်နေသလို ခံစားနေရသေးတယ်လေ။

*

(၃)

ရထားသံလမ်းနဲ့ မလှမ်းမကမ်းမှာ ပက်လက်လန်လဲနေတဲ့ ဖြစိန်မဆိုသူလေးကို သူက စိုက်ကြည့်နေမိသလို သမီးလေး ရှင်းသန့်ဖြူကလည်း အံ့သြတကြီး စိုက်ကြည့်ရင်းက 'ကောင်မလေး သနားပါတယ်နော် ဖေကြီး' လို့ ပြောနေသေးတယ်။

ဖြစိန်မလေးက လက်တစ်ဖက်ကလည်း ရေသန့်ဘူးခွံတွေထည့်ထားတဲ့ မြေခွေးခွံအိတ်ကြီးတစ်အိတ်ကို ကိုင်ထားရတော့ အရှိန်နဲ့လဲကျသွားတာတော်တော်နဲ့ ပြန်ထမလာနိုင်ဘူး။ သူကတော့ ပုထုဇဉ်ပီပီ ကြီးနိုင်ငယ်ညှဉ်းဝါဒတွေ စိုးမိုးနေတဲ့ ဖြစိန်မတို့ အသိုက်အဝန်းကို မနှစ်မြို့လှဘူး။ ဘယ့်နှယ်၊ ဈေးသည်လေးတွေအားလုံးထက် ငယ်နေတဲ့ လူမမည် ဖြစိန်မလေးကို ဈေးသည်လေးတွေက ဘာလို့များ အနိုင်ကျင့်ချင်ကြပါလိမ့်။

'ငုံးဥပြုတ်ရမယ်။ ငုံးဥပြုတ်'

'ဦးလေးကြီး အားပေးပါဦးဗျာ။ ချောင်းဆုံ ကြက်မောက်သီးတွေကို'

ဈေးသည်လေးတွေကတော့ သူတို့သားအဖကို ကြည့်ကာ အကြိတ်အနယ်ဈေးခေါ်လို့ ကောင်းနေကြတုန်း။ ဈေးသည်လေးတွေရဲ့ ဒီတစ်ကြိမ်ဈေးခေါ်နေခြင်းမှာ သူ့စိတ်တွေ စောစောကလို မဝင်စားတော့ဘူး။

'ရေသန့်ဘူးခွံလေးတွေ ပစ်ချခဲ့ပါ'

ဟော... ဖြစိန်မလေးက ထိုင်ရာမထလှမ်းပြီး အော်နေပြီ။ ဖြစိန်မလေးရဲ့ အသံသေးသေးလေးက ဈေးသည်လေးတွေရဲ့ အသံတွေနဲ့အပြိုင် ရုပ်လုံးကြွနေတယ်။ အဲဒီအချိန်မှာ သမီးက အရုပ်လေးကိုပိုက်ရင်း တစ်စုံတစ်ရာကို လိုက်ရှာနေတာ သူသတိထားမိလိုက်တယ်။ သူဘာမှမပြောဘဲ သမီးလေးရဲ့ အခြေအနေကို အကဲခတ်နေလိုက်တယ်။ ယောက်ယက်ခတ်အောင် ရှာနေပေမယ့် တွေ့ပုံမရသေးတဲ့ သမီးလေးကတော့ မနက်စာပြင်ဆင်နေတဲ့ သူ့မရဲ့အမေဘက်ကို ရောက်သွားတယ်။

'ဘာလဲ သမီး၊ ကော်ဖီသောက်မလို့လား။ ရထားပေါ်မှာ ကော်ဖီနဲ့ကိတ်မုန့်ပဲရမှာနော် သမီး။ အခြားမုန့်တွေတော့ မေမေလည်း ယူမလာဘူး'

'သမီး ရေသန့်ဘူးလိုချင်တယ် မေမေ'

'ရေသန့်ဘူးက မပါဘူး သမီးရဲ့။ ခရီးတစ်လျှောက် ဗိုက်မကောင်းဖြစ်မှာစိုးလို့ ရေနွေးပဲသောက်ရမယ်လို့ မေမေမှာထားတယ်လေ။ ရေဆာရင် ရေနွေးဘူးပါတယ်။ ရေနွေးပဲသောက်နော် သမီး'

'မဟုတ်ဘူးမေမေ ဟို'

သမီးလေးရဲ့ အကြံအစည်ကို သူကတော့ ရိပ်မိသွားပြီ။ ဘာမှမသိတဲ့ သမီးလေးရဲ့ အမေကတော့ သမီးလေးအတွက် ရေနွေးဘူးကိုတောင် ပြင်နေသေးတယ်။ သမီးလေးကလည်း ဘာဆက်ပြောရမယ်မှန်းသိပုံမရဘဲ ခေါင်းလေးကုတ်လို့ ပြတင်းဘက်ကို ပြန်ကြည့်တယ်။

'ရေသန့်ဘူးခွံလေးတွေ ပစ်ချခဲ့ပါ'

ဖြစိန်မလေးက သမီးလေးကိုကြည့်ကာ အောက်ကနေ အော်နေဆဲ။ သူကလည်း ကလေးနှစ်ယောက်ရဲ့ အခြေအနေကို ဝေဒနာတစ်မျိုးနဲ့ စောင့်ကြည့်အကဲခတ်နေတယ်။ အခြားဈေးသည်လေးတွေကတော့ သူတို့ပြတင်းမှာ ဈေးရောင်းရဖို့ မသေချာဘူးဆိုတာ သိသွားပုံရတယ်ထင်ရဲ့။ သူတို့ရဲ့ ပြတင်းပေါက်ကနေ အခြားဆီကို ခွာသွားကြပြီ။ ဖြစိန်မလေးတစ်ယောက်ကသာ သမီးလေးရှင်းသန့်ဖြူကိုကြည့်လို့ မျှော်လင့်ချက်ကြီးစွာ အော်နေဆဲ။

'ရေသန့်ဘူးခွံလေးတွေ ပစ်ချခဲ့ပါ'

'ဘော် ပူ'

mgyoe.com

ရထားက ဒီဘူတာက ခွာတော့မယ့်ဟန်နဲ့ အချက်ပြလာတယ်။ စက်ခေါင်းဘက်က ဂျုန်းဂျုန်း ဂျက်ဂျက်အသံတွေလည်း စတင်ကြားလာရပြီ။ ရထားစက်ခေါင်းသံကြောင့် ဖြိစိန်မလေးအသံက အနည်းငယ် တိမ်ဝင်သွားတယ်။ ရထားထွက်တော့မှာကို ဖြိစိန်မလေးက သိသလို သမီးလေးကလည်း သိသွားပုံရတယ်။ သူ့ကို သမီးလေးက တစ်ချက်လှမ်းကြည့်တယ်။ သူကတော့ သမီးလေးရဲ့အကြည့်ကို အဓိပ္ပာယ်ခွဲခြားကြည့်တယ်။

'ရေသန့်ဘူးခွံလေးတွေ ပစ်ချခဲ့ပါ'

စက်ခေါင်းရဲ့ ငယ်သံပါအောင် အော်တဲ့အသံနဲ့အတူ ပြီးတော့ ဘူတာတစ်ခုကနေတစ်ခု စတင်ထွက်ခွာဖို့ ဥသြဆွဲလိုက်တဲ့အသံနဲ့အတူ ရထားကြီးက တရွေ့ရွေ့စတင်ထွက်ခွာလာပြီ။ ဖြိစိန်မလေးကလည်း သမီးလေးမျက်ဝန်းက တစ်စုံတစ်ခုအတွက် မျှော်လင့်ချက်နဲ့အတူ မြွေရေခွံအိတ်ကြီးကို မနိုင်မနင်းကျောပိုးလို့ရထားရဲ့ ထွက်ခွာလာစအရှိန်ကို အန်တုကာ ပြတင်းပေါက်ဘေးကနေ ကပ်လိုက်လာဆဲ။

'ရေသန့်ဘူးခွံလေးတွေပါရင် ပစ်ချပေးခဲ့ပါ'

ဖြိစိန်မလေးရဲ့ အသံက ရထားဥသြသံနဲ့အတူ သံပြိုင်ထွက်နေဆဲ။ သမီးလေးက သူနားမလည်နိုင်တဲ့ အကြည့်တစ်ချက်နဲ့သူ့ကို အပြီးသတ်စိုက်ကြည့်လို့ ရထားပြတင်းကနေ ဖြိစိန်မလေးကို ကြည့်တယ်။ ပြီးတော့

'ဟော့ ငါ့မှာ ရေသန့်ဘူးခွံ မရှိဘူး။ ဒီအရုပ်လေး ယူမလား'

သမီးလေးရဲ့ စကားအဆုံးမှာ သူအတော်လေး အံ့သြသွားတယ်။ ထိတ်လန့်သွားတယ်လို့တောင်ပြောလို့ရမှာပါ။ အရုပ်ပေါင်းများစွာကို ငြင်းဆန်ပြီး ဒီဘာဘီမရုပ်လေးကိုမှ နှစ်နှစ်သက်သက် စွဲလမ်းတဲ့သမီးလေး။ ဒီအရုပ်လေးနဲ့ အတူစား၊ အတူအိပ်တဲ့ သမီးလေး။

'ဟင့်အင်း ရေသန့်ဘူးခွံ၊ ရေသန့်ဘူးခွံ'

ရထားဥသြသံကြောင့် သမီးလေး ပြောလိုက်တာကိုပဲ မကြားရလို့လား။ ဖြိစိန်မလေးက အရှိန်ရလာပြီဖြစ်တဲ့ ရထားနဲ့အတူ ပြတင်းပေါက်ဘေးက အပြေးအလွှား ကပ်လိုက်လာဆဲ။

'ဟော့ ဒီအရုပ်လေး ပစ်ချလိုက်မယ်'

'ဟင့်အင်း ရေသန့်ဘူးခွံပဲ ပစ်ချခဲ့ပါ'

သမီးလေး ပစ်ချလိုက်မယ်ဆိုတဲ့ သောင်းကျော်တန် ဘာဘီမရုပ်လေးကို ဖြိစိန်မလေးက ခေါင်းတခါခါ၊ လည်တခါခါ ငြင်းဆန်ရင်း မနိုင်မနင်းနဲ့ အိတ်ကိုလည်းသယ်ရင်း လိုချင်တဲ့ ရေသန့်ဘူးခွံရဖို့ကိုသာ တွင်တွင်အော်ပြောနေတယ်။ သမီးလေးပစ်ချမယ့် ဘာဘီမရုပ်ဟာ ဖြိစိန်မအတွက် ရေသန့်ဘူးခွံတစ်ခုလောက်တောင် အသုံးမဝင်ဘူးလို့ ဖြိစိန်မလေးက ထင်နေသလား။ ရေသန့်ဘူးခွံကလွဲလို့ ဖြိစိန်မလေးက ဘာတစ်ခုမှလိုချင်ရကောင်းမှန်း မသိဘူးလား။ ရေသန့်ဘူးခွံတွေဟာ ဖြိစိန်မလေးအတွက် မရှိမဖြစ် လိုအပ်ချက်တွေလား။

မေးခွန်းများစွာနဲ့ သူ့အာရုံဟာ ရှုပ်ထွေးနေဆဲ။ ပြတင်းမှာရပ်နေတဲ့ သမီးလေး ရှင်းသန့်ဖြူကလည်း လက်ထဲက ဘာဘီမရုပ်လေးကို ပစ်ချခဲ့ရကောင်းနိုးနဲ့ ဖြိစိန်မလေးကို လှမ်းကြည့်ကာ တွေဝေနေဆဲ။ အရှိန်ရလာတဲ့ ရထားကြီးကို အမီမလိုက်နိုင်တော့တဲ့ ဖြိစိန်မလေးကလည်း မနိုင်မနင်း အထုပ်ကြီးကို တရွတ်တိုက်ဆွဲလို့ လိုချင်တဲ့ အရာတစ်ခုရနိုးနဲ့ ပါးစပ်က တတွတ်တွတ် အော်ပြောနေဆဲပဲ။

❑

မင်းဝေဟင်

ရွှေအမြုတေ၊ ၂၀၁၁၊ ဖေဖော်ဝါရီ။

mgyoe.com

mgyoe.com

# အဆိပ်တွေနှင့် လူတွေ

## လက်ျာရည်ကျော်

(၁)

သူက ဆရာဝန်တစ်ဦးဖြစ်သည်။

ဆရာဝန်တစ်ဦးမို့ လူတို့ပတ်ဝန်းကျင်ဝယ် လူကို အဆိပ်သင့်စေသောအရာ ဘာတွေရှိသည်ဆိုတာကို သူများထက်တော့ နည်းနည်းပိုသိသည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားသူတစ်ဦးလည်း ဖြစ်သည်။

လူတွေကလည်း လူတွေပင်။

အဲသည့်အဆိပ်တွေနှင့် ကင်းပြီး နေကို မနေတတ်ကြ။

(၂)

သူ တာဝန်ကျနေသည့် အညာမြို့ကလေးက ဖွံ့ဖြိုးမှုအနည်းငယ် နောက်ကျနေသော မြို့ကလေးဖြစ်သည်။

သည်မြို့ကလေးကို သူတာဝန်ကျတော့ သူသွားမှာမဟုတ်။ သူထွက်ပြေးလိမ့်မည်ဟု ထင်ကြသူအများအပြား ရှိသည်။ သို့သော် သူက သွားရုံသာမက အနေပင်ကြာခဲ့သည်။

ပျော်၍တော့လည်းမဟုတ်။

သူများမသွားချင်သည့်နေရာကို သွား၊ သူများမမြင်ချင်တာကို မြင်၊ သူများမကြားချင်တာကို ကြား၊ သူများမထိတွေ့ချင်တာကို ထိတွေ့၊ သူများမရှူချင်သည့်အနံ့ကို ရှူ၊ သူများမပြောချင်သည့်စကားကို ပြော။

ဆရာဝန်ဖြစ်ပြီဆိုကတည်းက သည်တာဝန်တွေ ကပ်ပါလာပြီးသားဟု သူယူဆသည်။ ငြင်းစရာမရှိ။

သို့သော် အဆိပ်ကို သာမန်လူတစ်ယောက်ထက် နည်းနည်းပို၍ နားလည်ကျွမ်းကျင်သူပီပီ အဆိပ်ကိုတော့ တတ်နိုင်သမျှ ရှောင်ချင်သည်။ လူကို အဆိပ်သင့်မခံချင်။

(၃)

သည်မြို့ကလေးက တော်တော်ဖုန်ထူသော မြို့ကလေးဖြစ်သည်။ အိမ်ရှေ့ခန်းက တစ်နေ့သုံးခါလောက် တံမြက်စည်းလှည်းတာတောင် ဖုန်က တရှုပ်ရှုပ်။

mgyoe.com

mgyoe.com

သို့သော် စက်မှုလက်မှုလုပ်ငန်းများ မြို့ထဲမှာ မရှိသလောက်၊ ကားကလည်း ရှား၊ ကိုယ်ပိုင်မီးစက် ထားသူကလည်းရှားမို့ လေထဲမှာ ဓာတုဗေဒအညစ်အကြေးတော့ သိပ်ရှိဟန်မတူ။

လေက အဆိပ်သိပ်မသင့်သေးပေ။

ဖုန်ကလည်း အဆုတ်ကို ဒုက္ခပေးတာပါပဲ။ သို့သော် အဲသည့်ဖုန်က မြင်သာထင်သာလာနေတာဖြစ်သည်။ ကြောက်တတ်လျှင် နှာခေါင်းကို လက်ကိုင်ပဝါကလေးနှင့် အုပ်လိုက်၍ရသည်။ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းကလေး စည်းထားလည်းရသည်။

မြင်နိုင်သည့်အဆိပ်က သိပ်ကြောက်စရာမလို။

မမြင်နိုင်သည့်အဆိပ်ကသာ ကိုယ်မသိဘဲ တစိမ့်စိမ့်ဝင်၍ တွယ်မှာမဟုတ်ပါလား။

သည်တော့ ဖုန်ကို သူသိပ်မကြောက်။

ဖုန်ထူသော မြို့ကလေးက ဖုန်ထူသော လမ်းကလေးကိုလျှောက်၍ သူငှားရမ်းနေထိုင်ရာ ဖုန်ထူသော အိမ်ကလေးမှ ဖုန်ထူသော ဆေးရုံသို့ သူနေ့စဉ်လမ်းလျှောက်၍ သွားသည်။

(၄)

လမ်းမှာ လက်ဖက်ရည်ဆိုင်ကလေးတစ်ခုကို ဖြတ်ရသည်။ လက်ဖက်ရည်ဆိုင်က ပလက်ဖောင်းအပြည့် နေရာယူထားသည်မို့ လက်ဖက်ရည်ဆိုင်ကို ရှောင်၍ လမ်းလျှောက်ရန် ဖြစ်မှမဖြစ်နိုင်ဘဲ။

လက်ဖက်ရည်ဆိုင်ထဲမှ ဖြတ်လျှောက်ရတာလည်း တကယ်တော့ သူ့အတွက်ပြဿနာမရှိသင့်ပါ။ သည်ဆိုင်က လက်ဖက်ရည်ကိုပဲ သူ့တပည့်ကလေး မနက်တိုင်းသွားဝယ်၍ သူ့ကိုတိုက်နေသည်ပဲ။

ခက်တာက လက်ဖက်ရည်ဆိုင်ထိုင်နေသူတွေက လက်ဖက်ရည်ချည်း သက်သက်သောက်နေကြတာမဟုတ်။

အဆိပ်တွေ ဖွာရှိုက်နေကြတာဖြစ်သည်။

ကိုယ်တိုင်မဖွာရှိုက်တတ်ပါဘဲနှင့် အဲသည့်အဆိပ်တွေ ဖွာရှိုက်နေသူတွေဘေးကဖြတ်သွားရင်း ရှူမိသည့်အဆိပ်တွေကြောင့် သေဆုံးသူ တစ်နှစ်၊ တစ်နှစ် ဘယ်လောက်ရှိသည်ကို သူ ကောင်းစွာသိသည်။ သည်တော့ မရှူလို။

ခက်တာက ဒါက တရားမဝင် ပိတ်ပင်ထားသည့်ကိစ္စမှ မဟုတ်လေဘဲ။

ကြော်ငြာတာကို ခွင့်မပြုတော့သော်လည်း ဖွာရှိုက်တာ၊ ရောင်းဝယ်တာကို ကမ္ဘာနှင့်အဝန်း ခွင့်ပြုထားသောကိစ္စ။

သည်အဆိပ်တွေကို ရှူရင်းပဲ လက်ဖက်ရည်ဆိုင်ထဲက ဖြတ်ရသည်။

ခက်တာက ဆေးရုံဝင်းထဲရောက်တာတောင် အဲသည်အဆိပ်ရှူနေသူတွေက တွေ့နေရတုန်း။ သူ့လူနာဆောင်ဝန်းကျင်မှာတွေ့လျှင်တော့ သူ ချက်ချင်းမောင်းထုတ်နေကျ။ ခက်တာက သူ့အဆောင်က အစွန်ဆုံးမှာ။ အဲသည်ကိုရောက်ဖို့ သူများအဆောင်တွေကို ဖြတ်သွားရသည်။

အဲသည်မှာ အဆိပ်ရှူနေသူတွေတွေ့တော့ ပြောရခက်သည်။ သူတို့ကို ဒါမှမဟုတ် သူတို့လူနာကို ကြည့်ပေးနေသော ဆရာဝန်မဟုတ်လျှင် ပြောစကားနားထောင်ကြမည်မထင်။

ဒါနှင့်ပဲ အဆိပ်နည်းနည်း ထပ်ရှူရသည်။

(၅)

ဆေးရုံဘက်ကိုကွေ့သော လမ်းထောင့်ကလေးမှာ အဆိပ်ဆိုင်ကလေးရှိသည်။ အဲသည်ဆိုင်ကရောင်းသော အဆိပ်က ဝါး၍ရသည်။ စားရမရ၊ မျိုချ၍မရ၊ ပြန်ထွေးထုတ်ရသည်။

ဗျစ်ခနဲ။

အခန့်မသင့်လျှင် ဘေးကလျှောက်လာသူကို အဆိပ်တွေ စင်သွားတတ်သည်။

သူ အဲသည်ဆိုင်ရှေ့အရောက်မှာ 'ထုံးများများထည့်'ဟု ဝယ်သူပြောသောအသံကို ကြား၍ ဆိုင်ဖက်တစ်ချက် ငဲ့ကြည့်မိသည်။

mgyoe.com

mgyoe.com

ပြောနေသည့် လူရွယ်က အဆိပ်ရောင်းသည့် ကောင်မလေးရင်ညွန့်ကိုသာ စိုက်ကြည့်နေသည်ကို တွေ့ရသည်။

ဆီးလမ်းကြောင်းတော့ ဒုက္ခပေးတော့မည်။

ဆရာဝန်ပီပီ တွေးမိ၏။

နဂိုကတည်းက သောက်ရေသုံးရေမှာ သည် လောက်ထုံးဓာတ်များသော မြို့။ ထုံးများများထည့်တဲ့။ ဆီးကျောက်တည်တော့မှာပေါ့။

ကြီးလာလျှင် လျှာကင်ဆာဖြစ်ဦးမည်။

အို၊ သူ့ဘာသာသူ ဘာဖြစ်ဖြစ်၊ ကိုယ်တား လို့ရတာမှ မဟုတ်တာ။ ရုပ်မြင်သံကြားမှာ အဲဒါတွေ ပညာပေးနေတာ သူမကြားဘဲ နေမှာမဟုတ်။ သည် ကြားထဲက သူ့ပါးစပ်ထဲသူ အဆိပ်တွေထိုးထည့်နေ တာ ကိုယ်နှင့်ဘာဆိုင်လို့လဲ။

တွေးတွေး လျှောက်လျှောက်နှင့် အဲသည်လူ ဘေးက ပတ်လျှောက်သည်။ အဲသည်လူက ဝါးထား သောအဆိပ်တွေထဲက အဆိပ်ရည်တချို့ကို သူ လျှောက်ရာလမ်းသို့ လှည့်၍ ဗျစ်ခနဲ ထွေးထုတ်တော့ သူ့ခြေသန်းစိုသွားသည်။

(၆)

သူက ဆရာဝန်တစ်ဦးသာမက ကျောင်း ဆရာတစ်ဦးလည်းဖြစ်သည်။ ဆရာဝန်လောင်းကလေး တွေကို စာလည်းသင်ရသည်။ စာမေးပွဲလည်း စစ် ရသည်။ သူ့လို ဆရာဝန်တစ်ပိုင်း၊ ကျောင်းဆရာ တစ်ပိုင်းတွေကိုလည်း အုပ်ချုပ်ရသည်။

ဆေးရုံထဲမှာရှိသော သူ့ဌာနရုံးခန်းရှေ့ကို ရောက်တော့ ကွန်ပျူတာရှေ့မှာထိုင်၍ မျက်စိမျက်နှာ ပျက်နေသော လက်ထောက်ဆရာမကလေးကို တွေ့ရ သည်။

'ဘာဖြစ်လဲ သမီး'

ဆရာမကလေးက သက်ပြင်းချသည်။

'အကျများနေတယ် ဆရာ။ သုံးပိုင်းမှာ နှစ်ပိုင်း ပဲစစ်ရသေးတယ်။ ကျပြီးသားဖြစ်သွားတဲ့လူက များ နေတယ်'

'ကျောင်းခေါ်ချိန်နဲ့ ယှဉ်ကြည့်လား'

ဆရာမကလေးက ခေါင်းညိတ်ပြသည်။

'အဲဒါတော့ ကိုက်တယ်ဆရာ။ ကျောင်းမတက် တဲ့သူတွေပဲ'

'ကျပါစေပေါ့ သမီးရယ်'

ဆရာမကလေးက ခေါင်းခါသည်။

'နှစ်ခါကျထားပြီးသားမို့ ဒီတစ်ခါကျရင် ကျောင်းထွက်ရမယ့်သူက တစ်ယောက်ပါနေတယ်။ ဆရာ နည်းနည်းပြန်ကြည့်ဦးမလား၊ မကြေညာခင်'

'မကြည့်ဘူး သမီး၊ အဆိပ်ပင်ရေမလောင်းနဲ့။ အဲဒီလိုကောင်မျိုး ဆရာဝန်ဖြစ်သွားရင်လည်း ဆရာ ဝန်လောက အဆိပ်သင့်တာပဲ။ လူနာလည်း နစ်နာ မယ်၊ ဆရာဝန်ကောင်းတွေလည်း သိမ်းကျုံးအပြော အဆိုခံရမယ်။ ပေါင်းပင်မြက်ပင်တွေ စောစောစီးစီးက နုတ်ပစ်လိုက်ရင်အေးတာပဲ'

ဆရာမကလေးက ပခုံးတွန့်ပြသည်။

'ဆရာ့သဘောပါ။ သူ့ဦးလေး ဘယ်သူလဲ တော့ ဆရာသိတယ်နော်'

'ဆရာတို့၊ သမီးတို့ဆိုတာ သမ္မာအာဇီဝနဲ့ပဲ အသက်မွေးချင်လို့ ဆေးကုတာနဲ့ စာသင်တာပဲလုပ် တဲ့ဆရာဝန်တွေ လုပ်နေကြတာ သမီး။ အဂတိလိုက်စား တယ်ဆိုတာ လာဘ်ယူမှုမဟုတ်ဘူး။ ဘယာဂတိမောဟ တဲ့။ ကြောက်လို့ မလုပ်ရမယ့်ဟာကို လုပ်တာလည်း ပါတယ်။ မိတ်ပျက်ခံလိုက်မယ် သမီးရယ်။ အမှန် တရားကို အလျှော့အတင်းလုပ်မိရင် ကိုယ့်စိတ်ဓာတ် ပါ အဆိပ်မိတယ်'

ဆရာမကလေးက ပြုံး၍ ခေါင်းညိတ်ပြပြီး ကွန်ပျူတာလက်နှိပ်ခုံပေါ်မှ 'CTRL' ဆိုသည့်ခလုတ် နှင့် 'S' ဆိုသည့်ခလုတ်ကို တွဲနှိပ်ချလိုက်သည်။

(၇)

လူနာကလေးက တစ်ကိုယ်လုံး ဝါထိန်နေ သည်။

mgyoe.com

 mgyoe.com


သတိလည်း ကောင်းကောင်းမရ။ ဘေးမှာလည်း လူနာ့အမေနှင့် အဘွားက ငိုမလိုဖြစ်နေသည်။ ခုတင်ပတ်ပတ်လည်မှာတော့ သူ့လက်ထောက်ဆရာဝန်ကလေးတွေ ၄၊ ၅ဦးနှင့် ဆရာမ သုံးလေးဦး ရှိနေသည်။

'ဘာဖြစ်နေကြတာလဲ'

သူ့အသံကြားတော့မှ ဆရာဝန်ကလေးတွေ ရှဲပေးကြသည်။

'ကိုမာ လား'

'ကိုမာတော့ မဟုတ်ပါဘူးဆရာ။ တောက်စစ်ဖြစ်နေလို့ ကိုမာအတိုင်း ပေးထားပါတယ်'

လူနာ၏အသည်းက ကောင်းကောင်းအလုပ်မလုပ်တော့။ သည်တော့ သွေးထဲမှာ သဘာဝအားဖြင့် ပေါ်ပေါက်လာသည့်အဆိပ်တွေကို မချေဖျက်နိုင်တော့။ သည်တော့ လူနာက အဆိပ်သင့်နေသည်။ တောက်စစ်ဖြစ်နေသည်။ ကိုမာခေါ် သတိလစ်သည့်အဆင့်တော့ မရောက်သေး။

သက်ပြင်းတစ်ချက်ချ၍ ဆရာဝန်ကလေးတွေကို ညွှန်ကြားစရာရှိတာ ညွှန်ကြားပြီး အိမ်ပြန်ခဲ့သည်။

အိမ်ပေါက်ဝမှာ အဆိပ်သင့်နေသည့် လူတစ်ယောက်ရပ်နေသည်။

ရပ်နေသည်။

အဲသည့်စကား သိပ်တော့မမှန်။ အဲသည့်လူက သူ့ခြေထောက်နှစ်ချောင်းအပေါ်မှာ သူ ငြိမ်ငြိမ်ရပ်မနေနိုင်။ ယိုင်ထိုးယိုင်ထိုးနှင့်။ မျက်လုံးတွေကလည်း နီရဲနေသည်။ ဒါကြောင့် အဲသည်လူ အဆိပ်သင့်နေသည်ဆိုတာ သူရိပ်မိတာပါ။ နေ့လယ် ၁၂ နာရီတွင် အဆိပ်တွေသောက်ထားတာတော့ နည်းနည်းလွန်သည် ပြောရမည်။

အဲသည်လူကို ကွေ့ရှောင်၍ အိမ်ထဲဝင်ခဲ့ပြီး အတူနေတပည့်ကလေးကို မေးငေါ့၍ မေးလိုက်သည်။

'ဘယ်သူလဲကွ'

'ဆေးရုံတက်နေတဲ့ လူနာရဲ့အဖေတဲ့ဆရာ။ ကျွန်တော်က ဆေးရုံက လူနာရှင်တွေကို ဆရာ့အိမ်မှာ လက်ခံမတွေ့ပါဘူးလို့ပြောပြီး ပြန်ခိုင်းတာ မပြန်ဘဲ ရပ်စောင့်နေတာ'

လူနာ 'အပ်' ချင်သည့်သူတွေကို သူ ဘယ်တော့မှ လက်ခံတွေ့ဆုံလေ့မရှိ။ ကိုယ့်သွေးကိုယ့်သားနာမကျန်းဖြစ်လျှင် ပူပင်တတ်ကြတာ လူ့သဘာဝမို့ သူနားလည်ပေးနိုင်ပေမယ့် သည်လူတွေက အိမ်လာလျှင် အဆိပ်တွေ ပါလာတတ်ကြသည်။ အဲသည့်အဆိပ်တွေကို လက်ခံမိလျှင် ကိုယ်အဆိပ်သင့်ပြီး ကိုယ့်ကို သူတို့လခပေးခန့်ထားသော ဝန်ထမ်းတစ်ဦးလို ဆက်ဆံကြတော့မည်။ ကျေးဇူးတင်တာတွေ မရှိတော့။ အားနာတာတွေ မရှိတော့။ ကြားအဆင့်တွေကို လျစ်လျူရှုတော့မည်။ ဆရာဝန်သက်တမ်းအစိတ်တွင် အဲသည့်အဆိပ်တွေအကြောင်း သူကောင်းကောင်းနားလည်ခဲ့ပြီ။

လူနာရှင်က မေးချင်တာရှိလျှင် ဆေးရုံတွင်ပင် လူအများရှေ့မှာဖြေသည်။ တာဝန်ချိန်ပြင်ပတွင် အရေးပေါ်တာဝန်ကျဆရာဝန်ကလေးများမှတစ်ဆင့်သာ သူဆက်ဆံသည်။ အဆိပ်သင့်မခံတော့။

'ရွှဲနေတာ မင်းမမြင်ဘူးလားကွာ၊ မောင်းထုတ်လိုက်ပါလား'

'ထုတ်ပါတယ် ဆရာ၊ သူက ခြိမ်းခြောက်နေလို့'

'ဟေ'

တပည့်လူငယ် ရှင်းနိုင်မည့်ပြဿနာမဟုတ်။ အဆိပ်သင့်နေသည့်လူကို ခေါ်တွေ့ရသည်။ စောစောက အသည်းရောင်လူနာကလေး၏ ဖခင်ပါပဲ။ ဆရာပန်တွေဂရုမစိုက်လို့ သူ့ကလေး မသက်သာသေးတာတဲ့။ အကုန်လုံး ဒုက္ခရောက်အောင်လုပ်လိုက်၍ ရသည်ဆိုပဲ။

အမှန်တော့ အသည်းပြဿနာက သည်ထက်မြန်မြန်ပြန်ကောင်းဖို့ အကြောင်းမရှိ။ အချိန်ပေး၍ ကုရမည်။

mgyoe.com

mgyoe.com

သို့သော် ထိုလူ့ကို နားလည်အောင်ရှင်းပြဖို့က မဖြစ်နိုင်။ သူအဆိပ်သင့်နေသည့် နေရာကလည်း အသည်းဖြစ်နေသည်။

(၈)

ညနေဆေးခန်းပိတ်ခါနီးတွင် မိတ်ဆွေ ဆရာဝန်ကြီးနှစ်ဦး လာခေါ်သည်။ ညစာအတူသွားစားကြသည်။

သူတို့က အဆိပ်နည်းနည်းစီသောက်သည်။

ဟိုလူ့လိုတော့ မဟုတ်။ တစ်နေ့လုံးစိတ်ဖိစီးမှုဒဏ်ကြောင့် သွေးထဲမှာဖြစ်ပေါ်လာသမျှသော အဆိပ်တွေကို အဆိပ်၊ အဆိပ်ချင်းတိုက်ခိုင်း၍ လူကသောက်အနားယူတာဖြစ်သည်။

အချိန်တန်လျှင်တော့ အဆိပ်တွေက အချင်းချင်းတည့်သွားကြမှာပါ။ လူ့ဘက်ပဲ ပြန်လှည့်တိုက်မှာပါပဲ။

အဲသည်လို ခံယူ၍ သူအဲသည့်အဆိပ်ကို ရှောင်ခဲ့တာ ၁၂ နှစ်ရှိပြီ။ ခြင်သာ မရိုက်မိလျှင် ငါးပါးသီလတောင် လုံနေပြီ။ သည်တော့ သူက ဟင်းပဲစားသည်။

ခက်တာက သူ့ဟင်းချိုခွက်ထဲမှာ အဆိပ်တွေဝေ့နေသည်။ သူ့ဟင်းခွက်ထဲမှာ အဆိပ်တွေရွှဲနေသည်။

တစ်နေ့ကပဲ မိတ်ဆွေဆရာဝန်ကြီး၊ ယခုသူနှင့်အတူ ညစာစားနေသူတစ်ဦးက စစ်ဆေးပေးသေးသည်။

'ကိုလက်စထရောက နည်းနည်းတက်နေတယ်ဗျ။ အီးစီဂျီက ကောင်းနေပေမယ့် အပိုင်မတွက်နဲ့။ အဆီလျှော့ဦးဗျ။ ယူရစ်အက်ဆစ်လည်းများနေတယ်။ အဆစ်က တစ်ခါရောင်ထားပြီးသားဆိုတော့ ပြန်မရောင်ဘူး မပြောနိုင်ဘူး။ ဝမ်းတွင်းသားတွေရှောင်ဦး'

တားတုန်းကတားသော်လည်း ယခု သူ့ရှေ့မှာပင် ထိုင်စားနေတော့ ဘာမှမပြော။

မိတ်ဆွေနှစ်ဦးသောက်နေသည့် အဆိပ်တွေနှင့် သူစားတော့မည့်အဆိပ်တွေ ဘယ်နေရာက အရင်ဒုက္ခပေးမလဲတော့ မှန်းရခက်လှသည်။

ဘယ်သူမှ မသိနိုင်။

(၉)

အိမ်ပြန်ရောက်တော့ တပည့်ကလေးက အဆိပ်တွေရေတွက်ပြီးပြီ။ သူ့ကို စာရင်းဇယားနှင့် အပ်သည်။

'မင်း ဈေးဖိုးယူထားဦးမလား'

'ဟုတ်ကဲ့ ဆရာ'

အဆိပ်တချို့ ရေတွက်၍ သူ့ကိုပြန်ပေးလိုက်သည်။

ပညာသက်သက်နှင့် ရှာထားတာပါ။

ညှိတာမပါ၊ ညစ်တာမပါ၊ လိမ်တာမပါ၊ ထစ်တာမပါ။

သမ္မာအာဇီဝဖြစ်ဖို့ကျတော့ မြတ်စွာဘုရားက မည်သည့်စီးပွားရေးလုပ်ငန်းကိုမှ သမ္မာအာဇီဝဟု မချီးမှ မချီးကျူးခဲ့လေဘဲ။ စီးပွားရေးအားလုံးကို ကျော်ခိုင်းပြီး ဆွမ်းခံစားခိုင်းသည် မဟုတ်ပါလား။

ဘာပဲလုပ်လုပ် လောဘနှင့်စရမည်။ ရတန်သလောက် မရတော့ ဒေါသကပါလာမည်။ ရနေပြီဟုထင်လျှင် မောဟက ဖက်တော့မည်။

အချိန်တန်တော့ ရလာမှာကလည်း အဆိပ်တွေပါပဲ။

ဒါတွေပြန်သုံးလျှင် တခြားသောအဆိပ်တွေ ထပ်ရမည်။ အဲသည့်အဆိပ်တွေထဲမှာ လူးလွန့်နစ်မွန်းရတာကြာလာတော့ အဆိပ်ကို အဆိပ်ဟု မြင်တတ်တော့မည်မဟုတ်။

အဆိပ်တွေထပ်ရှာလိုက်။ အဆိပ်တွေနှင့် ထပ်ဖလှယ်လိုက်။

သူ သက်ပြင်းချသည်။

ခုနေအခါမှာတော့ မနက်ဖြန်ကိုရင်ဆိုင်ဖို့အတွက် အဆိပ်နည်းနည်းလိုနေတုန်းပါပဲ။

mgyoe.com

mgyoe.com
တပည့်ကလေးကို ရေတွက်ပေးပြီး ကျန် ထည့်လိုက်ပါသည်။ ။
သည့် အဆိပ်တွေကို သူ့လက်ကိုင်အိတ်ကလေးထဲ

လက်ာရည်ကျော်

မဟေသီ၊ ၂၀၁၁၊ ဖေဖော်ဝါရီ။
mgyoe.com

mgyoe.com

# နှိုး....ပလတ်စတစ် ရောဂါ

## တင်မြင့်ဦး

မောင်တင်မြင့်သည် ရန်ကုန်ရွှေမြို့တော်ကြီးဆီသို့ တက်ကာ စာပေရေးသားပြီး ရပ်တည်၏။ ထို့ ကြောင့် မဒမ်တင်မြင့်က ရခိုင်မုန့်တီ ရောင်းလေ၏။ သို့နှင့် မောင်တင်မြင့်မှာ ရခိုင်မုန့်တီဆိုင်တွင် စားပွဲထိုး၊ ပန်းကန်ဆေးနှင့် တောက်တိုမယ်ရ ဝေယျာဝစ္စများ လုပ်ရ၏။ သို့သော် မဒမ်တင်မြင့်က နားလည်မှုပေးပါသည်။ မောင်တင်မြင့်ကို တစ်ပတ်တွင် တစ်ရက် မြို့လယ်ရှိ စာအုပ်တန်း၊ စာအုပ်လမ်း၊ မဂ္ဂဇင်းတိုက်များသို့ သွားခွင့်ပေးထားသည်။ ထိုနေ့အဖို့ မောင်တင်မြင့်မှာ စာရေးဆရာစစ်စစ် ဧကန်ဖြစ်ကာ စာပေရေးသားခြင်းဖြင့်သာ ရပ်တည်နေသူပါဟု ရင်ကော့၊ ဖင်ကောက်ရင်း မြောက်ကြွမြောက်ကြွ ပြောနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် မဒမ်တင်မြင့် ထည့်ပေးလိုက်သည့် အသုံးစရိတ်က အိတ်ကပ်ထဲ ပါလာသည်မဟုတ်လား။

*

ယနေ့သည်ကား မောင်တင်မြင့်၏ မြို့ထဲသို့ ထွက်ခွင့်ရသည့် နေ့ရက်ဖြစ်၏။ ထို့ကြောင့် မြောက်ကြွမြောက်ကြွနှင့် မြင်သူ နောက်ကကန်ကျောက်ချင်စရာကောင်းလောက်အောင် လမ်းလျှောက်နေသည့် မောင်တင်မြင့်ကို မြင်ကြရသည်။

မောင်တင်မြင့် လမ်းလျှောက်သွားသည့်နေရာကား အဲယားကွန်းနှင့် သေတင်းကုပ်ကို ဖြစ်သည်။ ထိုသေတင်းကုပ်ဝယ် သူနှင့် ကြည်ဖြူခင်မင် စာပေပညာရှင်များ၊ ထုတ်ဝေသူများ ရှိတတ်၏။ ယနေ့လည်း မောင်တင်မြင့် သေတင်းကုပ်ရှေ့ ရောက်သည်နှင့် မျက်နှာငွေလ ပြည့်ပြည့်ဝဝနှင့် ထုတ်ဝေသူ ဒဿဟန်နီက လှမ်းခေါ်သည်။ သူနှင့် တစ်စားပွဲတည်း ထိုင်နေသူမှာလည်း 'ဘောင်းဘီခွက ကျလိုကျ၊ စာအုပ်ဖိုးတွေ တောင်းလို့မရ၊ အနိစ္စ... အနိစ္စ' ဟု ကိုယ်ပိုင်သံစဉ် Hip Hop တေး တစ်ပိုင်းတစ်စကို ဆိုနေတတ်သည့် ထုတ်ဝေသူ ဒီဗွလွင်ဦး။

မောင်တင်မြင့် ကျိတ်ကာ အူမြူးသွားသည်။ သူတို့တွေက မောင်တင်မြင့်စာမူတိုလေးတွေ ပေးပါလျှင် အသက်အရွယ်ကို အားနာကာ စာမူခငွေဒဂ်္ဂါးကို ပြားစွန်းမှမချန် ချက်ချင်းပေးတတ်၏။ ဒီနေ့လည်း သံစဉ်မှန်လျှင် စာမူခငွေ ဖန်တီးနိုင်တော့မည်။

mgyoe.com

စာမူခငွေရလျှင် မဒမ်တင်မြင့်ကို စာရင်းဖျောက်ကာ ဗျစ်ရည်သောက်နိုင်တော့မည်။

မောင်တင်မြင့် သူတို့နှစ်ယောက်စားပွဲဝိုင်းကို သွားကာ ဝင်ထိုင်လိုက်သည်။

'ကျွန်တော်တို့ အစ်ကို့ကို တွေ့ချင်နေတာ အတော်ပဲဗျာ'

ဒဿဟန်နီ၏ ပြောလိုက်သောစကား ကြောင့် မောင်တင်မြင့်ရင်ထဲ ဆေးသကြားခဲ မျိုလိုက်သလို ချိုမြသွား၏။ ဝတ္ထုတိုတစ်ပုဒ်မှာလည်း သူ့လွယ်အိတ်ထဲ အသင့်ပါလာခဲ့သည်မဟုတ်လား။

သို့သော် မဒမ်တင်မြင့်စိတ်ထဲ ကျိတ်တွေး လိုက်သည်။ တန်ဖိုးရှိပစ္စည်းဟူသည်မှာ ရှားပါးလှန်း သည်ပဲ။

'ခုတစ်လော စာတော့ သိပ်များများ မရေးဖြစ် ပါဘူးကွာ'

'ဟာ... အစ်ကို၊ အဲဒီစံချိန်ကို ထိန်းထား ထိန်း ထား'

အားရဝမ်းသာ ဝင်ပြောလိုက်သည့် ဒိဗ္ဗလွင် ဦးစကားကြောင့် မောင်တင်မြင့် ကြောင်အအ ဖြစ်သွား သည်။ မရေးဖြစ်ပါဘူးဆိုမှ စံချိန်ထိန်းထားဆိုတော့ စံချိန်ကျိုးအောင် ကြိုးစားမည်ဆိုပါလျှင် လုံးဝမရေးဘဲ နေရမည့်ပုံ ဖြစ်နေ၏။

'ငင်... ဘာ... ဘာ ဖြစ်လို့လဲဟင်'

မောင်တင်မြင့်က အောက်ကလီအာညှောင် နာနာအသံနှင့် မေးလိုက်သည်။ ခုပုံအတိုင်းဆိုပါလျှင် သူ့လွယ်အိတ်ထဲမှ စာမူခမှာ ခေါင်းပြူရန်ပင် မဝံ့တော့ ပါတကား။

'ဟ... အစ်ကို့စာမူတွေက ဖတ်မိတဲ့လူကြီး တွေ စိတ်ညစ်ပြီး လူငယ်တွေ စိတ်ပျက်စီးမယ့်ဟာ တွေပဲ။ တော်ကြာ စာအုပ်ထဲ ထည့်ပေးတဲ့ ကျွန်တော် တို့ပါ ခေါင်းကွဲတော့မှာ'

'ဟုတ်... ဟုတ်ပါပြီ ဒိဗ္ဗကြီးရာ။ ငါ ဆင်ခြင် ပါ့မယ်။ ဒါနဲ့ မင်းတို့ ငါ့ကို တွေ့ချင်နေတယ်ဆိုတာ က ဘာများလဲ။ မင်းတို့နှစ်ယောက်ပေါင်းပြီး စာအုပ် မထုတ်တော့ဘဲ ရုပ်ရှင်ထုတ်လုပ်ရေး လုပ်တော့မလို့ လား။ ငါ ခေါင်းဆောင်မင်းသား လုပ်ရမယ်ဆိုရင် တော့ မင်းသမီး ၄ လက်လောက်ပါမှ ဖြစ်မှာနော်။ ဒါမှ ကိုရီးယားကားတွေထက် သာမှာကွ'

'နိုင်ငံတော်က သရဲကားတွေ ဆင်ဆာမပေး တော့ဘူးလို့ ကြားတယ်ဗျ။ မဟုတ်ရင်တော့ ကျွန်တော်တို့လည်း ရုပ်ရှင်ထုတ်လုပ်ရေး လုပ်တော့ မလို့။ အစ်ကို့ရုပ်က သရဲအခန်းကဆို မိတ်ကပ်တောင် မလိုလောက်ဘူး'

မောင်တင်မြင့်ခမျာ ဆင်ဆာမပေးတော့သည့် လူကြီးမင်းများကိုပင် ပြေးဦးချရတော့ မလိုလို ဖြစ်သွား ၏။

'ပြောလို့သာ ပြောရတယ်။ ငါလည်း သရုပ် ဆောင်လုပ်ဖို့ဆိုတာ ရုပ်ရှင်လောကကြီးရဲ့ လစ်ဟာ နေတဲ့ ကွက်လပ်ကို ဖြည့်ပေးချင်တဲ့ အဖြူထည်စေ တနာကြီးနဲ့ စဉ်းစားမိတာပါ။ တကယ်တော့ စာရေး ဆရာဆိုတာ စာပဲရေးချင်တာ။ ရုပ်ကို ပြချင်တာ မဟုတ်ဘူး။ ဒါကြောင့် စာပေဟောပြောပွဲတွေ ငါ မလိုက်တာပေါ့'

ဒဿဟန်နီနှင့် ဒိဗ္ဗလွင်ဦးမှာ တစ်ယောက် မျက်နှာ တစ်ယောက်လှည့်ကြည့်ကာ ပိုး၍ ရယ်၍ မရသော မျက်နှာ ဖြစ်သွား၏။ ခုချိန် မောင်တင်မြင့် စိတ်ဖောက်သွားပါလျှင် သူတို့တွင် တာဝန်ရှိနေပြီပဲ။ စိတ်ဖောက်မသွားပါဟု သူတို့ မတွေးရဲ။ ပြောလိုက် သည့်စကားက ဘယ်လိုမှ မယုံကြည်နိုင်စရာ၊ မအပ် မရာမဟုတ်လား။

မောင်တင်မြင့် ရေးသားနေသည့် စာများနှင့် စာပေဟောပြောပွဲဆိုသည်မှာကား ကျင်ငယ်ခွက်နှင့် သမုဒ္ဒရာလို ကွာခြားနေသည်ပဲ။ ဒီတော့ ဒဿဟန်နီ က အချိုဆုံးအပြုံး၊ အဖြစ်ချင်ဆုံးသော လေလုံးနှင့်

'ဒါပေါ့ အစ်ကိုရာ။ အစ်ကိုရေးသားခဲ့တဲ့ စာပေလက်ရာတွေအနေနဲ့ဆို အစ်ကို တာဝန်ကျေပါ ပြီ။ သေမယ်ဆိုတောင် သေပျော်ပါပြီ။ သေ့လိုက်စမ်း ပါ။ အဲလေ... ဂုဏ်ယူပြီး စံချိန်တွေ ဆက်ထိန်းထား

ပါ။ အစ်ကို့အနေနဲ့ စာပေဟောပြောပွဲ စင်တော့ ထား၊ ဘူးစင်ပေါ်တောင် မတက်ပါနဲ့။ တော်ကြာ ပြုတ်ကျလို့ ဂီလာနဖြစ်ရင် ဆရာဦးဝင်းငြိမ်းတို့အနေနဲ့ မချစ်သော်လည်း အောင့်ကာနမ်းပြီး ထောက်ပံ့ငွေ ကမ်းနေရပါဦးမယ်'

မောင်တင်မြင့်မှာ ကိုယ့်ဘဝကိုယ် ကျေနပ်အားရလွန်းစွာ မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝိုင်းလာပါတော့သည်။ သူတို့လေးစားပုံက တကယ်ပင်သေပေးရနိုင်လောက်သည်။

'အေးပါ ဒဿကြီးရာ။ ဘတ်စ်ကားအတက်အဆင်းတောင် ငါ ဆင်ခြင်ပါ့မယ်။ ဒါနဲ့ ငါ့ကို ဘာလို့ခေါ်တာလဲ။ ပြောကြပါတော့'

မောင်တင်မြင့်စကားဆုံးသည်နှင့် ဒဿဟန်နီ မျက်နှာမှာ ကြေးနီရောင်သမ်းကာ တင်းတင်းမာမာ ဖြစ်သွား၏။ ပြီးမှ...

'အစ်ကို ကမ္ဘာကြီးကို ဘယ်လိုမြင်လဲ'

'ဟေ... ငါ မျက်လုံးပြူးတာမှန်ပေမယ့် အဲလောက်တော့ အားမကောင်းပါဘူးကွာ'

'ကျွတ်... သတင်းစာဖတ်၊ ရေဒီယိုနားထောင်စမ်းပါဗျာ'

'သတင်းစာနဲ့ ရေဒီယိုမှာ ကမ္ဘာကြီးပုံ ပါလို့လား'

ဒဿဟန်နီက ရီဝေသော မျက်လုံး၊ စိတ်ဓာတ်ဖုန်းဖုန်းကျသောမျက်နှာနှင့် ဒိဗ္ဗလွင်ဦးကို လှည့်ကြည့်၏။ ဒီတော့ ဒိဗ္ဗလွင်ဦးက Hip Hop တေး တစ်ပိုင်းတစ်စကို ထဆိုတော့မည့်ပုံမျိုး လက်နှစ်ဖက်ကို ကွတကွတလုပ်ကာ...

'ဒီနေ့ ကမ္ဘာကြီးဟာ ကြွပ်ကြွပ်အိတ်ဆိုတဲ့ မသမာသူကြောင့် ဖျားနာနေပြီဗျ။ ဒီတော့ လူသားဖြစ်တဲ့ အစ်ကိုတို့၊ ကျွန်တော်တို့မှာ တာဝန်ရှိတယ်'

'အီး... ဒီလတွေမှာ ငါ့စာမူကို ဘယ်သူမှ မသုံးလို့ စာမူခ ဒင်္ဂါးတစ်ပြားမှ မရပါဘူးကွာ။ ကူငွေ မထည့်နိုင်ပေမယ့် သတင်းမေးဖို့ သွားမယ်ဆိုရင် မင်းတို့ကားနဲ့ ငါ အကြုံလိုက်ပါ့မယ်'

'အဲဒါပြောတာမဟုတ်ဘူးဗျ။ ပလတ်စတစ် ကြွပ်ကြွပ်အိတ်တွေကို သုံးလို့ သဘာဝပတ်ဝန်းကျင် ညစ်နွမ်းပျက်စီးတာတွေ ပြောတာ။ ရေရှည် ကမ္ဘာကြီးတောင် ပျက်စီးသွားမှာ။ ဒီတော့ ကြွပ်ကြွပ်အိတ်တွေကို ကိုယ်တိုင်လည်း မသုံးဖို့၊ ကိုယ့်ပတ်ဝန်းကျင်ကလူတွေလည်း မသုံးကြဖို့ နှိုးဆော်ဖို့က ကျွန်တော်တို့ စာပေသမားတွေမှာ တာဝန်ရှိတယ်။ ဒါတွေ အစ်ကို့ကို ပြောမလို့ တွေ့ချင်နေတာ'

မောင်တင်မြင့်မှာ မြောင်းရေလျှံ၊ လမ်းရေလျှံသည့်ဒဏ်ကို ခံနေရသည်မို့ ချက်ချင်းသဘောပေါက်သွားသည်။ နောက် သူတို့စကားက လူသားအားလုံးအတွက်မို့ ဂရုစိုက်ရလိမ့်မည်။

'ဒီတော့ ငါ ဘာလုပ်ပေးရမလဲ'

'အစ်ကို့ပတ်ဝန်းကျင်မှာ ပလတ်စတစ် ကြွပ်ကြွပ်အိတ်မသုံးဖို့ ရှင်းပြ၊ ပြောပြပေါ့။ အစ်ကိုလည်း အောင်မြင်တဲ့ စာရေးဆရာတစ်ယောက်ပဲ။ ဗဟုသုတပြည့်စုံသလို ပြောတတ်ဆိုတတ်လည်း ရှိတယ်လေ။ နောက် ပတ်ဝန်းကျင်ကလည်း စာပေအရ လေးစားပြီးသားနေမှာပါ။ ရှင်းပြလိုက်ရင် လက်ခံသွားမှာပေါ့'

ဒဿဟန်နီ၏ အပင့်အမြှောက်စကားကြောင့် မောင်တင်မြင့်မှာ နှလုံးသည်းခိုင်ကို ဆွဲကိုင်လိုက်သလို ကြည်နူးပီတိ ဝွမ်းဆီထိသွား၏။ ခုလိုစကားမျိုးသာ ကြားရမည်ဆိုပါလျှင် မောင်တင်မြင့်က ဂေါ်ဇီလာကိုပင် နပန်းဝင်လုံးဖို့ ဝန်မလေးခဲ့ပေ။

*

မဒမ်တင်မြင့်မျက်နှာမှာ အခြားကမ္ဘာမှ ဂြိုဟ်သတ္တဝါတစ်ကောင်ကောင်ကို တွေ့လိုက်ရသလို မှင်တက်ငေးမောသွားသည်။ မောင်တင်မြင့်က တည်ကြည်ခံ့ညားသော မျက်နှာ၊ သတ္တုသံပါသော အသံနှင့်...

'မင်း ဘာကြည့်နေတာလဲ'

'ရှင် ဒီနေ့ ထူးထူးဆန်းဆန်း မြို့ထဲက မသောက်မစား ပြန်လာလို့ပါတော်'

'ဒီနေ့ ငါ့မှာ အရေးကြီးတဲ့ တာ၀န်တစ်ရပ် ပါလာလို့ ပကတိပြန်လာခဲ့တာကွ'

မောင်တင်မြင့်က ဂုဏ်ယူ၀င့်ကြွားစွာ ပြော လိုက်၏။ တကယ်တော့ စာမူခလည်း မရ၊ ဇျစ်ရည် ဒကာခံမည့် အလှူရှင်ကလည်း လှည့်ရှောင်ကာ လှည့် ထွက်သွားသဖြင့် အားလျှော့ပြန်လာရခြင်းသာ။ အခြေအနေမှန်ကို မသိသည့် မဒမ်တင်မြင့်က မျက်နှာ ကို ချိတ်တက်မတတ် အနားတိုးကပ်ကာ...

'ပြော... ပြောစမ်းပါဦး။ လုံးချင်းရေးဖို့ အပ် လိုက်လို့လား။ စာမူခ ဘယ်လောက်ရမှာလဲ။ ရှင် စာမူခရဲ့ ဆယ်ရာခိုင်နှုန်းပဲ သုံးနော်'

'အဲလို အသေးအမွှားကိစ္စ မဟုတ်ဘူးကွ။ ကမ္ဘာနဲ့ချီတဲ့ အကြီးကြီး...'

'ဟိ... ကြီးရင် ပိုရမှာပေါ့နော်'

မောင်တင်မြင့်က နားမလည်ရကောင်းလား ဟူသည့် အမူအရာမျိုးနှင့် မဒမ်တင်မြင့်ကို စောင်း ငမ်းငမ်း ကြည့်လိုက်သည်။ ပြီးမှ...

'အကြီးကြီးဆိုတာ ပြဿနာကွ ပြဿနာ'

'ဟင်... ပြဿနာဟုတ်လား။ ရှေ့နေတွေ ဘာတွေ ငှားရဦးမှာလား။ ကျုပ်မှာတော့ စုဆောင်း ထားတာ ဘာမှ မရှိဘူးနော်။ ရှင့်ဟာရှင် ပြေလည် အောင်ရှင်း'

'မင်းတို့ အဲဒါခက်တာပေါ့။ ပြဿနာက ကြွပ်ကြွပ်အိတ်နဲ့ ကမ္ဘာကြီးဖြစ်နေတာ'

မဒမ်တင်မြင့်က အသာနှုတ်ခမ်းရွဲ့လိုက်ရင်း က...

'ကျုပ်ကတော့ ကြွပ်ကြွပ်အိတ်ဆိုရင် လပ်ကီး တံဆိပ်ပဲ သုံးတယ်။ ရှင့်ကမ္ဘာကြီးတံဆိပ် မရောင်းရ လို့ စက်ရုံပိတ်ရလည်း မတတ်နိုင်ဘူး'

'ငါပြောတာက အဲဒီ ကြွပ်ကြွပ်အိတ်အားလုံး ရဲ့ ပြဿနာကွ။ မင်းတို့ငါတို့ သုံးပြီး လွှင့်ပစ်လိုက် တဲ့ ကြွပ်ကြွပ်အိတ်က မြေကြီးထဲမှာ နှစ်တစ်ရာကျော် ကြာလည်း မပျက်စီးဘူးတဲ့'

'အိုတော်... ရှင့်ကို ဘယ်ဘိုးဘွားရိပ်သာက ပြောလိုက်တာလဲ'

မဒမ်တင်မြင့်မေးခွန်းကြောင့် မောင်တင်မြင့် ဆက်ပြောရန် လုပ်နေသည့် လည်ချောင်းထဲမှ နိုင်ငံ တကာဗဟုသုတများ ဘွတ်ခနဲ ပြန်ပြုတ်ကျသွား၏။

'ကြွပ်ကြွပ်အိတ်က ဘိုးဘွားရိပ်သာနဲ့ ဘာဆိုင်လို့လဲ'

'ကြွပ်ကြွပ်အိတ်က နှစ်တစ်ရာကျော်ကြာ လည်း မပျက်စီးဘူးဆို၊ ဘိုးဘွားရိပ်သာမှာရှိတဲ့ ဘိုး သက်ရှည် ဘွားသက်ရှည်တွေမှ သိကြမှာပေါ့'

'ခွီး... ကမ္ဘာပြားတဲ့ခေတ်ကွ။ အဲလို ထိုင် စောင့်ကြည့်နေစရာ မလိုဘူး။ သုတေသနလုပ် ကြည့် သိတာပဲ။ ထားလိုက်ပါ။ ငါပြောချင်တာက အဲဒီ မပျက် စီးတဲ့ ကြွပ်ကြွပ်အိတ်တွေဟာ ကြာတော့များပြီး ကမ္ဘာကြီး ရဲ့ မြေလွှာတွေ ပျက်စီးတော့ ရာသီဥတုတွေ ဖောက် ပြန်ပြီး ညီညွတ်မျှတမှု ပြိုကွဲသွားတာပေါ့'

မဒမ်တင်မြင့်က စာမူခအသံ ပါမလာတော့ သဖြင့် စိတ်၀င်စားမှု ကင်းမဲ့သွားတော့သည်။ ကြွပ် ကြွပ်အိတ်တွေက နှစ်တစ်ရာအထိ မပျက်စီးနိုင်သဖြင့် စုဆောင်းထားပါလည်း မြင့်မားသောဈေးကွက် ဖြစ် လာစရာတော့ မျှော်လင့်ချက်မရှိ။

'ရာသီဥတုတွေ ဖောက်ပြန်ကာ တိုက်ခန်းနဲ့ နေတဲ့ ကျုပ်တို့က ဘာတွေးပူရမှာလဲ။ အိမ်မိုးစရာ လည်းမလိုဘူးလေ။ အဲ... နွေမှာပူတာလောက်က တော့ ပန်ကာတစ်လက်လောက် ၀ယ်နိုင်ရင် အဆင် ပြေပါပြီ'

'ဟာ... ပလတ်စတစ်ကြွပ်ကြွပ်အိတ်က အဲလောက် တင်မကဘူးကွ။ ပူပူနွေးနွေး အစားအစာတွေကို ကြွပ် ကြွပ်အိတ်နဲ့ထည့်ရင် သူ့မှာပါတဲ့ ကယ်မကယ်ဓာတ်ပစ္စည်း တွေနဲ့ ဓာတ်ပြုပြီး အစားအစာတွေ အဆိပ်အတောက် ဖြစ်တယ်တဲ့။ အဓိကကတော့ လူတွေရဲ့ စားသောက် ကုန်ပစ္စည်းကို ကြွပ်ကြွပ်အိတ်နဲ့ မထည့်တာ အကောင်း ဆုံးပဲ'

'ဒီလောက်တောင် ဆိုးသလားတော်'

အစားအစာဟု ပြောသဖြင့် ရခိုင်မုန့်တီရောင်း

mgyoe.com

m.gyoe.com
သည့် မဒမ်တင်မြင့် စိတ်ဝင်တစား ဖြစ်သွား၏။ ဒီတော့ မောင်တင်မြင့် ပြောအားပိုရှိသွားပြီပေါ့။

'ဒါတောင် လူမို့လို့ပေါ့။ စည်းကမ်းမဲ့စွန့်ပစ်တဲ့ ကြွပ်ကြွပ်အိတ်ကြောင့် နှစ်စဉ် တိရစ္ဆာန်ပေါင်းများစွာ သေနေကြတာတဲ့။ သူတို့က အစာနဲ့ မှားစားတော့ အမျိုးမျိုးဖြစ်ပြီး သေတာပေါ့'

'ဒါ... ဒါဆို ရှင်က ဘာလုပ်မှာလဲ'

'ဟ..လူတွေ ပလတ်စတစ် ကြွပ်ကြွပ်အိတ်ကို မသုံးဖို့ စည်းရုံးရမှာပေါ့'

မဒမ်တင်မြင့် တစ်ချက်တော့ တွေခနဲ စဉ်းစားသွားသည်။ ချက်ချင်းပင် လှုပ်လှုပ်ရှားရှားပြန်ဖြစ်လာပြီး...

'ဒါဆို ကျုပ်မုန့်တီကို ပါဆယ်လာဝယ်ရင် ဘာနဲ့ ထည့်ပေးရမှာလဲ'

'အာ... ကြွပ်ကြွပ်အိတ်ပေါ်တာ ဘာကြာသေးလို့လဲ။ ကြွပ်ကြွပ်အိတ်မပေါ်ခင်ကလို ပြန်သုံးစွဲကြမှာပေါ့'

'လုပ်ပါ့မလားရှင်'

'လူ့အသက်သေမယ့်ကိစ္စ၊ ကမ္ဘာကြီး ပျက်စီးမယ့်ကိစ္စကွ။ အသေအချာ ရှင်းပြရင် နားလည်ကြမှာပေါ့။ နင့်ယောကျ်ား ငါက စာရေးဆရာပါ။ တို့မုန့်တီဆိုင်လေးက စလိုက်ကြတာပေါ့။ အောင်မြင်မှာပါ မိန်းမရေ၊ ကြိုးစား'

မောင်တင်မြင့်က ကိုရီးယားဇာတ်ကားထဲကလို လက်တစ်ဖက်မြှောက်ကာ လက်သီးဆုပ်ပြလိုက်ပါသည်။

*

မဒမ်တင်မြင့်၏ ရခိုင်မုန့်တီဆိုင်ထဲသို့ လှတပတ ကောင်မလေးတစ်ယောက် ဝင်လာသည်။

'အန်တီ ပါဆယ်နှစ်ပွဲ'

မောင်တင်မြင့် ဟင်းရည်အိုးမီးခတ်နေရာမှ အတင်းထလိုက်သည်။ ပြီး ကောင်မလေးကို အသေအချာကြည့်လိုက်ကာ...

'ဟင်... သမီးက ပါဆယ်ကို ဘာနဲ့ထည့်ယူမှာလဲ'

'ပါဆယ်ပါဆိုမှ အိတ်နဲ့ ထည့်ယူမှာပေါ့ ဦးရဲ့။ အန်တီသိပါတယ်'

'မဟုတ်ဘူး သမီးရဲ့။ ဦးတို့ဆိုင်မှာ ဒီနေ့ကစပြီး ပလတ်စတစ် ကြွပ်ကြွပ်အိတ်တွေ မသုံးတော့ဘူး'

ကောင်မလေးက တအံ့တဩမျက်ဝန်းနှင့်...

'ဘာဖြစ်လို့လဲဦး။ ဈေးတွေတက်သွားလို့လား'

'မဟုတ်ပါဘူးကွယ်။ ကမ္ဘာကြီးကျန်းမာရေး၊ လူသားတွေကျန်းမာရေးအတွက်ပါ။ တကယ်တော့ ကြွပ်ကြွပ်အိတ်ဆိုတာ သွေးအေးလူသတ်သမား။ ဒါကို အားမပေးသင့်ပါဘူး'

'အားမပေးနဲ့ဆို အားမပေးတော့ပါဘူးရှင်'

ကောင်မလေးက မာဆတ်ဆတ်လေသံနှင့် ပြောကာ လှည့်ထွက်သွားသည်။ သူ့ကို စိတ်ဆိုးတာလား၊ ပလတ်စတစ် ကြွပ်ကြွပ်အိတ်ကို စိတ်ဆိုးတာလားဟု ကွဲကွဲပြားပြားပင် မမေးလိုက်ရ။

မည်သူ့ကိုပင် စိတ်ဆိုးဆိုး မောင်တင်မြင့် အားမလျှော့ပါ။ ပါဆယ်နှစ်ပွဲ မရောင်းလိုက်ရပါလည်း ရေရှည်တွင် အောင်မြင်သည့်အခါ ချိုင့်ဆွဲ၊ အိုးဆွဲ ပါဆယ်ပွဲပေါင်း နှစ်ဆယ်၊ နှစ်ရာ... များစွာ... များစွာ ဖြစ်လာပါလိမ့်မည်။ သိပ်မကြာ အသက် ၅၀ ခန့် အမျိုးသမီးကြီးတစ်ဦး ဆိုင်ထဲဝင်လာပြန်သည်။

'သမီးရေ၊ အန်တီ့ကို ရခိုင်သုပ် ပါဆယ် ၃ ပွဲကွယ်'

မဒမ်တင်မြင့်က မောင်တင်မြင့်ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ မောင်တင်မြင့် အသာခေါင်းဆတ်ပြကာ ရှေ့တိုးလိုက်၏။ လူကြီးဆိုတော့ ရှေ့ပြည်အေးတရားနှင့် ရှင်းပြရမည်။

'အန်တီ၊ အန်တီတို့အသက် ၂၀ အရွယ်တုန်းက နေရထိုင်ရတဲ့ ရာသီဥတုနဲ့ ခုအချိန်နေရတဲ့ ရာသီဥတုဟာ တူညီရဲ့လား'

'အောင်မယ်လေး... ပြောမှ ပြောတတ်ပလေ
mgyoe.com

mgyoe.com

ကွယ်။ အန်တီတို့ငယ်ငယ်တုန်းကဆို နွှေရောက်ရောက် မိုးရောက်ရောက် သူ့ရာသီနဲ့သူ သိပ်နေလို့ကောင်းတာ။ ခုတော့ ဟုတ်တော့ပါဘူးကွယ်။ နွှေဆိုလည်း ပူလိုက်တာ အလွန်အကျွံပါပဲ။ မိုးဆိုရင် ရွာလိုက်တာ ဆည်ကျိုးမိုး၊ ကန်သင်းကျိုးမိုးတွေချည်းပဲ'

အမျိုးသမီးကြီးက မောင်တင်မြင့်ဆင်သည့် အကွက်ထဲ တန်းဝင်လာလေပြီ။ မောင်တင်မြင့်က နောက်ဆုံးမြှားချက်နှင့် ဒက်ခနဲ ပစ်လိုက်တော့မည်တွေးကာ...

'ခုလို ဖြစ်သွားတာ ဘာကြောင့်လို့ အန်တီ တွေးထင်လဲ'

'ထင်စရာ မလိုပါဘူးကွယ်။ အန်တီက တိတိကျကျကို သိနေတာ'

မောင်တင်မြင့်ပင် လည်ချင်ချင် ဖြစ်သွားသည်။ သို့သော် ပြောလို့တော့ မရ။ တချို့ သက်ကြီးပိုင်းတွေက ခေတ်ဗဟုသုတကို ခေတ်လူရွယ်တွေထက်ပင် ခေတ်ကြိုမိသေး၏။

'ဒါဆို ပြောပါဦးအန်တီ။ ကျွန်တော်တို့လည်း ဗဟုသုတရတာပေါ့'

'လူတွေလေကွယ့်၊ လူတွေက ကတိသစ္စာ မတည်ကြည်ဘူးဖြစ်လာတော့ ဥတုရာသီတွေလည်း ဖောက်ပြန်တော့တာပေါ့။ ဟိုအရင်က မုဆိုးလိုလူက တောင်တောထဲကို ချေပစ်ဖို့သွားတယ်ဆိုရင် ချေပဲပစ်တာ။ ဆတ်တွေ့လို့ မပစ်ဘူး။ အခုလူတွေကတော့ ခရတွေ့တောင် ကောက်ယူကြတာပဲ။ ဒီတော့ အရင်လို ရာသီဥတု ညီညွတ်မျှတချင်ရင်တော့ လူတွေကို ကတိသစ္စာတည်အောင် စွမ်းဆောင်နိုင်ရမယ်ကွယ့်'

'မ... မဟုတ်... မဟုတ်ဘူး အန်တီ။ ဓာတုပစ္စည်းတွေက ကြွပ်ကြွပ်အိတ်...'

'ဘာ... ငါ့သမီးက ဓာတုနဲ့ ကျောင်းပြီးတာ။ မင်းက ပစ္စည်းဆိုတော့ ဘာသဘောလဲ။ နောက် ကြွပ်ကြွပ်အိတ်နဲ့ တန်းညှိတာက ဈေးပေါတယ်လို့ ပြောတာလား'

ကြွပ်ကြွပ်အိတ်၏ သဘာဝပတ်ဝန်းကျင် ဖျက်ဆီးမှုလုပ်ငန်းဆိုးကြီးကိုပင် သေချာရှင်းမပြလိုက်ရတော့။ အမျိုးသမီးကြီးက မောင်တင်မြင့်ကို အားပါးတရ ရန်တွေ့ကာ ပြန်ထွက်သွားတော့၏။

ယနေ့အဖို့ မဒမ်တင်မြင့်၏ ရခိုင်မုန့်တီဆိုင်မှာ ကြွပ်ကြွပ်အိတ်ပြဿနာကြောင့် ဈေးဦးပင် မကျိုးနိုင်သေးပါ။ သို့သော် မဒမ်တင်မြင့်ကတော့ ပလတ်စတစ်ကြွပ်ကြွပ်အိတ်နှင့် ပတ်သက်ပြီး တက်တက်ကြွကြွ ရှင်းပြနေသည့် လင်တော်မောင် မောင်တင်မြင့်ကို ကြည့်ကာ ပြုံးလို့သာနေဆဲ။ သို့ပေမယ့် အပြုံးကတော့ မချိုပြုံး ဖြစ်နေ၏။

*

အရုတ်ပြင်း အရင်းပြုတ်ရုံတင် မဟုတ်။ စားသုံးသူ ဖောက်သည်များပါ မိတ်ပျက်သွား၍ မဒမ်တင်မြင့် ရခိုင်မုန့်တီ မရောင်းတော့ပါ။ ထို့ကြောင့် မောင်တင်မြင့်လည်း ရခိုင်မုန့်တီဆိုင်တွင် ဝေယျာဝစ္စ မလုပ်ရတော့ပါ။

သို့သော် မောင်တင်မြင့် အားအားယားယား မနေပါ။ ကုသိုလ်လည်းရ ဝမ်းလည်းဝ ကျွဲကူးရေပါ။ ထိုကဲ့သို့ပြောလျှင် ရသောအလုပ်ကို ကြိုးစားပမ်းစား လုပ်နေပါသည်။

ထိုအလုပ်မှာကား...။

မနက်မိုးလင်းသည်ဆိုတာနှင့် ဦးထုပ်ညိုညစ်ညစ်ကြီးကိုဆောင်းကာ သံချိတ်တစ်ဖက်၊ ပီနံအိတ်တစ်ဖက်ကိုင်ပြီး လမ်းကြိုလမ်းကြား၊ တိုက်ကြိုတိုက်ကြား အနံ့သွားကာ ပလတ်စတစ်ကောက်ပါတော့သည်။

ဤသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အမှန်တကယ် ထိရောက်သည့် ပလတ်စတစ်ကြွပ်ကြွပ်အိတ် တိုက်ဖျက်ရေးလုပ်ရပ် မဟုတ်ပါလား။ ကောင်းလေစွ။

❒

တင်မြင့်ဦး

ရွှေအမြုတေ၊ ၂၀၁၁၊ မတ်လ။

mgyoe.com

mgyoe.com

# ပုဏ္ဏက

## မင်းတင်ထွဏ်း

မင်္ဂလာရပ်ကွက်က မဥ္စုလမ်းမှာ ပုဏ္ဏက တိုက်လို့တဲ့၊ ကြားရတဲ့သူတွေ အံ့သြကြတာပေါ့။ မင်္ဂလာရပ်ကွက်ဆိုတာက မန္တလေးအရှေ့ဘက် ဆင်ခြေဖုံးရပ်ကွက် ဖြစ်ပေမယ့် မနေ့တစ်နေ့ကမှ ကွက်သစ်ပေါ်လာတာ မဟုတ်ဘူး။ ရပ်ကွက်တည်တာ နှစ်ပေါင်း ၂၀ ကျော်ပြီ။ ရပ်ကွက်ထဲ ပုဏ္ဏကတိုက်တယ်ဆိုတာ မကြားဖူးကြဘူး။

အခုမှ ထူးထူးဆန်းဆန်း ကြားရတော့တယ်။ မဥ္စုလမ်းမှာ ပုဏ္ဏကတိုက်တာက ၂ လကျော်လောက်ရှိပြီတဲ့။ အခုတော့ မဥ္စုလမ်းက အိမ်တွေသာ မကဘူး။ မဥ္စုလမ်းမြောက်ဘက်မှာရှိတဲ့ သဇင်လမ်း၊ တောင်ဘက်မှာရှိတဲ့ စံပယ်လမ်းကအိမ်တချို့ပါ ပုဏ္ဏကတိုက်ပြီတဲ့။ ကြားရတဲ့သူတွေကတော့ မယုံချင်ကြဘူး။ ဒါပေမဲ့ တကယ်ခံရတဲ့ မဥ္စုလမ်းမှာတော့ ပုဏ္ဏကကိုနှင်ဖို့ နတ်ကနားပေးပြီ။ ဒီနတ်ကနားပွဲကို ဦးတိုင်းကျော်က မတည်ငွေ တစ်သိန်းထည့်ပြီး မဥ္စုလမ်း၊ သဇင်လမ်း၊ စံပယ်လမ်းတွေက အိမ်တွေကို အလှူခံပြီး ကျင်းပတာ။ ကနားစီးကတော့ မဥ္စုလမ်းထဲက နတ်ကတော် ဦးသိန်းက မေတ္တာနဲ့ လုပ်ပေးတယ်။

ကနားပွဲကို ဦးတိုင်းကျော် ဝင်းရှေ့က လမ်းပေါ်မှာ မဏ္ဍပ်ထိုးပြီး ကျင်းပကြတယ်။ ကနားပွဲ မစခင် မနက်ပိုင်းမှာတော့ ဦးတိုင်းကျော်က ဘုန်းကြီးငါးပါးကို သူ့အိမ်မှာ ဆွမ်းကပ်တယ်။ ပရိတ်ရွတ်တယ်။ ရပ်ကွက်လူကြီးနဲ့ လမ်း ၃ လမ်းက လူတွေကို ဖိတ်ပြီး တရားနာတယ်။ ထမင်းဟင်းနဲ့ ဧည့်ခံတယ်။ ပရိတ်ရေကိုပွားပြီး ပုလင်းလေးတွေထဲထည့်ပြီးဝေတယ်။ ဦးတိုင်းကျော် သားသမီးတွေက မြို့ထဲနေတယ်ဆိုပေမယ့် လာလုပ်ပေးကြတယ်။ အိမ်နီးချင်းတွေကလည်း ကူညီပေးကြတယ်။

နေ့လယ်ပိုင်းကစပြီး နတ်ကနားပေးတယ်။ နတ်ကနားပွဲမစခင် ရွှေဆိုင်းတော်မှ ဗြောင်းဆန်အောင် ကရောင်းသံပေးပြီး ဗြုန်းတိုက်တယ်။ ပုဏ္ဏကနဲ့ မကောင်းမိစ္ဆာတွေကို နှင်ထုတ်တာပေါ့။ မန္တလေး ဘိုးဘိုးကြီး၊ အောင်ပင်လယ်ဘိုးဘိုးကြီး၊ နယ်တော်ရှင်၊ မြင်းဖြူရှင်၊ မြို့စောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ အတွင်း ၃၇မင်း၊ အပြင် ၃၇ မင်းတို့ပါမကျန် ပင့်ဖိတ်ပြီး လမ်း ၃ လမ်းမှာ သောင်းကျန်းနေတဲ့ ပုဏ္ဏကနဲ့

mgyoe.com

mgyoe.com

မကောင်းမိစ္ဆာတွေကို နှင်ပေးဖို့ တောင်းပန်တယ်။ နတ်များကလည်း နတ်ကတော်တွေကို ဝင်ပူးပြီး ပုဏ္ဏာကကို ချော့လိုက်၊ ခြောက်လိုက်၊ ကြိမ်းလိုက်နဲ့ နှင်ထုတ်ပေးကြတယ်။ နတ်ကတော် ဦးသိန်းဆိုရင် ဖနောင့်နဲ့ပေါက်ပေါက်ပြီး ပုဏ္ဏာကကို အာဏာသံနဲ့ နှင်ပေးတာပေါ့။

*

ပုဏ္ဏာက စတိုက်ခံရတဲ့အိမ်က မဥ္ဇူလမ်းထဲက ဦးတိုင်းကျော်အိမ်ပဲ။ ဦးတိုင်းကျော်က ဒီရပ်ကွက်သား မဟုတ်ဘူး။ ပြောင်းလာတာ မကြာသေးဘူး။ ၃ လ နီးပါးလောက် ရှိဦးမယ်။

ဦးတိုင်းကျော်က ဈေးချိုနား ဝါးတန်းရပ်က ပွဲစားကြီးဖြစ်တယ်။ အသက် ၆၀ကျော်ပြီ၊ အသား ဖြူဖြူ၊ ဝဝဖိုင့်ဖိုင့်၊ ဥပမိရုပ်ကောင်းသူဖြစ်တယ်။ သားသမီးတွေက ကုန်သည် ပွဲစားတွေ ဖြစ်တယ်။ ပွဲရုံကို သားအကြီးကိုလွှဲထားတယ်။ အခုတော့ အသက်ကြီးလာတာက တစ်ကြောင်း၊ ဇနီးသည်ဆုံးလို့ ပူဆွေးရတာက တစ်ကြောင်းကြောင့် ဆူဆူညံညံ လူစည်ကားတဲ့ပွဲရုံတန်းမှာ မနေချင်တော့ဘူး။ နားအေးပါးအေး ပုတီးလေးစိပ်၊ တရားလေးထိုင်ပြီးပဲ နေချင်တယ်။ ဒါကြောင့် မင်္ဂလာရပ်ကွက်မှာ ဝယ်ထားတဲ့ ဝင်းထဲမှာ ၃ ပင်၂ ခန်းပတ်လည် ဒူးတုပ်၊ နံကပ်၊ သွပ်မိုး၊ ပျဉ်ခင်းအိမ်လေးဆောက်ပြီး ပြောင်းလာတာ။

ဦးတိုင်းကျော်အတွက် ဝေယျာဝစ္စပြုလုပ်ပေးဖို့ သက်တူရွယ်တူ အဘိုးကြီးတစ်ယောက် ပါလာတယ်။ ဦးနက်တူးတဲ့၊ အသားမည်းမည်း၊ အရပ်ရှည်ရှည်ဖြစ်တယ်။ နားလေးတယ်။ မြင်းခြံနယ်က လူပျိုကြီးတဲ့။ ဦးတိုင်းကျော်နဲ့ ဆွေရိပ်မျိုးရိပ်မကင်းဘူး။ ဦးတိုင်းကျော်မင်္ဂလာရပ်ကွက် ပြောင်းလာမှ လှမ်းခေါ်လိုက်တာတဲ့။

ဦးတိုင်းကျော်တို့ဝင်းက ပေ ၂၀၀ ပတ်လည် လောက်ကျယ်တယ်။ သရက်ပင်၊ အုန်းပင်၊ မာလကာပင်တွေနဲ့ စိမ်းစိုနေတယ်။ အိမ်က အလယ်လောက်မှာ ဆောက်ထားတယ်။ ဝင်းထရံလည်း မြင့်မြင့်ကာထားတယ်။

ဦးတိုင်းကျော်က အိမ်ထဲက သိပ်ထွက်တာ မဟုတ်ဘူး။ တရားထိုင်၊ ပုတီးစိပ်နေပုံရတယ်။ တစ်ပတ်တစ်ခါလောက်တော့ သူ့သားသမီးတွေက ကားနဲ့ လာခေါ်လို့ မြို့ထဲပါသွားတတ်တယ်။

ဦးနက်တူးကတော့ ရပ်ကွက်ထဲ နေ့တိုင်းလိုလိုထွက်ပြီး ဈေးဝယ်တတ်တယ်။

တစ်ရက်မှာ ဦးတိုင်းကျော်နဲ့ ဦးနက်တူးတို့ ရပ်ကွက်လူကြီးဆီ ရောက်လာတယ်။

'ဦးလေးတို့ ထိုင်ကြပါခင်ဗျာ။ ဘာကိစ္စများ ရှိလို့ပါလဲ'

ရပ်ကွက်လူကြီးက ဆီးပြီးမေးတယ်။ ဦးတိုင်းကျော်က ရပ်ကွက်လူကြီးရှေ့က ကုလားထိုင်တစ်ခုမှာ ဝင်ထိုင်တယ်။ ဦးနက်တူးက ရပ်နေလို့ ဦးတိုင်းကျော်က အနားမှာရှိတဲ့ ကုလားထိုင်ကို လက်ပုတ်ပြမှ ဝင်ထိုင်တယ်။

'အင်း ကျွန်တော်က တိုင်တာတောတာတို့ သူများတွေ ဒုက္ခရောက်စေတော့ဆိုတဲ့စကားမျိုးကို မပြောချင်ပါဘူး။ နားအေးပါးအေးနေချင်လို့၊ တရားထိုင် ပုတီးစိပ်ချင်လို့ ဒီကိုလာနေတာပါ။ အခုတော့ တရားလည်း ကောင်းကောင်းထိုင်လို့ မရဘူး။ အိပ်ကောင်းတုန်းဆို လန့်နိုးရပြီ။ ဒါကြောင့် လာပြောတာပါ'

ဦးတိုင်းကျော်က အပြောင်းအလဲမရှိတဲ့မျက်နှာနဲ့ လေသံတစ်ဖြောင့်တည်းပြောတယ်။

'ဘာများဖြစ်လို့ပါလဲခင်ဗျာ။ ပြောပါ ကျွန်တော်ကူညီနိုင်ရင် ကူညီပေးပါ့မယ်'

ရပ်ကွက်လူကြီးက ပြောတယ်။

'ဟင်း...ကျွန်တော့်အိမ် ညတိုင်း ခဲကျကျနေလို့ပါ'

'ဗျာ'

ရပ်ကွက်လူကြီး အံ့ဩသွားတယ်။ သူတို့ရပ်ကွက်မှာ ခဲကျတယ်ဆိုတာ မကြားဖူးဘူးပေါ့။

mgyoe.com

'ဟို ကလေးတွေ ငှက်ပစ်ရင်း လောက်စာလုံး ချော်ကျတာများလား'

'အင်း... ကျွန်တော်လည်း အစက အဲဒီလို ထင်တာပဲ။ နောက်ပြီး ငှက်ကလေးတွေ ညောင်သီးတို့၊ သစ်သီးတို့ကို ကိုက်ချီပြီး အိပ်တန်းပြန်ရင်း ပြုတ်ကျတာလားလို့လည်း တွေးမိပါတယ်။ ဒါပေမဲ့ မဟုတ်ဘူး။ အိမ်ပေါ်ခဲကျတာကအစက တစ်ပတ်မှ တစ်ကြိမ် နှစ်ကြိမ်ရယ်။ အခုတော့ ရက်ခြား၊ ရက်ဆက် ဆိုသလို ကျနေတယ်။ နားမခံနိုင်ဘူးဗျာ'

'ဘယ်အချိန်ကျတာလဲ'

'ည ဆယ်နာရီနဲ့ ဆယ့်တစ်နာရီအတွင်းကျတယ်။ ကျွန်တော် တရားမှတ်ချိန်ပေါ့။ အဲ တစ်ခါတစ်ရံ အိပ်မောကျကောင်းတုန်း တစ်နာရီ၊ နှစ်နာရီပိုင်းလည်း ကျတယ်။ ညလင်းပိုင်းလည်း ကျတတ်တယ်'

'ဒီက ဦးလေးရော မကြားဘူးလား'

ရပ်ကွက်လူကြီးက ဦးနက်တူးကို လှမ်းမေးတယ်။ ဦးနက်တူးက ကြောင်ကြည့်နေတယ်။

'သူက နားလေးတယ်ဗျ၊ ဘယ်ကြားမလဲ'

ဦးတိုင်းကျော်က ဝင်ဖြေတယ်။

'သြော်... ဟုတ်သားပဲ'

သူတို့ကို ကြည့်နေတဲ့ ဦးနက်တူးက သူတို့ပြောနေတာတွေ သိပုံရတယ်။

'အင်း... ကျုပ်နားက သိကြားမင်း ဝရဇိန်လက်နက်နဲ့ အနားကပ်ပြီး ခွင်းတောင် ကြားမယ့်ပုံမပေါ်ပါဘူးဗျာ။ စိတ်ညစ်ပါတယ်'

ဦးနက်တူးက စိတ်ပျက်သံနဲ့ ပြောတယ်။

'ကဲ ဦးလေးတို့ စိတ်ချလက်ချပြန်ကြပါ။ ကျွန်တော် စုံစမ်းပြီး အရေးယူပေးပါ့မယ်'

ရပ်ကွက်လူကြီးက ပျားရည်နဲ့ ဝမ်းချလိုက်တော့ ဦးတိုင်းကျော်တို့ ပြန်သွားကြတယ်။

နောက် ရပ်ကွက်လူကြီးက ဆယ်အိမ်မှူးကို ခေါ်ပြီး ဦးတိုင်းကျော်အိမ် အနီးတစ်ဝိုက်စုံစမ်းကြည့်တယ်။

ဟုတ်တယ်၊ ဦးတိုင်းကျော်အိမ် ခဲကျသံကို အိမ်နီးချင်းတွေကလည်း သဲ့သဲ့ကြားတယ်လို့ ဖြေကြတယ်။

ဒီတော့ ဟုတ်ပြီ။ ဦးတိုင်းကျော်အိမ်ကို တစ်ယောက်ယောက် ခဲနဲ့ပေါက်နေပြီ။

ရပ်ကွက်လူကြီးနဲ့ ဆယ်အိမ်မှူးစိတ်ထဲမှာ ပြေးမြင်တာက ဦးတိုင်းကျော်အိမ်နဲ့ မျက်နှာချင်းဆိုင်အိမ်က အရက်သမား ငမူးလှဝင်းဖြစ်တယ်။ သူ ဖြစ်ဖို့များတယ်။ လှဝင်းကို ခေါ်မေးကြည့်တယ်။

'ဟေ့ကောင်၊ ဦးတိုင်းကျော်အိမ်ကို ခဲနဲ့ပေါက်တာ မင်း မဟုတ်လား။ ဘာလို့ ပေါက်တာလဲ'

'ဟာ... ကျွန်တော် မပေါက်ပါဘူးဗျာ'

လှဝင်းက ပျာပျာသလဲငြင်းတယ်။

'မင်းမူးလို့ ပေါက်တာမဟုတ်လား'

ဆယ်အိမ်မှူးက အစ်လိုက်တယ်။

'ကျွန်တော်မူးရင် သီချင်းပဲ ဆိုတာပါဗျာ'

'မင်း မဟုတ်ရင် ဘယ်သူပေါက်တာလဲ'

ရပ်ကွက်လူကြီးက မေးတယ်။

'မသိပါဘူးဗျာ'

'မင်း မသိဘူးဆိုရင် အဲဒီအိမ်မှာ ခဲကျသံကို ရောကြားလား'

'ကျွန်တော်က ဆယ့်နှစ်ရာသီမူးနေတဲ့ကောင်ဆိုတော့ မကြားပါဘူးဗျာ'

'ဟေ့ကောင် ငါ့ကို မလိမ်နဲ့နော်'

'အရက်မူးလေ မှန်တာကို ပြောတတ်လေတဲ့ဗျ'

'အေး ခဲနဲ့ပေါက်တဲ့သူတွေ့ရင်တော့ ငါ မညှာဘူး၊ ကြားလား'

'ဟုတ်ကဲ့ပါ ခင်ဗျာ'

ရပ်ကွက်လူကြီးက ချော့သလိုနဲ့ ခြိမ်းခြောက်တဲ့စကားလေး ထည့်ပြောလိုက်တယ်။ လှဝင်းပြန်သွားတယ်။ ဆယ်အိမ်မှူးကိုလည်း လှဝင်းကိုစောင့်ကြည့်ဖို့ ပြောလိုက်တယ်။ သတင်းကမထူး။ ဦးတိုင်းကျော်အိမ် ခဲနဲ့အပေါက်ခံနေရဆဲ ဖြစ်နေတယ်။

'အုပ်ကြီးရေ၊ လှဝင်းမိန်းမကလည်း သူ့အိမ် ခဲကျတယ်လို့ လာတိုင်တယ်'

mgyoe.com

ဆယ်အိမ်မှူးက လာပြောတယ်။

'ဟုတ်ရဲ့လားဗျာ၊ လှဝင်းက သူ့ကိုခေါ်မေးတာနဲ့ သူ့အိမ်ခဲကျတယ်လို့ လုပ်တာလား'

ရပ်ကွက်လူကြီးက မသင်္ကာသံနဲ့ မေးတယ်။

'မဟုတ်ဘူး အုပ်ကြီး၊ လှဝင်းမိန်းမ မတင့်နဲ့ အတူ အေးမေလည်း ပါလာတယ်။ သူတို့ ထိုင်စကားပြောနေတုန်း သွပ်ခေါင်မိုးပေါ်ကို ခဲသုံးလေးလုံးဆင့်ကျတာတဲ့။ ဒီမှာ ခဲတွေတောင်ကောက်လာသေးတယ်'

ဆယ်အိမ်မှူးက ခဲလုံးတွေပြတယ်။ မင်္ဂလာရပ်ကွက်လမ်းတွေမှာခင်းတဲ့ ကျောက်ပျက်ခဲလေးတွေပါ။

'လှဝင်းအိမ်က ကပ်မိုးမဟုတ်လား'

'သွပ်မိုးတာ နှစ်ရက်လောက်ရှိသွားပြီ'

'ဟုတ်လား၊ ဘယ်အချိန်ကျတာလဲ'

'ညကိုးနာရီလောက်လို့ ပြောတယ်'

ရပ်ကွက်လူကြီး ဦးနှောက်ခြောက်ရပြီ။ တစ်မှုက မပေါ်သေး နောက်ဆက်တွဲအမှုက အလားတူဖြစ်နေတယ်။

'ဒါဆိုရင် ဦးတိုင်းကျော်အနောက်ဘက်အိမ်က တိုးမောင်များလား။ ဒီကောင်က ကျပ်သိပ်မပြည့်ဘူး ကိုဘအုံး၊ အဲဒီအိမ်ကို စောင့်ကြည့်ထားဗျာ'

'စိတ်ချပါ'

မကြာပါဘူး၊ တိုးမောင်အိမ်လည်း ခဲကျလို့တဲ့။ သူ့အမေက လာတိုင်တယ်။

'မဟုတ်မှလွဲရော အုပ်ကြီးရာ၊ လမ်းထိပ်ဈေးဆိုင်က ကိုသိန်းဇော်ထင်တာပဲ။ ဒီလူက ကန့်လန့်ဗျ'

ဆယ်အိမ်မှူးက မှတ်ချက်ပြုတယ်။

'ဟုတ်ပါ့မလားဗျာ။ ခဲကျတဲ့အိမ်တွေနဲ့ လေးငါးဆယ်အိမ်လောက်ဝေးတဲ့ဥစ္စာ'

'လေးခွနဲ့ လှမ်းပစ်ရင် ရတာပဲ။ ဒီလူ့မှာ လေးခွရှိတယ်ဗျ။ သူ့ဆိုင်ရှေ့လာတဲ့ခွေးဆို လေးခွနဲ့ ပစ်နေတာ။ ခွေးရှင်တွေနဲ့ အမြဲစကားများနေရတာ'

ဘာပဲပြောပြော စဉ်းစားစရာထဲတော့ ထည့်ရမယ်။ ကိုသိန်းဇော် အိမ်ကိုလည်း စောင့်ကြည့်ခိုင်းရပြန်တယ်။ ရက်၊ လ ကြာသွားတဲ့တိုင် လက်သည်က မပေါ်။ ခဲကျတဲ့အိမ်တွေသာ များလာတယ်။ အစကတော့ တစ်ယောက်ယောက်က စိတ်ရူးပေါက်လို့ ခဲနဲ့ ပေါက်နေတယ်လို့ ထင်ရပေမယ့် အခုတော့ ဒီလို မဟုတ်နိုင်တော့ဘူး။ ဒါကြောင့် ရပ်ကွက်လူကြီးက အဲဒီမဥ္စူလမ်းထဲက အိမ်အားလုံး ရုံးကိုခေါ်လိုက်တယ်။

'ကဲ…ဒီနေ့ခေါ်ရတဲ့ကိစ္စကတော့ ခင်ဗျားတို့မဥ္စူလမ်းမှာ ခဲပေါက်တဲ့ကိစ္စပါပဲ။ ဦးတိုင်းကျော်အိမ်က စပေါက်ခံရပေမယ့် အခုတော့ လေးငါးအိမ်လောက်အပေါက်ခံနေရတယ်။ လက်သည်က မပေါ်ဘူး။ အစကတော့ တစ်ယောက်ယောက်က ပေါက်နေတယ်လို့ထင်ခဲ့တယ်။ အခုတော့ ဒီလိုမဟုတ်နိုင်တော့ဘူး။ ဒါမရိုးဘူး၊ ရှင်းရှင်းပြောရရင် ပါးကိုက်လို့ နားကိုက်တဲ့ပုံစံမျိုး ဖြစ်နေတယ်။ ဒါကြောင့် လုပ်တဲ့သူတွေ ရပ်တန်းက ရပ်ကြပါ။ ခဲပေါက်တဲ့သူမိရင်တော့ ဘယ်သူဘယ်ဝါဆိုပြီး ညှာမှာမဟုတ်ဘူး။ တရားဥပဒေအတိုင်း လုပ်မယ်။ ရပ်ကွက်ကင်းအဖွဲ့ကိုလည်း အဲဒီလမ်းကို အမြဲပတ်ဖို့ ညွှန်ကြားထားတယ်။ လမ်းထဲက ကာလသားအဖွဲ့ကိုလည်း ကင်းပုန်းချဖို့ စီစဉ်ထားတယ်။ ဒါကြောင့် လုပ်တဲ့သူတွေ ရပ်တန်းက ရပ်ကြပါလို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်'

ရပ်ကွက်လူကြီးစကားကို အားလုံးက ထောက်ခံကြတယ်။ ဦးတိုင်းကျော်ကလည်း…

'ခဲပေါက်တဲ့သူမိရင် ကျွန်တော်ကလည်း ငါးသောင်း ဆုချမယ်' လို့ပြောတော့ ဒီကိစ္စက ပိုအသက်ဝင်သွားတယ်။

တကယ်လည်း ကင်းအဖွဲ့က မဥ္စူလမ်းကို တစ်ညသုံးလေးကြိမ်လောက် ပတ်တယ်။ ကာလသားတွေလည်း ကင်းပုန်းဝပ်ကြတယ်။ ခဲပေါက်တာ ငြိမ်သွားတယ်။

အဲ ကင်းအဖွဲ့က ပတ်နိုင်ပေမယ့် ကာလသားတွေက ရက်ဆက်ကင်းပုန်းမဝပ်နိုင်ကြတော့ဘူး။ အလုပ်သမားတွေဆိုတော့ နေ့အလုပ်လုပ်ရ၊ ည ကင်း

mgyoe.com

mgyoe.com


ပုန်း၀ပ်ရဆိုတော့ အိပ်ရေးပျက် ပင်ပန်းတာကိုး။ တစ်စ တစ်စနဲ့ လူနည်းနည်းလာတယ်။ ဒီတော့ ခဲကျသံက ဟိုတစ်အိမ် ဒီတစ်အိမ် ပြန်ကျလာပြန်တယ်။ နောက် မဥ္စူလမ်းသာမက သဇင်လမ်းနဲ့ စံပယ်လမ်း အိမ်တွေပါ ခဲကျခံရတယ်။

ဒီတော့ နတ်ကတော်ဦးသိန်းက ဒါ လူပေါက်တာမဟုတ်ဘူး။ နတ်ဘီလူးပေါက်တာ။ ပုဏ္ဏကတိုက်တာလို့ သတင်းဖြန့်တယ်။

ဒီတော့ မဥ္စူလမ်းမှာ ပုဏ္ဏကတိုက်နေတယ်လို့ သတင်းပြန့်သွားတာပေါ့။ ဦးသိန်းက နတ်ကနားပေးမယ် စည်းရုံးတယ်။ ဦးတိုင်းကျော်က မတည်ငွေထည့်တယ်။ လမ်း ၃ လမ်းက အမျိုးသမီးတွေက နတ်ကနားပွဲမှာ တက်တက်ကြွကြွ ပါ၀င်ဆင်နွှဲကြတယ်လေ။

*

နတ်ကနားပွဲသာ ပြီးသွားတယ်။ ခဲပေါက်တာတော့ မရပ်သေးဘူး။

ဒီတော့ ရပ်ကွက်လူကြီး စဉ်းစားရတယ်။ ခဲပေါက်တာ တစ်ယောက်တည်း မကဘူး။ သုံးလေးယောက်ဖြစ်နိုင်တယ်။ သံသယဖြစ်စရာတွေ စဉ်းစားတော့ လှ၀င်း၊ တိုးမောင်၊ ကိုသိန်းဇော်နဲ့ နတ်ကတော်ဦးသိန်းလည်း ဖြစ်နိုင်တယ်။ ဒါကြောင့် ဒီအိမ်တွေကို အထူးစောင့်ကြည့်ထားဖို့ ဆယ်အိမ်မှူးနဲ့ ကာလသားခေါင်းဆောင်ကို တိုးတိုးတိတ်တိတ် မှာထားတယ်။

မကြာပါဘူး။ လှ၀င်း ရေဖျဉ်းစွဲလို့ ဆေးရုံတင်ရတယ်။ ခဲကျတာ မပျောက်သေးဘူး။ တိုးမောင်လည်း အိမ်ကပျောက်သွားတယ်။ ကိုသိန်းဇော်လည်း ရွာပြန်လယ်လုပ်နေတယ်။ ဦးသိန်းလည်း နတ်ကနားပွဲတွေ လိုက်နေတယ်။ သံသယရှိသူတွေ ရပ်ကွက်ထဲ မရှိပေမယ့် ခဲကျသံတော့ မြိုင်တုန်းပဲ။

ရပ်ကွက်လူကြီး ဦးနှောက်ခြောက်ရပြီ။ ပုဏ္ဏကများ တကယ်တိုက်နေတာလား။ ဦးသိန်းကပဲ မစွမ်းလို့လား၊ တွေးရပြီ။ ဘုန်းကြီးတွေပင့်ပြီး လမ်း ၃လမ်းမှာ ပရိတ်ရွတ်ရင်ကောင်းမလားလို့ တွေးနေမိပြီ။

အဲဒီအချိန်မှာ ဦးတိုင်းကျော်က ဖြုန်းခနဲဆုံးသွားတယ်။ ဒါ ပုဏ္ဏကတိုက်လို့ သေတယ်ဆိုပြီး ရပ်ကွက်ထဲ အုတ်အော်သောင်းတင်းဖြစ်သွားတယ်။ ဦးတိုင်းကျော်အိမ်မှာ လူတွေ တိုးတိုးကြိတ်ပဲ။ ရပ်ကွက်လူကြီးနဲ့ ဆယ်အိမ်မှူးလည်း လူတွေတိုးဝှေ့ပြီး အိမ်ပေါ်တက်ခဲ့တယ်။

အိမ်ပေါ်မှာ သူ့သားသမီးတွေ ရောက်နေပြီ။

'ဘာရောဂါနဲ့ ဆုံးတာလဲ'

'နှလုံးရောဂါနဲ့ပါ။ အဖေက နှလုံးရောဂါရှိတယ်လေ'

သမီးဖြစ်သူက ငိုပြီးဖြေတယ်။

ဦးတိုင်းကျော်က ခုတင်ပေါ်မှာ ဆုံးနေရှာတယ်။ အနားက စားပွဲပေါ်မှာက ဆေးပုလင်းတွေ၊ နောက် စာအုပ်လေးတစ်အုပ်ကို ဖျတ်ခနဲ တွေ့လိုက်ရတယ်။ စိတ်ရောဂါကုဌာနက ပြင်ပလူနာကု ဆေးမှတ်တမ်းစာအုပ်ဖြစ်တယ်။ သမီးတစ်ယောက်က စားပွဲပေါ်ကပစ္စည်းတွေ သိမ်းနေတယ်။ သားဖြစ်သူက အလောင်းသယ်ဖို့ ခွင့်တောင်းတယ်။ ခေါင်းညိတ်လိုက်တယ်။ ပါးစပ်က မဖြေနိုင်ဘူး။ စာအုပ်ကလေးကိုမြင်ပြီး စဉ်းစားနေလို့လေ။

ဦးတိုင်းကျော်ကို သယ်သွားကြတယ်။ ဦးနက်တူးလည်း လိုက်သွားတယ်။ အဲဒီနေ့ညက ဦးတိုင်းကျော်အိမ် ခဲမိုးရွာတော့မှာပဲလို့ လူတွေထင်ကြတယ်။ စောင့်ကြည့်ကြတယ်။

ရပ်ကွက်လူကြီးက အဖြေသိနေပြီမို့ ရေငုံနှုတ်ပိတ်နေတယ်။ ဒီအဖြေကို ဘယ်သူမှ မသိကြသေးဘူး။ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအတွက် ဘယ်သူ့ကိုမှ မပြောဖို့ဆုံးဖြတ်ထားတယ်။

တွေးထင်တဲ့အတိုင်းပါပဲ။ မဥ္စူလမ်း၊ သဇင်လမ်းနဲ့ စံပယ်လမ်းမှာ ဘာခဲကျသံမှ မကြားရတော့ဘူး။

*

mgyoe.com

တစ်ရက်မှာ ကျုံးဘေးမှာ လမ်းလျှောက်ရင်း လူတစ်ယောက်ထိုင်ပြီး ကျုံးထဲကို ခဲနဲ့အဆက်မပြတ် ပေါက်နေတာကို တွေ့ရတယ်။

ထိုလူနားကို ခပ်သုတ်သုတ် သွားတော့...

'ဟင် ... ဦးနက်တူး'

လို့ အလန့်တကြား အော်လိုက်တယ်။ ဦးနက်တူးက နားလေးသူမို့ သူ့အော်သံကို မကြားဘူး။ ကျုံးထဲကို ခဲနဲ့ပေါက်လိုက် နားစိုက်ထောင်လိုက်နဲ့ အလုပ်ရှုပ်နေတယ်။

ရပ်ကွက်လူကြီးလည်း တွေပြီး ကြည့်နေမိတယ်။ အတွေးပေါင်းစုံ တွေးနေမိတယ်။ ကန်ရေပြင်ထဲ ခဲကျသံ 'ပလုံ' ဆိုတဲ့ အသံကို သူ ကြားရတယ်။ ဦးနက်တူးရော။ အဖြေက လင်းခနဲဖြစ်သွားတယ်။

'ကန်ရေပြင်မှာ ခဲကျသံ သူ ဘယ်ကြားလိမ့်မလဲ။ သူ့ခမျာ ကြားချင်လွန်းလို့ အဆက်မပြတ် ပေါက်နေရရှာတယ်'

စိတ်ထဲပြောပြီး မင်္ဂလာရပ်ကွက်ဆီ ပြန်ခဲ့တယ်။ ဒါပေမဲ့ ခြေလှမ်းများက နှေးလို့။

အင်း... စိတ်ထဲမှာ ဦးတိုင်းကျော်ကို အားနာလိုက်တာ။

မေတ္တာရည်၍

❐

မင်းတင်ထွဏ်း

ရွှေအမြုတေ၊ ၂၀၁၁၊ မတ်လ။

mgyoe.com

mgyoe.com

# အလယ်ကလူ စကားဝဲ၏

## ခြိမ့်သဲ

ချင်းတွင်းမြစ်သည် ငြိမ့်ညောင်းညင်သာ စီးဆင်းလျက်ရှိသည်။ အထက်ချင်းတွင်းမြို့လေးတွင် မွေးဖွားခဲ့သော ကျွန်တော့်အဖို့ ချင်းတွင်းမြစ်သည် ငယ်ပေါင်းကြီးဖော်လို ဖြစ်၍နေပေသည်။

ချင်းတွင်းမြစ်ကို စုန်ချည်တစ်ခါ ဆန်ချည်တစ်လှည့် အပြန်ပြန်အလှန်လှန် သွားလာဖူးသည်။ ထို့ကြောင့် ချင်းတွင်းမြစ်၏ အတိမ်အနက်ကို အထင်ဖြင့်ပင် အမြင်နီးပါးမျှ ခန့်မှန်းနိုင်သည်။ ဘယ်နေရာစည်း၊ ဘယ်နေရာသောင်၊ ဘယ်နေရာ ကျောက်ဆောင်၊ ဘယ်နေရာ ဇလုတ်ဝဲ၊ ဘယ်နေရာ ကမ်း၊ ဘယ်နေရာ လမ်း။ သင်္ဘောက သူ့ရက်နှင့်သူလာသည်။ သင်္ဘောမလာသော ကြားရက်များတွင် မော်တော်တစ်စီးမဟုတ် တစ်စီး ရှိနေတတ်သည်။ မော်တော်က သင်္ဘောလောက်တော့ မမြန်၊ အချိန်လည်း မမှန်။ ကြားရက်တွင် အရေးတကြီးသွားစရာရှိတော့လည်း မော်တော်ကိုပဲ အားကိုးရတာပေါ့။ ခရီးက ညအိပ်ညနေ သွားရသည်။ ညရောက်လျှင် ရောက်ရာဆိပ်ကမ်းကပ်ပြီး ညအိပ်ရပ်နားရသည်။ ခရီးသည်တွေကတော့ ကျောတစ်ခင်းစာစီ ယှဉ်တွဲ အိပ်ကြရသည်။ ခရီးသွားတွေချင်းဆိုတော့ ရင်းနှီးလွယ်သည်။ မော်တော်ဝမ်းခေါင်းတွင် ကုန်ပစ္စည်းတွေ တင်ဆောင်လာသည်။ ကုန်းပတ်ပေါ်တွင် အမျိုးသမီး ခရီးသည်တွေကို နေရာချထားသည်။ အမျိုးသမီး ခရီးသည်တွေအထက်စင်ရိုက်ထားပြီး ထိုစင်များပေါ်တွင် အမျိုးသားခရီးသည်တွေကို နေရာပေးသည်။ အထက်ချင်းတွင်းမှ မုံရွာမြို့အရောက် နှစ်ညအိပ်၊ သုံးညအိပ် ကြုံသလို၊ ဆုံသလို သွားလာရတော့ ခရီးသည် အချင်းချင်း သွားအတူ၊ စားအတူ၊ နေအတူ၊ ထိုင်အတူ၊ အိပ်အတူမို့ မိတ်ဆွေရင်းချာ ဖြစ်ကြရသည်။

'ကိုကြီးနား၊ ကျွန်တော် နေမယ်နော်'

ယောကျ်ားမဆန်ဘဲ ပျောင်းနွဲ့သော မူဟန်ဖြင့် ကောင်လေးတစ်ယောက် ကျွန်တော့်ဘေးနားတွင် နေရာဝင်ယူသည်။ သူ့ပုံပန်းက ယောကျ်ားသားလို ကျားကျားလျားလျားမနေ။ မိန်းမသားလို နုနွဲ့နေသည်။ စောစောက ကျွန်တော့်ဘေးချင်းကပ်လျက် ခရီးသည်က သည်ဆိပ်ကမ်းရောက်တော့ ဆင်းသွားသဖြင့် နေရာလပ်တွင် ထိုကောင်လေး ရောက်ရှိလာခြင်းဖြစ်သည်။

mgyoe.com

mgyoe.com
'ကိုကြီးက မုံရွာအထိလား'
'ဟုတ်ပါတယ်'
'ဒါဆို အတော်ပဲ၊ သန့်လည်း မုံရွာကို လိုက်မှာ။ စကားပြောဖော်ရတာပေါ့'
မုံရွာအရောက် သွားရမည့်ခရီးမို့ သည်ကောင်လေးနှင့် ညအိပ်ညနေသွားရမှာ ဒုက္ခပါပဲဟု တွေးနေမိသည်။
'မောင်လေး နေရာရရဲ့လား'
ကောင်လေး၏ အစ်မဖြစ်ဟန်တူသူက ဆိပ်ကမ်းပေါ်မှ လှမ်းမေးသည်။ ကောင်လေး၏ အစ်မမှာ အချိုးအဆစ်ပြေပြစ်လှပသောကြောင့် မော်တော်ပေါ်က ခရီးသည်အားလုံးလိုလို ငေးကြည့်ရလောက်အောင် ဆွဲဆောင်မှုရှိနေသည်။
'နေရာရတယ်။ ဟောဒီကိုကြီးနားမှာ။ ကိုကြီးဒါ သန့်ရဲ့ မမငယ်လေ။ မမကြီးနဲ့ မမလတ်က လိုက်မပို့အားလို့ မမငယ်ပဲ လိုက်ပို့ရတာ'
ကောင်လေးက သူ့အစ်မကို လှမ်းပြောရင်း ကျွန်တော့်ကို မိတ်ဆက်စကား ဆိုနေပြန်သည်။ မကောင်းတတ်၍ လူမှုရေးပြုံးလေးတော့ ပြုံးပြလိုက်မိသည်။
'မောင်လေးက ဘယ်ခရီးမှ ထွက်ဖူးတာ မဟုတ်ဘူး။ လမ်းမှာ ဂရုစိုက်ပေးပါ။ မုံရွာရောက်ရင်တော့ ဆိပ်ကမ်းမှာ ကြိုခိုင်းထားပါတယ်။ ကိုကြီးကို အပ်ပါတယ်၊ အားကိုးပါရစေ'
ကောင်လေး အခေါ်အဝေါ်အတိုင်း ကျွန်တော့်ကို ကိုကြီးဟူ၍ ခေါ်နေသည်။ ခရီးသည်တွေကတော့ ကောင်လေး၏အစ်မကို တစ်လှည့် ကျွန်တော့်ကို တစ်လှည့် တကြည့်ကြည့်လုပ်နေ၍ မျက်နှာပူလှသည်။ ဘာတတ်နိုင်မှာတဲ့လဲ။ စိတ်ချဖို့နှင့် စောင့်ရှောက်သွားပါ့မယ့်အကြောင်း ပြောလိုက်ရတာပေါ့။
မော်တော်ထွက်လာချိန်အထိ ရုပ်ရှင်ရိုက်ကွင်းထဲက မင်းသား မင်းသမီးတွေလို ဝိုင်းအကြည့်ခံရပေမယ့် မော်တော်လည်း ထွက်လာရော လက်ကလေးတပြပြနှင့် ဝေးကျန်ခဲ့သည့် ကောင်မလေးလောက် ကျွန်တော်တို့အပေါ် စိတ်ဝင်စားမှု မရှိတော့ပါဘူး။ သည်တော့မှပဲ နေသာထိုင်သာ ရှိလာသည်။
'ကိုကြီးနဲ့သန့် နေရာလေးလဲပေးပါ'
ကောင်လေးက သူ့ကိုယ်သူ သန့်ဟုဆိုသည်။
'သန့်ဘေးက ကောင်လေးပုံစံကို မကြိုက်လို့'
ကျွန်တော်က ဆလင်ခန်းနှင့် ကပ်လျက်နေရာ ယူထားတာဆိုတော့ ညာဘက်မှာ နံရံပဲရှိသည်။ ကောင်လေးက ကျွန်တော့်ဘယ်ဘက်မှာ ရှိသည်။ ကောင်လေး ဘယ်ဘက်တွင် ပြောင်ပြောင်နောက်နောက် ပျော်တတ်ပုံရသော ကောင်လေးတစ်ယောက် ရှိနေသည်။ ဘယ်တတ်နိုင်ပါ့မလဲ၊ စောင့်ရှောက်ပါ့မယ်လို့ တာဝန်ယူထားတော့ နေရာလဲပေးလိုက်ရုံပဲ ရှိတာပေါ့။ ခုတော့ ကျွန်တော့်ညာဘက်မှာ နံရံအစား ခပ်နုနု ညုတုတုကောင်လေး ရှိသည်။ ကျွန်တော့် ဘယ်ဘက်မှာ ခပ်ပျော်ပျော် ပြောင်ချော်ချော် ကောင်လေးရှိသည်။ ကောင်လေးနှစ်ယောက်ကြား နေရတာမို့ ကျွဲနှစ်ကောင်ခတ်တဲ့ကြားက မြေစာပင်လို ဖြစ်နေပြီလား မပြောတတ်ပါ။
'ကိုကြီး ဗိုက်ဆာရင်ပြောနော်၊ သန့်မှာ မုန့်မျိုးစုံပါလာတယ်'
သူ့ခေါင်းရင်းက ကြိမ်ခြင်းထဲတွင် စားသောက်ဖွယ်ရာမျိုးစုံ ပါလာပုံရပါသည်။
'ဗိုက်ဆာလိုက်တာ'
ကျွန်တော့်ဘယ်ဘက်ကောင်လေးက နောက်သလို၊ ပြောင်သလိုပြောလာသည်။
'ဒီက စတုဒိသာ အလှူကြီးပေးနေတာ မဟုတ်ဘူး'
ဟူ၍ တစ်ယောက်က အငေါ်တူးလေသည်။
'ကိုကြီး၊ ဘီယာသောက်ချင်ရင် ပြောနော်။ ကျွန်တော့်မှာ ဘီယာတစ်ဖာပါလာတယ်'
ကျွန်တော့် ဘယ်ဘက်ကောင်လေးက အားကျမခံ ဘီယာနှင့် ဆွယ်လာသည်။ ကျွန်တော်ကလည်း ဘီယာဘက် ခပ်ပါပါ။
'တို့ကိုကြီးက ဘီယာသောက်တဲ့လူစား
mgyoe.com

mgyoe.com

မဟုတ်ဘူး'

ညာဘက်က ကောင်လေး၏ ကန့်ကွက်စကားကြောင့် ဘီယာသောက်လိုသောဆန္ဒကို ချုပ်တည်းလိုက်ရသည်။

'သောက်သောက်စားစား လူမင်းသားတဲ့။ မသောက်မစား လူ့ငနွားတဲ့။ ကြားဖူးတယ် မဟုတ်လား။ ကိုကြီးက လူမင်းသားကွ။ လူ့ငနွား မဟုတ်ဘူး'

မခက်ပေဘူးလား။ မသောက်ဘဲနေတာ နွားပဲပေါ့။

'ဟဲ့ စားသောက်ဆိုင်တွေက ပေါက်တတ်ကရရေးထားတဲ့စာကို အကောင်းမှတ်မနေနဲ့။ တို့ကိုကြီးက ငါးပါးသီလ လုံခြုံပြီးသား'

'ငါးပါးသီလထဲမှာ ဘီယာမသောက်ရလို့ မပါဘူး'

'ဘာလို့ မပါရမှာလဲ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏိဆိုတဲ့ သိက္ခာပုဒ်ကို သောက်သောက်စားစား လူ့ငနွားက ဘယ်သိပါ့မလဲ'

'ဘီယာဟာ အရက်မဟုတ်ဘူးဆိုတာ သိရဲ့လား၊ မသောက်မစား လူ့ငနွားရဲ့'

'မူးယစ်တာတွေ မှန်သမျှ သူရာရည်တွေချည်းပဲဆိုတာ မသိဘူးလား မိစ္ဆာဒိဋ္ဌိရဲ့'

'ကဲ ကဲ တော်ကြ တော်ကြ။ ဒီက ညီလေးဆီကလည်း ဘာမှန့်မှ မစားချင်ဘူး။ ဟောဒီ ညီလေးဆီကဘီယာလည်း မသောက်ချင်ဘူး'

ကျွန်တော့်ဘေး ဘယ်ညာက ကောင်လေးနှစ်ယောက်၏ ခွန်းတုံ့မခံ တစ်ပြန်တစ်လဲ ပြောကြဆိုကြတာတွေကို ကျွန်တော်သာမဟန့်တားလျှင် သူတို့စကားတွေ ဘယ်ရောက်လို့ ဘယ်ပေါက်ကုန်မည်မသိ။

*

'သန့်လက်ကို ဆိတ်တယ်'

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာမှ ဖျတ်ခနဲလန့်နိုးလာသည်။

'ဟဲ့ ဘာဖြစ်ကြတာလဲ'

'သန့်လက်ကို ဟိုသေချင်းဆိုးက ဆိတ်တယ်'

'မဖြစ်နိုင်တာ၊ ကိုကြီးတစ်ယောက်လုံး ကြားထဲရှိနေတာပဲ။ ကိုကြီးကိုကျော်ပြီး ဘယ်လိုဆိတ်နိုင်မှာလဲ'

'သန့်က တစ်ယောက်ယောက်ကို ဖက်ပြီးမှ အိပ်ပျော်တာ။ ဒါကို ဟိုသေချင်းဆိုးက မနာလိုတိုရှည် မစ္ဆရိယစိတ်နဲ့ သန့်ကို ဆိတ်တာ'

မြတ်စွာဘုရား၊ ကျွန်တော်က အိပ်မိလျှင် အသေကောင်လို ဘာဆိုဘာမှ သိတာမဟုတ်ဘူး။ သန့်ဆိုသော ကောင်လေးက ယောကျ်ားစိတ်မှ ဟုတ်သေးရဲ့လားမသိ။ ကျွန်တော် အိပ်ပျော်နေတုန်း ရီးရီးဖက်အိပ်တာမှ ဟုတ်ပါလေစ။

'ငါက မစ္ဆရိယစိတ်နဲ့ ဆိတ်တာမဟုတ်ဘူး။ ကိုကြီးကိုကျော်ပြီး နင့်လက်က ငါ့ဆီရောက်တယ်'

'နင့်ကိုယ်ကို ထိမယ့်အစား ခွေးသေကောင်ပုပ်ကိုမှ ထိလိုက်ချင်သေးတယ်'

'ဟင်း မသိရင်ခက်မယ်။ ကိုကြီးတစ်ယောက်လုံး ကြားခံနေလို့သာ တော်တော့တယ်။ ကိုကြီးသာမရှိရင် ငါ့တစ်ကိုယ်လုံး နင်ဖက်ထားလို့ အသက်တောင် ရှူလို့ရမှာ မဟုတ်ဘူး'

'ဘီယာစော်နံနေတဲ့ နင့်လိုအကောင်ပုပ်ကို ဖက်မတဲ့လား။ မသေခင်က ပုပ်နေတဲ့ကောင်စုတ်'

'ဟဲ့ အိပ်နေကြတဲ့ လူတွေကို အားနာကြဦး။ အိပ်ချိန်လေးမှာ ကောင်းကောင်းအိပ်ပါရစေ။ နေ့လည်း တကျက်ကျက်၊ ညလည်း တကျက်ကျက်နဲ့ မှုံရွာရောက်မှ လက်ဖှော့ကြိုးဝိုင်းထဲ အလဲအကွဲ ထိုးချင်ထိုးကြ'

'သူ့လောက်တော့ လက်သီးတစ်ချက်နဲ့ ပွဲသိမ်းပါတယ်'

'နင့်လို ဘီယာသမားလောက်ကတော့ လက်သီးနဲ့တောင် ထိုးစရာမလိုဘူး'

'နင် မယုတ်မာနဲ့နော်။ လက်သီးနဲ့မထိုး ဘာ

mgyoe.com

နဲ့ထိုးမှာလဲ'

'ခြေနဲ့ ကန်မှာပေါ့ဟဲ့။ နင်က ဘယ်လိုထင်လို့လဲ'

'တော်ကြပါတော့ကွာ။ ပြောလေကဲလေ၊ ဘကယ်လည်း လက်ဗွေ့ကြိုးဝိုင်းထဲ ထိုးရဲတဲ့ သတ္တိမရှိဘဲနဲ့များ လေနဲ့ထိုးလိုက်တာများ ကမ္ဘာ့ ဟဲဗီးဝိတ် လက်ဗွေ့ချော့ကိုတောင် အလဲထိုးမယ့်ပုံပဲ။ ကဲ... တော်ကြတော့ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့ ပြောလို့ဆုံးမှာ မဟုတ်ဘူး'

ဟူး... စိတ်ပျက်စရာကောင်းလိုက်တာ။ နေ့လည်း ကောင်းကောင်းမနေရ၊ ညလည်း ကောင်းကောင်း မအိပ်ရ။ အခြားသူတွေက မဆိုင်သလို နေနိုင်ပေမယ့် ကျွန်တော်က ကြားလူဆိုတော့ နင်တော်နင်တန် ပန်းကန်ကွဲဆိုတာလို ဟိုကောင်လေးကို မာန်လိုက်၊ ဒီကောင်လေးကို မဲလိုက် လုပ်နေရသည်။

*

'မော်တော် ဆက်မစုန်တော့ဘူးလား'

မုံရွာနှင့်နီးတော့မှ ကျောက်မှော်ရွာမှာ ကုန်ပစ္စည်းချစရာရှိ၍ မော်တော်ကို ကျောက်ဆူးချပြီး ညအိပ်ဖို့ပြင်သည်။ ညနေ ၃ နာရီ အချိန်ကောင်းပဲရှိသေးသည်။

'ကုန်ပစ္စည်းချစရာများလို့ တစ်ညလောက်တော့ သည်းခံပေးပါ ဆရာသမား'

ဟိုနှစ်ကောင်ကြောင့် ညည ပြဿနာတက်ရသည့်။ သည်တစ်ညသာ ဆက်အိပ်ရမည်ဆိုလျှင် သက်သာစရာအကြောင်း မမြင်။

'မုံရွာကို ပွဲထောင်ငှားလို့ မရဘူးလား'

ကျောက်မှော်နှင့် မုံရွာက သိပ်မဝေးလှ။ ပွဲထောင်လိုင်းလှေများ ပြေးဆွဲလှေ့ရှိသည်ကို သိ၍ မော်တော်သမားအား မေးမိသည်။

'ခုချိန်ဆို မုံရွာအပြန်လှေပဲ ရှိတော့မယ်။ အသွားလှေတော့ ရှိမယ်မထင်ဘူး။ ဒီလိုလုပ်ပါလား။ အလုံကိုပြေးတဲ့ ပွဲထောင်တွေ ရှိလောက်တယ်။ အလုံ ဘောင်ဆိပ်သာမှာ အလုံနဲ့ မုံရွာပြေးတဲ့ လိုင်းကားရှိတယ်။ ပွဲထောင်လှေခေါ်ပေးမယ်လေ။ လိုက်မယ့် ခရီးသည်တွေ အသင့်ပြင်ထားပါ'

ဝင်းဆိုတာ ကျွတ်ချိန်တန်တော့လည်း ကျွတ်တာပဲဟု အောက်မေ့၍ အထုပ်အပိုးကို ပြင်ဆင်နေမိသည်။ ကျွန်တော့်ပစ္စည်းတွေ သိမ်းနေစဉ် ညာဘက်ကောင်လေးရော ဘယ်ဘက်ကောင်လေးပါ ပစ္စည်းတွေ သိမ်းနေသည်ကို တွေ့ရသည်။

'မင်းတို့က ပစ္စည်းတွေသိမ်းလို့ပါလား။ မော်တော်မှာ ဆက်မနေတော့ဘူးလား။ ပွဲထောင်နဲ့ လိုက်လို့ကတော့ ရေတစ်တန်၊ ကုန်းတစ်တန် သွားရမှာနော်'

'ကိုကြီးနဲ့သာဆိုရင် သေအတူ ရှင်မကွာပဲ'

'ကျွန်တော်လည်း ကိုကြီးနဲ့ မခွဲမခွာလိုက်မယ်'

'မပြေတဲ့ ဝင်းကြွေးလို ဖြစ်နေပါရောလား။ ဒုက္ခပါပဲ၊ ပွဲထောင်ပေါ်တော့ ကလန်ကဆန် မလုပ်ကြနဲ့ဟေ့၊ ခရီးသည်တွေ ရေကူးနေရဦးမယ်။ ဒီလိုလုပ် ဒီညီလေးက ပွဲထောင်ဦးပိုင်းမှာနေ၊ ဒီညီလေးက ပွဲပိုင်းမှာနေရမယ်။ ဒီအစီအစဉ်ကို မကြိုက်ရင် မလိုက်ခဲ့နဲ့'

'ကိုကြီးနဲ့သာဆိုရင် ဘယ်နားလိုက်ရလိုက်ရပါ'

'ကျွန်တော်လည်း ကိုကြီးအနားမှာပဲ လိုက်မယ်'

ကတ်ဖဲ့၍ သူတစ်ပြန် ကိုယ်တစ်လှည့်ဆိုလာကြပြန်သည်။

'မင်းတို့နှစ်ယောက်လုံးနဲ့ နီးနီးမနေဘူး။ ငါက လှေအလယ်ပိုင်းမှာပဲ နေမယ်။ မင်းတို့နဲ့ ဝေးလေကောင်းလေပဲ။ ဒီအစီအစဉ်မကြိုက်ရင် မော်တော်မှာပဲ နေရစ်ခဲ့'

ခုလိုဆိုတော့လည်း သူတို့နှစ်ယောက် အသံတိတ်သွားသည်။ ပွဲထောင်ရောက်လာတော့ ထိုအစီအစဉ်အတိုင်း လိုက်ပါကြသည်မို့ နားအေးပါးအေး လိုက်လာရသည်။ အလုံမုံရွာလိုင်းကားပေါ်ရောက်တော့ ကျွန်တော့်ဘေး ဘယ်ညာ ဒုံရင်း ဒုံရင်း လိုက်ပါ

mgyoe.com

လဝကြပြန်တော့သည်။ အလုံမုံရွာ လိုင်းကားဒိုင်နာ တွေက အလျားလိုက် ဘေးခုံတန်းတွေသာ ရှိသည်။

'မုံရွာလည်း ရောက်တော့မယ်။ တကျက်ကျက်ဖြစ်မနေကြနဲ့။ နောင်တွေ့ချင်ပါတယ် ဆိုရင်တောင် တွေ့ဖို့လွယ်မှာ မဟုတ်တော့ဘူး။ တွေ့ကြ ကုန်း ချစ်ချစ်ခင်ခင် နေကြစမ်းပါ'

'စိတ်ချပါ ကိုကြီးရာ၊ သန့်ကို ကျွန်တော်က ညီလေးအရင်းလိုချစ်ပါတယ်။ မယုံမရှိနဲ့ ယောက်ဖရေ'

'ဟင်း အနူလက်နဲ့ ရွှေခွက်ကို နှိုက်ချင်လို့ ဘယ်ရမှာလဲ'

'မင်းအစ်မကို တစ်သက်လုံး သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းမှာပါ ရွှေယောက်ဖအကောင်းစားလေးရာ'

'မတန်မရာလာမပြောနဲ့ ခွေးသားရဲ့'

'ကဲ ကဲ တော်ကြတော့၊ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်လိမ့်မယ်။ တော်ကြတော့၊ ကျန်တဲ့ ခရီးသည်တွေကို အားနာပါဦး'

အလုံနှင့် မုံရွာက ၇မိုင်လောက်သာ ဝေးပါသည်။ ဤခရီးမျှနှင့်ပင် ကတောက်ကဆဖြစ်မိအောင် ဖြစ်သေးသည်။ မုံရွာဇရပ်ဝိုင်းရောက်၍ ဟိုကောင်လေး ဆင်းသွားတော့မှ အေးငြိမ်းသွားရသည်။

'သွားမယ် ရွှေယောက်ဖ၊ မင်းမမကို မကြာခင် ပြန်လာမယ်လို့ ပြောလိုက်ပါ'

ဟူ၍ ထွက်ခတ်ခတ်သွားသေးသည်။

'သေချင်းဆိုး၊ မသာလောင်း၊ သချိုင်းကိုပဲသွား'

ဟူ၍ တစ်သီကြီး ကျိန်ဆဲလို့ မဆုံးနိုင်အောင် ရှိတော့သည်။

'မင်းကို လာကြိုမှာက မော်တော်ဆိပ်မှာ ခု တလွဲတချော်တွေ ဖြစ်ကုန်ပြီ။ မင်း ဘယ်ကို သွားမှာလဲ'

ကားထွက်လာတော့ မေးမိသည်။

'ရှောက်ခါးရပ်ကွက်ကို သွားရမှာ'

'စောစောက ဇရပ်ဝိုင်းမှာဆင်းရင် လမ်းသင့်တယ်။ ဘာဖြစ်လို့ မဆင်းတာလဲ'

'ဇရပ်ဝိုင်းမှာ ဆင်းရမှန်း သိသားပဲ။ ဟိုကောင်နဲ့ တစ်မှတ်တိုင်တည်း အတူမဆင်းချင်လို့ ဆက်လိုက်လာတာ'

ကျွန်တော့်ဘေး ဘယ်ညာက ကောင်လေးနှစ်ယောက်၏ အထစ်အငေါ့ ပြဿနာအပေါ့စားလေးကိုပင် ပြေလည်အောင် မညှိနှိုင်းနိုင်ပါလားဟု ကျွန်တော့်ကိုယ်ကျွန်တော် ပြန်လည်ဆန်းစစ်နေမိပါသည်။

ခြိမ့်သဲ



mgyoe.com

mgyoe.com

# တအိအိ နောက်မှာ

## ညီပုလေး

ဟောဒီမြို့မှာ ဗိုလ်ချုပ်အောင်ဆန်းလမ်းတို့၊ ရှင်စန္ဒိမာလမ်း၊ အာဇာနည်လမ်းတို့ကို မြို့နေပြည်ထိုင် ပုဂ္ဂိုလ်တိုင်း သိမိကြတယ်။ အထင်ကရ လမ်းကြီးတွေဟုတ်လား။ အဲဒီ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်မှာ ဆိုင်တွေ၊ ကနားတွေ အများကြီး။ ရွှေဆိုင်တွေလည်း ရှိတယ်။ ကျောက်မျက်ရတနာ အရောင်းဆိုင်တွေလည်း ရှိကြတယ်။ ပုဂ္ဂလိက ဘဏ်တိုက်တွေရော၊ စားသောက်ဆိုင်တွေရော၊ ရုပ်ရှင်ရုံတွေရော၊ စတိုးဆိုင်တွေရော၊ ဖိနပ်ဆိုင်တွေ၊ နာရီအရောင်းဆိုင်တွေ၊ ဘာလိုချင်သလဲ ဟောဒီ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်မှာ အကုန်ရတယ်။ ဒီတော့ စာအုပ်ဆိုင်ဆိုတာလည်း ပါတော့တာပေါ့။ စာအုပ်ဆိုင်က ရှိတော့ ရှိတယ်။ အကြီးကြီးတော့ မဟုတ်ဘူး။ စာအုပ်ဆိုင် ရှင်တွေခမျာ စစချင်းတော့ နည်းနည်းနဲ့ကျဲကျဲ ဝိုင်းကြရတယ်ထင်ပါရဲ့။ ဆိုင်ရှင် လင်မယားနှစ်ယောက်မှာ ယောကျ်ားသည်က ညိုညိုပုပုပါးပါး၊ မိန်းမဖြစ်သူက ဖြူဖြူဖြောင့်ဖြောင့်။ သူတို့နှစ်ယောက်ကို မြင်ရတဲ့ စာအုပ်ဝယ်သူတွေက ရေ့သွားနောက်လိုက် ညီပါပေတယ်လို့ ဆိုသူရှိသလို ဘယ်လိုကြည့်ကြည့် မအပ်စပ်တဲ့အတွဲပါကွာလို့ တွေးသူလည်း တွေးမိကြပေမပေါ့။

သူတို့နာမည်တွေကလည်း ဝတ္ထုစာအုပ်မာတိကာထဲကယူပြီး မှည့်ထားသလိုပဲ။ ခင်ပွန်းဖြစ်သူက ကိုထွန်းဆွေမင်းတဲ့။

ထွန်းတောက်ထွင့်ဆီက ထွန်းကိုယူ၊ ဦးဆွေ(ဒဿနိက)ဆီက ဆွေကိုကောက်၊ မင်းခိုက်စိုးစန်ဆီက မင်းကိုယူမှည့်ထားရှာသလား။

ဇနီးသည်ရဲ့ နာမည်ကလည်း မခေဘူး။ နှင်းခင်ရီတဲ့လေ။ ခင်နှင်းရီ၊ ခင်းနှင်းရည်ဆိုတာလို ကြားဖူးနေကျနာမည်မျိုးမဟုတ်ဘဲ နှင်းခင်ရီတဲ့လေ။ စာရေးဆရာမတွေဖြစ်ကြတဲ့ နှင်းဆီအောင်၊ ပုညခင်၊ ဧကသရီတို့ကိုများ သူ့မိဘက ဖွဲ့လမ်းခဲ့လေသလား။

ကိုထွန်းဆွေမင်း မနက်စောစော ဆိုင်ခင်းလေ့ရှိတယ်။ ဒီမောင် ဆိုင်ရှေ့မှာ တံမြက်စည်းလှည်းရင် မနှင်းခင်ရီက စင်ပေါ်က စာအုပ်တွေ ဖုန်သုတ်တယ်။ ပါးစပ်ကတော့ ဈေးရောင်းကောင်းမယ့် ဓနသိဒ္ဓိဂါထာတစ်ခုခုရွတ်ရင်းပေါ့။ အကြောင်း မညီညွတ်လို့၊ ဒါမှမဟုတ် ကိုထွန်းဆွေမင်း ရပ်ကွက်ထဲက လူမှုရေးကိစ္စတစ်ခုခုရှိလို့ တံမြက်စည်းမလှည်းအားရင် မနှင်းခင်ရီ

mgyoe.com

လှည်းတယ်။ ဖုန်လည်းသုတ်တယ်။

မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုင်လေးပါပဲ။ စစချင်း စာအုပ်သုံးလေးရာနဲ့ စဖွင့်ခဲ့ကဲ့ ဆိုင်ကလေး။ ဆိုင်သက်တမ်း ငါးနှစ်လောက်ရတော့ စာအုပ်ရေ တစ်ထောင့်ငါးရာ ဖြစ်လာရော။

သိပ်ပြီး ထူးဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ဒီလင်မယား ချွေချွေတာတာ ဝတ်စားကြတယ်ဖလေ။ ရောင်းရသမျှ ဆိုင်ထဲပဲ ပြန်မြှုပ်နှံတဲ့သဘော။

အပျော်ဖတ်စာအုပ်တွေ၊ ကျောင်းပြဌာန်းချက်တွေ မရောင်းလေတော့ သူတို့စာအုပ်ဆိုင်လေးက ဖြောက်ဖြောက် ဖြောက်ဖြောက် ရောင်းရတဲ့ ဆိုင်လေး။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာ ဗန်းမော်တင်အောင်၊ ဆရာမြသန်းတင့်၊ သခင်မြသန်း၊ လူထုဦးလှ၊ လူထုဒေါ်အမာ၊ သိန်းဖေမြင့်၊ ခင်မျိုးချစ်၊ အောင်သင်း၊ ဦးရွှေအောင်၊ ရွှေဘိုမိမိကြီးတို့ရဲ့ စာအုပ်မျိုးတွေ ရောင်းရာကနေ စာဖတ်ပရိသတ်တောင်းဆိုတဲ့ ခင်နှင်းယု၊ ခင်ဆွေဦး၊ ကလျာ၊ တက္ကသိုလ်ဘုန်းနိုင်တို့ တင်ရောင်းလာတယ်။ စာအုပ်ဝယ်သူတွေရဲ့ အလိုကိုလိုက်ရင်း ရှင်ဆန္ဒာဓိက၊ ရဝေနွယ်(အင်းမ)၊ မေတ္တာရှင်(ရွှေပြည်သာ)၊ ဆရာကြီးဦးကြည်၊ ဂျူး၊ မင်းခိုက်စိုးစန်တို့ပါ ဖြန့်ချိရပါလေရော။

စာအုပ်ဝယ်ဆိုတာက စိတ်ကူးအမျိုးမျိုးနဲ့ လာကြတာ။ ဆရာကြီးရွှေဥဒေါင်းရဲ့ တစ်သက်တာမှတ်တမ်း ဝယ်မလို့လာတာ။ ဒါပေမဲ့ ဒေါက်တာသန်းထွန်းရဲ့ ငါပြောချင်သမျှ ငါ့အကြောင်းတွေ့တဲ့အခါ ကောက်ဝယ်ချင်ဝယ်သွားတာ။

လူထုဒေါ်အမာရဲ့ ပြည်သူချစ်သော အနုပညာသည်များ ဝယ်ပြီး ငွေပိုငွေလျှံလေး ကျန်သေးတော့ ဘုရားရှိခိုးအမျိုးမျိုးပါ ဝယ်သွားသူမျိုးလည်း ရှိ။

ဖြောက်ဖြောက်ပေမယ့် တချို့ဈေးဝယ်တွေက ဒီပြင် စာအုပ်ဆိုင်ကြီးတွေ မြို့အနှံ့ရှိပေမယ့် သူတို့ဆိုင်ကိုမှ ပုံမှန်အားပေးကြတဲ့ အမာခံဖောက်သည်တွေလည်းရှိတယ်။

ကုန်စည်ဒိုင်က ပဲအရောင်းအဝယ်ဆရာကြီး၊ ကိုကြည်လွင်လို ပုဂ္ဂိုလ်၊ ဆန်ကုန်သည်များအသင်းက ကိုသိန်းဇော်လိုလူ၊ သမိုင်းကျူရှင်ဆရာ ဦးသိန်းဟန်၊ ဖွဲ့ကုန်းက ဒေါက်တာစံရ၊ မဟာဝိသုဒ္ဓါရုံနဲ့ မြဝတောင်တိုက်က ဦးပဥ္စင်းတချို့၊ စစ်ကိုင်း မြစကြာကျောင်းတိုက် ဦးပဥ္စင်းတွေ၊ သူတို့လိုချင်တဲ့စာအုပ် ဒီဆိုင်မှာမရှိရင် မှာထားခဲ့တယ်။ နောက်တစ်ခေါက်မှယူမယ်။ အဲဒီအခါ ကိုထွန်းဆွေမင်း ဆိုင်ကယ်တစ်စီး ဖင်ကြားညှပ်ပြီး အော်ဒါပေးထားတဲ့စာအုပ် မရရအောင် ရှာပြီ။

ဒီလိုနဲ့ လစဉ်ဝယ်သူတွေ၊ ပုံမှန်ဖောက်သည်တွေ တစ်လပြီးတစ်လ တိုးလာတော့တယ်။ သူတို့သင်ပေးလို့ပဲ ဗလာစာအုပ်ပါ တွဲရောင်းတော့ အထိုက်အလျောက်ရောင်းရတာပါပဲ။

စာအုပ်ချည်းလား၊ ခဲတံလေး၊ ဘောလ်ပင်လေးပါထားလေ။ ပြန်အမ်းစရာ အနုပ်မရှိတဲ့အခါ ဘောလ်ပင်အမ်းနေကြတာ။ ပေတံမရှိဘူးလား။ ခဲဖျက်ရော၊ ခဲသားဘောလ်ပင်တင်ဦး၊ ဒီလိုနဲ့ မနှင်းခင်ရီဈေးချိုထဲက စာရေးကိရိယာဆိုင်တွေဘက် ခြေဦးလှည့်တဲ့အခါ လှည့်ရတယ်။

စာအုပ်ရောင်းတယ်ဆိုတာ လာဝယ်သူက ဘာစာအုပ်မရှိဘူးလားလို့ မေးရင် ရှိပါတယ်။ ဒီမှာပါ ခင်ဗျာ၊ ဒီမှာပါရှင်ဆိုပြီး ဝယ်သူ့လက် အပ်လိုက်ချင်တာ။

ဒါပေမဲ့ စာအုပ်တိုက်မျိုးစုံက စာအုပ်တွေကလည်း ထွက်လိုက်တာ။ သူတို့ဇနီးမောင်နှံ လိုက်မမီဘူး။

ဈေးဝယ် ဖြောက်ဖြောက်ဆိုတဲ့ စကားဟာ ဘာအလကားမြောက်တယ်တော့ သူတို့ဇနီးမောင်နှံ သိကြပုံမပေါ်ဘူး။ ဒါပေမဲ့ သူတို့ရဲ့ မိတ်ဆွေဆိုလည်းဟုတ်၊ သူတို့ရဲ့ စာအုပ်ဝယ်ဖောက်သည်ဆိုလည်းဟုတ်တဲ့ ဒေါက်တာစိုးစန်ရဲ့ ဆေးခန်းကလည်း ဖြောက်ဖြောက်ထဲမှာပါတယ်။

mgyoe.com

ဒေါက်တာစိုးစန်ရဲ့ ဆေးခန်းက မြို့စွန်မြို့ဖျား မဟုတ်သလို လူစည်ကားတဲ့ မြို့အလယ်ကောင် လောက်မှာလည်း မဟုတ်ဘူး။

ဒါပေမယ့် သူ့လို အမ်ဘီဘီအက်စ်ဘွဲ့ တစ်ခု တည်းပိုင်ဆိုင်ထားတဲ့ ဆရာဝန်ခမျာ ရှင်စန္ဒီမာလမ်း ပေါ်မှာ အတော်ရှန်းရှာတယ်။ ဒေါက်တာစိုးစန်က ကိုထွန်းဆွေမင်းတို့ဆိုင်က တိုင်းမ်မဂ္ဂဇင်းအဟောင်း၊ ရီးဒါးဒိုင်ဂျက်စ် အဟောင်းလေးတွေဝယ်ပြီး ဆေးခန်း မှာ လူနာတွေစောင့်ရင်း ဖတ်လေ့ရှိတယ်။

လူချင်းခင်လေတော့ ဘယ့်နှယ်လဲဆရာ ဆေးတွေဝယ်လာတာ များလှချေလား၊ လူနာတွေ ကျတယ်လို့ထင်တယ် မေးရင် ဟုတ်ပါဘူးဗျာ၊ ဒါ ယောက္ခမကြီးအတွက် အဝယ်ခိုင်းလို့ဝယ်လာတာ။ ဆေးခန်းဖွင့်တာ အင်္ဂလိပ်စာတော့ အတော်တိုးတက် လာပြီဆိုတဲ့ ဖြောက်ဖြောက် ဖြောက်ဖြောက်မျိုး။

မြန်မာ့ရေနံက အင်ဂျင်နီယာ ကိုတင့်လွင်နဲ့ ကွန်ပျူတာဆရာ ကိုမျိုးတို့ ခဏခဏ မေးကြလွန်းလို့ မန္တလေးမြို့မြေပုံ၊ မြန်မာပြည်မြေပုံ၊ ကမ္ဘာ့မြေပုံ၊ အေဘီ စီဒီကားချပ်၊ ကကြီးခခွေး သင်ထောက်ကူကားချပ် ပလတ်စတစ်လောင်းပြီးသားတွေ ချိတ်ထားလိုက် တယ်။ မဟာမုနိဘုရားကြီး ပုံတော်တွေတောင် ပါလိုက်သေး။ ရွှေတိဂုံ၊ မဟာမုနိ၊ ကျိုက်ထီးရိုးဘုရား စေတီကြီးသုံးဆူရဲ့ ရုပ်ပုံတွေပါ မကျန်ဘူး။

ဒါတွေလည်း ဖြောက်ဖြောက် ဖြောက်ဖြောက် နဲ့ ရောင်းနေရတာပဲ။ စာအုပ်ဆိုင်သက်လေး အတော် ရလာတော့ ကိုထွန်းဆွေမင်းက စာအုပ် လာဝယ်သူ တွေကို ခန့်မှန်းတဲ့အကျင့် ကျင့်ကြည့်တယ်။ ဒီပုဂ္ဂိုလ် ကြည့်ရတာ ရှေ့နေ ထင်ပါရဲ့။ ဒါဆိုရင် သူတို့ ဖောက်သည် ရှေ့နေ ဦးထွန်းဝေနဲ့များ စာအုပ်အကြိုက် ချင်း တူလေမလား။ အတွေးအမြင်၊ ရွက်နုဝေ၊ အောင် ပင်လယ်၊ ရန်သစ် မဂ္ဂဇင်းတွေကို ရောင်းရမယ်ထင်ပေ မယ့် 'ရေးပေးပါ' လို သူ့မြေးအရွယ် ဝယ်လေ့ရှိတဲ့စာအုပ် ရှိသလား မေးချင်မေးတာမျိုး။

ဒီကလေးမတစ်သိုက်ကတော့ ကွန်ပျူတာစာ အုပ်တွေ လှန်လှောကြမယ်ထင်ပါရဲ့။ ဖိုတိုရှော့တွေ၊ ဝင်းဒိုးစ်တွေ၊ ကိုရယ်ဒရောတွေ ရှိရဲ့လားလို့ ကိုထွန်း ဆွေမင်း မျက်လုံးနဲ့ ကြိုရှာထားပေမယ့် သူတို့မေးတဲ့ စာအုပ်က မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော် ပြုစုတဲ့ သညာသိနှင့် ပညာသိဆိုတဲ့ သုဒ္ဓဝိပဿနာကျင့်စဉ် စာအုပ် ဖြစ်ချင်ဖြစ်တတ်တယ်။

ကိုထွန်းဆွေမင်းနဲ့ မနှင်းခင်ရီတို့ခမျာလည်း စာအုပ်ဆိုင်ဖွင့်ခါမှ သူတို့နဲ့ အသက်အရွယ် မတိမ်း မယိမ်းတွေက ဦးလေး၊ ဦးကြီးတို့၊ ဒေါ်ကြီး၊ အန်တီ တို့ အခေါ်ခံရလို့ခံရနဲ့။

တစ်ခါတစ်ရံတော့ ကိုထွန်းဆွေမင်း မှန်းချက် နဲ့ နှမ်းထွက် ကိုက်တယ်။ ဒီချာတိတ်သုံးယောက် ကတော့ ကဗျာစာအုပ်ဝယ်မယ့် ချာတိတ်တွေလို့ ထင်မိတာ။ မောင်ချောနွယ်၊ အောင်ချိမ့်၊ သုခမိန်လှိုင် သာမက စောဝေ၊ နွယ်စိမ်းဝေဆိုတဲ့ ဆိုင်ကပ်နေတတ် တဲ့ ဝေနစ်ပါးဝယ်သွားသလိုမျိုး ကြုံရရင် အလွန်ပျော် တာပေါ့။

ဒါပေမဲ့ အဲဒီနေ့ ကိုထွန်းဆွေမင်း နာမည်ပေး ခက်တဲ့ ခံစားမှုတစ်ခု ခံစားလိုက်ရတယ်။ စာအုပ် လာဝယ်သူတွေရဲ့ ဒီဇိုင်းတွေက ဈေးသူဈေးသား ထင်ပါရဲ့။ မော်တော်ကားနဲ့လာတာ။ သပ်သပ်ရပ်ရပ် ဝတ်စားလာကြတာ။ အချိန်ကလည်း ဈေးချိုမှာ ဆိုင် ခင်းကြ၊ မန်းမြန်မာပလာဇာမှာ ဆိုင်ထွက်ကြတဲ့ အချိန်။

အဒေါ်အရွယ်နဲ့ တူမအရွယ်နှစ်ယောက် ကားပေါ်က ဆင်းလာကြတာ။ သားအမိလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါဆရာမခင်နှင်းယုပရိသတ်၊ ဒါမှ မဟုတ် လူထုဒေါ်အမာပရိသတ်ထင်ရဲ့။ အမေ့ရှေး စကားလား၊ ဗီဝရိုးလား။

'ဝသုန္ဓရေလက်ရေးဆိုတဲ့ စာအုပ်ရှိသလား'

ကိုထွန်းဆွေမင်း ထိတ်ထိတ်ပျာပျာဖြစ်ပြီး ရှော့ခ်ရသွားတယ်။

၁၉၈၇ ကာလဆီက ထွက်ခဲ့တဲ့ ဝတ္ထုတို စုစည်းမှုစာအုပ်လေး။ မန္တလေးမြို့က ထုတ်ဝေတဲ့

mgyoe.com

လက်ခုပ်ဩဘာသံတွေ ညံခဲ့တဲ့ ဒီစာအုပ်လေး။ သူ မှတ်မိတယ်။ သူ့ဆိုင်ကတင် အုပ်သုံးလေးဆယ် လောက် ရောင်းခဲ့ရဖူးတယ်လေ။ ယူ့ကောင် စဉ်းစား စမ်း၊ အဟောင်းဆိုင်တစ်ခုမှာ မင်းတွေ့ခဲ့ဖူးတယ်လေ။ အဲဒီဆိုင် ညွှန်းရအောင် ထွန်းဆွေမင်း ပြန်စဉ်းစား စမ်း။ အမြန်စဉ်းစားပေမယ့် စဉ်းစားလို့ မရဘူး။

စဉ်းစားလို့မရတာ ဒီလိုကား၊ ဒီလို အဆင် အယင်နဲ့ ဝသုန္ဓရေလက်ရေးဆိုတဲ့ စာအုပ်နဲ့ ဘယ်လို မှ ဆက်စပ်မရတာလည်း ပါတယ်။ ကိုထွန်းဆွေမင်း က အရိုးခံအတိုင်းပြောလိုက်တယ်။

'ဒီစာအုပ်က ထွက်ခဲ့တာ ကြာသွားပြီ။ ကျွန်တော့်ဆိုင်မှာ မရှိပါဘူးခင်ဗျာ။ အဟောင်းဆိုင် တွေမှာ ရှိလိမ့်မယ်။ ကျွန်တော် ရှာထားပေးရမလား ခင်ဗျာ'

ဟုတ်ကဲ့လို့ အမျိုးသမီးနှစ်ယောက် ပြိုင်တူ ဖြေကြပြီး အသက်နည်းနည်းကြီးသူက 'ကျွန်မတို့ ဖုန်း နံပါတ်ပေးခဲ့မယ်။ အဲဒီစာအုပ်ရရင် ဖုန်းဆက်ပေးပါ လားရှင်'

ကိုထွန်းဆွေမင်း ခေါင်းလည်းညိတ်သလို ပါးစပ်ကလည်း ဟုတ်ကဲ့လို့ ပြောလိုက်မိတယ်ထင်ပါ ရဲ့။

ပြည်သူချစ်သော အနုပညာသည်များစာအုပ် နဲ့ အမေ့ရွှေစကား ပ–ဒု–တ သုံးတွဲစလုံး ရောင်းလိုက် ရတယ်။

သူတို့တစ်တွေ ဆိုင်ကထွက်သွားပြီး ခဏနေ မှ ကိုထွန်းဆွေမင်း သတိရတော့တယ်။ ဝသုန္ဓရေ လက်ရေးစာအုပ်ကို အာဇာနည်လမ်းပေါ်က ကိုခင် မောင်ရဲ့ စာအုပ်အဟောင်းဆိုင်မှာ သူတွေ့ခဲ့ဖူးတယ်။ သူလည်း ဖတ်ဖူးပြီး ကြိုက်တဲ့စာအုပ်ကို အခုလိုလာ မေးတော့ ကိုထွန်းဆွေမင်း မရရအောင် ရှာပေးချင်နေ မိတယ်။

နေနှင့်ဦး၊ ပိုက်ဆံမရှိသေးလို့၊ ငါ့မှာများ ပိုက်ဆံရှိရင် ဒီစာအုပ်မျိုး ပြန်ထုတ်မယ်လို့ ကြုံးဝါး တဲ့အထဲမှာ ဝသုန္ဓရေလက်ရေးစာအုပ်လည်း တစ်အုပ်

အပါအဝင်ပေါ့။

ဆရာဝင်းစည်သူ၊ မိုးမိုး(အင်းလျား)၊ နုနုရည် (အင်းဝ)၊ ခင်ပန်နှင်း၊ သိုက်ထွန်းသက်၊ ရဲသျှမ်း၊ ညီ ပုလေးတို့ အမျိုးသားရေး တာဝန်ကျေခဲ့ကြတဲ့ လက်ရာ တွေ။ ဒီစာအုပ် ပြန်ထုတ်ခွင့်ရရင် စာရေးဆရာတွေ ကိုလည်း ဉာဏ်ပူဇော်ခ စိုစိုပိုပို ကန်တော့လိုက်ဦး မယ်လို့ တေးထားတဲ့စာအုပ်။

အရောင်းအဝယ်ပါးနေချိန်မှာ ဆိုင်ရှေ့ကို မော်တော်ဆိုင်ကယ်မပြောနဲ့ စက်ဘီးနဲ့ဖြစ်ဖြစ်၊ ခြေကျင်ပဲဖြစ်ဖြစ် လူတစ်ယောက်ယောက် လာရပ်ပြီး ဆိုင်ဘက်ကြည့်နေရင်ကိုပဲ မျှော်လင့်တကြီးနဲ့ ပျော် ရတာမဟုတ်လား။ ရောင်းရချေသေးရဲ့။ ရောင်းချင် လွန်းလို့ဒလ။

ဒီတစ်ခါတော့ အမျိုးသမီးလေးတစ်ယောက် သပ်သပ်ရပ်ရပ်၊ ကျနွေ့ရရလေး။ အသက်တော့ အစိတ် နဲ့ သုံးဆယ်တွင်းလောက် ရှိမယ်ပေါ့။ မော်တော်ဆိုင်ကယ် ပေါ်က ဆင်းတာလည်း အေးအေးဆေးဆေး။ ဒီ ဆိုင်မှာ ဝယ်နေကျ ဖောက်သည်ဟန်မျိုး။ သူစီးလာတဲ့ မော်တော်ဆိုင်ကယ်ကလည်း သူဝတ်စားထားသလိုပဲ သစ်သစ်လွင်လွင် ပြောင်ပြောင်လက်လက်။

ကုမ္ပဏီဝန်ထမ်းလား၊ ဘဏ်ဝန်ထမ်းလား၊ တက္ကသိုလ်တစ်ခုခုက ဆရာမလေးလေလား။ ဒါမှ မဟုတ် အတော်အကန် ပြည့်စုံတဲ့ အသိုက်အဝန်းက လား။

စာအုပ်စင်ပေါ်က စာအုပ်တွေကို တစ်ချက် ဝေ့ကြည့်ပြီး သင်ထောက်ကူကားချပ်တွေ၊ မြေပုံကား ချပ်တွေဆီ သူ့မျက်လုံးလေး ရောက်သွားတယ်။

က ကလေးငယ် ချစ်စဖွယ်လား၊ အေဖော် အဲရိုးပလိန်းလား။ ဒါမှမဟုတ် ကိုးနဝင်း မိုးလင်းမှ သိမယ်ဆိုတဲ့ အဆင့်ကိုးဆင့်ပါတဲ့ ပုတီးစိပ်နည်း ကားချပ်လား။

စာအုပ်သည်ဆိုတာ ဝယ်သူရဲ့ လိုအင်ကို ဖြည့်ဆည်းရင်း ဆိုင်ကလေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားရတာ မဟုတ်လား။ အခုလာတဲ့ အမျိုးသမီး

mgyee.com

လေးရဲ့ လိုအင်ကို သူတို့လင်မယား ဘယ်လိုဖြည့် ဆည်းကြမလဲ။

အမျိုးသမီးလေးက 'တရုတ်စာနဲ့ရိုက်ထားတဲ့ မြန်မာပြည်မြေပုံတို့၊ မန္တလေးမြို့မြေပုံတို့ ရှိသလား'

တဲ့။

သူတို့ လင်မယားနှစ်ယောက်ခမျာ ပါးစပ် အဟောင်းသားနဲ့။

❒

ညီပုလေး

ရွှေအမြုတေ၊ ၂၀၁၁၊ မတ်။

mgyoe.com

mgyoe.com

# မှော်ဆန်သော လူ

ဆင်တဲဝ မြတ်မင်း

ကိုဝင်းဖြိုးမှာ ကျွန်တော်ကဲ့သို့ပင် အကျိုးတူ ကုမ္ပဏီ၏ 'အနီးကပ်ကြီးကြပ်' တစ်ယောက် ဖြစ်သည်။ နိုင်ငံတော်နှင့် အကျိုးတူ ကျောက်စိမ်းတူးဖော်နေသော ကုမ္ပဏီတိုင်း၌ သင့္ဘာ့တွင်းဝန်ကြီးဌာနမှ တာဝန်ဖြင့် စေလွှတ်သော 'အနီးကပ် ကြီးကြပ်' တစ်ယောက်တော့ ရှိစမြဲပင်။ တစ်ဖန် အနီးကပ်ကြီးကြပ်များကို ထပ်မံကြီးကြပ်ရသူ ရှိသေးသည်။ သူ့ ကိုတော့ 'နယ်မြေကြီးကြပ်' ဟု ခေါ်ပါသည်။

ယခု... လုံးခင်းကျောက်မျက်ရုံးသို့ ပေးပို့မည့် ရုံးစာများကို 'နယ်မြေကြီးကြပ်' လက်မှတ်ထိုးရန် ကိုဝင်းဖြိုး ရောက်ရှိလာခြင်းဖြစ်သည်။ နယ်မြေကြီးကြပ်မှာ ကျွန်တော် တာဝန်ကျသော 'မမုံ' မှော်ထဲ၌ အခြေပြုနေထိုင်သဖြင့် ကိုဝင်းဖြိုးက ကျွန်တော်နေထိုင်ရာ အနီးကပ်ကြီးကြပ်အဆောင်သို့ မကြာခဏ ရောက်လာရခြင်း ဖြစ်ပါသည်။

ကျွန်တော် တာဝန်ကျသော 'ကျောက်စိမ်းနဂါး' ကုမ္ပဏီမှာ 'မမုံမှော်' ထဲမှာ ရှိသည်။ ကိုဝင်းဖြိုး တာဝန်ကျသော 'ကျောက်စိမ်းဘုရင်' ကုမ္ပဏီမှာ 'ကြက်ပေါင်ချောင်းဖျားမှော်' ထဲမှာ ရှိသည်။ တခြားမှော်တွေ အများကြီးရှိသေး၏။ 'ကုလားမှော်'၊ 'မက်လင်ချောင်မှော်'၊ 'မနမှော်'... စသည်ဖြင့်။

မှော်ထဲသို့ ရောက်တာ ၅ လခန့်ရှိပြီ။ ခုချိန်ထိ 'မှော်' ရဲ့အဓိပ္ပာယ်ကို ကျွန်တော် ကျေနပ်လက်ခံအောင် ရှင်းပြနိုင်တဲ့လူ မရှိသေး။ ဖားကန့်၊ လုံးခင်း၊ ဆိုင်းတောင်၊ နမ့်မှော်... စသည့် ကျောက်စိမ်းထွက်သည့်ဒေသကို အများစုကခြုံ၍ 'မှော်' ဟုပဲ ပြောဆိုနေကြသည်။ လူတစ်ယောက်ကို စုံစမ်းလျှင် 'ဘယ်ကုမ္ပဏီမှာလုပ်တာ'... လို့ မေးလျှင်မရ၊ 'ဘယ်မှော်မှာလုပ်တာ'... ဆိုလျှင် ချက်ချင်းသိနိုင်သည်။

'ဒါကတော့... မှော်ထုံးစံပဲ'

'ဒါကတော့...မှော်ရဲ့ သဘောသဘာဝပဲ...'

'ဒါကတော့... မှော်ထဲမှာလေ...'

'ဒါကတော့... မှော်ဆန်တာပဲ...'

ကုမ္ပဏီထဲမှာ၊ လက်ဖက်ရည်ဆိုင်မှာ၊ ဈေးထဲမှာ၊ ဘီယာဆိုင်မှာ၊ အရက်ဆိုင်မှာ၊ မာဆတ်အခန်းမှာ၊ ကာရာအိုကေဆိုင်မှာ၊ တစ်လတစ်ခါ နယ်မြေကြီးကြပ်ဆီ လက်မှတ်ထိုးရင်း ဆုံကြသည့် အနီးကပ်ကြီးကြပ်တွေရဲ့ စကားဝိုင်းမှာ အထက်ပါစကား

mgyoe.com

mgyoe.com

အသုံးအနှုန်းတွေပဲ ကြားကြားနေရ၏။ ဘာစကား ပြောပြော၊ ဘာအကြောင်းအရာပြောပြော...'မော်လေ' ...ဆိုတဲ့စကား၊ 'မော်ဆန်တယ်လေ...' ဆိုတဲ့ စကားနဲ့ ပဲ နိဂုံးကမ္ပတ် အဆုံးသတ်ကာ ပြောဆိုနေတာကိုပဲ ကြားနေရလေသည်။

'ဆံပင်ညှပ်ခ ၁၅၀ဝိ/–တဲ့၊ အံ့သြတယ်။ ကျွန်တော်တို့ ရန်ကုန်တို့ နေပြည်တော်တို့မှာ တစ်ခေါင်းမှ ၅၀ဝိ/–ပဲ...'

'မမုံ'ရွာထဲမှ ဆံပင်ညှပ်ပြီး ပြန်လာလာချင်း ကျွန်တော်ကပြောတော့ ကုမ္ပဏီချာတိတ်လေးက ဘာပြောတယ်မှတ်လဲ။

'ဒါက... မော်ထဲလေ ဦးရဲ့'တဲ့။

နောက်တစ်ခါ...တယ်လီဖုန်းဆက်တဲ့ အခါ၊ နေပြည်တော်နဲ့ ရန်ကုန်မှာ တစ်မိနစ် ၅ဝိ– သာကျတဲ့ ဖုန်းခဟာ ... ဒီမှာ ၁၀ဝိ–ကျတာ၊ မုန့်ဟင်းခါးတစ်ပွဲ ၃၀ဝိ–ကို ဒီမှာ ၅၀ဝိ–ပေးစားရတာ၊ စာအုပ်ဆိုင်မှ မဂ္ဂဇင်းငှားဖတ်လျှင် တစ်ရက်ဖတ်ခ ၂၀ဝိ–ကို ဒီမှာ ၅၀ဝိ–ပေးငှားရတာ... တွေ မပြောရဲတော့။ ပြောမိလျှင် ...ဒါ... မော်လေ၊ မော်ထဲလေ၊ မော်ထုံးစံလေ။ မော်ဆန်တယ်လေ... ဆိုတဲ့ စကားသံတွေပဲ ကျောက်စိမ်းတောင်တွေမှာ ယမ်းခွဲဖို့ ကျောက်ဖောက်တဲ့စက်သံ 'ဒက်ဒက် ဒက်ဒက်ဒက်' ကြားရသလို အသေအချာ တရစပ်ကြားရမှာ မဟုတ်လား။

နေ့စဥ်ကြားနေရတဲ့ 'မော်'ဆိုတဲ့ စကားလုံးကို ကျွန်တော် အမှန်ပင် စိတ်ဝင်စားမိခဲ့သည်။

'မော်' ဆိုတဲ့စကားလုံးနှင့် တွဲလျက် ငယ်ငယ်က နားစွဲခဲ့ရသော 'မော်ဆရာကြီး' ဆိုတာ ကြားခဲ့ဖူးသည်။ ပြီးတော့... ငယ်ငယ်က ကြည့်ခဲ့ရသော လက်လှည့်၊ မျက်လှည့်၊ ပဥ္စလှည့်တွေနဲ့ လှည့်စားပြတာကို 'မော်အတတ်'လို့ ခေါ်ဆိုလေသလား။

ကမ္ဘာကျော် ဒေးဗစ်ကိုပါဖီးက စတေ့ချ်ခုံပေါ်မှာ ရထားကြီးတစ်စင်းလုံးကို ဖျောက်ပြခဲ့တာ ကြားဖူးသည်။ ဒါကို မော်ဆန်သော မျက်လှည့်လို့ ဆိုလေမလား။

ဂမ္ဘီက သမင်ယောင်ဆောင်ပြီး သီတာဒေဝီကို မော်ရုံဟေဝန်မှာ လှည့်စားခေါ်ဆောင်ခဲ့တာကို 'အလောင်းတော်ရာမ'ရုပ်ရှင်ဇာတ်ကားမှာ ကြည့်ခဲ့ရဖူးသည်။ ဒီတော့... 'မော်'ဆိုတာ လှည့်စားဖြားယောင်းမှုပေလား။

'မော်ဆိုတဲ့စကားကို ဘယ်လိုအဓိပ္ပာယ် ဖွင့်မလဲဗျာ...'

ပထမဦးဆုံး ကျွန်တော်၏ ကုမ္ပဏီတာဝန်ခံကို မေးကြည့်သည်။ သူက မော်ထဲမှာ (၆) နှစ်နီးပါး လုပ်ကိုင်ဖူးသူ၊ လက်ရှိလည်း လုပ်ကိုင်နေဆဲဆိုတော့ ... မော်အကြောင်း ပိုရှိသိနိုင်သည်မဟုတ်လား။

'စကားလုံးကတော့ လူပါရဲ့ လူတိုင်းလည်း ပြောနေကြတာပဲ။ ဒါပေမဲ့ မော်ဆိုတဲ့ အဓိပ္ပာယ်ကို ဘယ်လိုဖွင့်ရမလဲ။ မသိဘူးလားဆိုတော့ သိတယ်၊ သိလားလို့ မေးရင်တော့... မသိဘူးဆိုတဲ့ စကားလိုပဲ၊ မော်ဆိုဟဲ့စကားရဲ့ အဓိပ္ပာယ်ကို တစ်ဖက်သား နားသည်အောင်တော့ မဖွင့်တတ်ဘူးဆရာ...'

နောက်တစ်ယောက် ကျွန်တော်တို့အဖွဲ့ထဲက ဦးဝင်းဇော်ကို မေးကြည့်သည်။ သူက 'သံလွင်ဧရာ' အကျိုးတူကုမ္ပဏီက အနီးကပ်ကြီးကြပ်။

'ကျွန်တော်ထင်တာ ပြောမယ်နော်။ မော်ဆိုတာ ပြောင်းလဲခြင်းပဲဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကိုမြတ်ကျော်လည်း တွေ့နေတာပဲ။ ဟောဒီ... မမုံ၊ ဖားပြင်၊ ဆန်းကြွယ်၊ ဖားကန့်၊ နမ့်မမြစ်ကနေ... လုံးခင်းသွားတဲ့ လမ်းဘေးကြည့်လိုက်လေ။ လမ်းရဲ့ဟိုဘက်ဒီဘက်မှာ အနီးလေးမှာရော အဝေးကြီးမှာပါ သဘာဝတောတောင်ကြီးတွေ မရှိတော့ဘူး။ ကျောက်စိမ်းတွေ ရဖို့ ယမ်းတွေခွဲ၊ ဘက်ဟိုးတွေနဲ့ ဖြိုချ၊ ဒမ်းထရပ်တွေနဲ့သယ်ပြီး... တခြားနေရာမှာ မြေစာစွန့်ပစ်။ ခုဆိုရင် ... ဥရုချောင်းဘေးမှာ မြေစာတောင်ကြီးတွေ ရဲခနဲ ရဲခနဲ။ ဟော... အခု မူလတောင်ကြီးတွေ နေရာက အင်းမြဲဖြစ်၊ ချိုင့်ခွက်ကြီးတွေဖြစ်ပြီး စွန့်ပစ်တဲ့ မြေစာပုံကြီးက တောင်ပြန်ဖြစ်လို့။ ကဲ... အဲဒါကြည့်ရင်... မူလတောင်ကြီးပျောက်ပြီး နောက်တစ်နေရာမှာ မြေစာ

mgyoe.com

mgyoe.com

တောင်ကြီး ဖြစ်မသွားဘူးလား။ တကယ့်ကို နေ့မြင် ညပျောက်မကဘူး ညမြင်နေ့ပျောက်ပဲ။ ဒါ့ကြောင့်... မှော်ဆိုတာ... ပြောင်းလဲခြင်းလို့ ကျွန်တော်တော့ ယူဆတာပဲ'

ဦးဝင်းဇော် ဖွင့်ပြသော 'မှော်' အဓိပ္ပာယ်မှာ ဟုတ်သလိုလိုရှိပေမယ့် ကျွန်တော့်စိတ်ကျေနပ်သော အဓိပ္ပာယ်မဟုတ်သေး။

'သိမ့်ဝင်းထက်' အကျိုးတူကုမ္ပဏီမှ အနီးကပ်ကြီးကြပ် ဦးစံမြိုင်ကို မေးကြည့်ပြန်ပါသည်။

'မှော်ဆိုတာ... လှည့်စားတတ်ခြင်းပဲဗျ။ ဘယ်သူတွေ လက်ခံခံ မခံခံ၊ ကျွန်တော်ကတော့ ဒီအတိုင်းပဲ ဖွင့်ဆိုမယ်။ ကိုမြတ်ကျော်ကို ဥပမာတစ်ခု ပြောမယ်ဗျာ... ကျွန်တော်တို့ ကုမ္ပဏီထဲက ကျောက်ရွေးတဲ့ကောင်လေးပြောပြတာ။ 'ဆန်းကြွယ်' ရွာမှာနေတဲ့ သူ့အစ်ကိုနဲ့ အဖွဲ့ (၄) ယောက် ရေမဆေး သွားရာတာ။ 'ကုလားမှော်' ဘက်မှာ။ ကီလို ၁၆၀။ ပိဿာချိန်နဲ့ပြောရင် ၁၀၀ လောက်ရှိတဲ့ကျောက် ရခဲ့တာ။ ပထမ ကျောက်ဝယ်တဲ့လောပန်းက သိန်း ၃၀၀၀ ပေးတာ၊ မရောင်းကြဘူး။ ဒီလောက်တောင် ဒီလောပန်းက ပေးနေပုံထောက်ရင် တို့ကျောက်က တော်တော်လေး ကောင်းလို့နေမှာ၊ ဒီထက်ပိုပြီး ရနိုင်တယ်ဆိုပြီး... အဲဒီ လောပန်းကို မရောင်းလိုက်ဘူး။ အဓိပ္ပာယ်ကတော့ နောက်လောပန်းလာဝယ်ရင် သိန်း ၄၀၀၀ လောက်တော့ အသာလေးလို့ ထင်ထားကြတာကိုး။ အဲ သတင်းကြားတော့ နောက်တစ်နေ့ ဖားကန့်က လောပန်းတစ်ယောက် ဆင်းလာတယ်။ ကျောက်ကို အသေအချာ ကြည့်တယ်။ လေဆာဓာတ်မီးနဲ့ အကြိမ်ကြိမ်ထုးကြည့်တာပေါ့။ ရောင်းမယ့် ရေမဆေးအဖွဲ့ ကတော့ သိန်း ၃၀၀၀အထက်ရမှ ရောင်းဖို့ တိုင်ပင်ထားကြတာတဲ့။ ဒါပေမဲ့ လောပန်းက ဘယ်ဈေးပေးတယ်မှတ်လဲ။ ၄ သိန်းတဲ့။ ကျောက်ရတဲ့ ရေမဆေးအဖွဲ့ မယုံဘူး။ ဒါနဲ့... နောက်လောပန်းခေါ်ပြတယ်။ ၃ သိန်းတဲ့ ။ ကြိုက်မှရောင်းတဲ့ ။ သွားရော။ ကျောက်က အပေါ်ယံလုပြီး အထဲမှာ အရည်က မကောင်းမှန်း တကယ်ကျောက်နားလည်တဲ့ လောပန်းတွေက သိတယ်။ နောက်ဆုံး ရေမဆေး ၄ယောက် ၃ သိန်းနဲ့ ပဲ ရောင်းလိုက်ရသတဲ့။ ကဲ... ဘယ့်နှယ်လဲ၊ လှည့်စားခံလိုက်ရတာ။ အဲဒါ ... မှော်ပဲ။ ပထမလူက သိန်း ၃၀၀၀ နဲ့ ဝယ်တုန်းက မရောင်းလိုက်ဘူး။ ခုကျ ၃ သိန်းတောင် အနိုင်နိုင်ရလိုက်တဲ့အဖြစ်'

ဦးစံမြိုင် ဖွင့်ဆိုသော အဓိပ္ပာယ်လည်း တစ်ဝက်တလေတော့ လက်ခံနိုင်သလိုရှိသော်လည်း အလုံးစုံတော့ လက်ခံနိုင်သည့် ဖွင့်ဆိုချက်တော့ မဟုတ်သေး။

နောက်တစ်ယောက်ကို ကျွန်တော်မေးကြည့်မိပြန်သည်။ သူက 'ကျောက်စိမ်းဘုရင်' အကျိုးတူကုမ္ပဏီမှ အနီးကပ်ကြီးကြပ် ကိုဝင်းဖြိုး။

'ကိုမြတ်ကျော်မေးတဲ့ မှော်ဆိုတဲ့အဓိပ္ပာယ် မဖွင့်ခင် ကျွန်တော်တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကလေးကို အရင်ပြောပြမယ်။ ပြီးတော့မှ... ကောက်ချက်ဆွဲပေးမယ်။ အခု... ကျွန်တော်တာဝန်ကျနေတဲ့ကုမ္ပဏီက ကိုမြတ်ကျော်တို့ ကုမ္ပဏီက လှမ်းကြည့်ရင် မြင်ရတဲ့နေရာ။ ဟိုးတောင်ထိပ်ကြီးမှာ။ ကျွန်တော်တို့ ကုမ္ပဏီရဲ့တောင်ခြေမှာ 'ဆိုင်းကြာဘွမ်' ဆိုတဲ့ ရွာရှိတယ်။ ကုမ္ပဏီနဲ့ ရွာနဲ့ မိနစ် ၂၀ လောက် လျှောက်ရတယ်။ ကုမ္ပဏီအလုပ်ပါးတဲ့နေ့တွေမှာ ကျွန်တော်က သွားလည်တယ်ဗျ။ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်၊ အရက်ဆိုင်တွေလည်း ရှိတာပေါ့ဗျာ။ ထုံးစံအတိုင်းပေါ့ဗျာ။ ဘီယာလေး သောက်ဖို့ သွားပါများတော့... တစ်ရွာလုံးနဲ့ ခင်နေတာပေါ့။ အများစုက ရေမဆေးရာတဲ့ လူများတယ်ဗျ။ ဟိုး... ပြီးခဲ့တဲ့ လဆန်းတုန်းက ရွာကနေ ည ၇နာရီ လောက် ပြန်လာခဲ့တာ... လမ်းမှာ ရေမဆေးတွေ ကျောက်ကြီးကြီးကို လူ ၄ ယောက်နဲ့ ထမ်းချလာတာ။ ကျောက်ထမ်းတဲ့ လူတွေရဲ့ နောက်မှာလည်း အလှည့်ကျထမ်းမယ့် 'ကျော်ကီ'တွေ ၁၀၀ လောက် တန်းစီပြီး လိုက်လာတာ။ 'ကျော်ကီ' ဆိုပေမယ့် ရေမဆေးတွေပါပဲ။ ကျောက်ရလာလို့ ညာသံပေး ထမ်းလာကြတာဗျ။ ကျောက်က

m.gyoe.com

mgyoe.com


ကီလို ၂၅၀ လောက်တော့ရှိမယ်။ ဘယ်မှော်က ရလာလဲလို့မေးတော့ 'ကြက်ပေါင်ချောင်းဖျားမှော်'ထဲက ရခဲ့တာတဲ့။ ရေမဆေးအဖွဲ့ခေါင်းဆောင် ပလောင်ကြီးကို မေးကြည့်လိုက်တယ်။ ဒီကျောက် ဘယ်လောက်တန်မလဲပေါ့။ သိန်း ၂၅၀၀ လောက် အနည်းဆုံးပဲတဲ့။ သူပြောတာ မှန်တယ်ဗျ။ ကျွန်တော်လည်း ကျောက်ကို အသေအချာကြည့်တော့... အထိုင်လည်းလှ၊ ကျောက်ကလည်းလှတယ်။ အသားရော အရည်ပါ တော်တော်ကောင်းတယ်။ သူပြောတဲ့တန်ဖိုး သေချာရမှာ။ ဦးလေး... ကျွန်တော်တို့ ဘဝပြောင်းပြီတဲ့။ ပလောင်ကြီးက ပြောတာ။ စဉ်းစားကြည့်... သိန်း ၂၅၀၀ တန်တဲ့ကျောက်ကို လူ ၁၀၀ ခွဲယူရင် တစ်ယောက် ၂၅ သိန်းစီ အသာလေးပဲ။ အေးကွာ... ဝမ်းသာတယ်ကွာ။ မင်းတို့နေ့တိုင်း ရေမဆေးရှာရတာ သနားပါတယ်ဆိုပြီး... နှုတ်ဆက်ပြီး ကုမ္ပဏီကို ပြန်လာခဲ့ရော။ နောက်တစ်နေ့ ရွာထဲရောက်လို့ အဖွဲ့ခေါင်းဆောင် ပလောင်ကြီးနဲ့တွေ့လို့ မေးကြည့်တော့... ကျွန်တော့်ပါးစပ် ဟသွားရတယ် ကိုမြတ်ကျော်။ ကျောက်ဘယ်လောက် ရလိုက်သလဲဆိုတော့... ၇ သိန်းတဲ့။ ဘယ်လို ဘယ်လို။ ဖြစ်ကြောင်းကုန်စင်မေးကြည့်တော့ အဲဒီကျောက်က နိုင်ငံတော်နဲ့ အကျိုးတူလုပ်နေတဲ့ 'ကျောက်စိမ်းကေရာဇ်' ကုမ္ပဏီက စွန့်ပစ်တဲ့ မြေစာပုံထဲက ရလာတာဆိုတော့ အဲဒီကုမ္ပဏီက လိုက်လာပြီး နိုင်ငံတော်ပိုင်ကျောက်မို့ နိုင်ငံတော်ဆီ အပ်ရမှာမို့ ပြန်သိမ်းတယ်ဆိုပြီး ပြန်သယ်သွားရောတဲ့။ သနားလို့ ကုမ္ပဏီက မုန့်ဖိုး ၇ သိန်းပေးခဲ့တာတဲ့။ ကဲ... ဒါ... ကျွန်တော် ကိုယ်တိုင် မျက်မြင်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်အမှန်ပဲ။ ဒီအဖြစ်ကိုကြည့်ပြီး ကျွန်တော် ကောက်ချက် ချလိုက်တယ်ဗျ။ အမှတ်မထင် ပြောင်းလဲသွားတဲ့ လှည့်စားမှုမျိုးကို မှော်လို့ခေါ်ရမယ်ထင်တယ်။ ဒီအဓိပ္ပာယ်ကို လက်ခံမခံတော့... ကိုမြတ်ကျော်ရဲ့ အပိုင်းပေါ့နော်'

သူ့အဓိပ္ပာယ်ဖွင့်ဆိုပုံကိုတော့... ကျွန်တော် သဘောကျလက်ခံမိ၏။ အပြည့်စုံဆုံးမဟုတ်သည့်တိုင် ကျွန်တော် အတန်အသင့် ကျေနပ်လောက်သော အဖြေမျိုးတော့ ပေးနိုင်သည်ဟုပြောလျှင် ရသည်။

'အေးဗျာ... ကျွန်တော် မေးမိသမျှလူတွေထဲမှာတော့... ကိုဝင်းဖြိုးဖွင့်ဆိုတဲ့ အဓိပ္ပာယ်ကိုတော့ ကျွန်တော်လက်ခံသွားပြီဗျာ။ ဒါပေမဲ့... ဒီထက်ပြည့်စုံတဲ့ ဖွင့်ဆိုချက်တွေလည်း ရှိချင်ရှိဦးမှာပေါ့ဗျာ။ ဒါပေမဲ့... အခုအနေအထားမှာတော့... ခင်ဗျားဖွင့်ဆိုတဲ့ 'မှော်' အဓိပ္ပာယ်ဟာ... ဒီ 'မှော်'ဒေသနဲ့တော့ နည်းနည်း ဟာမိုနီဖြစ်နေသလိုပဲ...'

ကျွန်တော်၏ ချီးကျူးသောစကားသံကို ကြားရသော ကိုဝင်းဖြိုးမျက်နှာမှာ အပြုံးတွေဝေသွားသည်။ သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်ထဲမှ လက်တွေ့ကျကျ ကောက်ချက်ဆွဲပြနိုင်သည့် အချက်ကို ကျွန်တော်က သဘောတူလက်ခံတယ်ဆိုတဲ့စကားကြားရတော့လည်း သူ့ကိုယ်သူ ဂုဏ်ယူနေမိသည် ထင်သည်။ ကျွန်တော့်ဆီလာတိုင်း ဘာစကားပြောပြော 'မှော်ဆန်တယ်' ဆိုတဲ့ စကားကို အမြဲလိုလို သုံးစွဲနေတော့သည်။ ပါးစပ်ဖျားက မချတော့။

ကျွန်တော် တာဝန်ကျသော ကုမ္ပဏီက ယခင်က မြေအောက်လေးပေကျင်းစနစ်ဖြင့် ကျောက်စိမ်းတူးဖော်နေသော်လည်း မိုးဦးကျကာလ ဇွန်လဆန်းမှစ၍ မြေအောက်တူးဖော်ခြင်းရပ်ဆိုင်းပြီး ပွင့်လင်းရာသီ၌ အင်းဖြစနစ်ဖြင့် ကျောက်စိမ်းတူးဖော်မှာမို့ ယခုခေါင်းပေါင်းကျင်းနေပါသည်။ အပေါ်ယံက စွန့်ပစ်မြေစာတွေ စတင်ဖယ်ရှားနေပြီဖြစ်သည်။

မကြာမီ... ကိုဝင်းဖြိုး ကျွန်တော့်ဆီရောက်လာလာချင်း ကျွန်တော်တည်းခိုသော အနီးကပ်အဆောင်မှ အထက်ဘက်လုပ်ကွက်ဆီသို့ ကျွန်တော်နှင့်အတူ တက်ကြည့်ရင်း...

'တွေ့လား ကိုမြတ်ကျော်၊ ကျွန်တော် ခင်ဗျားကုမ္ပဏီရဲ့ လုပ်ကွက်ထဲမရောက်တာ နှစ်ပတ်လောက်ပဲ ရှိဦးမယ်။ အခု ခင်ဗျားတို့ကုမ္ပဏီက မြေအောက်လေးပေကျင်းဆင်းတဲ့တောင်ကြီး မရှိတော့ဘူး။ ပြီးတော့... လုပ်ကွက်ရဲ့နောက်ဘက်မှာလည်း မနှစ်

mgyoe.com

mgyoe.com

က တူးခဲ့တဲ့ အောင်ဟိန်းမင်းနဲ့ ရတနာရောင်ခြည် ကုမ္ပဏီတွေရဲ့ ချိုင့်ခွက်ကြီးကလည်း... အခု ရေတွေ ပြည့်သွားပြီ။ ရုတ်ရက်ကြည့်ရင်... အင်းလေးကန် အငယ်စားလေး ကျနေတာပဲ။ ကဲ... အဲဒါသာကြည့် တော့၊ မထင်မှတ်ဘဲ ပြောင်းလဲသွားတဲ့ လှည့်စားမှု ပဲ။ ဒါ... မှော်ဆန်တာပဲကိုမြတ်ကျော်'

သူပြောတာ မှန်ပါသည်။ ကျွန်တော်တို့ ကုမ္ပဏီရဲ့နောက်မှာ နွေတုန်းက ကုမ္ပဏီ ၂ ခုက ကျောက်ကြောအထိရောက်အောင် နှိုက်ခဲ့သော ချိုင့် ခွက်ကြီးက... ယခု မိုးရေတွေ ဝင်လာတော့ တခြား ကုမ္ပဏီတွေက မျောတိုက်ချတဲ့ရေနဲ့ 'ကနယ်'တွေ လည်း ဝင်လာတော့... ရေကန်ကြီးဖြစ်သွားပြီ။ နေ့ချင်းညချင်းပြောင်းသွားတာ။ ကိုဝင်းဖြိုးပြောနေကျ စကားအတိုင်း မှော်ဆန်ဆန်ပင် ဖြစ်ကုန်သည်။

ပြီးခဲ့သည့်လဆန်းမှာ သူ ကျွန်တော့်ဆီလာ တော့ အံ့ဩစကားဆိုသေးသည်။

'ကိုမြတ်ကျော်... ကျွန်တော်မရောက်တာ တစ်ပတ်ပဲရှိသေးတယ်။ တကယ့်ကို မှော်ဆန်တယ် ဗျာ'

'ဘာကိုလဲ ကိုဝင်းဖြိုး'

'ဟိုမှာကြည့်...'

သူပြသောနေရာကား တခြားမဟုတ်။ ကျွန်တော်တည်းခိုသော အနီးကပ်အဆောင်၏ အရှေ့ ဘက်အရပ်ဖြစ်သည်။ ယင်းနေရာကား... 'မမုံ'ရွာ အကျော်၊ ဥရုချောင်းရှိသည်။ ဥရုချောင်းဟိုဘက်ကမ်း၌ 'စပေါ့'ရွာနှင့် 'စပေါ့'ဘုန်းကြီးကျောင်း။ ကျောင်း၏ အပေါ်ဘက်၌ စောင်းတန်းဖွေးဖွေးနှင့် ရွှေစေတီလေး။ စေတီ၏နောက်ဘက်၌ တောင်ဘန်းကြီးရှိသည်။ ယခု ထိုတောင်တန်းကြီး၏ အလယ်မှနေ၍ ကုမ္ပဏီတစ်ခု မှ ဝိတ်လျှော့နေခြင်းဖြစ်၏။ တောင်၏ အပေါ်ယံ အပိုင်းကို စတင်ဖြိုချနေပြီဖြစ်၏။ ကျောက်ကြော ရောက်အောင် တောင်ကြီးကို မြေလှန်နေပြီဖြစ်၏။

'အံ့ဩတယ်ဗျာ...၊ ခင်ဗျားဆီလာတိုင်း အရှေ့ဘက်စပေါ့ဘုရားကို လှမ်းဖူးရင်းနဲ့ တောင်စိမ်း စိမ်းကြီးကြည့်ရတာ... တကယ့်ပန်းချီကားတစ်ချပ်ပဲ ဗျာ။ အစိမ်းရောင် ကတ္တီပါတောင်တန်းကြီး နောက်ခံ ပြီးတည်ထားတဲ့ 'စပေါ့' ဘုရားဖူးရတာ တကယ် ကြည်နူးစရာ။ ခုကြည့်ဗျာ... အဲဒီအလှတွေ ပျက်ပြီ ဗျာ။ မိုင်းတွေခွဲ၊ ဘက်ဟိုးနဲ့ မြေတွေသွန်ချထားတော့ ...တောင်စိမ်းစိမ်းရဲ့အလယ်မှာ... ဂုန်နီအိတ်စ အဟောင်းကြီး မညီမညာဖြန့်ခင်းထားသလို ဖြစ်နေ ပြီ။ အရုပ်ဆိုးလိုက်တာဗျာ။ အဲဒါပြောတာပေါ့။ အပြောင်းအလဲမြန်တယ်၊ လှည့်စားမှုမြန်တယ်။ ဒါ့ ကြောင့်... မှော်ဆန်တယ်လို့ ပြောတာပေါ့...'

ကိုဝင်းဖြိုးပြောသလို အမှန်ပင် မှော်ဆန်နေပါ၏။ ကျွန်တော်တို့ မျက်စိရှေ့မှာပင် တောင်ကြီးတွေ ပျောက်သွားပြီ။ ထိုတောင်ကြီးတွေနေရာမှာ ရေကန် ကြီးတွေဖြစ်သွားပြီ။ မနီးမဝေး၌ မြေစာတောင် နီရဲရဲ ပုံတွေ ဖြစ်သွားပြီ။

ခုပင်ကြည့်... စပေါ့ဘုရားနောက်မှ တောင် ကြီး အလယ်မှ ချိုင့်နေပြီ။ ညအခါကြည့်လျှင် ခြသေ့် မည်းမည်းကြီးနှစ်ကောင် ရန်စောင်နေသည့်အတိုင်း အကျည်းတန်စွာ မြင်နေရသည်။ တစ်နှစ်ပြည့်လို့ ကျွန်တော်တို့မပြန်မီမှာပင် 'စပေါ့'တောင်ကြီး ပျောက် ကွယ်သွားတော့မည်လော။ ကိုဝင်းဖြိုး ပြောပြောနေကျ စကားအရဆိုလျှင် မှော်ဆန်တဲ့ သဘောတွေပေါ့။

ယခုလည်း ရောက်ရောက်ချင်း ကိုဝင်းဖြိုးက ကျွန်တော့်ကိုပါ မှော်ဆန်နေပြီတဲ့။ ကျွန်တော်က လူပဲ။ ဘာမှော်ဆန်စရာရှိလဲ။

'ကဲ... ကိုဝင်းဖြိုး၊ မှော်ဆန်တဲ့ ရေနွေးသောက် ပြီးရင်...ကျွန်တော့်ကို ဘာကြောင့် မှော်ဆန်ရလဲဆိုတာ ပြောပါဦး'

ချွေးသုတ်ပြီး၍ ရေနွေးကြမ်းသောက်ပြီးစ အနည်းငယ်အပန်းဖြေပြီးမှပင် သူ့ကို မေးခွန်းထုတ် လိုက်သည်။

'ဟုတ်တယ်လေ၊ ကိုမြတ်ကျော်က ကိုယ့် ကိုယ်ကိုယ် မှော်ဆန်တာတောင် မသိဘူးလား'

'မသိဘူးလေဗျာ။ ကိုဝင်းဖြိုးပြောမှ သိရမှာ။

mgyoe.com

ဘာတွေ မော်ဆန်နေလို့လဲ'

'ခင်ဗျား... မှန် သေသေချာချာ မကြည့်ဘူးလား'

'ကြည့်တာပေါ့ ကိုဝင်းဖြိုး၊ ဘာထူးခြားနေလို့လဲ'

'ထူးခြားတာပေါ့၊ ခင်ဗျားမတွေ့ရင် ကျွန်တော်ပြောမယ်။ မော်ထဲကို ရောက်စက ဒီကုမ္ပဏီကို အနီးကပ်ကြီးကြပ်တာဝန်နဲ့ ရောက်စက... ခင်ဗျားရဲ့နားထင်စပ်က ဆံပင်တွေ မည်းလို့။ အခု ၅ လပဲရှိသေးတယ် ဖြူနေပြီလေ။ ကျွန်တော့်မျက်စိရှေ့တင် ပြောင်းလဲသွားတာ၊ လှည့်စားသွားတာ။ အဲဒါ... မော်ဆန်တာပဲပေါ့ ကိုမြတ်ကျော်'

သူ့စကားဆုံးတော့ ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်မောမိသည်။ အနားပါးတရ ကျွန်တော် ရယ်နေသဖြင့် ကိုဝင်းဖြိုးတောင်မှ အံ့သြသွားသည်။

'ဘာလဲ၊ ရယ်စရာပါလို့လား ကိုမြတ်ကျော်'

'ပါတာပေါ့ ကိုဝင်းဖြိုးရယ်၊ ကျွန်တော့်နားထင်စပ်က ဆံပင်တွေ မည်းရာက ဖြူသွားတာကို မော်ဆန်တယ်ဆိုရင် ကိုဝင်းဖြိုးက ပိုပြီးတောင် မော်ဆန်နေတာပေါ့...'

'ဗျာ... ကျွန်တော်က ဘာဖြစ်လို့ မော်ဆန်ရမှာလဲ'

'အိမ်ပြန်ရောက်ရင် ကိုဝင်းဖြိုးလည်း မှန်ပြန်ကြည့်လိုက်'

ကျွန်တော်သည် ပြန်လည်းပြော ရယ်လည်းရယ်နေမိသည်။ ရယ်ရတာက တခြားမဟုတ်။ ကျွန်တော်က နားထင်စပ်မှ ဆံပင်တွေလောက်ပဲ ဖြူတာ။ ကိုဝင်းဖြိုးက နှုတ်ခမ်းမွေးတင်မက ပါးသိုင်းမွေးတွေပါ... ဆွတ်ဆွတ်ဖြူနေသောကြောင့်ပင်။

❐

ဆင်တဲ၀ မြတ်မင်း



mgyoe.com

mgyoe.com

# အပေါင်ဆိုင်

## စိုးအောင်(မန္တလေး)

သက်တမ်းအရ သူ သိမိသလောက်ဆိုရင် အိမ်ရှေ့က ခြံဝင်းကြီးထဲမှာ အိမ်ထောင်စု သုံးလေးစုလောက် ပြောင်းသွားတာ တွေ့မြင်ဖူးနေပြီ။ ပထမဆုံး အိမ်ပိုင်ရှင်ရောင်းသွားတဲ့ ပျဉ်ထောင်အိမ်ကြီးကို နောက်တစ်ဆက်ကဝယ်။ အဲဒီလက်ထဲကမှ တစ်ခါ ရွှေတောကပွလာတဲ့ လူတစ်ယောက်က ပြန်ဝယ်ပြီး နံကပ်တိုက်ဆောက်။ အဲဒီလူရဲ့ မိသားစုလိုက် ပြောင်းရွှေ့နေထိုင်မှုကနေ တိုက်နံရံမှာ သုတ်ထားတဲ့ ဆေးတွေ မခြောက်ခင်ကိုပဲ စီးပွားရေးကျလို့ဆိုပြီး ပြန်ရောင်းရာက အခုပြောင်းလာကြမယ့် လူတွေလက်ထဲ ရောက်ရော ဆိုပါစို့။

အခုလူတွေက မိသားစုဝင် သိပ်မများဘူး။ အသက်သုံးဆယ်ကျော် လူရွယ်တစ်ယောက်နဲ့ သုံးလေးနှစ်သားအရွယ် ကလေးတစ်ယောက်အပါအဝင် မိန်းမသားတွေချည့်ပဲ လေးယောက်။ အသက် ခုနစ်ဆယ်ကျော်အရွယ် အဘွားကြီးတစ်ယောက်ကတော့ သွားလာလှုပ်ရှားမှုနဲ့ စကားပြောဟန်တွေ သွက်လက်တုန်းမို့ တစ်အိမ်လုံးကို ဦးစီးဦးဆောင် ပြုနေသူမှန်း သိသာလွန်းပါတယ်။

အဲဒီအိမ်ထောင်စု ပြောင်းရွှေ့လာပြီး ငါးရက်ကြာတော့ သံဃာတော်များကို ပင့်ဖိတ်ပြီး အန္တရာယ်ကင်း ဆွမ်းကပ်တယ်။ သူတို့နဲ့ အိမ်ချင်းက ရှေ့နောက်ကပ်လျက်ဆိုတော့ ဆွမ်းကျွေးကိုလာဖို့ အဘွားကြီးကိုယ်တိုင် အိမ်တိုင်ရာရောက် ဖိတ်ကြားတာ။ သူ့အနေနဲ့ တစ်နေကုန် အားလပ်မယ့် ရပ်ကွက်ထဲက ဆွမ်းကျွေးကွမ်းကျွေးမှန်သမျှ သွားလေ့သွားထမရှိတော့ ညီမကြီးကိုပဲ လွှတ်လိုက်ရတယ်။ အိမ်ချင်းကပ်လျက်မှာ အုတ်တံတိုင်းပဲ ခြားတာဆိုတော့ အဲဒီဘက်က ဘုန်းကြီးပရိတ်ရွတ်သံတွေ၊ လူသံသူသံနဲ့ အိုးခွက်ပန်းကန်သံတွေက ဒီဘက်ခြံဝင်းထဲအထိ တိုးလျှိုပေါက်ဝင်ရောက်လာတယ်။

အိမ်ရှေ့ဧည့်ခန်းမှာ ထိုင်ပြီး စာရေးဖို့ တွေးကြည့်နေပေမယ့် လွင့်ပျံလာတဲ့ အသံဗလံတွေကြောင့် သူ့လက်က ဘောလ်ပင်ဆီ မရောက်နိုင်ဘဲ ဖြစ်နေတယ်။ အိမ်အဝင်လမ်းကြားလေးဘက်ကို ငေးကြည့်မိတော့လည်း ရပ်ကွက်ထဲဝင်တဲ့ အရှေ့အနောက်လမ်းပေါ်မှာ ဖြတ်သွားဖြတ်လာလုပ်နေကြတဲ့ ကား၊ ဆိုင်ကယ်တွေ။ ဝတ်ကောင်းစားလှဝတ်ဆင်ပြီး ဖြတ်

mgyoe.com